
ရသစုံမဂ္ဂဇင်း
R-233
မော်ဒယ် - ဖြူပန်းနွယ်
ဓာတ်ပုံ - လှိုင်မြတ်စိုး

‘သုတကမ္ဘာ’စစ်မှုရေးရာ၊ ကျန်းမာရေးနှင့် သုတအဖြာဖြာသတင်းဂျာနယ်ကို
စာဖတ်ပရိသတ်အတွက် ၂၀၁၈ ခုနှစ်၊ မတ်လ ၂၇ ရက်(တပ်မတော်နေ့)တွင်
စတင်ထုတ်ဝေခဲ့ပြီး အပတ်စဉ်စနေနေ့တိုင်း ဖြန့်ချိလျက်ရှိပါသည်။




ဆက်သွယ်ရန်လိပ်စာ - အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ (၁၅)ရပ်ကွက်၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉၃၂၄၉၈၇၂၄။

# မာတိကာ

Vol.69, No. 2. December, 2020




## စာတည်းစာမျက်နှာ

တာဝန်ခံစာတည်း ၅

ဆောင်းရာသီနှင့်ကျန်းမာရေး

## မျက်နှာစာကဗျာ

ရွှေမြိုင်ပြုံးလဲ့မော်၊ မောင်ဟန်တင့်(ပင်လည်ဘူး)၊ ၆
တိုးဝေ၊ မောင်လှိုင်သင်း(စကု)၊
ပြင်စည်အောင်(ခရာတော)၊ ကောင်းနွဲ့၊
တမာသင်းနိုင်(စက်မှုလယ်ယာ)၊
လင်းသော်တာ။

## ကာတွန်း

မြေဇာ၊ လွမ်းမောင်(သုဝဏ္ဏ)၊ ၁၈
ဆြာမျိုး၊ စီစီတီဗီ၊ အဲမုခ။

## သုတ – ရသ

မောင်ခင်မင်(ဓနုဖြူ) ၁၄

မြန်မာအမျိုးသမီး(၂၇)

ဖေနှင်းသာမောင်ကျော်ညွန့် ၂၃

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များစွာထဲမှ
မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်

သန့်ကျော်ထင်လှိုင်(လှိုင်ကော်) ၂၇

စိတ်ယဉ်ကျေးသူများဖြစ်လိုသော်

ကောကာ့မောင်ညိုပင်း(စာပေဗိမာန်စာမူဆုရ) ၄၀


စကတည်းက ယဉ်သကို

ဆွေဝင်းနီ(ပွင့်ဖြူ) ၄၈

ကျွန်တော်၏လက်ဦးဆရာစာပေမှာ
မြန်မာပြည်တွင်ရှိပါသည်

ကျော်လှိုင်(ဖက်မှ) ၆၄

ရေကြည်ချမ်းမြတစ်ပေါက်လေးမျှပင်




**မျက်နှာစုံးရှင်နှင့်တွေ့ဆုံခြင်း**

၃၁ လှချစ်အောင်
ဆောင်းချစ်သူ ခြူးပန်းနွယ်

**တပျော့ဝိုင်ထဲ**

၂၆ ထွန်းထွန်း(သာယာဝတီ)
၃၉ နေမိုးညို၊ မောင်ထွဋ်ကောင်း
၈၅ ရွှယ်အို
၁၀၀ ကျော်စိုးရှိန်
၁၀၁ မင်းစိုး(အရာတော်)
၁၁၉ ခင်ခင်မူ(ရေကျော်)
၁၂၅ နှောင်းသစ်ချို

**ပြည်တွင်း၊ ပြည်ပအနုပညာ**

၃၅ သက်ဆုနှင်း
ကြယ်စင်တို့ရဲ့ကမ္ဘာ

၅၃ အိုကြင်ရာ
တရုတ်ငွေကြယ်ပွင့် အိန်ဂျလာဘေဘီ

၇၃ အေအမ်တီ
ထင်ပေါ်ကျော်ကြား
နိုင်ငံတကာ
အနုပညာရှင်များ

**သဘာဝဝတ်ဝန်းကျင်ထိန်းသိမ်းရေး**

၆၅ ဒီမိုကြီးမောင်
ဂေဟာစနစ်ထဲက ရေချိုနဲ့ရေငန်

**ကျန်းမာရေး**

၆၁ ဒေါက်တာနေလင်းအောင်(ပျော်ဘွယ်)
နှလုံးသွေးကြောကျဉ်းရောဂါအတွက်
ဆောင်ရန်၊ ရှောင်ရန်နှင့် ဘဝနေထိုင်မှုပုံစံ

**ရသစာတမ်း**

၅၇ မျိုးချစ်
အသက်ရှင်ကျန်ရစ်ခဲ့မှ
လွမ်းလို့ရသည့်အလွမ်းတွေ

**စာအုပ်စင်**

၇၇ မောင်ပေါ်လှ
ဒီတစ်လဖတ်စရာစာအုပ်တွေ







**ဝတ္ထုစာဝန်းချီ**

၈၀ မောင်သုဆွေ(သမြို့ရဲ)
ကယ်တင်သူ

**ပြဝတီပွင့်သစ်**


၁၅၀ ဒီနှ
လူနှင့်မှန်

၁၅၈ မယ်ခ(ရွှေကျုံ့သူ)
ဆည်းဆာအို ဖြိုပါနဲ့လား

**ဝတ္ထုတို**

၈၆ ဆွန်း(စက်မှုတက္ကသိုလ်)
မိုင်းရပ်စ်တို့နှင့် ဖြစ်တည်ရှင်သန်ခြင်း

၉၄ မောင်အေးကို(ပေါင်းတလည်)
အသစ်ဖြစ်သွားတဲ့ကဗျာ



**ဒို့တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |


၁၀၂ သံဓာတ
အလောင်းဘုရား လူများ

၁၁၀ ဘိုမှိုး(ရွှေတို)
သူမသိစေချင်ပါ

၁၂၀ ဝင်းငြိမ်(သုံးဆယ်)
ဘာဆိုင်လို့လဲဗျာ

၁၂၆ တာရာတွံတေး
ပုံပြင်တစ်ပုဒ်အကြောင်း

၁၆၆ နီမာဦး(အံအင်)
လမ်းကြောင်း

**ပင်ကိုရေးဝတ္ထုရှည် (စ / ဆုံး)**

၁၃၄ နီသင်းအောင်ကျော်မိုး
တုန့်နှိုင်းဖွယ်ရာမရှိသောဂုဏ်ခြင်း

**ပေဒင်**

၁၇၂ စံ– ဓာတ်ကြီးတို
၁၂ လရာသီဟောကိန်း





**စာတည်းမှူးချုပ်**

ဒုတိယဗိုလ်မှူးကြီးနေမျိုးထက်

**ဒုတိယစာတည်းမှူးချုပ်**

ဗိုလ်မှူးမြင့်နိုင်

**စာတည်းမှူး**

ဗိုလ်မှူးငြိမ်းချမ်းဦး

**တာဝန်ခံစာတည်း**

ဗိုလ်ကြီးဒေါ်အိမြနိုင်

**လက်ထောက်စာတည်း**

သင်းသင်းခိုင်၊ ဝင်းစန္ဒာ

**စာပြင်**

တင်မာဦး၊ ချောသီရိကျော်

**စာတည်းအဖွဲ့တည်နေရာနှင့် ဖြန့်ချိရေး**

မြဝတီစာပေတိုက်၊ အမှတ် (၁၅)၊
မိုးကောင်းလမ်း (၁၅)ရပ်ကွက်၊ ဘောက်ထော်၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
Email:mwdliteraturehouse@gmail.com

ဖုန်း – ၀၉၃၀၃၆၇၅၆၂၊ ၀၉၈၃၅၁၀၇၁၉၂
(မြဝတီ၊ မိုးသောက်ပန်းကျွန်းနယ်)
၀၉၄၀၃၂၅၈၄၅၁(ငွေတာရီ၊ တေဇရှပ်စုံစာစောင်)
၀၉၄၂၅၀၀၆၈၁၄၊ ၀၉၆၉၂၈၀၅၆၇၂
(သုတအလင်း၊ အားကစားမြင်ကွင်းဂျာနယ်)
၀၉၈၉၂၂၇၆၀၇၇(သုတကမ္ဘာဂျာနယ်)
၀၉၃၂၄၉၈၇၂၄(ဖြန့်ချိရေး)

**ရန်ကုန်ရုံးခွဲ**

အမှတ်(၁၈၀)၊ ၃၂ လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ထုတ်ဝေခြင်း
ပုံနှိပ်မှတ်ပုံတင်အမှတ် (၀၀၆၅၆)
ထုတ်ဝေသူမှတ်ပုံတင်အမှတ် (၀၀၈၁၈)
ပုံနှိပ်စောင်ရေ – ၈၀၀၀

မျက်နှာဖုံးရှင်– မြူးပန်းနွယ်
မျက်နှာဖုံးဓာတ်ပုံ– လှိုင်မြတ်စိုး
အတွင်းအပြင်အဆင်ဒီဇိုင်း– ပန်းချီအောင်ကျော်၊ သော်သော်။
သရုပ်ဖော်ပန်းချီ– ရန်နိုင်ဦး၊ အောင်ကျော်၊ အေကျော်စွာ၊
မိုးထက်မိုး၊ ဈာန်ရဲထွဋ်၊ စိန်ထွန်း၊
မောင်နေကြည်။

# ဆောင်းရာသီနှင့်ကျန်းမာရေး

တစ်နှစ်တာ၏နောက်ဆုံးလတစ်လဖြစ်သည့် ဒီဇင်ဘာလကိုရောက်ရှိနေပြီဖြစ်ပါသည်။ အအေးဓာတ်များ တဖြည်းဖြည်းကြီးစိုးလာကာ ဆောင်းရာသီ၏သရုပ်များပေါ်လာပါပြီ။ အအေးဓာတ်တွေလွှမ်းနေသည့်အချိန်ကာလများမှာ လူကြီးလူငယ်မရွေး အနေအထိုင်၊ အစားအသောက်ကို ဂရုစိုက်သင့်ပါသည်။ ရာသီဥတုကိုလိုက်ပြီး လူများ၏ဇီဝရုပ်လက္ခဏာတွေပြောင်းလဲလာတတ်ကြရာ အမှုမဲ့အမှတ်မဲ့နေထိုင်မှုများက ကိုယ်စိတ်နှစ်ပါးကျန်းမာရွှင်လန်းမှုအပေါ် များစွာသက်ရောက်စေနိုင်သောကြောင့်ဖြစ်ပါသည်။

မိမိတို့အိမ်၌ သက်ကြီးမိဘဘိုးဘွားများရှိနေလျှင် ယခုလိုအအေးဓာတ်ကြီးစိုးလာချိန်မှာ နွေးနွေးထွေးထွေးရှိနေစေဖို့ ဂရုစိုက်သင့်ပါသည်။ သက်ကြီးမိဘဘိုးဘွားများ၏ကိုယ်ခံအားစနစ်သည် ငယ်ရွယ်စဉ်တုန်းကလိုမကောင်းနိုင်တော့သဖြင့် ကျန်းမာသန်စွမ်းသည့်လူငယ်များနှင့်နှိုင်းယှဉ်လျှင် အအေးဒဏ်ကို ပိုမိုခံစားရတတ်ကြပါသည်။ အများအားဖြင့် ဆောင်းရာသီတွင် အအေးဒဏ်ကြောင့် ရုတ်တရက်လေဖြန်းခြင်းတို့ အဖြစ်များတတ်ကြရာ ရေချိုးခြင်းကို ဂရုစိုက်သင့်ပါသည်။ ထို့အပြင် အစားအစာကိုလည်း အစာကြေညက်လွယ်စေသည့်အစားအစာမျိုးကို စားသုံးသင့်ပါသည်။

ကလေးငယ်များအတွက် ဆောင်းရာသီသည် မိဘများအတွက် အထူးဂရုစိုက်စရာကာလဖြစ်ပါသည်။ ကလေးများသည် ကိုယ်ခံအားစနစ်မဖွံ့ဖြိုးသေးသည့်အရွယ်များဖြစ်ကြရာ ရာသီဥတု၏အပူအအေးဒဏ်ကို လူကြီးများထက် ပိုမိုခံစားကြရပါသည်။ ထို့ပြင် နှာစေး၊ ချောင်းဆိုးလည်း ဖြစ်လွယ်တတ်ကြ၍ ယခုလိုဆောင်းရာသီတွင် အအေးမမိစေရန် သတိထားသင့်ပါသည်။

ဆောင်းရာသီတွင် အအေးဒဏ်ကြောင့် အသားပပ်တတ်ရာ အမျိုးသမီးများအနေဖြင့် အသားအရေနှင့်အလှအပရေးရာတို့အတွက် ပိုမိုဂရုစိုက်သင့်သည့်ရာသီဥတုဖြစ်ပါသည်။ မိမိတို့အသားအရေနှင့်လိုက်ဖက်သောအသားလှုဆီတစ်မျိုးမျိုးကို ပြင်ဆင်သင့်ပြီဖြစ်ပါသည်။ အပူများပြီး နှုတ်ခမ်းကွဲတတ်ကြရာ ရေများများသောက်ပြီးအပူနည်းစေဖို့ ဂရုစိုက်သင့်ပါသည်။ အာဟာရပြည့်စေဖို့ အသီးအနှံများများစားပေးသင့်သလို ယခုလိုအေးသည့်ရာသီတွင် ဆံနွယ်ရှည်သည့်အမျိုးသမီးများအနေဖြင့် ဂရုစိုက်ပြီး ခေါင်းလျှော်သင့်ပါသည်။ ငယ်ရွယ်သူများတွင်လည်း လေဖြန်းတတ်သည့်သဘာဝမျိုးရှိရာ ခေါင်းလျှော်ပြီးသည့်အခါ ဆံပင်ကိုခြောက်သွေ့အောင် အသေအချာဂရုစိုက်သင့်သလို ရာသီအချိန်ကိုလိုက်ပြီး သင့်တင့်သည့်အချိန်များတွင် ခေါင်းလျှော်သင့်ပါသည်။

တချို့လူငယ်များမှာ မိမိကိုယ်ကိုယ်ကျန်းမာရေးကောင်းသူများဟုယုံကြည်နေတတ်ကြရာ တစ်ခါတစ်ရံတွင် ရာသီဥတုကိုအန်တုပြီး လျစ်လျူရှုတတ်ကြသည့်အခါမျိုးလည်း ရှိတတ်ကြသည်။ ကျန်းမာနေချိန်တွင် ကိုယ်ခံအားစနစ်ကြောင့်မသိသာသော်လည်း တစ်စုံတစ်ခုကြောင့် ကိုယ်ခံအားနည်းနေသည့်အချိန်တွင် အခြားရောဂါများဝင်ရောက်လာနိုင်ပါသည်။ ယခုလိုခေတ်မျိုးမှာ မိမိတို့ကျန်းမာရေးအတွက် အထူးသတိထားဆင်ခြင်ကြရမည်ဖြစ်ပါသည်။ ထို့ကြောင့် ဆောင်းရာသီတွင် ကျန်းမာရေးအတွက်အထောက်အကူဖြစ်စေမည့်နေထိုင်စားသောက်မှုအပြင် ကျန်းမာရေးဆိုင်ရာလေ့ကျင့်ခန်းများကိုပါလုပ်ဆောင်ရင်း မိမိအတွက်သာမကမိသားစု၏ကျန်းမာရေးကို ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်နိုင်ကြဖို့ တိုက်တွန်းလိုက်ရပါသည်။ ။

**တာဝန်ခံစာတည်း**


# ရင်ထဲမှာ

'ခစ် ခစ် ခစ်' ရယ်တဲ့ ပြုံးရယ်ကာ
မယ့်ရင်မှာ 'ပန်းကလေး'။
လန်းဆန်း တရှင်ရှင်နှင့်
ထာဝစဉ်မွှေး။

'က ကာ ကား' ရယ်နဲ့ ချိုသံသာ
မယ့်ရင်မှာ 'စမ်းကလေး'။
စာတေး တလွင်လွင်နှင့်
ထာဝစဉ်အေး။

ခရီးပန်းတိုင် ဝေးလှစွာ
မယ့်ရင်မှာ 'လမ်းကလေး'။
ဖြောင့်တန်း အဆင်ပြေစေချင်ရဲ့
လျှောက်လှမ်း တပြင်ပြင်နှင့်
ထာဝစဉ်ဖွေး။ ။

**ရွှေမြိုင်ပြုံးလဲ့မော်**





# နေခြည်အောက်က ကမ္ဘာ

နေခြည်အဝင့်၊ ရွှေရည်လွင့်
ပွင့်ခဲ့သည်မှာ စေတနာ။

နေခြည်အနမ်း၊ ရွှေရည်ဆမ်း
လန်းခဲ့သည်မှာ စေတနာ။

နေခြည်အနွေး၊ ရွှေရည်ထွေး
မွေးခဲ့သည်မှာ စေတနာ။

နေခြည်အဖြန့်၊ ရွှေရည်နှံ့
ပျံ့ခဲ့သည်မှာ စေတနာ။

သူ့မှာကိုယ့်မှာ၊ စေတနာတည့်
ငါတို့အားလုံး၊ ကိုယ်စီပြုံးလျက်
အမုန်းမဲ့ရာ၊ ကမ္ဘာတစ်ခု
ပေါင်းစုသောလက်၊ သွေးစည်းလက်ဖြင့်
အားတက်ရွှယ်ရည်၊ တည်ဆောက်မည်ဟု
နေခြည်အောက်တွင်၊ ခြေလှမ်းပြင်သော်
ဝန်းကျင်ပတ်ကုံး၊ ရွှေရောင်ဖုံးသည်
မဆုံးမိုးမြေ အနန္တကာား။ ။

**မောင်ဟန်တင့်(ပင်လည်ဘူး)**

# ရပ်တည်မှု

တွေးထောက်ဆ၍
သိရခက်သော၊ လူ့သဘောကို
စောကြောခန့်မှန်း ကြည့်ရာတွင် . . .။

လှိုင်းနှယ်မာန်ကြွ၊ ဟိတ်ဟန်ပြကာ
ငါမှငါပင်၊ ထီမထင်ဟု
ဂုဏ်ဆင်သလောက်၊ ကမ်းခြေရောက်မှ
အမောက်ညှိုးခွေ၊ ဝပ်စင်းလေသည့်
လူ‘ရေ’တချို့ တွေ့ခဲ့၏။

ကြမ်းတမ်းစရိုက်၊ မုန်တိုင်းတိုက်သို့
မိုက်သွေးကြွကာ၊ ရမ်းကားပါလည်း
အကာအရံ၊ တင်းတင်းခံသော်
ဆိုးမာန်လျှော့ပြေ၊ ကျွေ့ပိုက်သွေသည့်
လူ‘လေ’များလည်း တွေ့ဖူး၏။

ရိုးသားဂုဏ်သိန့်၊ ခံ့တည်ငြိမ်၍
ကုန္ဒြေမပျက်၊ စဉ်ရင့်ကျက်စွာ
အမျက်အဓျာ၊ နှောင်မချည်ခဲ့
မှုညီငှဝေ၊ မှီခိုစေသည့်
လူ‘မြေ’များလည်း တွေ့ပါ၏။

ကြုံခဲ့ရသည့်
ဇီဇမတူ၊ ခြားနားသူတို့
ဟန်မူစိတ်ဓာတ်၊ သတိချပ်မိ
ကိုယ့်ရပ်တည်မှု၊ ပြန်လည်ရှု၍
စေ့ငုစဉ်းစား၊ မကွဲပြားသေး
‘ရေ’လား ‘လေ’လား၊ ‘မြေ’ပင်လားဟု
တရားနှင့်ယှဉ်၊ အမှန်မြင်ဖို့
ပြက်ထင်ဘယ်ခါ လင်းမည်နည်း။ ။

**တိုးဝေ**





BEST MANAGEMENT TEAM MYANMAR 2020
10 TH YEAR GLOBAL BANKING & FINANCE AWARDS
Myawaddy Bank
Finance review
မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
Current Deposit Account
Savings Deposit Account
Fixed Deposit Account
Call Deposit Account
Scholarship Funding Services
Loans , Overdraft and Hire Purchase System
Gift Cheque Services and Payment Order Services
Safe Deposit Locker
ATM / POS Services/MPU Debit Card/Credit Card
Mobile Banking Services and i Banking Services
မှန်သည် မြန်သည် မြဝတီ
မြဝတီဘဏ်(ရုံးချုပ်) - အမှတ်-၁၅၁၊
ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်ဝါးတန်းလမ်းထောင့်၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
Phone No : (01) 2301367, 2301368, 2301452,
2301378, 2301401, 2301410
Fax : (01) 2301395, 2301450, 2301402
Email : mwdbankygn@mptmail.net.mm
UnionPay 银联
JCB
MPU
www.mwdbank.com.mm
https://mwdibanking.com


ဆရာထွန်း၏
ထွန်းရွှေဝါ
တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး



KT
ကိုဌေးလှိုင်
ကိုသန်း
အစ်ချုပ်ဆိုင်နှင့် ယူနီဖောင်းပိတ်အမျိုးမျိုးရောင်းဝယ်ရေး
တပ်ရင်းတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများအတွက် အထူးနှုန်းဖြင့်
လက်ခံဆောင်ရွက်ပေးပါသည်။
အမှတ်(၈၀၈/၈၀၉)၊ ဈေးလယ်လမ်းမ၊ မင်္ဂလာဒုံဈေးအတွင်း။
ဖုန်း - ၀၉-၈၆၂၃၆၀၂၊ ၀၉-၆၉၉၆၉၉၅၈၀၊ ၀၁-၆၃၇၃၈၁
၀၉-၂၆၃၆၁၀၀၂၅
အားပေးလျက်ရှိသော မိတ်ဆွေများအား အထူးကျေးဇူးတင်ရှိအပ်ပါတယ်



အရည်အသွေးမြင့်မားတာယာမှာ
TRISTAR
TYRE
THE BEST QUALITY TYRE
STARMART NINE MILE Showroom
(၉)မိုင်၊ပြည်လမ်း၊ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၃၀၀၆၀၁၀၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ရန်ကုန်မြို့၊ဖုန်း - ၀၉ - ၆၇၁၄၄၄၃၃၃
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ဖုန်း - ၀၉ - ၆၆၁၇၀၂၂၄၄




၁၉၈၂ ခုနှစ်မှစတင်ထုတ်လုပ်ခဲ့ပြီး နာမည်ကျော်ကြားလူကြိုက်များခဲ့သော
ဂျပန်
日本の耳清液
နားသန့်ဆေးကြီး
အတုအပ
အထူးသတိပြု
ပင်ရင်း - ဖုန်း - ၀၁ - ၃၉၅၆၁၂၊ ၇၀၄၄၀၃၊ ရန်ကုန်မြို့။



# လွမ်းတစ်ညတာ

မိုးချုပ်မှောင်ရီ၊ စခဲ့ပြီ
သည်ချိန်ထိအောင် မောင်မလာ၊
ပြန်တော့မောင်မောင်၊ ချစ်ဦးမောင်
အမောင်ပြန်တော့ ပြန်တော့လေ။

ဆေးပေါ့လိပ်ညို၊ သောက်ကာပျို
တိုလို့ကုန်တောင် မောင်မလာ၊
ပြန်တော့မောင်မောင်၊ ချစ်ဦးမောင်
အမောင်ပြန်တော့ ပြန်တော့လေ။

ဗိုင်းတောင့်ကိုငင်၊ ချည်သုံးခင်
ငင်ပြီးချိန်တောင် မောင်မလာ၊
ပြန်တော့မောင်မောင်၊ ချစ်ဦးမောင်
အမောင်ပြန်တော့ ပြန်တော့လေ။

သက်ကြီးခေါင်းချ၊ အိပ်ချိန်ကျ
နမမျှော်တောင် မောင်မလာ၊
ပြန်တော့မောင်မောင်၊ ချစ်ဦးမောင်
အမောင်ပြန်တော့ ပြန်တော့လေ။

ညမွှေးပန်းနံ့၊ သင်းချိပျံ့
နံ့ပြယ်ပြီးတောင် မောင်မလာ
ပြန်တော့မောင်မောင်၊ ချစ်ဦးမောင်၊
အမောင်ပြန်တော့ ပြန်တော့လေ။

လာဘ်ဖီးကွက်မောင်၊ ဖော်သုံးကောင်
ယောင်လည်ပြီးတောင် မောင်မလာ၊
ပြန်တော့မောင်မောင်၊ ချစ်ဦးမောင်
အမောင်ပြန်တော့ ပြန်တော့လေ။

သန်းခေါင်ယံကြက်၊ ခွန်းချိုလျက်
ဆက်ပြီးတိုင်အောင် မောင်မလာ၊
ပြန်တော့မောင်မောင်၊ ချစ်ဦးမောင်
အမောင်ပြန်တော့ ပြန်တော့လေ။

မိုးသောက်ယံကြက်၊ တွန်ကျူးလျက်
ခွန်းဆက်ပြီးတောင် မောင်မလာ၊
ပြန်တော့မောင်မောင်၊ ချစ်ဦးမောင်
အမောင်ပြန်တော့ ပြန်တော့လေ။

အမှောင်ကိုခွင်း၊ နေခြည်လင်း
ဝင်းပချိန်တောင် မောင်မလာ၊
ပြန်တော့မောင်မောင်၊ ချစ်ဦးမောင်
အမောင်ပြန်တော့ ပြန်တော့လေ။

လွမ်းတစ်ညတာ၊ နွမ်းရရှာ
မေ့မှာမျှော်ကိုး၊ မောင်လာနိုး
ချစ်မိုးရွာတောင် မောင်မလာ၊
ပြန်တော့မောင်မောင်၊ ချစ်ဦးမောင်
အမောင်ပြန်တော့ ပြန်တော့လေ။ ။

**မောင်လှိုင်သင်း(စကု)**



# ရန္တပို

အရှုံးကိုကျောပိုး
မြစ်ရိုးကရှာ
သမိုင်းခါးနဲ့ဧည့်ခံရှာ။

ကျားဆွဲတဲ့ အနာ
ဘယ်ခါမှ မပျောက်။

သည်အခါ မညီညာရင်ဖြင့်
ပြည်မြန်မာ ကမ္ဘာမှာကွယ်လိမ့်နိုး
စိုးစိတ်ကခြောက်။ ။

**ပြင်စည်အောင်(ခရာတော)**

## အေးတစိမ့်စိမ့်


ဖြုန်းခနဲ ပွဲလန့်ရင်။
မသူတော် ဖော်တစ်သင်း
ဖျာခင်းမယ်ပြင်။
တောမီးများ လောင်မယ်ထင်
သူတို့ညဉ့် လေဆင်နှာမောင်း။
တောကြောင်တွေ လက်ခမောင်းခတ်
အမြတ်ကိုချောင်း။

ကိုယ့်ကြမ္မာ ကိုယ့်အကြောင်း
ကိုယ်ကောင်းမှ ဖြစ်မယ်ထင်။
သွေးချင်းတူ ညီနောင်အပေါင်း
စိတ်ကောင်းတွေဝင်။
ယုန်မြင်လို့ ချုံထွင်ချင်
ပုံပြင်ပင် ကြားမကောင်း။
ကိုယ့်ဝမ်းနာ ကိုယ်သာသိ
တပည့်မဲ့ကျောင်း။
သူမကောင်း မဆောင်းတာ။
ကိုယ့်ပြည်သူ လက်သည်းဆိတ်တော့
လက်ထိပ်လည်းနာ။
အရှေ့မှာလည်း မညှာတာ
အနောက်မှာလည်း တဒိုင်းဒိုင်း။
ရခိုင်ဗမာ အပြိုင်ခွပ်ရင်
ညှတ်တွေကဝိုင်း။

ရှမ်းအိုးစည် ဒိုးပတ်ဝိုင်း
ဓားသိုင်းအက ဖားစည်သံ။
မနောတိုင် ရခိုင်တေးနဲ့
အင်းလေးဆို ဖောင်တော်ဦး
ဆုထူးတွေပန်။
ပတ်မကြီးက ဗေထိညံ
အဲမောင်းသံက တခြိမ့်ခြိမ့်။
ဩော် . . . အသံပေါင်းစုံရဲ့
ကံကောင်းရုံ ဘယ်ဟုတ်ပါ့မလဲ
အမယ်ဘုတ် သူ့ချည်ရှင်းလေတော့
တို့ပြည်တွင်းမှာ ပလွေသံတကျူကျူနဲ့
ငွေချိုးဖြူ ကူသံပေးရှာမယ်(ကွယ်)
အေးတစိမ့်စိမ့်။ ။

**ကောင်းနွဲ့**





# ဘဝထဲက ဝေဒနာဒဏ်ရာ

ရွှေစင်အသား၊ နုနုပါးနှင့်
စိတ်ထားဖြူစင်၊ သူ့အသွင်မို့
ဘဝင်အသည်း၊ အစဉ်စွဲခဲ့
ဖြစ်မြဲဖြစ်ဆဲ၊ ဘဝထဲမို့
အမြဲခံစား၊ ဖြစ်တည်ငြားမှ
နှစ်များသို့တိုင် ကူးခဲ့သည်။

အရွယ်မတူ၊ လုသွေးဆူမို့
ငယ်မူစိတ်ရောက်၊ အတွေးပေါက်၍
မေ့လောက်စရာ၊ မရှိရှာမှ
သူ့သာစိုးမိုး၊ အဖြစ်မျိုးမို့
ဆတိုးခံစား ဖြစ်ခဲ့သည်။

ပြောဘ်
သည်အပျိုမ၊ နဂိုလှမို့
ဘဝတစ်ကွေ့၊ တူဆုံတွေ့မှ
မမေ့နိုင်ဘဲ၊ အသည်းစွဲသည်
ရင်ထဲတမ်းတ၊ ခံစားရမို့
ဘဝကိုချင့်၊ နှိုင်းယှဉ်သင့်၍
မိုးနှင့်မြေကြီး၊ ပမာနည်းမို့
အထီးကျန်ဘဝ၊ ခံစားရမှ
လောကတံတွာ၊ လူ့ရပ်ရွာ၌
မေတ္တာလှလှ၊ ချစ်ပါရလည်း
ဘဝထဲက ဝေဒနာ။
ရင်မှာစူးနှင့် သည်ဒဏ်ရာ။ ။

တမာသင်းနိုင်(စက်မှုလယ်ယာ)

# ရှင်သန်ခြင်း

သောက်သည့်အရက်
နောက်ဆုံးခွက်
အသက်ဘယ်လောက် တိုသွားလဲ။

သောက်သည့်စီးကရက်
မီးညှိန့်ပျက်
အသက်ဘယ်လောက် တိုသွားလဲ။

ခြေထောက်နှစ်ချောင်း
ဦးခေါင်းတစ်လုံး၊ ပခုံးနှစ်ဖက်
နှစ်ချောင်းလက်တွေ၊ ရှိနေလျက်သား
အများအကျိုး ရွက်သယ်ပိုးလျက်
ဘယ်နှရက်
အသက်ရှင်ခဲ့ ပြီးပြီလဲ။

သောက်လိုက်စားလိုက်၊ အလေလိုက်ရင်း
ဆိုးမိုက်ခြင်းအတွက်
သူ့ခြေလက်
သက်သက် အသုံးချခဲ့လျှင်။

ဦးခေါင်းခြေလက်
သူ့အသက်
ရှင်လျက်နဲ့သေနေပြီ။ ။

လင်းသော်တာ



# မြန်မာအမျိုးသမီး (၂၇)

မောင်ခင်မင်(ဓနုဖြူ)



## ဒေါ်ကြန်

အသားညိုညို၊ မြင့်မြင့်သွယ်သွယ်၊ တည်ကြည်အေးချမ်းသော မျက်နှာသွင်ပြင်ရှိသည့် မြန်မာအမျိုးသမီးကြီးကား 'ရာပြည့်သမိုင်းဒေဝီ'ဟု ချစ်ခင်လေးစားသူများက ဂုဏ်ပြုတင်စားသည်နှင့်အညီ အသက်တစ်ရာကျော်သည်အထိ သမိုင်းစာပေများဖြင့် အကျိုးပြုခဲ့သော သမိုင်းပညာရှင် ဆရာမကြီးဒေါ်ကြန် (၁၉၁၉ – ၂၀၁၉) ဖြစ်သည်။

မိမိအမြတ်တနိုးဆည်းပူးခဲ့သော ပညာရပ်နယ်ပယ်ထဲတွင် တစ်သက်တာလုံးနစ်မြုပ်လေ့လာခဲ့ပြီး အသက်တစ်ရာနီးသည့်အချိန်အထိ စာဖတ်ခြင်း၊ စာရေးခြင်းအလုပ်များကို ထက်သန်စွာဆောင်ရွက်နိုင်စွမ်းရှိသော ဆရာမကြီး၏ ကာယ၊ ဉာဏ၊ ဝီရိယစွမ်းအားကို များစွာလေးစားအံ့ဩမိပါသည်။

ဆရာမကြီးဒေါ်ကြန်သည် သံတွဲမြို့ဇာတိဖြစ်ပြီး ဦးကျော်ထွန်း၊ ဒေါ်ငွေနှစ်တို့၏ သမီးရတနာဖြစ်ကြောင်း ဆရာမကြီး၏အတ္ထုပ္ပတ္တိအရ သိရသည်။ ဆရာမကြီး၏ဘဝဖြစ်ရပ်တွင် ထူးခြားချက်တစ်ချက်မှာ အသက် ၁၆ နှစ်အရွယ်၊ ၁၉၃၅ ခုနှစ်တွင် ဆယ်တန်းအောင်မြင်သော်လည်း အသက် ၃၂ နှစ်အရွယ်၊ ၁၉၅၁ ခုနှစ်တွင်မှ တက္ကသိုလ်ဆက်တက်ခဲ့ရခြင်းဖြစ်သည်။ ပညာရေးခရီးတွင် ထိုသို့နှစ်ပေါင်းများစွာ ကွာဟသွားရခြင်းမှာ မိသားစုနှင့်မွေးချင်းအငယ်များကို ငဲ့ကွက်သည့်အတွက် ပညာကို တစ်ဆက်တည်းမသင်နိုင်သေးဘဲ အလုပ်ဝင်လုပ်ရသောကြောင့် ဖြစ်ကြောင်း ဆရာမကြီးက မိတ်ဆွေများကို ပြောပြဖူးပါသည်။

ဆရာမကြီးသည် မိမိဆယ်တန်းအောင်ခဲ့သော သံတွဲမြို့ အစိုးရဟိုက်စကူးကျောင်းမှာ အလယ်တန်းပြဆရာမအဖြစ် ခေတ္တလုပ်ကိုင်ပြီး ရခိုင်တိုင်းစာတိုက်ဌာန၊ သံတွဲစာတိုက်နှင့်

စစ်တွေစာတိုက်တို့တွင် အထက်တန်းစာရေးအဖြစ် နှစ်အတန်ကြာအမှုထမ်းခဲ့သည်။ ထိုသို့အမှုထမ်းနေစဉ် နောင်အခါတွင် ပညာမင်းကြီးဦးကောင်းဟူ၍ ထင်ရှားလာမည့် ဆရာကြီးဦးကောင်းတာဝန်ဖြင့်ရောက်လာခိုက် စာတိုက်စာရေးလုပ်နေသောမိမိအခြေအနေကို သိသွားပြီး ဆက်လက်ပညာသင်ဖို့ အားပေးစကားပြောခဲ့ကြောင်း ဆရာမကြီးက အမှတ်တရပြောပြသည်။ အကြောင်းဆုံသည်မှာ နောင်အခါ မြန်မာနိုင်ငံသမိုင်းကော်မရှင်ဥက္ကဋ္ဌအဖြစ် ဆရာကြီးဦးကောင်းဆောင်ရွက်နေစဉ် ဆရာမကြီးဒေါ်ကြန်သည် ဆရာကြီး၏လက်အောက်မှာ အနီးကပ်အမှုထမ်းပြီး ပညာယူခွင့်ရခဲ့ခြင်းဖြစ်သည်။

ဆရာမကြီးသည် ၁၉၅၁ ခုနှစ်တွင် အလုပ်မှနုတ်ထွက်ပြီး ရန်ကုန်တက္ကသိုလ်မှာ ပညာဆက်လက်ဆည်းပူးသည်။ စာတော်သူအဖြစ် အက်စ်တန်း(ခေါ်)အထူးတန်းအခွင့်အရေးရသည့်အတွက် ဘွဲ့ရရန် ၃ နှစ်သာတက်ရပြီး ၁၉၅၄ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရသည်။ ထို့နောက် ၁၉၅၄ ခုနှစ်မှ ၁၉၅၆ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနတွင် နည်းပြဆရာမအဖြစ် ဆောင်ရွက်သည်။

စာကြည့်တိုက်ပညာရှင်ဆရာကြီး ဦးသော်ကောင်း ကျောင်းသားဘဝက ဆရာမကြီးဒေါ်ကြန်၏အင်္ဂလိပ်စာနည်းပြတန်းမှာ တက်ခဲ့ရကြောင်း၊ မိမိ၏ဆရာမဖြစ်ကြောင်း ဆရာကြီးက ပြောပြဖူးသည်။

၁၉၅၆ ခုနှစ်တွင် ဆရာမကြီးကို မြန်မာနိုင်ငံသမိုင်းကော်မရှင်(နောင် သမိုင်းသုတေသနဦးစီးဌာန)တွင် ကျမ်းပြုအရာရှိအဖြစ် ခန့်အပ်ခြင်းခံရသည်။ သမိုင်းကော်မရှင်ဥက္ကဋ္ဌဖြစ်သော ဆရာကြီးဦးကောင်းနှင့် ဆရာတပည့်အဖြစ် ဆုံစည်းရသည်။ သမိုင်းကော်မရှင်တွင် အမှုထမ်းနေစဉ် ၁၉၅၇ ခုနှစ်နှင့် ၁၉၅၉ ခုနှစ်များတွင် မြန်မာ့သမိုင်းအထောက်အထားများ ကူးယူစုဆောင်းရေးစီမံကိန်းအရ အင်္ဂလန်နိုင်ငံသို့သွားရောက်ပြီး အထောက်အထားများကူးယူရသည်။ အကြီးတန်းသုတေသနမှူးအဖြစ်မှ သက်ပြည့်အငြိမ်းစားယူပြီးနောက် သမိုင်းသုတေသနဦးစီးဌာနမှာပင် အကြံပေးပုဂ္ဂိုလ်အဖြစ် ၄ နှစ်ဆောင်ရွက်ရသည်။

ရန်ကုန်၊ ကမာရွတ်လှည်းတန်းတွင် မဟာဆိုရှယ်လမ်းဆိုသော လမ်းတစ်လမ်းရှိသည်။ ထိုလမ်းထိပ်ရှိအိမ်ကြီးမှာ ဆရာမကြီးဒေါ်ကြန်၏နေအိမ်ဖြစ်သည်။ ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားဘဝက ဖြတ်သွားဖြတ်လာလုပ်ရင်း မဟာဆိုရှယ်လမ်းထိပ်က ဆရာမကြီးအိမ်ကို သတိပြုမိခဲ့ပါသည်။ ဆရာမကြီးကိုလည်း မြင်တွေ့ရသည်။ "ပျို့တုန်းရွယ်တုန်းကတော့ ကိုယ့်ကားကိုယ်တိုင်မောင်းပြီး ရုံးတက်ခဲ့တာပေါ့"ဟု ဆရာမကြီးက ပြောပြသည်။

သံယောဇဉ်အနှောင်အဖွဲ့မရှာဘဲ ပညာနယ်ပယ်တွင် လွတ်လပ်တက်ကြွစွာလှုပ်ရှားခဲ့သော ဆရာမကြီးသည် တူကလေးကို သားအဖြစ်ပြုစုပျိုးထောင်ပေးရင်း၊ သမိုင်းပညာရပ်နယ်ပယ်တွင်နှစ်မြှုပ်ရင်း ပြည်တွင်းပြည်ပအတွေ့အကြုံအမျိုးမျိုးရခဲ့သည်။ ဆောင်းပါးများ၊ သုတေသနစာတမ်းများနှင့် ကျမ်းများကို အစဉ်တစိုက်ပြုစုခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် Cultural Award Scheme ဖြင့် ဩစတြေးလျနိုင်ငံမြို့ကြီးများသို့ လေ့လာရေးခရီးသွားခဲ့ရသည်။

ကျွန်တော် ဆရာမကြီးနှင့် စတင်သိကျွမ်းရချိန်တွင် ဆရာမကြီးအငြိမ်းစားယူပြီးနေပါပြီ။ ထိုစဉ်က ရန်ကုန်တက္ကသိုလ်ပရိဝုဏ်တွင် နှစ်စဉ်ခြိမ့်ခြိမ့်သဲသဲကျင်းပသော 'မြန်မာနိုင်ငံသုတေသနကွန်ဂရက်'၏ စာတမ်းဖတ်ပွဲများတွင် ဆရာမကြီးနှင့်သိကျွမ်းရခြင်းဖြစ်သည်။ မှတ်မှတ်ရရ ၁၉၇၉ ခုနှစ်တွင် ကျွန်တော် စာတမ်းတစ်စောင်ဖတ်ကြားရာ စာတမ်းဖတ်အပြီးတွင် ဆရာမကြီးက ကျွန်တော့်ကို သူ့အနားခေါ်ပြီး ကျွန်တော့်စာတမ်းထဲက ဟာကွက်တစ်ခုကို ညင်ညင်သာသာ ထောက်ပြပြောဆိုသည်။ ထိုအချိန်ကစ၍ ဆရာမကြီးကို ကျေးဇူးတင်မိသည်နှင့်အတူ များစွာလေးစားမိပါသည်။ ဆရာမကြီးသည် စာတမ်းဖတ်ပွဲများတွင် ကိုယ်တိုင်လည်း စာတမ်းဖတ်သည်။ အခြားပညာရှင်များ၏စာတမ်းများကိုလည်း ဆွေးနွေးသည်။

ဆရာမကြီးဒေါ်ကြန်နှင့်အမြဲတွဲပြီးတွေ့ရသူမှာ ဆရာမကြီးဒေါက်တာရီရီဖြစ်သည်။ ဆရာမကြီးတို့ ၂ ယောက်စလုံးသည် သမိုင်းကော်မရှင်တွင် ကျမ်းပြု အရာရှိများဖြစ်ကြ၍ သုတေသနကိစ္စများကို အတူ ဆောင်ရွက်ကြသည်။ ရွှေတိဂုံစေတီတော်တွင် အစဉ် အဆက်လှူဒါန်းခဲ့ကြသောကြေးအုတ်များမှ အလှူရှင် အမည်များကို စနစ်တကျကူးယူမှတ်တမ်းတင်ပြီး သုတေ သနပြုကြသည်။ စာတမ်းဖတ်ကြသည်။ ဒေါက်တာ ရီရီက မြန်မာနိုင်ငံအခြေအနေ (၁၇၁၄–၅၂) စာအုပ်၊ ဒေါ်ကြန်က မြန်မာနိုင်ငံအခြေအနေ (၁၈၈၅–၈၆) စာအုပ်တို့ကိုပြုစုပြီး အမျိုးသားစာပေဆုများဆွတ်ခူး ခဲ့ကြသည်။ အတူလက်တွဲလုပ်ကိုင်စဉ် ဒေါက်တာရီရီ ကွယ်လွန်သွားသည့်အတွက် ဆရာမကြီးဒေါ်ကြန်မှာ ညီအစ်မသဖွယ် အတူလုပ်ကိုင်ဆောင်ရွက်ခဲ့သူနှင့် လက်တွဲဖြုတ်လိုက်ရသည်။

၁၉၉၀ ပြည့်နှစ်ကျော်တွင် ဆရာမကြီးနှင့်အတူ ကျွန်တော်ဆောင်ရွက်ခွင့်ကြုံရသောလုပ်ငန်းတစ်ခု မှာ ဆူးလေစေတီတော်သမိုင်းပြုစုရေးလုပ်ငန်းဖြစ် သည်။ ဆရာတိုက်စိုး၊ ဆရာဒေါက်တာခင်မောင်ညွန့်၊ ဆရာဦးသော်ကောင်း၊ ဆရာမောင်ဆုရှင် စသည့်ပညာ ရှင်များနှင့်အတူ ဆရာမကြီးဒေါ်ကြန်လည်း ဆူးလေ စေတီတော်သမိုင်းပြုစုရေးအဖွဲ့တွင် ပါဝင်သည်။ ကျွန်တော်လည်း ပါဝင်ခွင့်ကြုံရသည်။

ဆရာမကြီးဒေါ်ကြန်က မြန်မာဘာသာ၊ အင်္ဂလိပ် ဘာသာ အကိုးအကားများဖြင့် ဆူးလေစေတီတော် အကြောင်း ပါဝင်ဆွေးနွေးသည်။ အထောက်အထား များရှာပေးသည်။ သမိုင်းပညာရှင်ဆရာမကြီး၏အမြင် နှင့် အလေ့အလာကိုသိခွင့်ရပါသည်။ အဖွဲ့ဝင်များ စုစည်းပေးသောအချက်အလက်များကိုအခြေပြု၍ ဦးအေးချို (မဟာဝိဇ္ဇာ) က ဆူးလေစေတီတော်သမိုင်း ကို အောင်အောင်မြင်မြင်ပြုစုနိုင်ခဲ့ပါသည်။

ဆရာမကြီးဒေါ်ကြန်နှင့် နောက်ဆုံးဆုံစည်းရ သည်မှာ ၂၀၀၀ ပြည့်နှစ်ကျော်ကာလတွင် မြန်မာစာ အဖွဲ့ဝင်များအဖြစ် ဆုံစည်းရခြင်းဖြစ်သည်။ ကျွန်တော် အငြိမ်းစားယူပြီး မြန်မာစာအဖွဲ့ဝင်ဖြစ်လာသောအခါ ဆရာမကြီးကို မြန်မာစာအဖွဲ့ဝင်အဖြစ် တွေ့ရသည့် အတွက် ဝမ်းသာသွားပါသည်။ သမိုင်းပညာရှင်ဖြစ် သောဆရာမကြီးသည် အကြောင်းအားလျော်စွာ မြန်မာစာအဖွဲ့ဝင်အဖြစ် ဆောင်ရွက်နေသည်။ ဝေါဟာရ များကိုအဓိပ္ပာယ်ဖွင့်ရာတွင် သမိုင်းအချက်အလက် များနှင့်သက်ဆိုင်သည့်အခါ ဆရာမကြီးက ခြေခြေ မြစ်မြစ်ဆွေးနွေးသည်။ ရှေးရာဇဝင်ကျမ်းများမှ ဝေါဟာရများ၏အဓိပ္ပာယ်များကိုလည်း အခိုင်အမာ ရှင်းပြသည်။ မြန်မာစာအဖွဲ့ကပြုစုနေသောကျမ်း များတွင် သမိုင်းနှင့်ပတ်သက်လာလျှင် အခြားအဖွဲ့ ဝင်များက ဆရာမကြီး၏အမြင်ကို အလေးထားကြရ ပါသည်။

**သမိုင်းပညာရှင်ဖြစ်သောဆရာမကြီးသည်**
**အကြောင်းအားလျော်စွာ**
**မြန်မာစာအဖွဲ့ဝင်အဖြစ် ဆောင်ရွက်နေသည်။**
**ဝေါဟာရများကို အဓိပ္ပာယ်ဖွင့်ရာတွင်**
**သမိုင်းအချက်အလက်များနှင့်**
**သက်ဆိုင်သည့်အခါ ဆရာမကြီးက**
**ခြေခြေမြစ်မြစ်ဆွေးနွေးသည်။**
**ရှေးရာဇဝင်ကျမ်းများမှ ဝေါဟာရများ၏**
**အဓိပ္ပာယ်များကိုလည်း . . .**

ဆရာမကြီးသည် လှိုင်မြို့နယ်၊ ရတနာမွန် လမ်းတွင်နေထိုင်သည့်အတွက် ရုံးသွားရုံးပြန်အကြို အပို့ကားတစ်စီးမှာ ဆရာမကြီးနှင့်အတူ ကျွန်တော် လိုက်ခွင့်ကြုံပါသည်။ အသွားအပြန်ခရီးတစ်လျှောက် ဆရာမကြီးနှင့် အနီးကပ်စကားပြောခွင့်ရပါသည်။ ဆရာမကြီးသည် ထိုအချိန်တွင် လစဉ်မဂ္ဂဇင်းများ၌ ဆောင်းပါးများ သွက်သွက်ရေးနေသည့်အတွက် စာပေ အကြောင်း များများပြောဖြစ်ကြပါသည်။ ဆရာမကြီး

သည် 'နေမျိုးရာဇစည်သူ၏ ရတနာသိခ်မြို့ထွက် မော်ကွန်း'ကို အစောပိုင်းနှစ်များကတည်းက တည်းဖြတ်ခဲ့သည်။ ကျွန်တော် ရန်ကုန်တက္ကသိုလ်မြန်မာစာဌာနမှာ ပါမောက္ခဌာနမှူးအဖြစ်ဆောင်ရွက်စဉ် သင်တန်းသူတစ်ဦးက ပါရဂူတွဲ့အတွက် မော်ကွန်းများကို သုတေသနပြုထားသောကျမ်းကို စစ်မေးရာ၌ ပြင်ပစာစစ်အဖြစ်ပါဝင်စစ်မေးပေးပါရန် ဆရာမကြီးကိုပန်ကြားခဲ့ရာ ဆရာမကြီးကလက်ခံပြီး ထိုကျမ်းကိုစစ်ဆေးအကဲဖြတ်ပေးခဲ့သည်။ ရခိုင်မင်းသမီးဧချင်းမှ ဘစောဖြူမင်းအကြောင်းကို သမိုင်းအချက်အလက်များနှင့်ဆက်စပ်ဆွေးနွေးသော ဆရာမကြီး၏အမြင်ကိုလည်းမှတ်သားရပါသည်။

ရေးအားကောင်းကောင်းဖြင့် ရေးဖွဲ့ခဲ့သော ဆရာမကြီး၏ဆောင်းပါးအများအပြားသည် စာအုပ်များအဖြစ် တစ်အုပ်ပြီးတစ်အုပ်ပုံပေါ်လာခဲ့သည်။ 'သမိုင်းရှာပုံတော်ခရီး၊ မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်ရေး၊ ကုန်းဘောင်၏ နောက်ဆုံးအားမာန်၊ ကိုလိုနီခေတ်ဦးကျေးရွာအုပ်ချုပ်ရေး၊ မြန်မာ့သမိုင်းနှင့်ဆက်နွယ်သော အနောက်နိုင်ငံသားများ၊ ကုန်းဘောင်ခေတ် မြန်မာ့ရဲမက်တော်များ၊ သမိုင်းဟူသည်၊ ကုန်းဘောင်ခေတ် အခွန်တော်ရေးရာ'စသည်တို့ဖြစ်သည်။

ရေးသားပြုစုသောစာအုပ်များဖြင့် အမျိုးသားစာပေဆု ၅ ကြိမ်၊ ပခုက္ကူဦးအုံးဖေတစ်သက်တာဆု၊ အမျိုးသားစာပေတစ်သက်တာဆု၊ ထွန်းဖောင်ဒေးရှင်းစာပေဆု၊ ထွန်းဖောင်ဒေးရှင်း တစ်သက်တာဆုများရရှိခြင်းက ဆရာမကြီး၏ 'စာပေသမ္မာ'ကို ဖော်ပြနေပါသည်။ နိုင်ငံတော်ကချီးမြှင့်သော ဝိဇ္ဇာပညာထူးချွန်ဆု (ပထမအဆင့်)နှင့် စည်သူဘွဲ့တို့ကိုလည်း ရရှိခဲ့ပါသည်။

ဆရာမကြီးသည် စာပေဗိမာန်စာတမ်းဖတ်ပွဲတွင် ဇာတိမာန်သမိုင်းစာတမ်းဖတ်သည်။ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့မှာ သုတေသနပြုနည်းအကြောင်း ဟောပြောသည်။ ဦးအေးချို့နှင့် သူရဇော်တို့ကိုဦးဆောင်ပြီး မှန်နန်းရာဇဝင်တော်ကြီး ၃ တွဲပေါင်းကို ပြန်လည်တည်းဖြတ်ပေးသည်။ အမျိုးသားစာပေဆုရွေးချယ်ရေးအဖွဲ့နှင့် ထွန်းဖောင်ဒေးရှင်းစာပေဆုရွေးချယ်ရေးအဖွဲ့တို့တွင် အဖွဲ့ဝင်အဖြစ်ဆောင်ရွက်ပေးသည်။

၂၀၀၉ ခုနှစ်လောက်က မြန်မာစာအဖွဲ့တစ်ဖွဲ့လုံးနေပြည်တော်သို့ပြောင်းရွှေ့ရသည်။ အဖွဲ့ဝင်များမှာ အသက်ကြီးပြီဖြစ်၍ ၂ လတစ်ကြိမ် နေပြည်တော်သို့သွားကာ ၂ ပတ်ဆက်တိုက် အစည်းအဝေးတက်၊ ပြီးလျှင် ရန်ကုန်မှာ ၂ လနားဟူသောအစီအစဉ်အရ အဖွဲ့ဝင်များ နေပြည်တော်သို့ ၂ လတစ်ကြိမ် လေယာဉ်ဖြင့်သွားရသည်။ ဓရေအိမ်ရာမှာ နေရာချထားပေးရာ ဆရာမကြီးဒေါ်ကြန်နှင့် တိုက်တစ်တိုက်တည်းမှာနေထိုင်ခွင့်ကြုံရသည်။ ညစာစားချိန်ရောက်လျှင်ဆရာကြီးဦးမြင့်ကြည်နှင့်ကျွန်တော်က မြေညီထပ်ရှိဆရာမကြီးဒေါ်ကြန်၏အခန်းသို့ဆင်းပြီး ညစာစားကြရသည်။ ရုံးဝန်ထမ်းများက ညစာစီစဉ်ကျွေးမွေးသည်။ သုံးယောက်သား ထမင်းဝိုင်းမှာ စကားစမြည်ပြောရသည်မှာ အမှတ်တရဖြစ်ပါသည်။ ဆရာမကြီးမှာ ကျန်းမာရေးအခြေအနေကြောင့် နေပြည်တော်သို့ တစ်ကြိမ်သာလိုက်နိုင်ပါသည်။ အစည်းအဝေးတက်ချင်ကြောင်း မြန်မာစာအဖွဲ့က ဝန်ထမ်းမိန်းကလေးများ ဆရာမကြီးဆီသွားလျှင် အမြဲပြောသည်ဟုကြားရပါသည်။


၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၇ ရက်တွင် စာပေဗိမာန်ခန်းမမှာ 'ရာပြည့်သမိုင်းဒေဝီ' ဆရာမကြီးဒေါ်ကြန် အသက်တစ်ရာပြည့်မွေးနေ့အခမ်းအနားကျင်းပပြီး ဆရာမကြီးကို ကန်တော့ကြသည်။ ဂုဏ်ပြုစကားများပြောကြသည်။ ဆရာမကြီး၏ကြည်နူးနေသောအမူအရာကို မိတ်ဆွေများ၊ တပည့်များ တွေ့မြင်ကြရပါသည်။

နှစ်တစ်ရာပတ်လုံးအကျိုးရှိသော၊ အကျိုးပြုသောနေထိုင်ခြင်းဖြင့်နေထိုင်ပြီး နမူနာကောင်းများပြသွားသော မြန်မာအမျိုးသမီးကြီးဖြစ်ပါသည်။ ။

**မောင်ခင်မင်(ဓနုဖြူ)**


သိပ် လဲ
ဝမ်း မသာနဲ့အုံး
ဖေဖေ့သမက်လောင်းက
လက်မှတ်ထိုးပြီးတာနဲ့-
ဒီအိမ်ပေါ်
တက် လာနေမှာ...တဲ့....
ဆီး သွားချင်လည်း
အိမ်သာထဲ မှာ
"ရှူ" ရှိလား ရှု
ဟယ်....စာအုပ်
စာအုပ်ရေ


အခုတလော အကုသိုလ် အလုပ်တွေ မလုပ်ဖြစ်တော့ ဘူးဆို...
ဖုန်း ပျောက် သွားလို့လေ.. ပြန်မဝယ်နိုင် သေးဘူး


မိန်းကလေးဆိုတာ
မီးဖိုချောင်ကိုစွ..
နိုင်နင်းမှသာ....
တော်ကာကျမှာ
ယောကျ်ားရရင်ခက်ပြီ
အမယ်လေး မာမီရယ်
ဒီခေတ်ထဲမှာလေ....
မီးဖိုချောင်ပိုင်တဲ့
ကိုကိုတွေ..ပေါမှပေါ
တီဗီအစီအစဉ်တွေ
ကြည့်လိုက်လေ...


ရှင်အရှင်က.. အလုပ်ပြန်တာနောက်ကျ တာတောင် မပြောင်းညာတာ..အခု အလုပ်ပြန်တာစောပြီး နှိပ်ခိုင်းနေပုံ ထောက်တော့ဘာတွေကြောင့်ပြောင်းညာ နေရတာလဲရှင် ?!
အရှင်ကနှိပ်ပါတဲ့နေရာပိတ်... ပိတ်...အဲ..အဲ အခုတလော အရှင်နဲ့ခန္ဓာထဲ သွေးကြောတွေ ပိတ်..ပိတ် နေသလိုဖြစ်နေလို့ပါဟ..


ကြည့်တဲ့သူ
စိတ်ကြိုက်
ခံစားလို့ရအောင်
စိတ်ကူးယဉ်ကားမျှ



# မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များစွာထဲမှ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်

ရေနံ့သာမောင်ကျော်ညွန့်

မြန်မာလူမျိုးတို့၏ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို မြန်မာလူမျိုးတိုင်းက တမြတ်တနိုး ထိန်းသိမ်းကြရပေမည်။ အစဉ်သဖြင့် ရှင်သန်ဖွံ့ဖြိုးနေအောင် စောင့်ရှောက်ကြရပေမည်။ ထို့ကြောင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များစွာထဲမှ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်ဖြစ်သော မြန်မာဂန္ထဝင်ကဗျာရေးထုံးကို ရေရှည်တည်တံ့ဖွံ့ဖြိုးအောင် အစဉ်အလေးပြုသတိမူလျက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်တစ်ရပ်ဖြစ်သော မြန်မာဂန္ထဝင်ကဗျာရေးထုံး ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးနေရမည့် ဗျူဟာအမျိုးမျိုးရှိနေပေမည်။ မည်သို့ပင်ရှိနေလင့်ကစား မြန်မာဂန္ထဝင်ကဗျာရေးထုံးကို မြတ်နိုး၊ နှစ်သက်၊ ခုံမင်၊ စွဲလမ်းအောင် ဆောင်ရွက်ပေးကြရမည်သာဖြစ်ပါသည်။

မြန်မာဂန္ထဝင်ကဗျာရေးထုံးဖြင့် ရေးဖွဲ့သီကုံးထားသည်များကို မြန်မာလူမျိုးများအနေဖြင့် မွေးကင်းစကတည်းက ရင်းနှီးကျွမ်းဝင်လာခဲ့ပြီးဖြစ်ပါသည်။ 'အေ အေး အို' မှသည် 'လူကလေးရယ်ငို နို့ဖမ်းလို့ပေး'၊ 'ဝါဆိုဝါခေါင်ရေတွေကြီးလို့'၊ 'လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့'၊ 'မြသားငယ်တဲ့ရေယမုန်'၊ 'ရိုးတစ်လျှောက်ဖြိုးမောက်ပါတဲ့ လယ်ပတူ'၊ 'ဗမာ့သားရွှေမားကိုတဲ့ ဝင့်ကာရှယ်'နှင့် 'စီစီတဲ့ရီရီ'စသည့်စသည့်တေးကဗျာများဖြင့်လည်းကောင်း၊ တစ်ဆင့်တက်၍ ရှေးစာဆိုတော်ကြီးများ၏ ရှေးရေးတေးကဗျာများ၊ ရဟန်းရှင်လူစာဆိုတော်ကြီးများ၏တေးကဗျာများ၊ ဆရာကြီးမင်းသုဝဏ်၊ ဆရာကြီးဇော်ဂျီအစပြုသည့်ခေတ်စမ်း

တေးကဗျာများဖြင့်လည်းကောင်း ရင်းနှီးကျွမ်းဝင်ကြီးပြင်းလာခဲ့ကြရပေသည်။

ရင်ခွင်ပိုက်အရွယ်မှ မူလတန်းအရွယ်၊ အလယ်တန်းအရွယ်၊ အထက်တန်းအရွယ်အထိ အရွယ်နှင့်သင့်လျော်သောမြန်မာဂန္ထဝင်ကဗျာရေးထုံးဖြင့် ရေးဖွဲ့သီကုံးထားသောကဗျာများကို နာယူရသည်။ ရွတ်ဆိုရသည်။ နာယူရင်းရွတ်ဆိုရင်းမှ မြန်မာ့တေးကဗျာများကို မြတ်နိုး၊ နှစ်သက်၊ ခုံမင်၊ စွဲလမ်းလာပြီး တစ်ဆင့်တက်၍ ဆည်းပူးလေ့လာလိုစိတ်ဖြစ်ပေါ်လာရပေသည်။ အရွယ်အလိုက်နာယူရွတ်ဆိုခဲ့သောတေးကဗျာအမျိုးမျိုးသည် စံအမျိုးမျိုး၊ ဟန်အမျိုးမျိုး၊ အသံအမျိုးမျိုး၊ ဌာန်အမျိုးမျိုးရှိသည်။ စံ၊ ဟန်၊ အသံ၊ ဌာန်အမျိုးမျိုးရှိနေခြင်းမှာ မြန်မာဂန္ထဝင်ကဗျာအဖွဲ့အနွဲ့များသည် ပုံသဏ္ဍာန်အမျိုးမျိုးရှိနေသောကြောင့်ဖြစ်သည်။ ထိုသို့ပုံသဏ္ဍာန်အမျိုးမျိုးနှင့် စံ၊ ဟန်၊ အသံ၊ ဌာန်အမျိုးမျိုးရှိနေခြင်းသည်ပင်လျှင် မြန်မာဂန္ထဝင်ကဗျာရေးထုံး၏ဝိသေသထူးဖြစ်ချေသည်။ မြန်မာဂန္ထဝင်ကဗျာရေးထုံးများကိုရှာဖွေလေ့လာလျှင် သံပေါက်မှတစ်ဆင့်လင်္ကာ၊ ရတု၊ ပျို့စသည့် လေးလုံးတစ်ပါဒကဗျာအဖွဲ့အနွဲ့များကိုလည်းကောင်း၊ လေးချိုး၊ ဒွေးချိုး၊ တြိချိုးစသည့်အချိုးကဗျာအဖွဲ့အနွဲ့များကိုလည်းကောင်း၊ သီချင်းဘက်သို့ နွယ်သည့် ကာချင်း၊ အိုင်ချင်း၊ တျာချင်း၊ ဟန်ချင်း၊ ဒုံချင်း စသည့်အချင်းကဗျာအဖွဲ့အနွဲ့များကိုလည်းကောင်း၊ မြေဝိုင်းခေတ်မှသည် စင်တော်ရောက်သည်အထိ အဆို၊ အငို၊ အသော၊ အပြော၊ ဇာတ်စာ၊ ဇာတ်စကား၊ ဇာတ်ချင်းအဖွဲ့အနွဲ့များကိုလည်းကောင်းစသည်ဖြင့် အဖွဲ့အနွဲ့အမျိုးမျိုးကိုတွေ့ရှိကြရမည်ဖြစ်သည်။

ပုံသဏ္ဍာန်မျိုးစုံဖြင့် ရေးဖွဲ့သီကုံးထားသောကဗျာအဖွဲ့အနွဲ့ကိုသီကျူးရာတွင် စကားပြေဖတ်သလိုဖတ်ရှုပါက ကဗျာအရသာပေါ်လွင်မည်မဟုတ်ချေ။ ကဗျာနှင့်ပတ်သက်ပြီး ဆရာ့ဆရာကြီးများက "အခွင့်သာလျှင် ကဗျာကိုအသံထွက်၍ဖတ်ပါ၊ အခွင့်မသာလျှင်မိမိစိတ်ကကြားရလောက်အောင် နှုတ်ခမ်းလှုပ်၍ဖတ်ပါ၊ ကဗျာတွင်စီကုံးထားသောစကားလုံးတို့၏အသံသည် ကဗျာ၏အဓိပ္ပာယ်ကို ပိုမိုပေါ်လွင်စေနိုင်သည်။ တတ်နိုင်လျှင် အသံနေအသံထားနှင့် ဌာန်ကရိုဏ်းကျအောင်ဖတ်ပါ၊ သည့်ထက်တတ်နိုင်လျှင် ဂီတသံပေါက်အောင်ဆိုပြီးဖတ်ပါ၊ ကဗျာအရသာကိုပို၍ တွေ့ရပါလိမ့်မည်"ဟူ၍ မှာကြားထားသည်များကို အလေးအနက်သတိမူကြရပေလိမ့်မည်။ မြန်မာကဗျာများကို အရွယ်အလိုက် နှစ်သက်မြတ်နိုးအောင်စွမ်းဆောင်ရာတွင် မူရင်းစံ၊ မူရင်းဟန်၊ မူရင်းအသံ၊ မူရင်းဌာန်တို့နှင့်ကျွမ်းဝင်နေစေရန် အရေးကြီးလှပေသည်။

ထို့ကြောင့် စံထုံးနှင့်အညီ ဟန်၊ အသံ၊ ဌာန်ကြည်ကြည်လင်လင်၊ ပီပီပြင်ပြင် ရွတ်ဆိုသီကျူးပေးရန်လိုအပ်ပေမည်။ ယနေ့လူမှုကွန်ရက်ပေါ်တွင် ပေါ်ထွန်းလာသော အလယ်တန်းပြဆရာမတစ်ဦးရှိသည်။ ဆရာမအမည်မှာ ဒေါ်မြင့်မြင့်ဇော်ဖြစ်သည်။ ပေါက်မြို့နယ်၊ ရွှေဘုံသာအလယ်တန်းကျောင်းခွဲတွင် တာဝန်ထမ်းဆောင်နေသည်။ ဆရာမဒေါ်မြင့်မြင့်ဇော်က ကျောင်းသား၊ ကျောင်းသူများကို ကဗျာသင်ကြားပေးရာတွင် သင်ကြားပေးရမည့်ကဗျာအမျိုးအစား အဖွဲ့အနွဲ့ စံထုံးနှင့်အညီ ဟန်နှင့်၊ အသံနှင့်၊ ဌာန်နှင့်ရွတ်ဆိုပြ၍ သင်ယူသူတပည့်များက စိတ်ဝင်စားကြသည်။ ဆရာမကဲ့သို့ ဟန်နှင့်၊ အသံနှင့်၊ ဌာန်နှင့်ရွတ်ဆိုသီကျူးကြသည်။ သင်ကြား၊ သင်ယူမှုအောင်မြင်၏။ ပညာတန်ဆောင်က ကြီးမှူးကျင်းပသော ၂၀၁၆ ခုနှစ် ပညာတန်ဆောင်စာပေဆုနှင်းသဘင်ပွဲတွင် ပညာတန်ဆောင်လက်ရွေးစင်ဆုကို ချီးမြှင့်ခြင်းခံရသောဆရာမတစ်ဦးဖြစ်သည်။

ဆရာမဒေါ်မြင့်မြင့်ဇော်ရွတ်ဆိုသီကျူးပြသည်မှာ ဟန်သက်သက်၊ အသံသက်သက်၊ ဌာန်သက်သက်သာဖြစ်သည်။ ဟန်သက်သက်၊ အသံသက်သက်၊ ဌာန်သက်သက် ရွတ်ဆိုသီကျူးပြရုံမျှဖြင့်ပင် မြန်မာကဗျာကို မြတ်နိုးခင်တွယ်စိတ်ဖြစ်ပေါ်လာအောင် သင်ကြားလေ့ကျင့်ပေးနိုင်ခဲ့ပေသည်။ ဟန်သက်သက်၊ အသံသက်သက်၊ ဌာန်သက်သက်မဟုတ်ဘဲ ဆိုင်ရာဆိုင်ရာ

တူရိယာများဖြင့် တွဲဖက်ရွတ်ဆိုသီကျူးပေးနိုင်လျှင် ထို့ထက်သာလွန်သော နှစ်သက်မြတ်နိုးခင်တွယ်လိုစိတ်ဖြစ်ပေါ်လာမည်မှာသေချာသည်။ မြန်မာ့ကဗျာများကို လူထုအတွင်းစိမ့်ဝင်ပျံ့နှံ့အောင်ဆောင်ရွက်မည်ဆိုပါက ဒေါ်မြင့်မြင့်ဖော်ကဲ့သို့ ဟန်၊ အသံ၊ ဌာန်ပြည့်ဝသည့်အဆိုပညာရပ်ကျွမ်းကျင်သူများကိုချဉ်းကပ်ရန်လိုအပ်လှပေသည်။

ကဗျာရွတ်ဆိုသီကျူးမှုပညာရပ်ကျွမ်းကျင်သူများကို မြန်မာတူရိယာပစ္စည်းဖြင့် တွဲဖက်သီကျူးတီးမှုတ်စေပြီး ရုပ်မြင်သံကြားဌာနများ၊ ရေဒီယိုအသံလွှင့်ဌာနများနှင့်ချိတ်ဆက်၍ လွှင့်ထုတ်ပေးနိုင်ပါမှ မြန်မာဂန္ထဝင်ကဗျာများသည် လူထုအတွင်းပျံ့နှံ့စိမ့်ဝင်သွားမည်မှာ သေချာသည်။ ကျေးလက်ရိုးရာတေးများ၊ ကောက်စိုက်တေးများ၊ တိုင်းရင်းသားတေးသံများကို နှုတ်တက်ရရွတ်ဆိုသီကျူးနေသည်ကဲ့သို့ မြန်မာဂန္ထဝင်ကဗျာရေးထုံးဖြင့် ရေးဖွဲ့သီကုံးထားသောကဗျာများကိုလည်း နှုတ်တက်ရရွတ်ဆိုသီကျူးနေအောင် ကြိုးပမ်းဆောင်ရွက်ကြရပေမည်။ ထိုသို့ဆောင်ရွက်ပေးခြင်းအားဖြင့် မြန်မာဂန္ထဝင်ကဗျာရေးထုံးအမွေအနှစ်သည် မြန်မာလူမျိုးတို့၏ရင်ထဲတွင် စိမ့်ဝင်ပျံ့နှံ့စွဲတည်နေမည်ဖြစ်ပါသည်။

မြန်မာလူမျိုးတို့၏မြန်မာဂန္ထဝင်ကဗျာရေးထုံးများကို မြန်မာလူမျိုးများအတွင်း ပျံ့နှံ့စိမ့်ဝင်နေရုံမျှမက ကမ္ဘာနိုင်ငံအသီးသီးသို့ ထိုးဖောက်ဝင်ရောက်နိုင်ရေးအတွက် မြန်မာဂန္ထဝင်ကဗျာရေးထုံးများနှင့် ရင်းနှီးကျွမ်းဝင်သော ဘာသာပြန်ဆရာကြီး၊ ဆရာမကြီးများထံ ချဉ်းကပ်ကြရပေဦးမည်။ မြန်မာဂန္ထဝင်ကဗျာရေးထုံးများနှင့် ရင်းနှီးကျွမ်းဝင်သော ဘာသာပြန်ဆရာကြီး၊ ဆရာမကြီးများက မြန်မာဂန္ထဝင်ကဗျာရေးထုံးဖြင့် ရေးဖွဲ့သီကုံးထားသောကဗျာများကို အင်္ဂလိပ်ဘာသာကဗျာအဖြစ်သို့ပြန်ဆိုပြီး ကမ္ဘာနိုင်ငံအသီးအသီးသို့ ဖြန့်ချိပေးနိုင်ပါမှ မြန်မာဂန္ထဝင်ကဗျာရေးထုံးသည် ကမ္ဘာနိုင်ငံအသီးသီးသို့ ထိုးဖောက်ဝင်ရောက်နေရာရလာမည်ဖြစ်ပါသည်။

ယနေ့ခေတ်သည် လျင်မြန်သွက်လက်စွာခရီးနှင်နေကြရသောခေတ်ဖြစ်သည်။ ယခင်က လှေကို လက်နှင့်တက်ဖြင့်လှော်သည်။ လှေကို လက်နှင့်တက်ဖြင့်လှော်ရသည်မှာ ခရီးမတွင်လှ။ နှေးကွေးလွန်းလှ၏။ လှေပေါ်တွင် စက်တင်ပြီး မောင်းနှင်နိုင်သောခေတ်ဖြစ်လာပြီ။ လှေပေါ်တွင် စက်တင်ပြီး မောင်းနှင်လိုက်သည့်အခါ ခရီးမကြန့်ကြာ၊ မြန်ဆန်လာသည်။ လိုရာခရီးကို အချိန်တိုအတွင်းရောက်နိုင်ပြီ။ လှေပေါ်တွင်စက်တင်ပြီး မောင်းနှင်သော်လည်း မူလလှေ၏ပုံသဏ္ဍာန်မှာ မပြောင်းလဲပေ။ လှေသည် လှေပင်ဖြစ်ပေသည်။

ထို့အတူ ယခင်ရှေးကာလများက လှည်းဘီးများမှာ သံဘီးတပ်လှည်းဘီးများဖြစ်သည်။ ယနေ့ခေတ်တွင် ယခင်လိုသဲလမ်းမဟုတ်တော့ဘဲ မြေနီလမ်း၊ ကျောက်ခင်းလမ်းဖြစ်နေပြီ။ မြေနီလမ်း၊ ကျောက်ခင်းလမ်းများပေါ်သို့ ဖြတ်သန်းမောင်းနှင်နေသောလှည်းတို့၏လှည်းဘီးများမှာ သံဘီးပတ်လှည်းဘီးများမဟုတ်တော့ပေ။ မော်တော်ကားတာယာဘီးများဖြင့် အစားထိုးတပ်ဆင်ပြီး မောင်းနှင်နေကြပြီ။ သံဘီးပတ်လှည်းဘီးများအစား မော်တော်ကားတာယာဘီးများဖြင့် အစားထိုးမောင်းနှင်သည့်အခါ တအိအိမောင်းနှင်နေရခြင်းမဟုတ်တော့ပေ။ မြန်ဆန်သွက်လက်လာသည်။ ခရီးတွင်လာသည်။ အချိန်တိုအတွင်း လိုရာခရီးကိုရောက်ရှိနိုင်ပြီ။ သံဘီးပတ်လှည်းဘီးအစား မော်တော်ကားတာယာဘီးတပ်ပြီး မောင်းနှင်သော်လည်း မူလလှည်း၏ပုံသဏ္ဍာန်ပျက်ယွင်းမသွားပေ။ လှည်းသည် လှည်းပင်ဖြစ်ပေသည်။

လှည်းပုံသဏ္ဍာန်၊ လှေပုံသဏ္ဍာန်လုံးဝမပျက်ယွင်းစေဘဲ ယနေ့ကာလနှင့် လိုက်လျောညီထွေဖြစ်အောင် တီထွင်ကြံဆဖန်တီးနိုင်စွမ်းကို နမူနာယူအပ်ပါသည်။ အရိုးပေါ်အရွက်မဖုံးသည့်သာဓကတစ်ခုဟုဆိုရပေမည်။ မြန်မာဂန္ထဝင်အမွေအနှစ်တစ်ရပ်ဖြစ်သော မြန်မာဂန္ထဝင်ကဗျာပုံသဏ္ဍာန်အမျိုးမျိုးကို ပုံသဏ္ဍာန်၊ စီ၊ ထိုး၊ ဟန်၊ အသံ၊ ဌာန်အားလုံးမပျက်ယွင်းစေဘဲ

ဆန်းသစ်တီထွင်ကြံဆဖန်တီးနိုင်စွမ်း လိုအပ်နေပြီဖြစ်သည်။ အရိုးပေါ်အရွက်မဖုံးစေရဘဲ ခေတ်စမ်းကဗျာများကို ဆန်းသစ်တီထွင်ဖန်တီးနိုင်ခဲ့သောဆရာကြီးမင်းသုဝဏ်၊ ဆရာကြီးဇော်ဂျီစသည့်စသည့် ဆရာ့ဆရာကြီးတို့၏ခေတ်စမ်းစာပေကျေးဇူးကို အောက်မေ့သတိရလျက်ကျေးဇူးဆပ်ကြရပေမည်။ နမူနာယူစံတင်ရပေမည်။

ဆရာကြီးတို့၏ ခေတ်စမ်းကာလရေးဖွဲ့သီကုံးခဲ့ကြသောကဗျာအမျိုးမျိုးတို့သည် ယနေ့ထိတိုင်အောင်ရှင်သန်လျက်ရှိသည်။ ဆက်လက်၍လည်း ရှင်သန်နေဦးပေမည်။ မည်သို့သောစနစ်ပြောင်းပြောင်း၊ ခေတ်ပြောင်းပြောင်း၊ ခေတ်ရေစီးကြောင်း၊ စနစ်ရေစီးကြောင်းနှင့် အံဝင်ခွင်ကျဖြစ်နေသည့်အကြောင်းအရာ၊ အယူအဆ၊ အတွေးအမြင်များမဟုတ်ပါလော။ စနစ်အပြောင်း၊ ခေတ်အပြောင်းရေစီးကြောင်းကိုသွေဖည်၍ရမည်မဟုတ်ပေ။ စနစ်အပြောင်း၊ ခေတ်အပြောင်းရေစီးကြောင်းအပေါ်လိုက်ရင်း တွေးခေါ်မြော်မြင်ဆန်းစစ်မှုများဖြင့် မြန်မာဂန္ထဝင်ကဗျာရေးထုံးကိုအမှီပြုပြီး ရေးဖွဲ့ကြမည်၊ အားပေးကြမည်ဆိုပါက မြန်မာဂန္ထဝင်ကဗျာရေးထုံးသည် အမြဲတစေရှင်သန်နေမည်သာဖြစ်သည်။ မြန်မာဂန္ထဝင်ကဗျာရေးထုံး အမြဲတစေရှင်သန်စည်ပင်နေအောင် ထိန်းသိမ်းစောင့်ရှောက်နေခြင်းသည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်ကို ထိန်းသိမ်းစောင့်ရှောက်နေခြင်းဖြစ်ပါသတည်း။ ။


**ရေနံ့သာမောင်ကျော်ညွန့်**

---

# လူ့အောက်ဆုံးများ

'ဟာ'ကွက်ကိုနှိုက်
အငိုက်ကိုချောင်း၊ အစောင်းကိုကြည့်
'ငြီ'သည်နှင့်ဆွဲ ညွှတ်ကွင်းထဲ။


'ပျော့'ကွက်ကိုရှာ
အညာကိုဆုပ်၊ အထုပ်ကိုဖြေ
အခြေကိုချိုင်
'ပိုင်'သည်နှင့်ချုပ် ဆွဲငင်တုပ်။



တစ်ဖက်သောသူ
မပြုဝံ့ခေါင်း၊ ပြုဝံ့ခေါင်းနှင့်
ကသောင်းကနင်း၊ တွန့်ဆုတ်ဖျင်းသော်
ကြည့်ရင်းမတ်တတ်၊ သူကျေနပ်သည်
စိတ်ဓာတ်အောက်ဆုံး ရောက်သောသူ။ ။

**ထွန်းထွန်း(သာယာဝတီ)**





# စိတ်ယဉ်ကျေးသူများ ဖြစ်လိုသော်

ခန့်ကျော်ထင်လှိုင်(လှိုင်ကော်)



ကျွန်တော်သည် ၁၉၈၃ ခုနှစ်၊ ပညာတန်ဆောင် မဂ္ဂဇင်းတွင် 'ပွင့်သောပန်းတိုင်းမွှေးပါစေ' ဆောင်းပါးဖြင့် စာပေလောကကို စတင်ဝင်ရောက်ခဲ့၏။ ထိုစဉ်က စာမူခ ၅၀ ကျပ်ရသည်။ ထမင်းအဝစား ၇ ကျပ်ခေတ်ကပါ။ စာရေးသူတိုင်းက စာမူခနှင့် စာအုပ်လက်ဆောင် ကို အလွန်မက်မောကြသည်မှာ ပြောစရာမလို။ စာမူခအနည်း အများထက် ရသမျှကို အလွန်တန်ဖိုး ထား၏။



စာမူတစ်ပုဒ် ၅၀ ကျပ်ဖြင့် ပညာတန်ဆောင်မှာ ၄၊ ၅ ပုဒ်ပါပြီး အခြားစာစောင်လေးတွေမှာ ရေးဖြစ်၏။ စာမူခရသည်လည်းရှိသလို၊ မရသည်လည်းရှိ၏။ ရသည့်စာမူခကိုလည်း အပေါင်းအသင်းများအား လက်ဖက်ရည်တိုက်ခြင်းဖြင့်သာကုန်စေခဲ့သည်သာ။ ရသည့်စာမူခကလည်း လက်ဖက်ရည်ဖိုးသာသာမျှ မဟုတ်လော။

၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှစပြီး ဇနီးသည်၏ အကြံပေးချက်ဖြင့် ရသည့်စာမူခကို သက်သက်စုထား၏။ ယခုနောက်ပိုင်းတွင် စာမူခက ၅၀၀၀၊ ၁၀၀၀၀ ကျပ်ဖြစ်လာ၏။ ထိုစာမူခများကိုစုထားပြီးမှ နှစ်စဉ် လှူနေကျဝါဆိုသင်္ကန်းလို၊ ကထိန်သင်္ကန်းလို အလှူထဲမှာထည့်လှူလိုက်သည်။ ထိုအလှူကိုစာမူခပေးသည့်အယ်ဒီတာများ၊ မဂ္ဂဇင်းတိုက်ပိုင်ရှင်များပါ ကုသိုလ်ရပါစေဆိုသည့်သဘောပင်။

ယခုတော့ ကျွန်တော့်စိတ်တစ်မျိုးပြောင်းလာသည်။ စာမူပါလျှင် မဂ္ဂဇင်းလေးလက်ဆောင်ရရင်တော်ပါပြီ။ စာမူခမပေးလည်းနေပါစေတော့ဟူသောအတွေး။ ကိုယ်ကချမ်းသာလွန်း၍လော။ ကျောင်းဆရာ ဘဝအဘယ်မှာ ချမ်းသာပါမည်နည်း။ သို့ဆိုလျှင် အဘယ်ကြောင့် စာမူခမပေးပါနှင့်ပြောသလဲ။ စာမူခမလိုချင်၍လောဟု မေးစရာရှိ၏။ အထက်မှာ စကားပလ္လင်ခံခဲ့သလို စာရေးဆရာတိုင်းက စာမူခနှင့်စာအုပ်လက်ဆောင်ကို အလွန်မြတ်နိုးကြပါသည်။ ကျွန်တော်လည်း စာမူခကို အလွန်မက်မောပါ၏။ စာမူခမလိုချင်ရခြင်းမှာ ရှင်းရှင်းပြောရလျှင် လက်ရှိမဂ္ဂဇင်း၊ စာစောင်ထုတ်ဝေနေသူများကို ကိုယ်ချင်းစာသနားနေသောကြောင့်ပင်တည်း။ မထွက်ရှိတော့သော မဂ္ဂဇင်း၊ စာစောင်များမနည်းတော့ပေ။ သက်တမ်းရှည်မဂ္ဂဇင်းများပင် ပါသွားကြ၏။ ဆက်ပြီးလည်း ပြုတ်စရာတွေမြင်နေသေး၏။

ကျွန်တော့်မှာ ဘယ်မဂ္ဂဇင်းကြီးရပ်ပါတော့မည်ဟူသောသတင်းများ ဖေ့စ်ဘွတ်စ်မှာတက်လာတိုင်းအတိုင်းမသိကြေကွဲဝမ်းနည်းခြင်းဖြစ်ရ၏။ သွားပြန်ပြီတစ်စောင်ဟုရေရွတ်မိ၏။ ကုမရသည့်ဝါသနာ ဖြေစရာနေရာကျဉ်းပေါ့ဟု စိတ်မသက်မသာဖြစ်ရ၏။

မဂ္ဂဇင်းဟူသည် ခေတ်တစ်ခေတ်၏တန်ဆောင်မီးရှူးတိုင်တစ်ခုမဟုတ်ပါလော။ မဂ္ဂဇင်းတစ်စောင် ရပ်နားသွားခြင်းသည် မီးရှူးတိုင်တစ်တိုင်ငြိမ်းသွားခြင်းဟု ကျွန်တော်ခံယူမိ၏။ ထို့ပြင်ကိုယ်က ဤစာစောင်၊ မဂ္ဂဇင်းများကြောင့်ပင် စာရေးသူအမည်ခံနိုင်နေရသည်မဟုတ်လော။ ယခုတော့ ခက်ကြပြီ။

ရသစာပေကို ချစ်စိတ်ဖြင့် မနိုင်ဝန်ထမ်းကာ ကျားကန်နေကြသည့်ထုတ်ဝေသူ၊ အယ်ဒီတာတွေကိုလည်း မလေးစားဘဲ မနေနိုင်အောင်ဖြစ်ရ၏။ သူတို့ဘယ်လိုရုန်းနေကြပါလိမ့်ဟူသော စာနာအတွေးလည်း ဝင်မိသည်က အခါခါ။

လင်းလွန်းခင်စာပေတိုက်ပိုင်ရှင်နှင့် ကျွန်တော့်ရုံးစာကြည့်တိုက်အတွက် စာအုပ်များမှာ ရင်းနှီးခဲ့ရသည်။ တစ်ခါက စာအုပ်ဈေးရောင်းပွဲတော်မှာ စာအုပ်လာရောင်းစဉ် ဆရာနှင့်ကျွန်တော်တွေ့ဖြစ်၏။ တွေ့ခိုက်မှာ ကျွန်တော်အားနာနာဖြင့် –

"လူတွေစာမဖတ်ကြတဲ့အချိန်မှာ စာအုပ်တိုက်ကို ဘာကြောင့်ထောင်ထားတာလဲ၊ မရှုံးဘူးလား"ဟု မေးမိရာ –

"ရှုံးတာပေါ့ဆရာရယ်၊ ရသစာပေ လူတွေမဖတ်တော့တာလဲ အမှန်ပဲဗျ၊ ဒါပေမဲ့ စာပေကိုချစ်စိတ်နဲ့ ဒီလိုပဲ အရှုံးခံထုတ်နေရတာပါပဲဗျာ"ဟု အပြုံးမပျက်ဆိုရှာသည်။ သူ့စကားကြောင့် ရသစာပေအတွက် အားပျက်မိသလို ကိုယ့်ဆောင်းပါးလေးတွေစာအုပ်ထုတ်ပေးဖို့ အကူအညီမတောင်းရဲတော့ဘဲ ဖြစ်သွားရလေ၏။

သမိုင်းတစ်ပတ်လည်တတ်သည်ဟုဆိုကြ၏။ တကယ်လည်း စာပေလောကသမိုင်းတစ်ပတ်လည်ကာ ကျွန်တော်တို့ငယ်စဉ်က ခေတ်စားဖူးသည့်သရဲ၊ တစ္ဆေစာပေ ပြန်ပြီးခေါင်းထောင်ထလာသည်ကို ကြုံရ၏။ သို့သော် ရသစာပေပြန်လည်ခေတ်စားလာဖို့ကမူ ခေတ်အခြေအနေအရမလွယ်လှတော့ဟု ကျွန်တော်ထင်သည်။ အကြောင်းမှာ လူတွေစာအုပ်ကိုင်ကာ

စာဖတ်သည့်အလေ့ ရှားပါးသွားပြီးဖြစ်သောကြောင့်တည်း။

လက်ကိုင်ဖုန်းတွေ လူတိုင်းကိုင်နိုင်လာပြီးချိန်မှစ၍ စာပေလောကဆုတ်ယုတ်မှုအလွန်ကြီးလာသည်။ ဖုန်းများမပေါ်ခင်ကပင် မြန်မာနိုင်ငံသားတွေ စာဖတ်မှုအားနည်းကြသည်။ သည်အခြေအနေမှာ လက်ကိုင်ဖုန်းများပေါ်လာတော့ ဖုန်းပြောခြင်း၊ ဖေ့စ်ဘွတ်ခ်သုံးခြင်း၊ Messenger ဖြင့် စကားပြောခြင်းတို့ဖြင့် ပြင်ပစာဖတ်ဖို့ မေ့ကုန်ကြသည်။ ဖတ်လျှင်သော်မှ စာရှည်ရှည်ဆိုမဖတ်ချင်ကြတော့။ လိုရင်းတိုရှင်းစာမျိုးကိုသာဖတ်ကြ၏။ ဤနည်းဖြင့် ဖွံ့ဖွံ့နွဲ့နွဲ့ရေးရသောရသစာပေအရောင်မှာ မှိန်သည်ထက်မှိန်လာတော့၏။

ဆရာကြီးဓေယျဆိုခဲ့သလို လူတစ်ယောက်အတွက် ထမင်းစားခြင်း၊ ရေသောက်ခြင်းဟူသော ရုပ်အာဟာရလိုအပ်သလို စိတ်အဆာပြေအောင်၊ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်အောင် စာဖတ်ခြင်းဟူသော စိတ်အာဟာရလည်း လိုအပ်ပေသည်။ လူတစ်ယောက် ရိုင်းစိုင်းခြင်း၊ ယဉ်ကျေးခြင်းတို့မှာ သူ၏အသိရှိမှု၊ မရှိမှုအပေါ်မှာ တည်နေ၏။ အသိရှိဖို့ရန် လူကြီးသူမတို့၏ ဆိုဆုံးမမှုနာခံခြင်း၊ ပင်ကိုအသိရှိခြင်းစသောအချက်များအပေါ်အခြေခံသည်ဟုဆိုနိုင်သော်ငြား တကယ်တမ်းကောင်းမွန်သောအသိရှိဖို့ရန် အလွယ်ဆုံးနှင့်အမှန်ဆုံးနည်းလမ်းမှာ ရသစာပေကိုတစိုက်မတ်မတ်ဖတ်ရှုလေ့လာခြင်းသာဖြစ်သည်ဟု ကျွန်တော်ဆိုချင်သည်။

စာဖတ်လွန်ပြီး ကြောင်သွားတာကောမရှိနိုင်ဘူးလားဟု စောဒကတက်ချင်သူရှိနိုင်ပါသည်။ ဆရာကြီးမြသန်းတင့်စကားကို ကိုးကားရသော် ကိစ္စတိုင်းမှာ ခြွင်းချက်ဆိုတာရှိပါသည်။ အနည်းငယ်မျှသော ထိုခြွင်းချက်ကို အာရုံမပြုရပါ။ စာဖတ်ပြီးကြောင်သွားသူရှိနိုင်သော်လည်း တစ်ရာမှာ တစ်ယောက်ပင် မရှိနိုင်ပါ။ စာဖတ်ပြီးလူကောင်းဖြစ်သွားသူ၊ မှန်ကန်သောအသိရသွားသူသာများပါသည်။

ကျွန်တော်သည် အသက် ၁၉ နှစ်ကပင် ကယားပြည်နယ်ကို စတင်ရောက်ရှိခဲ့သည်။ မူလတန်းပြဘဝဖြင့် ကိုယ်တာဝန်ကျသည့်ရွာမှာ ဆွေမျိုးနီးစပ်ဟူ၍ တစ်ဦးမျှမရှိ။ သူ့ခေတ်နှင့်သူ ပျက်စီးစရာအကြောင်းတွေကများလှ၏။ ကိုယ့်ရှေ့ရောက်နေသူ၊ နောက်မှရောက်လာသူကျောင်းဆရာတွေမှာ အရက်ကြောင့်ဘဝပျက်သွားသူတွေ၊ ဖဲကြောင့် လူဖြစ်ရှုံးရသူတွေ၊ အထိအတွေ့မှာသာယာပြီး ရောက်သည့်ရွာမှာပင်မမျှော်လင့်ဘဲ အိမ်ထောင်ကျသွားသူတွေအများကြီးပင်။ သူတို့ထဲ ကျွန်တော်မပါခဲ့။ မပါခဲ့ခြင်းမှာ ကျွန်တော့်ပင်ကိုစိတ်ဓာတ်ခိုင်မာလွန်း၍မဟုတ်။ ငယ်စဉ်ကတည်းက ဝါသနာကြီးခဲ့သော စာဖတ်ခြင်းကျေးဇူးကြောင့် စာထဲကအသိအမြင်တွေကိုအတုယူကာ လက်တွေ့ဘဝမှာရှောင်ကြဉ်နိုင်ခဲ့သောကြောင့် ထိုအပျက်ဝဲသြဃထဲမှ လွတ်အောင်ရုန်းထွက်နိုင်ခဲ့ခြင်းဖြစ်၏။



ပါပသမိံရမတီမနော = စိတ်သည်မကောင်းမှုမှာမွေ့လျော်သည်ဆိုသော ဘုရားရှင်မိန့်မှာစကားအတိုင်း လူထဲကလူတစ်ဦးသာဖြစ်သည့်ကျွန်တော့်မှာ ပျက်စရာကိစ္စတွေကို ဘာသာနှင့်ထုထား၍ ရှောင်နိုင်

လိမ့်မည်နည်း။ ဆုံးမမည့်သူလည်းမရှိ၊ ပျက်စီးစရာလည်းပေါသည့်အရပ်မှာနေရသူမို့ မပျက်စီးရအောင် ဖတ်ထားသည့်ရသစာပေထဲက အသိလေးတွေကို ဆင်ခြင်ကာ မိမိကိုယ်မိမိထိန်းရသည်။ အောင့်အည်းသည်းခံရ၏။

ထိုဒေသကို ကျွန်တော့်ထက် အရင်စောရောက်ကာ ထိုဒေသသူနှင့်အိမ်ထောင်ကျပြီး အရက်နှင့်ဖဲမှာ ဝဲလည်နေသည့်ကျောင်းဆရာတစ်ဦးက ကျွန်တော့်ကို "ဆရာငွေးက တော်တယ်ဗျာ၊ ကိုယ့်ရည်မှန်းချက်ကို အပျက်မခံဘူး၊ မပျက်စီးအောင်ထိန်းနိုင်တယ်၊ ကျွန်တော့်ဘဝတော့ သွားပါပြီဗျာ"ဟု သူ့ဘဝကို ညည်းညူကာ ကျွန်တော့်ကိုအထင်ကြီးစကားဆိုခဲ့ဖူးသည်။ သူအထင်ကြီးအောင်နေနိုင်ခဲ့သည်မှာ ကျွန်တော့်ပင်ကိုစိတ်ကြောင့်မဟုတ်။ ရသစာပေမှရသည့် အသိအမြင်များကြောင့် မထိခိုက်အောင်နေနိုင်ခဲ့ခြင်းဖြစ်ပေသည်။

သည်အသိစွဲနေသောကြောင့် ကျွန်တော်သည် အိမ်ထောင်ကျ၍ သားသမီးရလာသောအခါ သားများကို သူတို့နှင့်သင့်လျော်မည့်စာအုပ်တွေဝယ်ပေးကာ ဖတ်ခိုင်းသည်။ "မိဘက မင်းတို့ကိုအသေးစိတ်မဆုံးမနိုင်ဘူး၊ ဒါကြောင့် စာများများဖတ်ကြ၊ အလိမ္မာစာမှာရှိတယ်ကွ"ဟု အသိပေးရ၏။ သူတို့ဖတ်ကြပါသည်။ ဖြစ်ချင်တော့ သားများ စာဖတ်အားကောင်းချိန်မှာ ဖုန်းတွေဖောခြင်းသောခြင်းပေါ်လာသည်။ ထိုအခါ သူတို့ဖုန်းဆီ အာရုံရောက်သွားကြ၏။ စာအုပ်တွေ သိပ်မဖတ်ကြတော့။ လုံးဝအချည်းနှီးတော့မဖြစ်ပါ။ စာပေဖတ်ရှုခဲ့ခြင်းအကျိုးကြောင့် သားများက သူတစ်ပါးအပေါ် ကိုယ်ချင်းစာတရားထားရမည်ဆိုသော အသိရှိလာသည်။

"ရှင့်သားတွေက စာတွေဖတ်ပြီး သူများအပေါ် ကြင်နာသနားတတ်လိုက်ကြတာ၊ တကတဲပြောမပြောချင်ဘူး၊ အလိမ္မာလွန်နေပြီ ဟင်း . . ."

ဇနီးသည်က မဲ့ကာရွဲ့ကာ ပြောလာသည်။

"ဒါကောင်းတာပေါ့ကွ၊ မင်းသိတဲ့အတိုင်း ဒီခေတ်မှာ လူငယ်တွေကအစ ဘယ်လောက်ရိုင်းကြသလဲ၊ မိဘဆရာသမားတွေကိုတောင် မလေးစားကြတော့ဘူး၊ အဲဒီအထဲ ငါ့သားတွေမပါတာ ဂုဏ်ယူရမယ်လေ"

တကယ်ပါ။ ကျွန်တော့်သားတွေလိမ္မာကြောင်းကို သူတို့ဆရာမတွေက တဖွဖွပြောကြ၏။ ချစ်ကြ၏။ စာမတော်ကြပေမဲ့ ယခုလိုလိမ္မာတာကိုပင် ကျွန်တော့်မှာ ကျေနပ်မိသည်က အမှန်။

"အဖေငါးတန်းလောက်က ဆရာကြီးဦးသုခက 'မိုက်တယ်ဆိုတာ လွယ်ပါတယ်'ဆိုတဲ့ ဇာတ်ကားတစ်ကားရိုက်ခဲ့ဖူးတယ်၊ အမှန်လဲ မိုက်တယ်ဆိုတာ အလွယ်လေးပဲ၊ လိမ္မာဖို့သာ ခက်တာကွ၊ အခုငါ့သားတွေက လိမ္မာတယ်လို့ ပတ်ဝန်းကျင်ကပြောတာဟာ မိဘဆုံးမမှုကြောင့်လဲပါတယ်၊ သားတို့ ပြင်ပစာတွေဖတ်တဲ့အကျိုးလဲပါတယ်၊ ဒီလိုချိုးကျူးခံရတာ အဖေ သိပ်ဝမ်းသာတယ်၊ အဲဒီစိတ်ဓာတ်လေးမပျောက်ကြစေနဲ့နော်"ဟု သားများကို စည်းရုံးစကားဆိုရသည်။

စာဖတ်သူသည် စာမဖတ်သူထက် ခေါင်းတစ်လုံးပိုမြင့်သည်က အမှန်။ ဆင်ခြင်တုံတရားရှိကာ မိမိကိုယ်မိမိ တန်ဖိုးရှိအောင်နေတတ်ကြသည်။ ဘွဲ့ရပညာတတ်တိုင်း အသိအလိမ္မာရှိသည်မဟုတ်။ ပြင်ပစာဖတ်သူမှသာ အသိတရားပြည့်စုံနိုင်သည်။

ယခုခေတ်မှာ မဂ္ဂဇင်း၊ စာစောင်တွေ ပျက်စီးကိန်းကြုံနေရသည်ဆိုသော်လည်း ရသစာပေကွယ်ပျောက်သွားသည်တော့မဟုတ်ပါ။ အချို့ဆရာများပြောသလို လူများ စာအုပ်ကိုင်ကာဖတ်သည့်အလေ့မှ ဖုန်းကိုင်ကာဖတ်သည့်အလေ့သို့ပြောင်းသွားခြင်းဟု ဆိုရပေမည်။

ထို့ကြောင့် မိတ်ဆွေတို့အနေဖြင့် လူယဉ်ကျေး၊ လူရည်မွန်များဖြစ်လိုသည်ဆိုပါက ရသစာပေကို နေ့စဉ် အချိန်အနည်းငယ်ပေး၍ဖတ်သင့်သည်ဟု နည်းလမ်းညွှန်လိုပါသည်။ မိမိသားသမီးတို့ကိုလည်း ပြင်ပစာပေဖတ်သည့်အလေ့မျိုး ငယ်စဉ်ကပင် ပျိုးထောင်ပေးသင့်ပါကြောင်း အကြံပြုလိုက်ရပါသည်။ ။

**ခန့်ကျော်ထင်လှိုင်(လှိုင်ကော်)**

ဝန်းကျင်တစ်ခွင်မှာ နှင်းမြူငွေ့ရည်တို့ ဝေသီလျက်ရှိတတ်သည့် ဆောင်းဦးသည်ပင် တစ်ဖန်အလည်ရောက်လာချေပြီ။ 'မြောက်လေ ငယ်သွင်းပါလို့ မြူနှင်းစိုစို'ဆိုသည့်အတိုင်း နုသစ် စိုစိမ်းသောသစ်ပင်သစ်ရွက်တို့တွင်လည်း နှင်းရေ စက်တို့က တွဲရရွဲ။ ဆောင်းလရာသီပန်းများဖြစ် သော ခဝဲ၊ သဇင်၊ ဂမုန်းတို့ လှိုင်လှိုင်သင်းကြိုင် ကြသည့်ကာလ။ ထိုသို့သောချစ်စဖွယ်ကောင်း သည့်ဆောင်းမှာ မွေးဖွားလာခဲ့သလို ဆောင်းကို ချစ်သည်ဟုဆိုသူ သရုပ်ဆောင်ခြူးပန်းနွယ်ကို ဒီဇင်ဘာလထုတ်မြဝတီမဂ္ဂဇင်း၏ ကျက်နှာဖုံး ရှင်အဖြစ်မြင်ရခြင်းကလည်း တစ်နည်းတစ်ဖုံ အဓိပ္ပာယ်ရှိမည်ထင်သည်။

# ဆောင်းချစ်သူ
# ခြူးပန်းနွယ်

လှချစ်အောင်



မင်္ဂလာပါ။ ပရိသတ်တွေအတွက် နှုတ်ခွန်းဆက်စကားလေးနဲ့ စလိုက်ရအောင်နော်။

မင်္ဂလာပါရှင့်။ မြဝတီမဂ္ဂဇင်းကိုအားပေးဖတ်ရှုနေကြတဲ့ပရိသတ်များအားလုံး ကျန်းမာချမ်းသာကြပါစေလို့ ခြူးက ဦးစွာမေတ္တာပို့သပါတယ်။

မြဝတီမဂ္ဂဇင်းရဲ့ မျက်နှာဖုံးရှင်အဖြစ်ပါဝင်ရတဲ့အပေါ် ခံစားရမှုလေးဖွင့်ဟပေးပါအုံး။

မြဝတီမဂ္ဂဇင်းလို သက်တမ်းရှည်မဂ္ဂဇင်းကြီးတစ်စောင်မှာ ပါဝင်ရတာ ခြူးအနေနဲ့ အရမ်းကိုဝမ်းသာဂုဏ်ယူရပါတယ်။ ခြူးကို သတိတရနဲ့ပါဝင်ခွင့်ပေးတဲ့ တာဝန်ရှိသူတစ်ဦးတစ်ယောက်ချင်းစီကိုလဲ ကျေးဇူးတင်ပါတယ်ရှင့်။

မျက်နှာဖုံးရှင်ဓာတ်ပုံတွေ၊ အဝတ်အစားပိုင်းတွေကို ကူညီပေးသူတွေနဲ့လဲ မိတ်ဆက်ပေးပါအုံး။

ဓာတ်ပုံဆရာကတော့ ဦးလေးတစ်ယောက်လိုခင်ရတဲ့ ဓာတ်ပုံဆရာ ဦးလှိုင်မြတ်စိုးပါ။ အဝတ်အစားပိုင်းကတော့ ညီမရဲ့ပင်တိုင်ဒီဇိုင်နာချိုမွှန်ကိုက ချုပ်ပေးထားတာပါ။

အနုပညာလောကထဲ စတင်ဝင်ရောက်ဖြစ်ခဲ့ပုံက။

ညီမဆယ်တန်းပြီးတဲ့အချိန်မှာ စဝင်ဖြစ်တာပါ။ အဲဒီတုန်းက Miss ပြိုင်ပွဲတွေပြိုင်ခဲ့တယ်။ ဆုတွေလဲ ရခဲ့ပါတယ်။ ဒါပေမဲ့ တက္ကသိုလ်တက်တဲ့ကာလမှာတော့ အနုပညာအလုပ်တွေကို လုံးဝရပ်နားထားလိုက်တယ်။ ကျောင်းပြီးတော့မှပဲ ဒုတိယအကြိမ်



ပြန်ဝင်လာတာပေါ့။ ကျောင်းပြီးစကနေ အခုထိဆိုရင် ၂ နှစ်နီးပါးလောက်တော့ရှိပါပြီ။

**ပြိုင်ပွဲတွေမှာဘယ်လိုဆုတွေရခဲ့ဖူးလဲ။**

Miss Tourism Beauty Of Asia 2018 မှာ Winner ရခဲ့ပါတယ်။ ပြီးတော့ Brand Ambassador အနေနဲ့ သုံးခုရှိထားပါတယ်။ Title အသေးလေးတွေကတော့ အများကြီးရှိပါတယ်ရှင့်။

**ရုပ်ရှင်ရိုက်ကူးရေးတွေလဲရှိတော့ ဘယ်ဇာတ်ကားတွေမှာ သရုပ်ဆောင်ခဲ့သလဲဆိုတာ ပြန်ပြောပြပါအုံး။**

ပြောရရင်တော့ ဒုတိယအကြိမ်ပြန်ဝင်လာချိန်မှာ ရိုက်ကူးရေးတွေနဲ့ ပြန်လှုပ်ရှားဖြစ်ပါတယ်။ ပထမအစတုန်းကတော့ ပြိုင်ပွဲတွေလောက်ပဲပေါ့။ အခုရိုက်ကူးရေးတွေကတော့ ရုပ်သံဇာတ်လမ်းတွဲတွေနဲ့ ဗီဒီယိုကားတွေ ဆက်တိုက်ရိုက်ဖြစ်ခဲ့ပါတယ်။ အသစ်ကတော့ မကြာခင် မဟာရုပ်သံကလွှင့်မဲ့ 'မနေ့ကလိုပဲ သူငယ်ချင်း'ဆိုတဲ့ဇာတ်လမ်းတွဲပါ။ ဗီဒီယိုကားတွေကလဲ ဖြန့်ချိပြီးသားတွေရှိသလို မဖြန့်ရသေးတာတွေလဲရှိပါတယ်။



**ဘယ်လိုကားရိုက်တာတွေ အများဆုံးရိုက်ခဲ့ရလဲ။**

အစပိုင်းကားတွေမှာတော့ ခေတ်လူငယ်ခပ်သွက်သွက်ကောင်မလေးနေရာမျိုးများတယ်။ ဆယ်ကျော်သက်ပေါ့ပေါ့ပါးပါးပေါ့။ နောက်ပိုင်းမှာတော့ မတူတဲ့ပုံစံမျိုးတွေပြောင်းလာတယ်။ မလုပ်ဖူးသေးတဲ့ပုံစံတွေ၊ ခက်တဲ့ကာရိုက်တာတွေ ရိုက်ခွင့်ရလာပါတယ်။

**သရုပ်ဆောင်ပညာကို ဘယ်လိုလေ့လာဖြစ်သလဲ။**

အမြဲတမ်းတော့ လေ့လာဖြစ်ပါတယ်။ မြန်မာရုပ်ရှင်တွေကိုရော ကိုရီးယားဇာတ်လမ်းတွဲတွေကိုပါလေ့လာတယ်။ ကိုရီးယားကားတွေကို ဘာကြောင့်လူကြိုက်များရသလဲဆိုတာကို ရုပ်ရှင်တွေကြည့်ပြီးလေ့လာပါတယ်။ သူတို့ရဲ့သရုပ်ဆောင်ပုံတွေ၊ ဆက်တင်တွေ၊ ဇာတ်အိမ်အလှည့်အပြောင်းတွေကို သဘောကျတယ်။ ရုပ်ရှင်ကြည့်တိုင်းမှာ ဇာတ်လမ်းကိုကြည့်တာထက် သရုပ်ဆောင်တစ်ယောက်ချင်းစီရဲ့ သရုပ်ဆောင်ပုံတွေကို လေ့လာဖြစ်တယ်။ နောက်တစ်ချက်က ရိုက်ကွင်း

ရောက်ရင်လဲ ကိုယ်နဲ့တွဲဖက်သရုပ်ဆောင်မဲ့သူတွေဆီက ပညာယူတယ်။ တခြားသရုပ်ဆောင်တွေကို ကိုယ့်ရဲ့သင်ဆရာအဖြစ်ရော မြင်ဆရာအဖြစ်ပါ လေ့လာသင်ယူပါတယ်။

**သရုပ်ဆောင်အနုပညာရဲ့ အဓိကကျတဲ့ အချက်က ဘာလို့မြင်သလဲ။**

စိတ်လို့မြင်ပါတယ်။ စိတ်တစ်ခုကပဲ အရာရာကို ခွဲခြားနိုင်တယ်။ ဒီကားမှာ စိတ်ထားကောင်းတဲ့သူဖြစ်မယ်၊ နောက်တစ်ကားမှာ ဗီလိန်ဖြစ်ချင်ဖြစ်မယ်၊ ဒီလူတစ်ယောက်ကပဲ စိတ်တွေအများကြီးကို အမျိုးမျိုးသရုပ်ဆောင်ရတယ်ဆိုတော့ စိတ်က ပဓာနကျတယ်လို့မြင်ပါတယ်။

**ဒီဇင်ဘာလထုတ်မဂ္ဂဇင်းဆိုတော့ ရာသီစာလေးမေးပါရစေ။ ဆောင်းရာသီနဲ့ပတ်သက်တဲ့ခံစားချက်၊ အမှတ်တရတွေရှိဖူးလား။**

ဆောင်းကို ငယ်ငယ်ကတည်းက ကြိုက်လဲကြိုက်၊ ချစ်လဲချစ်တယ်။ ကိုယ့်မွေးလကလဲ ဆောင်းရာသီမှာဆိုတော့ အအေးဓာတ်ကို အရမ်းကြိုက်တယ်။ ပူရင်မနေတတ်ဘူး။ ဆောင်းမှာ ခရစ္စမတ်တွေ၊ New Year တွေ၊ ပွဲတော်တွေလဲရှိတယ်။ ဆောင်းရာသီက ပျော်စရာလဲ ကောင်းတယ်၊ ချစ်စရာလဲကောင်းတယ်။

**ပရိသတ်တွေကို နှုတ်ဆက်စကားလေးပြောပေးပါအုံး။**

ဒီနေ့ဒီအချိန်ထိ ခြူးကို အမြဲတမ်းချစ်နေကြတဲ့တစ်ဦးတစ်ယောက်ချင်းစီကို ကျေးဇူးအများကြီးတင်ပါတယ်။ အားပေးကြ၊ ချစ်ကြ၊ ဝေဖန်အကြံပေးကြသူတွေကို ပိုပြီးကျေးဇူးတင်ပါတယ်။ အခုလို ရောဂါကပ်ဘေးကာလမှာ စိတ်ညစ်နေကြသူတွေ၊ အလုပ်အကိုင်အဆင်မပြေကြသူတွေ၊ အခက်အခဲတွေ့နေကြသူတွေအားလုံး



ပြန်လည်အဆင်ပြေကြပါစေ၊ အားတင်းထားပြီး အကောင်းဆုံးတွေပိုင်ဆိုင်လာမဲ့နေ့တွေ အမြန်ဆုံးပြန်လည်ရောက်ရှိပါစေလို့ ဆုတောင်းမေတ္တာပို့သပေးနေပါတယ်ရှင့်။ ။

လှချစ်အောင်

# ကြယ်ဝင်တို့ရဲ့ကမ္ဘာ

**သက်ဆုနှင်း**



**အဆိုတော်R ဇာနည်နဲ့ မော်ဒယ်သရုပ်ဆောင်ဝမ်းတို့ မင်္ဂလာသက်တမ်း ၁၇ နှစ်တိုင်ခဲ့ပြီ။**

ပြည်သူချစ် အနုပညာရှင်တွေဖြစ်ကြတဲ့ အဆိုတော် Rဇာနည်နဲ့ သရုပ်ဆောင်ဝမ်းတို့ရဲ့ မင်္ဂလာသက်တမ်းကတော့ အခုဆိုရင် ၁၇ နှစ်တိုင်တိုင်ရှိခဲ့ပါပြီ။ ကိုဗစ်ကာလဖြစ်နေတာကြောင့် မင်္ဂလာနှစ်ပတ်လည်အခမ်းအနားမပြုလုပ်ရပေမဲ့လဲ မိသားစုနဲ့အတူ ချစ်ချစ်ခင်ခင်ဖြတ်သန်းခဲ့တယ်လို့သိရပါတယ်။ ဝမ်းကတော့ အခုလို မင်္ဂလာသက်တမ်း ၁၇ နှစ်ပြည့်တဲ့အချိန်ထိ ဇနီးနဲ့သားသမီးတွေရဲ့အနားမှာ ဂရုတစိုက်ရှိနေပေးတတ်တဲ့ ခင်ပွန်းဖြစ်သူ R ဇာနည်ကို ကျေးဇူးတင်စကားဆိုခဲ့ပါတယ်။



**ဝမ်းရဲ့အမှတ်တရစကား။**

"အခါတိုင်းဆို မင်္ဂလာနှစ်ပတ်လည်နေ့တိုင်းကို အိမ်နားက ချမ်းမြေ့ရိပ်သာဘုန်းကြီးကြောင်းမှာ နေ့ဆွမ်းရာသက်ပန်လှူထားပါတယ်၊ ဒီနှစ်ကတော့ Home Stay ဖြစ်နေတော့ ဒါလဲတစ်မျိုးလေးတော့ အမှတ်တရဖြစ်ရတာပေါ့၊ သူက ည ၁၂ နာရီကျော်မှာ Anniversary Wish လာလုပ်တယ်၊ ဒီနှစ်တော့ ဘာမှမဝယ်ပေးရဘူးဆိုပြီးတော့ ပြောသွားတယ်၊ အမှတ်တရအနေ

နဲ့ကတော့ ရန်ဖြစ်လိုက်၊ ပြန်ချစ်လိုက်နဲ့ အတူတူနေလာတာ ၁၇ နှစ်ရှိပြီ၊ တစ်ယောက်နဲ့တစ်ယောက် သည်းခံနိုင်စွမ်းက ၁၇ နှစ်ကြာလာပြီ၊ အခုဆိုရင် ကလေးက ၃ ယောက်ဖြစ်လာပြီ၊ သူက အစ်မတို့ အနားမှာနေပြီး အစ်မကိုလဲ ဂရုစိုက်တယ်၊ သားသမီးတွေကိုလဲ ဂရုတစိုက်နဲ့ရှိနေပေးတာကိုပဲ ကျေးဇူးတင်နေပါပြီ"



**ပျော်စရာကောင်းတဲ့မိသားစုလေး။**

R ဇာနည်နဲ့ သရုပ်ဆောင်ဝမ်းတို့ကတော့ သားနှစ်ယောက်၊ သမီးလေးတစ်ယောက်နဲ့ ပျော်စရာကောင်းတဲ့ မိသားစုဘဝလေးကို ပိုင်ဆိုင်နေပြီဖြစ်ပါတယ်။ သားအကြီးလေးကိုတော့ ဖစ်ဖစ်တုန် (ခ) ဉာဏ်ဘုန်းဇာနည်၊ သားငယ်လေးကိုတော့ ချစ်ချစ်တုန်၊ သမီးအငယ်ဆုံးလေးကိုတော့ မစ်မစ်တုန်ဆိုပြီးတော့ အိမ်ခေါ်နာမည်လေးတွေ ပေးထားပါတယ်။ သမီးလေးမမွေးခင်တုန်းကတော့ R ဇာနည်၊ ဝမ်းနဲ့ သားလေးနှစ်ယောက်တို့ဟာ ကြော်ငြာလေးတွေရိုက်ကူးထားတာကိုလဲ တွေ့ရပါတယ်။



**ပရိသတ်တွေကို Suprise တိုက်ခဲ့တဲ့မေမြတ်နိုး**

အောက်တိုဘာလ ၂၈ ရက်မှာ မော်ဒယ်သရုပ်ဆောင် မေမြတ်နိုးက ပရိသတ်တွေကို Surprise တိုက်ခဲ့ပါတယ်။ ကိုရီးယားနိုင်ငံရဲ့ထိပ်တန်းမင်းသားချောဖြစ်တဲ့ Park Seo Joon နဲ့ အတူတွဲရိုက်ထားတဲ့ ကြော်ငြာဗီဒီယိုဖိုင်လေးကို သူရဲ့လူမှုကွန်ရက်စာမျက်နှာပေါ်မှာတင်ခဲ့ပါတယ်။

စင်ကာပူနိုင်ငံမှာရှိတဲ့ သူရဲ့ Basic Models Agency နဲ့ အနုပညာအလုပ်တွေကိုလုပ်ဖို့ စာချုပ်ချုပ်ဆိုထားတာဖြစ်သလို Basic Models Agency ကနေတစ်ဆင့် တောင်ကိုရီးယားနိုင်ငံမှာရှိတဲ့ JS Agency ကို Placement Model အနေနဲ့ ပထမဆုံးအကြိမ်စေလွှတ်ခြင်းခံခဲ့ရတဲ့ မော်ဒယ်တစ်ယောက်ဖြစ်ပါတယ်။





### အသားညိုတာ ကံကောင်းတယ်ဆိုတဲ့မေမြတ်နိုး

အသားညိုတာကတော့ ကိုရီးယားရောက်မှ ကံကောင်းနေတာပါလို့ မေမြတ်နိုးက ပြောပါတယ်။

"Brown Skin မော်ဒယ်ရှားတော့ Client က Brown Color ကြိုက်တယ်ဆိုရင် မြတ်နိုးကိုပဲ ရွေးတာများတယ်၊ အခုခေတ်မှာ အသားအရောင်ကို African ပုံစံ Black မဟုတ်ဘဲ အညိုဘက်ကို ခေတ်စားနေတာမို့ ကံကောင်းနေတာပါ"လို့ ပြောပါတယ်။

### အနုပညာလမ်းကြောင်း

မေမြတ်နိုးကတော့ အသက်ငယ်ငယ်ရွယ်ရွယ်လေးနဲ့ အနုပညာလမ်းကြောင်းပေါ်ကို 'အိပ်မက်ဆုံရာ' သီချင်းပြိုင်ပွဲကနေစတင်ခဲ့ပြီးနောက်မှာ မော်ဒယ်လမ်းကြောင်းမှာ Professional ကျတဲ့ မော်ဒယ်တစ်ယောက်အဖြစ် လေ့ကျင့်ခဲ့သူပါ။ မော်ဒယ်တစ်ယောက်ဖြစ်ဖို့ International ပြိုင်ပွဲတွေ တောက်လျှောက်ဝင်ပြိုင်ခဲ့ရာ ၂၀၁၄ ခုနှစ်၊ မေလ ၃၁ ရက်မှာတော့ Miss Asia Pacific World 2014 Winner ဆုကို ရရှိခဲ့ပါတယ်။

အဲဒီနောက်မှာတော့ ကမ္ဘာကျော်ဟောလီးဝုဒ် သရုပ်ဆောင်များနှင့်အတူ 'Invincible' ဇာတ်ကားမှာ သရုပ်ဆောင်ထားပြီး 'Hell Hole'ဇာတ်ကားမှာလဲ ခေါင်းဆောင်မင်းသမီးနေရာက ပါဝင်သရုပ်ဆောင်ခဲ့ပါတယ်။


### ကိုဗစ်ကြောင့် မင်္ဂလာပွဲကို ရက်ရွှေ့ဆိုင်းလိုက်တဲ့ ဘုန်းလျှံ

ဘုန်းလျှံကတော့ သူချစ်ရတဲ့ကောင်မလေးနဲ့ အတူ နိုဝင်ဘာလထဲမှာ မင်္ဂလာပွဲကျင်းပဖို့ရည်ရွယ်ထားပေမဲ့ ကိုဗစ်ကြောင့် ရက်ရွှေ့လိုက်ရတယ်လို့ သိရပါတယ်။

### ရက်ရွှေ့လိုက်ရတဲ့မင်္ဂလာပွဲ

"အစတုန်းကတော့ နိုဝင်ဘာလ ၇ ရက်မှာ မင်္ဂလာဦးဆွမ်းကျွေးမယ်ဆိုပြီးတော့ အစ်ကိုက စီစဉ်ထားတာ၊ ဒါပေမဲ့ ကိုဗစ်က ဒီလ ၃၀ ရက်ပြီးရင်ပဲ





ပြန်ဖွင့်မလား၊ ဘယ်လိုလုပ်ရမယ်မသိသေးဘူး၊ တကယ်လို့ဖွင့်ခဲ့ရင်လဲ တစ်ပတ်တည်းနဲ့စီစဉ်လို့ ရ၊ မရမသိတဲ့အတွက် မင်္ဂလာဦးဆွမ်းကျွေးတဲ့ရက်လေးကို အစ်ကို ရက်ရွှေ့ထားတယ်၊ ဒါပေမဲ့ အစ်ကို့အမျိုးသမီးရဲ့မွေးနေ့က ၁ လ ပိုင်းထဲမှာရှိတယ်၊ ဇန်နဝါရီလထဲမှာပဲလုပ်ကြမလားပေါ့၊ ဒါပေမဲ့ အစ်ကို့ရဲ့မွေးနေ့ဖြစ်တဲ့ နိုဝင်ဘာလ ၆ ရက်မှာတော့ မင်္ဂလာလက်မှတ်ရေးထိုးခဲ့ပါတယ်"

**ကိုဗစ်ကာလမှာ ကိုယ်ပိုင်စီးပွားရေးလုပ်နေတဲ့ သူတို့နှစ်ယောက်။**

ဘုန်းလျှံကတော့ လက်ရှိမှာ ချစ်သူကောင်မလေးနဲ့အတူ ငါးပါးတူဆိုတဲ့ အစားအစာရောင်းချနေတာပါ။ ကိုယ်ပိုင်စီးပွားရေးအလုပ်ကို နှစ်ယောက်အတူ တက်ညီလက်ညီလုပ်ကိုင်နေကြတဲ့အခါမှာ ပရိသတ်တွေကလဲ ရင်ကထက်ပိုပြီး ချစ်ခင်အားပေးလာတာကို တွေ့ရပါတယ်။ ဒါကြောင့် ဘုန်းလျှံက လက်ရှိပိုင်ဆိုင်ထားတဲ့အချစ်ရေးအကြောင်း ပြောခဲ့ပါသေးတယ်။

"သူကကျတော့ အလုပ်နဲ့ပတ်သက်လာရင် အရမ်းကြိုးစားလွန်းတယ်၊ အိမ်မှာထိုင်နေရတာကို ကြိုက်တဲ့သူမဟုတ်ဘူး၊ သူနဲ့အစ်ကိုက ဘာမှလဲသိပ်ပြီး ငြင်းခုန်နေစရာမလိုဘူး၊ ငယ်ငယ်ကတည်းက ရည်းစားတွေဆိုတော့ အခုဆိုသူငယ်ချင်းလိုလဲဖြစ်နေတယ်၊ မောင်နှမလိုလဲဖြစ်နေတယ်၊ တစ်ခါတလေကျရင်လဲ ရန်ထဖြစ်ကြသေးတာ၊ နှစ်ယောက်စလုံးက စနေသားသမီးတွေဖြစ်နေတော့ ဗိုလ်တွေပဲလေ၊ ဒါပေမဲ့ တစ်ယောက်နဲ့တစ်ယောက်နားလည်ပြီး လေးစားမှုရှိဖို့ကအဓိကပါ၊ အခုချိန်မှာ အစ်ကိုတို့နှစ်ယောက်က ကြိုးစားနေရတဲ့အချိန်ပါ"လို့ ပြောပါတယ်။ ။

သက်ဆုနှင်း



## ညနေ

မှန်းတည့်ချိန် နေအညှဉ်းမှာ
တင်းခဲ့မာန်ဟုန်။

နေမင်းနဲ့လေပြင်းမဖြို
အခက်စုံ ကြိုပေမဲ့။


ဘဝနေမှိန်
ညနေချိန် တိုင်ပြီမို့။
အပွင့်ရှိန် ဖျော့ရောင်သန်းပေမဲ့
နွမ်းမျက်ရည်စို့။

အရုဏ်ခါ အားအသစ်
မြားပစ်ခဲ့ လက်အစုံ။

ခါယခုမှာတော့
လာလုသူ အခေါ်ရောက်ပေလိမ့်
မျှော်ထောက်ကာ အဆင်သင့်ပေပေါ့
ပြင်ခွင့်ယူ အပူကင်းအောင်လို့
ရှင်းသင့်တာ မကျန်ရစေတော့
အမျှဝေ ညနေချမ်းမှာ
လွှမ်းလို့နေရဲ့။ ။

**နေမိုးညို**

---



## ကြောင်တောင်ကန်း

တချို့ကလျှင်
အနီးမြင်၍
ဝေးလျှင်မှုန်ဝါး မကွဲပြား။

တချို့ကလျှင်
အဝေးမြင်၍
နီးလျှင်မှုန်ဝါး မကွဲပြား။

တချို့ကလျှင်
နီးဝေးမြင်၍
ရှုမြင်သည်က ရှင်းပြတ်သား။

နီးဝေးမြင်ကွင်း၊ အမြင်ကင်း၍
အလျှင်းမသိ၊ မမြင်ဘိသူ
မျက်စိမြင်လွှာ၊ တိမ်သလာဖုံး
မြင်တာမရှိ၊ သူမသိဘူး
မျက်စိပါလည်း ကြောင်တောင်ကန်း။ ။

**မောင်ထွဋ်ကောင်း**

၁၉၆၁ ခုနှစ်ကာလကဖြစ်ပါသည်။ ကျွန်တော် တက္ကသိုလ်ဝင်တန်းကိုအောင်မြင်မည်ဟု မှတ်ယူထားခဲ့သော်လည်း တန်းမြင့်ကျောင်းထွက်လက်မှတ်ရ HSF စာမေးပွဲကိုသာအောင်မြင်ခဲ့သဖြင့် အကြီးအကျယ် စိတ်ဓာတ်ကျသွားခဲ့သည်။ ထို့ကြောင့် စိတ်လေကာ ကျောင်းဆက်မတက်တော့ဘဲ ဘောလုံးဘက်အာရုံ ရောက်သွားခဲ့သည်။ အမေမုဆိုးမကြီးက အမျိုးမျိုး နားချသည်ကိုမနာခံသည့်အဆုံး ရန်ကုန်မြို့ရှိ အစ်ကို ဝမ်းကွဲ ကိုအေးဖေကို "လာခေါ်ပြီး အဲဒီမှာဈေးရောင်းနိုင်းပါတော့"ဟု လှမ်းပြီးအကြောင်းကြားတော့သည်။ အစ်ကိုအေးဖေကလည်း သူ့ဆိုင်မှာ လူလိုနေဟန်တူသည်။ ချက်ချင်းရောက်လာပြီး ကျွန်တော့်ကို သူနှင့် လိုက်ခဲ့ရန်ဖျောင်းဖျသည်။

သို့ဖြင့် ကျွန်တော် ရန်ကုန်ကိုရောက်သွားခဲ့သည်။ အစ်ကိုအေးဖေက အသက်လေးဆယ်ကျော်လူပျိုကြီးဖြစ်သလို သူ့ညီမ မကျင်ရင်ကလည်း အပျိုကြီးဖြစ်သည်။ အစ်ကိုအေးဖေသည် သူ့အစ်မယောက်ျားဦးအေးမောင်နှင့်တွဲကာ ဗိုလ်ချုပ်ဈေးတွင် 'အေးဘရားသား'အမည်ဖြင့် အထည်ဆိုင်ဖွင့်ထားသူဖြစ်သည်။

ဗိုလ်ချုပ်ဈေးကြီးမှာ ကြက်ပျံမကျကြိတ်ကြိတ်တိုးစည်ကားလှသည်။ ကျွန်တော်တို့လည်း ဈေးရောင်းရတာ လက်မလည်ရုံမက ပါးစပ်ပါမလည်နိုင်သဖြင့် စနေနေ့တိုင်း မနက်စာကို လက်ဖက်ရည်တစ်ခွက်နှင့်သာပြီးရသည်ကများလေသည်။ ယင်းနောက်ပိုင်း ကျွန်တော် ဈေးရောင်းဈေးဝယ်လည်လည်ဝယ်ဝယ်ရှိလာသောအခါ အစ်ကိုအေးဖေက "မောင်ညိုရေ ဆိုင်ကို မင်းကဦးစီးပြီး မင်းအစ်မနဲ့ရောင်းနေခဲ့တော့ကွာ၊ ငါက တောင်ငူပြန်ပြီး အဖေ့လယ်ကွက်တွေကို ဦးစီးလုပ်ကိုင်ပေးလိုက်အုံးမယ်"ဟုဆိုကာ တောင်ငူကိုပြန်သွားခဲ့သည်။ ကျွန်တော်လည်း မပြောသာမဆိုသာဖြင့် ကျန်ရစ်ခဲ့သည်။ အမှန်တော့ ကျွန်တော်က အစ်ကိုအေးဖေနှင့်တည့်သော်လည်း အစ်မမကျင်ရင်နှင့်တော့မတည့်ပေ။ အစ်ကို့ရှေ့မှာသာ

# စကတည်းက ယဉ်သကို

ကေတုမောင်ညိုလင်း(စာပေဗိမာန်စာမူဆုရ)



နှစ်ယောက်သားငြိမ်နေတတ်ကြသော်လည်း ကွယ်ရာ ရောက်သည်နှင့် တကျက်ကျက်ဖြစ်နေတတ်သည်က များလေသည်။

ပြောခဲ့သည့်အတိုင်း အစ်ကိုအေးဖေက တောင်ဂူ ရောက်သေးရဲ့လားမသိ။ နောက်ပိုင်းမှာ ကျွန်တော်တို့ မောင်နှမကတော့ တစ်ရက်အတွင်း နှစ်ကြိမ်မျှ စကား များခဲ့ရပြီးပြီ။ မည်သို့ပင်ဆိုစေ နောက်အမှီအတွယ်မရမီ စပ်ကြားတော့ သည်းခံပြီးနေရန် ကျွန်တော်ဆုံးဖြတ်လိုက် သည်။ သို့ဖြင့် ၁၉၆၃ ခုနှစ်၊ မေလအရောက်မှာတော့ တပ်မတော်(လေ)က တက္ကသိုလ်ဝင်တန်းအောင်မြင်သူနှင့် H S F အောင်မြင်သူများကို လေကြောင်းထိန်းသိမ်းရေး သင်တန်းသားများအဖြစ်ခေါ်ယူနေကြောင်း သတင်းစာ တွင်တွေ့လိုက်ရသဖြင့် ကျွန်တော် ဝမ်းသာအားရ လျှောက်ဖြစ်လိုက်သည်။

ဇွန်လအရောက်မှာတော့ ရန်ကုန်သိမ်ဖြူကွင်း အနီးက ကန်တော်လေးအထက်တန်းကျောင်းတွင် အရည် အချင်းစစ်စာမေးပွဲဖြေဆိုရန် ခေါ်ယူခြင်းခံရသဖြင့် ဆိုင်က အစ်မဖြစ်သူမသိအောင် အပြေးအလွှားသွားရောက်ဖြေ ဆိုခဲ့သည်။ ထူးဆန်းနေသည်က နှစ်နာရီမေးခွန်းလွှာများ ဖြစ်သော်လည်း အင်္ဂလိပ်စာမေးခွန်းလွှာက ခြောက်တန်း၊ ခုနစ်တန်းမေးခွန်းလွှာလောက်သာရှိနေခြင်းပင်ဖြစ် သည်။ ထို့ကြောင့် ကျွန်တော်လည်း နာရီဝက်လောက် နှင့် ဖြေဆို၍ပြီးသွားသဖြင့် ဟိုငေးသည်ငေးလုပ်နေမိ သည်။ ဒါကို စုဆောင်းရေးတာဝန်ခံအရာရှိဗိုလ်ကြီးက မြင်ပြီး ကျွန်တော့်အနီးလာရပ်ကာမေးသည်။

"ဟေ့ ချာတိတ် ဘာလို့ ဟိုငေးဒီငေး ငေးနေတာ လဲ၊ မဖြေနိုင်လို့လား"

"ဖြေနိုင်ပါတယ်ဗိုလ်ကြီး၊ ဖြေပြီးလို့ ငေးနေတာ ပါ"

"ဒါဖြင့်ပြစမ်းပါအုံး၊ မင်းအဖြေလွှာစာရွက်"

ဗိုလ်ကြီးက ပြောပြောဆိုဆို ကျွန်တော့်အဖြေလွှာ စာရွက်ကို ကောက်ယူကြည့်လိုက်သည်။ ထို့နောက် မျက်မှောင်ကြုတ်ကာ မေးလာသည်။

"မင်းဘယ်နှတန်းအောင်လဲ"

"ကျွန်တော် ဟိုက်စကူးဖိုင်နယ် အောင်မြင်ပြီးပါပြီ ဗိုလ်ကြီး"

"သြော် . . ."

ဗိုလ်ကြီးက 'သြော်' တစ်လုံးသာဆိုကာ အဖြေလွှာ ကို ခုံပေါ်ချလျက် အနားမှထွက်ခွာသွားသည်။

ကျွန်တော် မသင်္ကာသဖြင့် ဖြေဆိုရှိန်ပြီးသော အခါ ဗိုလ်ကြီးကို "ဒီစာမေးပွဲက ဘာစာမေးပွဲပါလဲ၊ ကျွန်တော်က လေကြောင်းထိန်းသိမ်းရေးလျှောက်လွှာ တင်ထားတာပါ"ဆိုတော့ ဗိုလ်ကြီးက အနီးရှိတပ်ကြပ်ကြီး တစ်ယောက်ကို မေးပြန်သည်။ ထိုအခါ တပ်ကြပ်ကြီးက "သူတင်ထားတာ မှန်ပါတယ်၊ ဒါပေမဲ့ မေ့ကျန်နေခဲ့လို့ လေတပ်သားခေါ်ယူတဲ့အထဲမှာ ဖြေခိုင်းလိုက်တာပါ" ဟုဆိုလာပါသည်။

သို့နှင့် အောင်စာရင်းထွက်သောအခါ ကျွန်တော် ပါလာသည်။ ကျွန်တော် သွားပြီးသတင်းမပို့လျှင်ရသည်။ သို့သော် ဆိုင်မှာလည်း မနေချင်တော့၍ ပြည်လမ်းက စစ်သားစုဆောင်းရေးတပ်ကိုသွားရောက်ကာ သတင်းပို့ လိုက်ပါသည်။

× × ×

ဤသို့ဖြင့်ပင် ကျွန်တော်သည် စုဆောင်းရေး တပ်တွင်တွေ့ဆုံခဲ့ကြသော တပ်သားသစ်သူငယ်ချင်းများ နှင့်အတူ မိတ္ထီလာမြို့ရှိ မြေပြင်အတတ်သင်လေတပ်စခန်း သို့ ရောက်ရှိသွားခဲ့လေသည်။ လေတပ်စခန်းတွင် သင်တန်းသားများနေထိုင်ရန် 'ဗန္ဓုလ၊ မြဝတီ၊ အောင်ဆန်း နှင့် နေဝင်းဆောင်'ဟူ၍ နှစ်ထပ်အဆောင်ကြီးလေးခုရှိ သည်။ ထိုအထဲကမှ ဗန္ဓုလဆောင်အောက်ထပ်တွင် ကျွန်တော်တို့ကို နေရာချထားပေးသည်။ ကျွန်တော်တို့ ရောက်ရှိသွားသည့်အချိန်မှာ နေ့လယ်ဆယ့်နှစ်နာရီခန့် ရှိပြီဖြစ်သည်။ ထို့ကြောင့် ထမင်းဆာဆာနှင့် နီးစပ်ရာ သံခုတင်များပေါ် ပစ်လှဲချကာ အိပ်လိုက်မည်အလုပ်မှာပင် အဆောင်မှူးတပ်ကြပ်ဆရာတစ်ယောက်ရောက်လာပြီး ကျွန်တော်တို့ကိုမေးသည်။

"မင်းတို့က ရန်ကုန်ကရောက်လာတဲ့ တပ်သား သစ်တွေလား"

"ဟုတ်ပါတယ်"

"မင်းတို့ ထမင်းကောစားပြီးကြပြီလား"

"မစားရသေးပါဘူး"

"အေး . . . ဒါဆိုရင် မင်းတို့ စားရိပ်သာမှာ ထမင်းသွားစားဖို့ ထမင်းပန်းကန်တွေ ငါသွားစုလိုက်အုံးမယ်"

"ဟုတ်"

ကောင်းမြတ်က စစ်သံပါပါဖြင့် 'ဟုတ်'ဟုအော်ပြီး ကျွန်တော်တို့ဘက်လှည့်ကာ မျက်စိတစ်ဖက်မှိတ်ပြလာသည်။ တပ်ကြပ်ဆရာက ကျွန်တော်တို့ထမင်းထည့်စားဖို့ ထမင်းပန်းကန်သွားရှာနေခိုက်မှာပင် အပေါ်ထပ်မှ စီနီယာသင်တန်းသားများ သံပန်းကန်များကိုင်ကာ စားရိပ်သာမှ ထမင်းစားပြီးပြန်လာသည်ကို တွေ့ကြရသည်။ ထို့ကြောင့် ထမင်းဆာနေသောကောင်းမြတ်က သူတို့ရှေ့အပြေးအလွှားသွားပြီး ခြေစုံရပ်ကာ –

"အစ်ကိုတို့ထမင်းစားပြီးကြပြီဆိုရင် ကျွန်တော်တို့ကို ထမင်းပန်းကန်လေးများ ခဏလောက်ငှားပါလားခင်ဗျာ၊ ကျွန်တော်တို့ ထမင်းဆာနေကြလို့ပါခင်ဗျာ" ဟု ပြောသည်။

စကားပြောလျှင် အသံအောအောကြီးဖြင့် မာဆတ်ဆတ်ပြောလေ့ရှိသောကောင်းမြတ်က အခြေအနေအချိန်အခါနှင့် နေရာကိုလိုက်၍ လေသံပျော့လေးပြောလိုက်သဖြင့် စီနီယာကြီးများသနားသွားကာ ကိုယ်ချင်းစာစိတ်ဖြင့် သံပန်းကန်များကို ငှားပေးလာကြသည်။ ကျွန်တော်တို့လည်း ခုတင်ပေါ်မှအပြေးအလွှားထကာ သံပန်းကန်များကိုရယူလျက် စားရိပ်သာဆီပြေးခဲ့ကြသည်။ စားသောက်ပြီးသောအခါ ပန်းကန်များကို ပိုင်ရှင်များထံ ပြန်လည်ပေးအပ်ပြီးနောက် ခုတင်များပေါ်တွင် ထမင်းလုံးစီနေလိုက်ကြသည်။

ထိုအခိုက် အဆောင်မှူးတပ်ကြပ်ဆရာက သံပန်းကန်တစ်ထပ်ကြီးကို ကိုယ်တိုင်ထမ်းလာကာ အပေါက်ဝမှနေ၍ "ဟေ့ချာတိတ်တွေ ထမင်းပန်းကန်လာယူကြ"ဟုပြောလာပါသည်။

ကျွန်တော်တို့က တုတ်တုတ်မျှမလှုပ်ဘဲ အိပ်ချင်ယောင်ဆောင်နေကြသည်။ ထိုအခါ ကောင်းမြတ်မှာ မနေသာတော့ဘဲ ထပြောရတော့သည်။

"ကျွန်တော်တို့ထမင်းစားပြီးကြပါပြီဆရာ"

"ဘာကွ – စားပြီးကြပြီဟုတ်လား၊ မင်းတို့စားပြီးရအောင် ဘယ်ကပန်းကန်ရသလဲ"

"အပေါ်ထပ်က စီနီယာတွေဆီကပါ"

"မင်းတို့ဂျူနီယာတွေ ငယ်လေ လည်လေဆိုတာ သိပ်မှန်တယ်၊ အေး တွေ့ကြသေးတာပေါ့ကွာ၊ ငါ့နာမည် တပ်ကြပ်အုန်းလှိုင်တဲ့၊ မှတ်ထားကြ"

ဆရာအုန်းလှိုင်က ကျွန်တော်တို့ကို မျက်စောင်းတခဲခဲ၊ အံတကြိတ်ကြိတ်လုပ်ကာ ကြိမ်းဝါးလိုက်သည်။ ထို့နောက် –

"ဒီပန်းကန်တွေထမ်းပြီးပြန်ပို့ဖို့ မင်းတို့ထဲက တစ်ယောက် ငါ့နောက်ကလိုက်ခဲ့"ဟုပြော၍ ကောင်းမြတ်ကပင် သံပန်းကန်များထမ်းကာ နောက်ကလိုက်သွားခဲ့ရလေသည်။

နောက်တစ်နေ့တွင် ကျွန်တော်တို့ကို စစ်ပစ္စည်းများထုတ်ပေးလာသည်။ ထိုအထဲတွင် ကွန်ဘတ်ဘွတ်အပြင် ရှူးဖိနပ်နှစ်ရန်နှင့် နက်ကတိုင်လည်စည်းတစ်ခုပါသေးသည်။ ထို့ကြောင့် ကျွန်တော်တို့မှာ အပျော်ကြီးပျော်ကာ စစ်ယူနီဖောင်းကိုဝတ်ကြည့်ချင်စိတ ပေါက်လာကြသည်။ ထိုအထဲတွင် ကောင်းမြတ်နှင့် မြောက်ဥက္ကလာပသား ရွှေသွားလှကြည်တို့က အသည်းဆုံးဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် သူတို့နှစ်ယောက်က နောက်တစ်နေ့မနက် လက်ဖက်ရည်သောက်ပြီးချိန်တွင် ယူနီဖောင်းကိုအကျအနဝတ်၊ နက်ကတိုင်ကိုစည်းကာ တစ်ညလုံး ထိပ်ဦးကိုပြောင်လက်နေအောင် ကီဝီနှင့် မွတ်တိုက်ထားသောရှူးဖိနပ်ကိုဝတ်ပြီး အပေါ်ထပ်နှင့် အောက်ထပ်တက်ဆင်း လှေကားနှစ်ဆစ်ချိုး ပလက်ဖောင်းပေါ်ရှိ ကိုယ်လုံးပေါ်မှန်ကြီးရှေ့၌ ပို့စ်အမျိုးမျိုးပေးနေသောကြောင့်ဖြစ်လေသည်။ ထိုအခိုက် အပေါ်ထပ်အဆောင်မှူးအခန်းမှဆင်းလာသော ဆရာအုန်းလှိုင်နှင့် ပက်ပင်းတိုးသဖြင့် သူတို့နှစ်ယောက်မှာ ရှက်ကိုးရှက်ကန်း

ဖြင့် ပြုးဖြဲဖြဲကြီးတွေလုပ်နေကြသည်။ ကျွန်တော်တို့က တော့ ဘာများပြောလာလေမလဲဟု နားစွင့်နေမိကြသည်။

"ဟော့ကောင်နှစ်ယောက် မင်းတို့ယူနီဖောင်းဝတ်ပြီးတော့ ဘာလုပ်နေကြတာလဲ"

သည်တစ်ခါတော့ ဆရာအုန်းလှိုင်က အချိုးမပြေသော ကျွန်တော်တို့အဖွဲ့ကို တော်တော်အမြင်ကတ်လာဟန်တူသည်။ 'ချာတိတ်'ဟုမခေါ်တော့ဘဲ 'ဟော့ကောင်' ဟု သုံးနှုန်းလာသည်။

"ဟို . . . ဟို ကျွန်တော်တို့ ယူနီဖောင်း . . ."

"ဟင်း . . . ဟင်း . . . ဟင်း နက်ကတိုင်နဲ့ ရှူးဖိနပ်နဲ့ တော်တော်လေးကို စမတ်ကျနေကြတာပေါ့လေ၊ ဒီလောက်တောင် ရှိုးထုတ်ချင်နေတဲ့အကောင်တွေ တွေ့ကြသေးတာပေါ့၊ မနက်ဖြန်သင်တန်းစဖွင့်မှာနဲ့ အတော်ပဲပေါ့ကွာ"

ဆရာအုန်းလှိုင်က ထိုမျှသာပြောပြီး လှေကားထစ်များကို မှန်မှန်နင်းရင်း အပြင်သို့ထွက်ခွာသွားသည်။ ကောင်းမြတ်နှင့်လှကြည်ကတော့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ မျက်နှာငယ်လေးများဖြင့် ကျန်ရစ်သည်။ ကျွန်တော်တို့မှာတော့ သည်ကောင်နှစ်ကောင် ဝါးလုံးခေါင်းထဲ လသာလိုက်ပုံကြောင့် မနက်ဖြန်မှာ ဘာတွေဖြစ်လာလေမလဲဟုတွေးကာ မနက်စာပင် စားချင်စိတ်မရှိအောင်ဖြစ်သွားကြသည်။

ကျွန်တော်တို့ရောက်သည်မှာ နှစ်ရက်နှင့်တစ်ပိုင်းသာရှိသေးသော်လည်း အပြစ်က နှစ်ကြိမ်ဖြစ်ပြီးနေပြီဆိုတော့ အမြင်ကတ်ကတ်ဖြင့် ဘောလုံးဒိုင်လူကြီးလိုင်းစည်းအတွင်း လက်ထိသည်ဆိုကာ ပင်နယ်တီဘောများ ပေးလိုက်ရင်တော့ ငါတို့တော့ အရှုံးကြီးရှုံးရချေရဲ့ဟု တွေးကာ ညမှာလည်း အိပ်မရအောင်ဖြစ်ခဲ့ကြရလေသည်။

× × ×

ကျွန်တော်တို့တွေးထင်ထားသည့်အတိုင်း မလွဲအောင်ပင်ဖြစ်လေသည်။ နောက်တစ်နေ့မနက် လက်ဖက်ရည်သွားမသောက်မီ တန်းစီခရာမှုတ်ပြီး ဆရာအုန်းလှိုင်က မျက်နှာထိမျက်နှာထားဖြင့် ပြောလာသည်။

"ဒီနေ့ဟာ မင်းတို့ကို အခြေခံစစ်ပညာစသင်ရမဲ့နေ့ပဲ၊ ဒါကြောင့် လက်ဖက်ရည်သွားမသောက်ခင် ယူနီဖောင်းကိုအကျအနဝတ်ပြီး ရှူးဖိနပ်ကိုစီးရမယ်၊ အဲဒီလိုစီးတဲ့အခါမှာ ရှူးဖိနပ်ဦးကို မင်းတို့ငုံ့ကြည့်ရင် ခွေးရုပ်ပေါ်တဲ့အထိ ကီဝီနဲ့ပြောင်လက်နေအောင်တိုက်ထားရမယ်၊ ကြားလား"

"ကြားပါတယ်"

"ဂန်ဒူးအသံနဲ့ ကြားပါတယ်ဆိုတာမရှိဘူး၊ ကျားကျားလျားလျားအသံနဲ့ ကြားတယ်လို့ပြန်ပြော"

"ဟုတ် ကြားတယ်"

သွားပြီ။ ဘယ်ညာမောင်းမည့်စစ်သင်တန်းမှာ စစ်ဖိနပ်ကြီးကိုမစီးနိုင်းဘဲ ရှူးဖိနပ်ကိုစီးခဲ့ရမည်ဆိုကတည်းက သွားပါပြီ။ နောက်ပြီး "ရှူးဖိနပ်ထိပ်ဦးကို မင်းတို့ငုံ့ကြည့်ရင် ခွေးရုပ်ပေါ်အောင် ကီဝီနှင့်ပြောင်လက်နေအောင်တိုက်ခဲ့ရမယ်"ဟုဆိုသဖြင့် ဘယ်ခွေးရုပ်ကများပေါ်လာမှာပါလိမ့်ဟုလည်း တွေးနေမိသည်။ ထို့ထက်ဆိုးသည်က မိတ္ထီလာမိုးက မရွာလျှင် အရှင်း၊ ရွာလျှင်လည်း ဗွက်ပေါက်အောင်ရွာတတ်သည်ဟုကြားဖူးထားသဖြင့် သက်ပြင်းသာချလိုက်မိတော့သည်။

မည်သို့ဆိုစေ စိတ်ပျက်နေ၍လည်း လက်ဖက်ရည်က ဗိုက်ထဲဝင်လာမည်မဟုတ်သဖြင့် ကျွန်တော်တို့ စားရိပ်သာသို့သွားကာ မနက်စာလက်ဖက်ရည်နှင့် ထမင်းကြော်ကို စားသောက်ခဲ့ကြသည်။ ယင်းနောက် အဆောင်ပြန်ရောက်၍ လူစုံမည်ကြံကာရှိသေး အဆောင်ရှေ့က ဆရာအုန်းလှိုင်၏ခရာမှုတ်သံကိုကြားလိုက်သဖြင့် ကျွန်တော်တို့အပြေးအလွှားသွားကာ တန်းစီလိုက်ကြရသည်။ ထိုအခါ ဆရာအုန်းလှိုင်က ကျွန်တော်တို့ တစ်ဦးချင်းစီ၏ရှူးဖိနပ်များကို သေချာစွာလိုက်စစ်ဆေးသည်။ ထို့နောက် သဘောကျသလို၊ မကျသလို ပုံစံမျိုးနှင့် ခေါင်းလေးတဆတ်ဆတ်ညိတ်ကာ ကျွန်တော်တို့ကို ဘယ်ညာမှန်မှန်နင်းခိုင်းပြီး စစ်ရေးပြကွင်းကြီးဆီခေါ်ဆောင်သွားတော့သည်။

ထိုအချိန်တွင် ဗွက်ပေါက်အောင်ရွာမည့်မိုးကဖွဲရာက တစ်စတစ်စသည်းလာနေသည်။ ကျွန်တော်တို့

စစ်ရေးပြကွင်းကြီးထဲရောက်တော့ သတ်မှတ်နေရာတွင် တန်းရပ်ဟုဆိုကာ ရပ်ခိုင်းသည်။ ကျွန်တော်တို့လည်း တစ်ယောက်ကိုတစ်ယောက်တိုက်ခိုက်မိကာ အလဲလဲ အပြိုပြိုဖြင့် တန်းရပ်လိုက်ကြသည်။ ထိုအခါ ကျွန်တော်တို့ရှေ့သို့ရောက်နှင့်နေသောစစ်သမီးတပ်ကြပ်ကြီးကို 'ရှိရင်း . . .၊ တန်းစီ . . .'ဟု ဆရာအုန်းလှိုင်က သတင်းပို့လေသည်။ ထို့နောက် ကျွန်တော်တို့ကိုလည်း စစ်သမီးတပ်ကြပ်ကြီးနှင့် မိတ်ဆက်ပေးလေသည်။ ထိုအခါမှ ကျွန်တော်တို့၏သင်တန်းမှူးတပ်ကြပ်ကြီးမှန်း သိလာရသည်။

"အေး – ငါကတော့ မင်းတို့ရဲ့သင်တန်းမှူး တပ်ကြပ်ကြီးကြည်လှပဲ၊ မင်းတို့သိပြီးဖြစ်တဲ့ ဆရာအုန်းလှိုင်ကတော့ လက်ထောက်သင်တန်းမှူး၊ အခြေခံစစ်သင်တန်းနည်းပြဆရာပေါ့၊ သင်တန်းက နောက်နေ့မှစမှာဆိုတော့ ဒီနေ့တော့ သူက မင်းတို့ကို ရှေ့ကြည့်၊ ညာညှိ၊ သတိ၊ သက်သာ၊ အေးစေကိုပဲ သဘောလောက်သင်ပြပေးလိမ့်မယ်၊ ကြားလား"

"ဟုတ်ကဲ့ ကြားပါတယ်"

"ဟာ ဒီကောင်တွေ၊ ဒါ မိန်းမလျှာသင်တန်းမဟုတ်ဘူး၊ စစ်သင်တန်းကွ၊ စစ်သင်တန်း၊ ကြားလားဆို ကြားတယ်၊ ဒါပဲ ပြန်ပြောမယ် ကြားလား"

"ကြားလားဆို ကြားတယ် ဒါပဲ"

ကျွန်တော်တို့က 'ကြားတယ်'ဟု အော်မည်လုပ်နေတုန်း အသံတစ်သံက ရှေ့ဆုံးကထွက်ပေါ်လာသည်။ ထို့ကြောင့် တပ်ကြပ်ကြီးကြည်လှ ဒေါ်အမျှကြီးမှုသွားကာ အံကြိတ်ပြီးပြန်လာသည်။

"အဲဒီကြားလားဆို ကြားတယ်၊ ဒါပဲဆိုတဲ့ကောင်က ဘယ်ကောင်လဲကွ"

"ဒီကောင် လှကြည်ပါ"

"ဘာ – ငါ့နာမည်ကို ပြောင်းပြန်ပြောလာတဲ့အကောင် ရှေ့ထွက်ခဲ့စမ်း"

ထိုအခါ သုံးခွသားကျော်ဝင်းက ရယ်ကျဲကျဲဖြင့် ရှေ့ထွက်ရပ်ကာ ရှင်းပြသည်။

"ဟုတ်ပါတယ်၊ ဒီကောင့်နာမည်ကလှကြည်ပါပဲ၊ ကျွန်တော်တို့က သူ့ကို ရွှေသွားပါလို့ ရွှေသွားလှကြည်လို့ခေါ်ပါတယ်"

"အခုအော်လိုက်တာကလဲ သူပါပဲ"

"ကဲ ထားလိုက်တော့၊ တစ်ယောက်မှားရင် အများခံရတာ စစ်သင်တန်းပဲဆိုတာ မင်းတို့သိထားရအောင် ဆရာအုန်းလှိုင်ရေ ထုံးစံအတိုင်း ဘယ်၊ ညာ တစ်ပတ်လောက်မောင်းပေးလိုက်ပါ"

တပ်ကြပ်ကြီးကြည်လှက စိတ်ဆိုးမာန်ဆိုးနှင့်ပြောဆိုပြီး နောက်လှည့်မကြည့်စတမ်း လှည့်ထွက်သွားသည်။

"အဟင်း . . . ဟင်း . . . ဟင်း ငါက ပညာပေးဖို့ခေါ်လာတာ၊ ဆရာမကပါ ပညာပေးနိုင်းတယ်ဆိုတော့ အတော်ပဲပေါ့ကွာ"

ကျွန်တော်တို့က ဆရာအုန်းလှိုင်၏စကားကြောင့် ကောင်းမြတ်နှင့်လှကြည်တို့ကို အံကြိတ်ပြသူကပြ၊ မျက်စောင်းခဲသူကခဲ၊ နှုတ်ခမ်းကိုက်ပြသူကပြဖြစ်ကုန်ကြသည်။ အဘယ်ကြောင့်ဆိုသော် သည်စနက်က မနေ့က သည်ကောင်နှစ်ကောင် ယူနီဖောင်းဝတ်ကာ နက်ကတိုင်ကိုတပ်၊ ရှူးဖိနပ်ကိုစီးပြီး ကိုယ်လုံးပေါ်မှန်ကြီးရှေ့တွင် ထုတ်ခဲ့ကြသောစနက်ကြောင့်ပင်ဖြစ်လေသည်။ ထိုအချိန်တွင် မိုးကလည်း တစ်စတစ်စ ပိုသည်းလာနေသဖြင့် စစ်ရေးပြကွင်းကြီးထဲမှာ မိုးရေတွေက ဖွေးဖွေးလှုပ်နေသည်။

"ကဲ – ရှိုးထုတ်ချင်တဲ့အကောင်တွေ ရှိုးနဲ့မိုးနဲ့ ဖြစ်သွားအောင် မိုးရေထဲလမ်းလျှောက်ကြရအောင်ဟေ့၊ သတိ – ဘယ်လှည့် – အမြန်လျှောက်"

ဤသို့နှင့်ပင် ကျွန်တော်တို့၏ခွေးရပ်ပေါ်အောင် ကီဇီဖြင့်တိုက်ထားသောရှူးဖိနပ်များမှာ ရှိုးထုတ်ချင်လှသော ဟိုနှစ်ကောင်ကြောင့် ရွှံ့တွေ၊ ဗွက်တွေ၊ မိုးတွေကြားမှာ မရှုမလှနှင့် စုတ်ပြတ်သတ်ကာ ကျဆုံးခဲ့ရပါလေသည်။ ထို့ကြောင့် ကျွန်တော့်ဘဝက အလွဲအမှားများကြောင့် 'စကတည်းက ယဉ်သကို'ဟုသာဆိုလိုက်ရပါတော့သည်။ ။

**ကေတုမောင်ညိုလင်း**
**(စာပေဗိမာန်စာမူဆုရ)**



အဖုအကျိတ်ဆို ပေါင်ဒါဘူးထဲ ထည့်လို့ရအောင် မှုန့်သွားမယ်
ဒေဝယက္ခ
အကျိတ်ကြေ အကျုံမြှုမန်းဆေး
မြစ်ပွားနာအကျိတ်၊ အဆုတ်နာအကျိတ်၊ နို့ကျိတ်၊ နို့ကြောင်းပိတ်၊ သွေးမှင်၊ လေမှင်၊ ဝက်ခြံ၊ ဝဲစို၊ ဝဲခြောက်၊ အပူကြီး၍ထွက်သည့် အဖုအကျိတ်များမှ စ၍ မန်းဝင်မန်းငုပ် ရောဂါများကို သက်သာပျောက်ကင်းစေပါသည်။
ဒေဝယက္ခ နှင့် မာဃဒေဝ ဆေးတိုက်မှ ထုတ်လုပ်သော ဆေးစွမ်းကောင်းများ
ရာဇဗလ သွေးတိုးကျဆေး
မာဃဒေဝ အာရုံကြောဆေး
မာဃဒေဝ အမောလုံ နှလုံးအားတိုးဆေး
မာဃဒေဝ ဒက်ကျေဆေး
မန်လည်အဖြေကျော် အစာကြေဆေး
အမရာ သကြားရောင် သွေးဆေး
လှစေချင်ပါသည် ရုပ်လှသွေးသန့်ဆေး
ဝလေးလုံး ရှုဆေး
နဂါးရွှေဝါ ဒက်ကျေဆေး
အမှတ် - ၃၇၃၊ သနပ်ပင်လမ်း(အုန်းပင်တန်း)၊ ပဲခူးမြို့။ ဖုန်း ၀၅၂ - ၂၁၄၂၂၊ ၀၅၂ - ၂၂၂၂၉၊ ၀၉ - ၅၃၀၀၁၄၁၊ ၀၉ ၈၆၅၀ ၈၆၇

# ခရုသင်း၊ သမင်ဖြူ

ခရုသင်း၊ သမင်ဖြူ အနာကြီးရောဂါ၊ Fungus-Psoriasis မှိုစွဲရောဂါများ၊ ဖြူ-နီ-နက်ကွက်များ၊ ကာလသားရောဂါ၊ ဆီးပူညောင်းညာကျ၊ ဂနိုရီးယား၊ ဆစ်ဖလစ်၊ ရှန်ကရိုက်၊ ရေယုန်၊ ရိဖြူ-ရိနီဆင်းရောဂါ၊ အသားမည်းခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်းရောဂါ၊ ပွေး-ဝဲ-နှင်းခူ-ညှင်း၊ ယားနာအမျိုးမျိုးကို အာမခံနှင့်ကုပေးသည်။

CHISHTI MISSION ကျွန်းကလေးဆရာကြီးဆေးတိုက်
ဒေါ်သောင်းသောင်းဝေ (တဆ-၄၃၁၄)
အမှတ်(၂၅၁)၊ ၂၈ လမ်း၊ ၈၁ × ၈၂ ကြား၊ ဈေးချိုအနီး၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၄၉၂ ၇၀၉၅၁၊ ၀၉ ၄၀ ၂၅၄၃၆၂၉
ပင်ရင်း-အမှတ်(၇၀၆)၊ ကျွန်းကလေး၊
လှည်းကူး၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၆၂၉၅၄၈၊ ၀၉ ၄၂၀၀၀၆၅၄၅



# ဖျံ-၅-ကောင်
အမှတ်တံဆိပ်

LONDON
QUALITY CROWN
QC 100

## သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို



ရန်ကုန်မြို့ မန္တလေးမြို့နှင့် တောင်ကြီးမြို့ရှိ
မြန်မာဆေးအရောင်းဆိုင်ကြီးများမှတစ်ဆင့်
တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။




ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(တနယ်ငင်း) ၂၁၄/၀၆ဘ

**ပင်ရင်း - သမားတော် စာရေးဆရာ ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)**

ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၃၉၊ မြေညီထပ်(ယာ)၊ ၄၂လမ်း၊(ကုန်သည်လမ်းနှင့်မဟာဗန္ဓုလလမ်းကြား)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁-၈၃၈၀၀၇၄၊ ၃၉၂၉၉၄၊ ၀၉၄၂၀၀၇၈၆၉

ရသစုံမဂ္ဂဇင်း

# ၂၀၂၁ ခုနှစ်

# မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲခေါင်းစဉ်များ

မြဝတီစာပေတိုက်မှ လစဉ်ပုံနှိပ်ထုတ်ဝေဖြန့်ချိလျက်ရှိသောမြဝတီမဂ္ဂဇင်း၏ ၂၀၂၁ ခုနှစ် မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲကဏ္ဍတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ပြိုင်ပွဲဝင်ပညာရှင်များကို လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။ လအလိုက်ခေါင်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| စဉ် | လအမည် | ပြိုင်ပွဲခေါင်းစဉ် | နောက်ဆုံးပေးပို့ရမည့် ရက်၊ အချိန် |
|---|---|---|---|
| ၁ | ဇန်နဝါရီလ(ပြာသို) | သဘာဝဘာလှပ မြန်ပြည်အလှ | ၂၀-၁၀-၂၀၂၀၊ ၀၀း၀၀နာရီ |
| ၂ | ဖေဖော်ဝါရီလ(တပို့တွဲ) | တိုင်းရင်းသားတို့၏ဓလေ့ထုံးစံများ | ၂၀-၁၂-၂၀၂၀၊ ၀၀း၀၀နာရီ |
| ၃ | မတ်လ(တပေါင်း) | နွေဦးအလှ | ၂၀-၁-၂၀၂၁၊ ၀၀း၀၀ နာရီ |
| ၄ | ဧပြီလ(တန်ခူး) | သင်္ကြန်မြင်ကွင်း | ၂၀-၂-၂၀၂၁၊ ၀၀း၀၀ နာရီ |
| ၅ | မေလ(ကဆုန်) | ညောင်ရေသွန်းပွဲနှင့် လက်ဆင့်ကမ်းအမွေ | ၂၀-၃-၂၀၂၁၊ ၀၀း၀၀ နာရီ |
| ၆ | ဇွန်လ(နယုန်) | တို့တောရွာ | ၂၀-၄-၂၀၂၁၊ ၀၀း၀၀ နာရီ |
| ၇ | ဇူလိုင်လ(ဝါဆို) | ယဉ်ကျေးလှပ မြန်မာအမျိုးသမီးဘဝ | ၂၀-၅-၂၀၂၁၊ ၀၀း၀၀ နာရီ |
| ၈ | ဩဂုတ်လ(ဝါခေါင်) | ရင်နှစ်သည်းချာ | ၂၀-၆-၂၀၂၁၊ ၀၀း၀၀ နာရီ |
| ၉ | စက်တင်ဘာလ(တော်သလင်း) | သတ္တလောကသဘာဝ | ၂၀-၇-၂၀၂၁၊ ၀၀း၀၀ နာရီ |
| ၁၀ | အောက်တိုဘာလ(သီတင်းကျွတ်) | မီးထွန်းပူဇော် သီတင်းကျွတ်ပွဲတော် | ၂၀-၈-၂၀၂၁၊ ၀၀း၀၀ နာရီ |
| ၁၁ | နိုဝင်ဘာလ(တန်ဆောင်မုန်း) | တိမ်ပန်းချီ | ၂၀-၉-၂၀၂၁၊ ၀၀း၀၀ နာရီ |
| ၀၂ | ဒီဇင်ဘာလ(နတ်တော်) | မြန်မာ့ရိုးရာအားကစား | ၂၀-၁၀-၂၀၂၁၊ ၀၀း၀၀ နာရီ |

## ရွေးချယ်ထားသောကဗျာများ

၁–၁၀–၂၀၂၀ မှ ၃၁–၁၀–၂၀၂၀ အထိ ရောက်ရှိလာသောကဗျာများမှ အောက်ဖော်ပြပါကဗျာများကို မြဝတီမဂ္ဂဇင်းတွင်အသုံးပြုရန် ရွေးချယ်ထားပါသည် –

၁။ ငါ့သွေး ငါ့သား ငါ့ပြည်သူများ (တောသားကြီးလူနိုင်)၊ ၂။ လျှာလိမ်ဆင်များ (ဦးမြင့်–ကျွန်းလှ)၊ ၃။ လောကအဖြေ (တိုးဝေ)၊ ၄။ ခန္ဓာသရုပ်ခွဲကြည့်ခြင်း (တောသားကြီးလူနိုင်)၊ ၅။ ကျေးရွာအလှ ပဟေဠိမန္တ (မင်းမောင်နွယ်–မွန်ဌာနီ)၊ ၆။ အမေ့ဂုဏ်ရည် (သွန်းမိုးစက်–ပခုက္ကူ)၊ ၇။ ကန်မြို့ရွာ (ကန်မြို့ ချစ်မင်းဝေ)၊ ၈။ မြင်းမိုရ်ဦးသို့ ထာဝစဉ် (ရွှေကူသက်မောင်မောင်)၊ ၉။ လူပါးဝပြီးနောက် (သွေ့)၊ ၁၀။ ကျေးလက်ပန်းချီ (အုံဘုန်းလူ)၊ ၁၁။ လောကစံတိုက်ပွဲ (ရဲသွေးနီ–တက်ဝန်)၊ ၁၂။ လွင်ပြင်ဦးပန်းချီ (ချစ်စထုံးနောင်–မိတ္ထီလာ)၊ ၁၃။ ဧရာဝတီ (သက်ဝေ)၊ ၁၄။ တက်လူဟေ့ တက်လူ (ဖျာပုံမောင်သုညာ)၊ ၁၅။ အဖြူရောင်တေးသွား (သလ္လာမြေ–ဒိုးကလေး)။

## မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ယှဉ်ပြိုင်လျက်ရှိသည့် ဓာတ်ပုံပြိုင်ပွဲဝင်များအတွက် ပန်ကြားချက်



မြဝတီစာပေတိုက်မှ လစဉ်ထုတ်ဝေလျက်ရှိသည့်မြဝတီမဂ္ဂဇင်းတွင်ပါရှိသော မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲကဏ္ဍအတွက် လအလိုက်ကြိုတင်ပေးထားသည့်ခေါင်းစဉ်များဖြင့် ဖိတ်ခေါ်ကျင်းပပေးလျက်ရှိပါသည်။ ထိုသို့ကျင်းပပြုလုပ်ရာတွင် မြန်မာနိုင်ငံဓာတ်ပုံအသင်းမှ အကဲဖြတ်ပညာရှင်များနှင့် မြဝတီစာပေတိုက်မှတာဝန်ရှိသူတို့က အဆိုပါပြိုင်ပွဲဝင်ဓာတ်ပုံများကို စိစစ်ရွေးချယ်ကြပါသည်။ သို့သော် ယခုအခါ နိုင်ငံနှင့်အဝန်းကျရောက်လျက်ရှိသည့် Covid-19 အဆုတ်ရောင်ကူးစက်ရောဂါဖြစ်ပွားနေမှုနှင့် ပေးပို့လာသည့်ပြိုင်ပွဲဝင်ဓာတ်ပုံများမှာ သတ်မှတ်အရေအတွက်မပြည့်ခြင်းတို့ကြောင့် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲကို ကျင်းပနိုင်မှုမရှိခဲ့ကြောင်း အသိပေးအပ်ပါသည်။ ။

မြဝတီမဂ္ဂဇင်း




# ဂေဟစနစ်ထဲက ရေချိုနဲ့ရေငန်

အိမ်ကြီးမောင်

ကျွန်တော်တို့နေထိုင်တဲ့ကမ္ဘာကြီးမှာ ရေထုဟာ ကုန်းမြေထုထက် ပိုမိုကျယ်ပြန့်ပါတယ်။ ဒါကြောင့် ကမ္ဘာဟာ နေအဖွဲ့အစည်းထဲမှာ တခြားဂြိုဟ်တွေနဲ့ မတူဘဲ ဂြိုဟ်ပြာလေးအဖြစ် မြင်တွေ့ရတာဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ ရေပမာဏသန်းပေါင်း ၁၄၀၀ ကုဗမီတာရှိပါတယ်။ ရေထုအများဆုံးရှိတာက ပင်လယ်သမုဒ္ဒရာပါပဲ။ မြစ်ချောင်းအင်းအိုင်နဲ့ မြေအောက်ရေလဲပါဝင်ပါတယ်။ ရာခိုင်နှုန်းအားဖြင့်ခွဲခြားရင် ရေချိုပမာဏ ၂ ဒသမ ၅ ရာခိုင်နှုန်းနဲ့ ရေငန်ပမာဏ ၉၇ ဒသမ ၅ ရာခိုင်နှုန်းရှိပါတယ်။ နည်းပါးလွန်းတဲ့ရေချိုပမာဏထဲမှာ ၁ ဒသမ ၉၇ ရာခိုင်နှုန်းက ရေခဲတောင်တွေဖြစ်ပြီး ၀ ဒသမ ၅၃ ရာခိုင်နှုန်းက မြစ်ချောင်းအင်းအိုင်၊ ရေကန်တို့ဖြစ်ပါတယ်။ ဒါကြောင့် လူသားတွေသုံးစွဲနိုင်တဲ့ရေချိုပမာဏ အတော်နည်းပါးပါတယ်။


သက်ရှိသတ္တဝါတွေရှင်သန်ဖို့က ရေလိုအပ်ပါတယ်။ လူတစ်ဦးအတွက် ရေဓာတ် ၅၅ ရာခိုင်နှုန်းကနေ ၇၅ ရာခိုင်နှုန်းအထိလိုအပ်ပါတယ်။ လူ့ရဲ့ခန္ဓာကိုယ်မှာ ရေဟာ အလေးချိန်အားဖြင့် ၆၅ ရာခိုင်နှုန်းပါဝင်ပါတယ်။ ဦးနှောက်မှာ ရေ ၈၅ ရာခိုင်နှုန်းပါဝင်ပြီး အရိုးမှာ ရေ ၁၅ ရာခိုင်နှုန်းပါဝင်တယ်။ သွေးထဲမှာ ရေ ၈၂ ရာခိုင်နှုန်းနဲ့ အဆုတ်မှာ ရေ ၉၀ ရာခိုင်နှုန်းပါဝင်တယ်။ အဲဒီအချက်တွေကိုကြည့်ခြင်းအားဖြင့် ရေဟာ လူ့ခန္ဓာကိုယ်ရဲ့အရေးကြီးတဲ့အစိတ်အပိုင်းတွေထဲမှာ အများဆုံးရှိနေတာကိုသိနိုင်ပါတယ်။ ဒါကြောင့်လဲ လူတွေမှာ ရေဓာတ်ခန်းခြောက်သွားရင် အသက်အန္တရာယ်နဲ့ ရင်ဆိုင်ရတာဖြစ်ပါတယ်။

ရေဟာ အသက်တမျှအဖိုးတန်လှပေမဲ့ မကုန်ခန်းနိုင်တဲ့ သဘာဝသယံဇာတမျိုးတော့မဟုတ်ပါဘူး။ ကမ္ဘာကြီးပူနွေးလာမှုနဲ့ ရာသီဥတုပြောင်းလဲမှုကြောင့် လူသားတွေအတွက် ရေရရှိမှုပမာဏက တစ်နှစ်ထက်


တစ်နှစ်လျော့နည်းလာပါတယ်။ ၁၉၇၀ ပြည့်နှစ်က လူတစ်ဦးအတွက် တစ်နှစ်တာသုံးစွဲဖို့ ရေဂါလန် လေးသိန်းခွဲရှိခဲ့ပေမဲ့ ၁၉၉၀ ပြည့်နှစ်မှာ ဂါလန် သုံးသိန်း၊ ၂၀၀၀ ပြည့်နှစ်မှာ နှစ်သိန်းခွဲစသဖြင့် တစ်ဖြည်းဖြည်းကျဆင်းလာခဲ့ပါတယ်။ ဒါတင်မက သေးပါဘူး။ ၁၉၉၀ ပြည့်နှစ်မှာ နိုင်ငံ ၂၈ နိုင်ငံဟာ ရေရှားပါးတဲ့ဘေးဒုက္ခကြုံခဲ့ရတယ်။ ၁၉၉၅ ခုနှစ်မှာ ရေရှားပါးတဲ့နိုင်ငံ ၃၁ နိုင်ငံဖြစ်လာတယ်။ အဲဒီငါးနှစ် အတွင်းမှာပဲ ရေရှားပါးမှုကိုရင်ဆိုင်ကြုံတွေ့ရတဲ့ လူ သားပေါင်း ၁၂၅ သန်းအထိရှိလာခဲ့တာဖြစ်ပါတယ်။

ကမ္ဘာ့လူဦးရေ သန်း ၁၀၀၀ ခန့်ဟာ မသန့်ရှင်း တဲ့သောက်သုံးရေကို သုံးစွဲနေရတဲ့အတွက် ၂၀၀၀ ပြည့် နှစ်မှာ လူဦးရေ ၂၂ သန်းကျော်သေဆုံးခဲ့ရတယ်။ ၂၀၃၀ ပြည့်နှစ်မှာ ရေပြဿနာကိုမဖြေရှင်းနိုင်ရင် ကမ္ဘာ့ လူဦးရေရဲ့ထက်ဝက်ခန့်ဟာ သောက်သုံးရေအခက်အခဲ ကို ရင်ဆိုင်ရဖွယ်ရှိနေပါတယ်။ ဒါကြောင့် ဖောင်စီးရင်း ရေမငတ်ရအောင် အခုအချိန်ကတည်းက ရေကိုစနစ် တကျချွေတာသုံးစွဲတာကို အလေ့အကျင့်တစ်ခုအနေ နဲ့ လုပ်ဖို့လိုပါလိမ့်မယ်။

၂၁ ရာစုမှာ လူဦးရေ အဆမတန်တိုးပွားလာတာ ကြောင့် ရေသုံးစွဲမှုလဲ များပြားလာပါတယ်။ ဒီတော့ သမုဒ္ဒရာနဲ့ပင်လယ်ရေတွေအားလုံးကို ရေချိုအဖြစ် ပြောင်းလဲပေးရင် ကောင်းမယ်လို့ထင်မိပါတယ်။ ဒီစိတ်ကူးကိုအကောင်အထည်မဖော်ခင် ပင်လယ်ရေ ဘာကြောင့်ငန်ရသလဲဆိုတာ လေ့လာ ကြည့်ရအောင်ပါ။ လွန်ခဲ့တဲ့









နှစ်ပေါင်း ၃ ဒသမ ၈ ဘီလီယံကာလတုန်းက ကမ္ဘာပေါ်ကိုကျရောက်ခဲ့တဲ့ ကြယ်တံခွန်တွေနဲ့ဥက္ကာပျံတွေကပါလာတဲ့ရေတွေစုစည်းပြီး ပင်လယ်သမုဒ္ဒရာတွေဖြစ်လာခဲ့တာပါ။ အဲဒီရေတွေက အပူရှိန်ကြောင့် အငွေ့ပြန်ပြီး မိုးရွာသွန်းပါတယ်။ မိုးရေနဲ့ လေထုထဲရှိတဲ့ ကာဗွန်ဒိုင်အောက်ဆိုက် $CO_2$ ဓာတ်ငွေ့တွေထိတွေ့ပြီး ကာဗွန်နစ်အက်စစ်ဖြစ်လာပါတယ်။ အဲဒီအက်စစ်ပါတဲ့မိုးရေတွေဟာ ကျောက်တောင်တွေ၊ မြေကြီးတွေကိုတိုက်စားပြီး ဓာတ်ဆားဖြစ်ပေါ်လာကာ မြစ်ချောင်းများမှတစ်ဆင့် ပင်လယ်သမုဒ္ဒရာထဲစီးဆင်းသွားပါတယ်။ ပင်လယ်ကြမ်းပြင်က ရေအောက်မီးတောင်တွေနဲ့ ရေပူထွက်ရာနေရာ (Hydrothermal Vents) တွေလဲ ဆာလဖာဓာတ်ပါတဲ့ဓာတ်ဆားတွေ ထုတ်လွှတ်တာကြောင့် နှစ်သန်းပေါင်းများစွာကြာတဲ့အခါ ရေချိုတွေကနေပြီး ရေငန်အဖြစ်ကို ပြောင်းသွားခဲ့ကြတာဖြစ်ပါတယ်။





တကယ်လို့ ပင်လယ်ရေတွေမငန်တော့ဘဲ ရေချိုဖြစ်သွားခဲ့ရင် ပြဿနာများစွာ ဖြစ်ပေါ်လာပါလိမ့်မယ်။ ရေငန်မှာနေထိုင်တဲ့ သက်ရှိအားလုံး သေဆုံးလိမ့်မယ်။ ပြီးတော့ ကမ္ဘာ့ရာသီဥတုနဲ့ အပူချိန်တွေပြောင်းလဲသွားပြီး သက်ရှိတွေရှင်သန်ဖို့ အခက်အခဲဖြစ်လာပါလိမ့်မယ်။ ကမ္ဘာကြီးထဲမှာ ရေနေသက်ရှိမျိုးစိတ်ပေါင်း နှစ်သိန်းကျော်ရှိပါတယ်။ အဲဒီထဲက အများစုဟာ ရေငန်မှာနေထိုင်ကြတာပါ။ ရေငန်မှာပေါက်ဖွားနေထိုင်တဲ့ ရေညှိတွေဟာ နေအလင်းရောင်နဲ့ကာဗွန်ဓာတ်ကို အသုံးပြုပြီးရှင်သန်ကြပါတယ်။ ပြီးတော့ သူတို့က ကမ္ဘာ့လေထုထဲ အောက်ဆီဂျင်ကိုထုတ်လွှတ်ပေးပါတယ်။ ရေငန်မှာနေထိုင်တဲ့ရေညှိတွေသေဆုံးသွားရင် အောက်ဆီဂျင်ပမာဏတွေလျော့ကျသွားပါမယ်။ ကာဗွန်ဒိုင်အောက်ဆိုက်တွေပိုများလာပြီး ဖန်လုံအိမ်အာနိသင်ကြောင့် ကမ္ဘာကြီးပိုမိုပူနွေးလာပါလိမ့်မယ်။

သမုဒ္ဒရာရေစီးကြောင်း(Ocean Convection Currents) တွေဟာ အီကွေတာနဲ့ဝင်ရိုးစွန်းဒေသတွေကိုလှည့်လည်စီးဆင်းပြီး ရာသီဥတုကို ထိန်းညှိပေးပါတယ်။ ပင်လယ်ရေတွေ ရေချိုဖြစ်ကုန်ရင် ရေစီးခြင်းဖြစ်စဉ်မရှိတော့တဲ့အတွက် ဝင်ရိုးစွန်းရေခဲဒေသတွေမှာ ပိုမိုအေးမြပြီး အီကွေတာဒေသတွေမှာ မုန်တိုင်းတွေဖြစ်လာပါမယ်။

ရာသီဥတုပြောင်းလဲသွားတာနဲ့အမျှ စိုက်ပျိုးရေးကဏ္ဍထိခိုက်သွားပြီး အစားအစာရှားပါးခြင်းကို ကြုံရပါလိမ့်မယ်။ ပူလွန်းခြင်း၊ အေးလွန်းခြင်း၊ အစာရေစာရှားပါးခြင်းနဲ့ မုန်တိုင်းဒဏ်တွေ အမြဲလိုလိုခံစားနေကြရပါလိမ့်မယ်။

ဒါကြောင့် ပင်လယ်ရေငန်တွေဟာလဲ ကမ္ဘာကြီးရဲ့ဂေဟစနစ်ထဲ ဟန်ချက်ညီညီပါဝင်လှုပ်ရှားနေတာဖြစ်လို့ သဘာဝကိုဆန့်ကျင်ပြီး ရေငန်တွေအားလုံးကို ရေချိုဖြစ်အောင်ပြုလုပ်ဖန်တီးလိုက်ရင် လူသားတွေအတွက် ဆိုးကျိုးသာကြုံရမှာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။ ။

**အိမ်ကြီးမောင်**

# ကျွန်တော်၏လက်ဦးဆရာစာပေမှာ မြန်မာပြည်တွင်ရှိပါသည်

ဆွေဝင်းနီ(ပွင့်ဖြူ)



ကျွန်တော်၏ဘဝတွင် စာပေသစ်ပင်စိုက်ပျိုးရှင်သန်နိုင်ရန် မျိုးစေ့အဖြစ် ကြဲချပေးလိုက်သော အကြောင်းတရားမှာ အိပ်ရာဝင်ပုံပြင်များဖြစ်ကြပါသည်။

ကျောင်းမနေရသေးသည့်ကလေးအရွယ်၊ အသိအတွေးမကြွယ်သေးသော်လည်း ပုံပြောကောင်းကြသောအဖေ၊ အမေနှင့်အဘိုး၊ အဘွားတို့၏စကားသံသည် ဂီတသဖွယ်နားဆင်လို့ မငြီးငွေ့နိုင်ခဲ့ပေ။ ဝမ်းနည်း၊ ဝမ်းသာဖြစ်စရာ၊ သည်းထိတ်ရင်ဖိုဖြစ်စရာ၊ မကြောက်မရွံ့သတ္တိဖြစ်စရာ၊ ပုံပြင်ပါအကြောင်းအရာလေးတွေအတိုင်း အသံအနိမ့်အမြင့်၊ အဆွဲအငင်စသည့် အသံအမူအရာလေးတွေနှင့်အတူ သာယာနာပျော်ဖွယ်ဖြစ်အောင်ပြောတတ်လွန်းတာလည်း ပါမည်ထင်ပါသည်။ ကျွန်တော်တို့မောင်နှမတစ်တွေသည် ပြောပြသမျှပုံပြင်တွေထဲမှာ စိတ်မဝင်စားသည့်ပုံပြင်ဟူ၍လည်း မရှိခဲ့ပါ။ ပုံပြင်၏ဆိုလိုရင်းအနှစ်သာရကိုသိနားလည်နိုင်မှုမရှိသေးသည့်တိုင် ပုံပြင်ထဲကဇာတ်ကောင်တွေနှင့်အတူ မြို့ရွာဒေသ၊ ဘုရားပုထိုး၊ ဂူ၊ ကျောင်း၊ ရေမြေတောတောင်၊ ကောင်းကင်တွေထဲလိုက်ပါမျောလွင့်သွားရသကဲ့သို့ မှတ်ထင်ခံစားကြရပါသည်။

ထိုအခါ သက်ဆိုင်ရာပုံပြင်ထဲက ဇာတ်ကောင်လေးတွေနှင့်ထပ်တူ တချို့ပျော်ရွှင်ဝမ်းသာစရာကောင်းပါသည်။ တချို့ကြေကွဲဝမ်းနည်းစရာကောင်းပါသည်။ တချို့စာနာသနား၍ ကရုဏာသက်စရာကောင်းပါသည်။ တချို့ရွံရှာစက်ဆုပ်၍ ဒေါသဖြစ်စရာကောင်းပါသည်။

တကယ်မဟုတ်ပါဘဲ တကယ်ထင်အောင် အပြောကောင်းလွန်းလှသည်ကြောင့် 'ဒါတကယ်မဟုတ်ဘူးနော်၊ ပုံပြင်ကွဲ့ပုံပြင်၊ ပုံပြင်ဆိုတာ ပုံပြင်ဆရာက၊ ကလေးတွေနားထောင်လို့ကောင်းအောင် ဇာတ်လမ်းလေးတွေ တမင်ဖန်တီးထားတာ'ဟု လူကြီးတွေက ဘယ်လောက်ပဲပြောပြော ကျွန်တော်တို့မောင်နှမတစ်တွေအားလုံး ကလေးတွေပီပီ တကယ်ပင် မှတ်ထင်ခဲ့ကြပါသည်။

လူကြီးတွေက နေ့မှာ လယ်ယာလုပ်ငန်းခွင်တွေနှင့် ခါတိုင်းထက်ပင်ပန်းလွန်းသည့်အခါ အိပ်ရာစောစောဝင်တတ်ကြလေသည်။ အိပ်ရာဝင်ပုံပြင်မပြောအားကြတော့ပေ။ 'မိတ္တီလာကန်တော်အောက်က ဖားကောက်ခဲ့ပါ'ဟူသည့် ကလေးချော့တေးမျိုးနှင့်သာ "အိုး . . . အေ့ . . . အေ . . . အေး . . . အိပ်ပါတော့လေး" ပေါင်တပုတ်ပုတ်၊ ကျောတသပ်သပ် ဖွတ်အချော့သိပ်ခံကြရပါသည်။ ထိုနေ့လိုညမျိုးဆိုလျှင် ကျွန်တော်တို့မောင်နှမတစ်တွေ တော်တော်နှင့်အိပ်မပျော်။ ဘယ်လူးညာလှိမ့်ဖြင့် ပုံပြင်ဆာလောင်သည့်စိတ်က မအိပ်ခင် တစ်ခုခုလိုနေသလိုခံစားကြရပါသည်။

ပြောပြီးသမျှ ပုံပြင်ထဲက အစွဲလမ်းဆုံးပုံပြင်တွေကိုပြန်ပြောပြဖို့ မတောင်းဆိုတတ်သူမှာလည်း ကျွန်တော်သာဖြစ်ပါသည်။ ကျွန်တော်၏အစ်ကို၊ အစ်မနှင့်ညီလေး၊ ညီမလေးတို့ကတော့ ဖြစ်နိုင်လျှင် တစ်ညတစ်မျိုးမရိုးရအောင် ပုံပြင်အသစ်တွေကိုသာ အများဆုံးပူဆာတောင်းဆိုတတ်ကြပါသည်။

မည်သို့ပင်ဖြစ်စေ အပ်ကြောင်းထပ်အောင် စွဲစွဲလမ်းလမ်း ကျွန်တော်ပြန်လည်ပြောဆိုခိုင်းခဲ့သော ပုံပြင်ဟောင်းတချို့သည်လည်း အခြားပုံပြင်သစ်များကဲ့သို့ပင် နားရည်မဝနိုင်ပါ။ နားနှင့်သာအရသာခံစားရုံခံစားတတ်သည့်ကလေးအရွယ်ကိုဖြတ်ကျော်လျက် သင်ယူစရာအဖြစ်သိစိတ်တွင် ရသမြောက်စွာခံစားနားလည်တတ်သော သည်အသက်၊ သည်အရွယ်အထိ ရင်ထဲနှလုံးသားထဲမှာ ပါလာဆဲဖြစ်သည်။ ဘဝနှင့်ထပ်တူရှိနေဆဲဖြစ်သည်။ ကျွန်တော်သာလျှင် စွဲလမ်းစရာကောင်းအောင် မရိုးနိုင်သည်မဟုတ်။ မျှဝေခံစားကြရသည့်သူတိုင်းအတွက်လည်း ကြိုက်နှစ်သက်စရာ၊ စွဲငြိစရာကောင်းလောက်အောင် ခေတ်မီဆန်းသစ်နေဆဲပုံပြင်များပင်ဖြစ်ပါသည်။

ထိုပုံပြင်များသည် ကျွန်တော်တို့လက်ထက်ကျမှ ပေါ်ပေါက်လာခြင်းမဟုတ်။ မိဘတွေလက်ထက်သာမက ဘိုးဘွားဘီဘင် ဟိုရှေးပဝေသဏီကထက်ပင်

ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ကြောင်း အရွယ်ရောက်လာမှ ပိုသိခဲ့ရပါသည်။

ယင်းကဲ့သို့သောပုံပြင်တွေမှာ ရှေးကျလွန်းသော်လည်း ပုံပြင်ပါအကြောင်းအကျိုးတို့သည် ယခုမျက်မှောက်ခေတ်ကာလအထိ ဖြန့်ကြက်တွေးတောခံစားသင်ယူတတ်လျှင် သင်ယူတတ်သလို လူ့စိတ်၊ လူ့စရိုက်၊ လူ့သဘာဝနှင့် တိုက်ဆိုင်မှန်ကန်နေဆဲဖြစ်သဖြင့် သိပ္ပံနည်းကျပုံပြင်များဟူ၍ပင် ကျွန်တော်သတ်မှတ်လိုက်ချင်မိသည်။

ယနေ့အထိ ကျွန်တော်စွဲလမ်းခဲ့ရသောပုံပြင်များအနက် ကျားကိုထောင်ချောက်ထဲကနေ ကယ်ဆယ်ခဲ့မိသည့်မောင်ပိုကို ထိုကျားကပင် ပြန်စားမည်လုပ်သဖြင့် ကျေးဇူးမသိတတ်သော ထိုကျားကို ဥပါယ်တံမျဉ်သုံးကာ မူလထောင်ချောက်ထဲရောက်အောင်ပြန်ပို့ပြီး ကျားကလည်း နေမြဲတိုင်းနေ၊ မောင်ပိုကလည်း နေမြဲတိုင်းနေဆိုပြီး ပညာရှိယုန်မင်းက တရားမျှတစွာစီရင်ဆုံးဖြတ်ပေးသည့်ပုံပြင်လေးကို ပိုနှစ်သက်သည်။ ထိုမှစ၍ 'ပိုနေမြဲ ကျားနေမြဲ'ဟူသည့် ပုံပြင်ပေါ်ပေါက်လာရသည်ဟုဆိုပါသည်။

တစ်ဖန် 'အားနာလို့ ခါးပါ'ဟူ သည့်ပုံပြင်လေးကိုလည်း ကြည့်ပါဦး။

ငိုရမလို ရယ်ရမလိုကြုံတွေ့ရသည်က ညောင်ပင်စောင့်ရုက္ခစိုးကြီး၏အဖြစ်။ တိုင်းတစ်ပါးမှ မင်းသမီးလေးတစ်ပါးသည် မင်းသားလေးအသွင် ဟန်ဆောင်ထားပြီး တခြားတိုင်းတစ်ပါးက မင်းသမီးလေးကိုသွားရောက်လက်ထပ်ရန် ခရီးနှင်လာရင်း ညောင်ပင်အောက်ကိုဝင်ရောက်နားခိုရာက ထိုမင်းသမီးလေးတောင်းဆိုသည့်အတိုင်း မင်းသမီးလေး၏အခက်အခဲတွေပြေလည်သွားအောင် ရုက္ခစိုးကြီးက အားနာနာဖြင့်ကူညီလိုက်မိပါသည်။

ရုက္ခစိုးကြီးကူညီလိုက်မိပုံက သူ၏ခါးအောက်ပိုင်းနှင့် မင်းသမီးလေး၏ခါးအောက်ပိုင်းကို ပြန်လာလဲရမည့်အချိန်တွေကန့်သတ်၊ ကတိကဝတ်တွေပြု၊ ခေတ္တခဏအလဲအလှယ်သဘောငှားလိုက်မိရာက အချိန်တန်လျက် ပြန်လာမလဲသောကြောင့် ရုက္ခစိုးကြီးခမျာ ယောကျ်ားတစ်ပိုင်း၊ မိန်းမတစ်ပိုင်းဖြစ်ကာ ဒုက္ခရောက်ခဲ့ရလေသည်။

'မြေခွေးနှင့်ငှက်ကျားပုံပြင်'ထဲတွင် မြေခွေးက မိတ်ဆွေငှက်ကျားကို အစားအသောက်နှင့်ဧည့်ခံရန် ဖိတ်ကြားလေသည်။ သို့သော် ကောက်ကျစ်တတ်သော မြေခွေးတို့၏ဗီဇအတိုင်း နှုတ်သီးရှည်သည့်ငှက်ကျားကို စား၍မရအောင် အရည်များကို သူစားသလို ပက်လက်ပန်းကန်ပြားအဝိုင်းဖြင့်ထည့်ကျွေးလေရာ ငှက်ကျားကလည်း မခံ။ မြေခွေးကိုပြန်လည်ဖိတ်ကြားပြီး သူစားသလို ဖင်အိုးကြီး၊ လည်ပင်းသေးရှည်၊ အဝကျယ်ရေကရားဘူးထဲထည့်၍ကျွေးမွေးဧည့်ခံပြီး ချေချွတ်သည့်သဘောပညာပြန်ပြလိုက်သည်ဟု ကြားဖူးခဲ့သည်။

ခေါင်းဆောင်ကောင်းလျှင် လမ်းခရီးမှာ ကုန်သည်တစ်ဖွဲ့လုံး ဘေးအန္တရာယ်ကင်းရှင်း ဖြောင့်ဖြူးပြီး အလုပ်အကိုင်ပါအဆင်ပြေ၍ ခေါင်းဆောင်မကောင်းလျှင် လမ်းခရီးမှာ ကုန်သည်တစ်ဖွဲ့လုံးဘီလူးအစားခံရပြီး ဘေးအန္တရာယ်တွေ့၊ ဒုက္ခရောက်ကြရသည့်ပုံပြင်မှ လှည်းသားငါးရာ၏အဖြစ်အပျက်ကိုလည်း သိခဲ့ရသည်။

အိပ်ရာဝင်ပုံပြင်များစွာထဲမှ အကောင်းတကာ့အကောင်းဆုံးပုံပြင်အဖြစ် ကျွန်တော့်တစ်သက် ဘဝနှင့်ထပ်တူနှစ်သက်စွဲလမ်းခဲ့ရသည့်ပုံပြင်မှာ 'ကြွယ်ကလေး'ပုံပြင်ဖြစ်သည်။

ထိုကြွယ်ကလေးပုံပြင်သည် ကျွန်တော့်ကို အလွမ်းမိုးနိုင်ဆုံးဖြစ်သည်။ အစိုးမိုးနိုင်ဆုံးဖြစ်သည်။ တစ်သက်လုံးလည်း ဖြစ်နေဦးမည်မှာ သေချာပါသည်။ ထိုပုံပြင်ကလေးမှာ အမေပြောပြခဲ့ခြင်းဖြစ်သည်။ ပထမတော့ မသိနားမလည်သေးသည့်ကလေးပီပီ နားထောင်ကောင်း၍နားထောင်ရင်း အိပ်ပျော်ခဲ့ရုံ။ နားထောင်တတ်၍ စိတ်ဝင်တစားအာရုံစိုက်တတ်သည့်အရွယ်ရောက်လာသောအခါ ပြောခဲ့သလိုပင် ထိုကြွယ်ကလေးပုံပြင်အပါအဝင်ပုံပြင်တချို့ကို ထပ်ကာထပ်ကာပြန်ပြော

ပြရန် အမေနှင့်လူကြီးတွေကို ပူဆာတတ်လွန်းသူဖြစ်လာပါသည်။

ခါတိုင်းလို ပုံပြင်မဆုံးသေးဘဲနှင့်လည်း အိပ်ပျော်သွားခြင်းမျိုးမဖြစ်တော့။ ပုံပြင်မဆုံးမချင်း နားထောင်နေပြီး ပုံပြင်ဆုံးမှသာ အိပ်ပျော်တတ်သည့် အခြေအနေမျိုးအထိ ဖွံ့ကြီးလာပါသည်။

ထိုမှတစ်ဆင့် စိတ်ဝင်တစားဖြင့် အာရုံစိုက်နားထောင်တတ်ရာမှ ပုံပြင်ပါအကြောင်းအရာ၊ ဆိုလိုရင်းအဓိပ္ပာယ်တွေကို စူးစမ်းချင်လာသည်။ ရှာဖွေချင်လာသည်။ ဝေဖန်စိစစ်ချင်လာသည်။ မရှင်းသမျှ၊ နားမလည်သမျှတွေကိုလည်း မကြာခဏအမေ့ကိုပဲ ချဉ်းကပ်မေးမြန်းရသည်။ "မင်းကလဲ ကလေးမဟုတ်၊ ဘာမဟုတ်နဲ့ ပုံပြင်ပဲပြောခိုင်းနေ၊ ကျောင်းစာပဲ ဂရုစိုက်ဖို့လုပ်တာမဟုတ်ဘူး"ဟု အဖေနှင့်အဘိုးအဘွားတို့က ပြောတတ်သော်လည်း အမေသည် ထိုသို့မဟုတ်။ မအားသေးလျှင် "နေအုံး"ဟုဆိုကာ အားသည်နှင့် "လာ" ဆိုပြီး စိတ်ရှည်လက်ရှည်ရှင်းပြပြောပြတတ်ပါသည်။

နေနတ်သားနှင့်လနတ်သမီးတို့ ချစ်ခင်စုံမက်၊ ပေါင်းဖက်ကြ၍ မွေးဖွားလာသောကြယ်နတ်သားလေး။

သူ၏အလင်းရောင်သည် မိဘနှစ်ပါးစလုံး၏ အလင်းရောင်အမွေကိုရရှိထားသကဲ့သို့ နေရောင်၊ လရောင်တို့ထက်ပင် နှစ်ဆထွန်းလင်းဝင်းပ၊ အလွန်စူးရှလှသဖြင့် ကမ္ဘာကြီးနှင့်စကြဝဠာအတွင်း မှီတင်းကာ စောင့်ကြပ်နေထိုင်ကြသော လူ၊ နတ် သတ္တဝါအပေါင်းသည် ထိုနေနတ်သား၊ လနတ်သမီး၊ ကြယ်နတ်သားလေးတို့၏အလင်းရောင်တွေကို တစ်ပြိုင်တည်းခံနိုင်ရည်မရှိဖြစ်ကြကာ မကျေမနပ်ဆူပူအရေးဆိုကြကုန်လေသည်။

ဤတွင် နေနတ်သားနှင့်လနတ်သမီးတို့သည် သူတို့မိသားစုအပေါ် အားလုံး၏အမုန်းတွေ မကျန်ရှိရလေအောင် လောကသစ္စာတရားကို အရင်းပြုလျက် ရှေးကမ္ဘာအစဉ်အဆက် နေ၊ လ၊ ကြယ်တို့ သဘာဝအတိုင်းတည်ရှိရန် တိုင်တည်သစ္စာပြုလိုက်လေသော အခါ နေက နေ့၊ လက ည၊ ကြယ်က အကာလညဟူ၍ ဖြစ်သွားကြလေသည်။

တစ်ကမ္ဘာတည်းနေ၊ တစ်စကြဝဠာတည်းရှိပြီး နီးလျက်နှင့်လည်း ဝေးသွားကြသည်။ ထွန်းလင်းဝင်းပ၊ အလွန်စူးရှသည့်ကြယ်နတ်သားလေး၏အလင်းရောင်တွေလည်း မှေးမှိန်ဖျော့တော့သွားကာ ယခုလှမ်းမြင်နေရသောကြယ်ကလေးအလင်းစက်မျှသာရှိတော့သည်ဟုဆိုပါသည်။

သို့သော် ကြယ်နတ်သားလေးတွင် နဂိုအလင်းရောင်တွေလို မိဘတွေနှင့်အတူ တစုတစည်းတည်း ကမ္ဘာလောကကြီးအပေါ် မဖြန့်ကြက်နိုင်တော့သည့်တိုင် ကြယ်ကလေးတွေ အများကြီးပွားယူဖန်တီးနိုင်သေးသောတန်ခိုးစွမ်းအင်တော့ ကျန်နေသေးသည်ဟု ဆိုပါသည်။

တစ်ဖန် များစွာသောအလင်းရောင်စွမ်းအားတွေ စွန့်လွှတ်လိုက်ရသော်လည်း အကာလ ညအချိန်ခါ၊ မိုးကောင်းကင်ထဲမှာ ကျန်သမျှအလင်းရောင်လေးနှင့် လင်းလက်နိုင်ဆဲရှိနေကြောင်းကို ဝေးကွာလှသည့်ကမ္ဘာမြေကနေလှမ်းကြည့်လျှင် ကြယ်ကလေးအဖြစ်မြင်ရသေးသည့်အတွက် ကျေနပ်ပါသည်ဆိုသောကြယ်နတ်သားလေး၏အဆိုးထဲက အကောင်းမြင်မှု။

ဤသည်မှာ (ကြယ်ကလေး၏ပုံပြင်အကျဉ်းမျှသာ)။

မည်သို့ပင်ဖြစ်စေ။ ကျွန်တော်သည် နေမင်းကြီးဂုဏ်နှင့် လမင်းကြီး၏ဂုဏ်ကို ချီးကျူးအမွှမ်းတင်နေမည့်အစား ကြယ်ကလေး၏စွမ်းရည်သတ္တိနှင့် ပြတ်သားသည့်ခံယူချက်၊ ယုံကြည်ချက်တို့ကိုသာ အားကျမိသည်။ လေးစားမိသည်။ ဂုဏ်ယူမိသည်။ ချီးကျူးအမွှမ်းတင်မိသည်။

သေချာပါသည်။ ထိုအိပ်ရာဝင်ပုံပြင်လေးတွေသည် ကျွန်တော်၏မွေးရာပါ စာပေဝါသနာဗီဇမျိုးစေ့ကို ကလေးငယ်ဘဝကတည်းကပင် ရှင်သန်ကြီးထွားအောင် ပြုစုပျိုးထောင်ပေးလိုက်သကဲ့သို့ဖြစ်ခဲ့ကြောင်းကို . . . ။

လူကြီးတွေပြောပြသည်ကို နားထောင်ရရုံဖြင့် အားမရ။ ပုံပြင်စာအုပ်ကလေးတွေကို ကိုယ့်ဘာသာ ရှာဖွေဖတ်တတ်လာသည်။ တဖြည်းဖြည်းနှင့် ပုံပြင်စာအုပ်တွေမှတစ်ဆင့် ရုပ်ပြ၊ ကာတွန်း၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုမကျန် တွေ့သမျှစာအုပ်တွေကို အားလပ်ချိန်မထား ဖတ်ဖြစ်သွားပါသည်။ ထိုမျှဖြင့်မရပ်သေး။ ပုံပြင်တွေလို ပုံပြင်ထဲက မြို့၊ ရွာ၊ ဒေသ၊ တောတောင်၊ သဘာဝအလှတွေနှင့် သက်ရှိသက်မဲ့ဇာတ်ကောင်တွေလို သူများရေးထားသည့်စာတွေ၊ စာအုပ်တွေလို ဖန်တီးဖွဲ့နွဲ့ရေးထားတတ်ချင်ပြန်သဖြင့် ဖွဲ့ရှိရှိ၊ စိတ်ရှည်ရှည် ကြိုးစားဖြစ်သွားသည်မှာလည်း ယနေ့အထိ။

ပြောရလျှင် ကျွန်တော် 'စာ'စအရေးကျင့်စဉ်က ထိုအိပ်ရာဝင်ပုံပြင်လေးတွေကို အတုခိုးပါသည်။

ထို့ကြောင့် ကျွန်တော်၏လက်ဦးဆရာစာပေမှာ ပုံပြင်လေးတွေဖြစ်ကြောင်း ဝန်ခံရမည်ဖြစ်ပါသည်။ သို့မဟုတ် ကျွန်တော်၏ဘဝတွင် စာပေသစ်ပင် စိုက်ပျိုးရှင်သန်နိုင်ရန်၊ မျိုးစေ့အဖြစ်ကြဲချပေးလိုက်သော အကြောင်းတရားမှာ ထိုအိပ်ရာဝင်ပုံပြင်လေးတွေဟု ပြောလျှင်လည်းရမည်ထင်ပါသည်။

သေချာသည်ကတော့ –

ကျွန်တော်၏လက်ဦးဆရာစာပေမှာ မြန်မာပြည်တွင်ရှိပါသည်။ အမှန်တကယ်လည်း မြန်မာ့ရိုးရာ ပုံပြင်လေးတွေကို ကျွန်တော်ချစ်ခဲ့ပါသည်။ ချစ်နေပါသည်။ ချစ်နေဆဲဖြစ်ပါသည်။ ။

**ဆွေဝင်းနီ(ပွင့်ဖြူ)**

(ကလေးများကို အိပ်ရာဝင်ပုံပြင်လေးတွေ ပြောပြစေချင်သည့်အပြင် တိမ်မြုပ်နေသောမြန်မာ့ရိုးရာ ပုံပြင်လေးတွေကိုလည်း ပြန်လည်ဖော်ထုတ်စေချင်ပါသည်။)

## စာမူရှင်များသို့ မေတ္တာရပ်ခံချက်

မြဝတီစာပေတိုက်ရှိ မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်းနှင့် သုတအလင်းမဂ္ဂဇင်းများသို့ ကာတွန်း၊ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည်များပေးပို့ကြရာတွင် မိမိတို့၏စာမူအပေါ်၌ ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း၊ မည်သည့်စာပေတိုက်များသို့ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံချက်များနှင့်အတူ မိမိတို့၏နေရပ်လိပ်စာအပြည့်အစုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်(မိတ္တူ)နှင့်အတူ ဆက်သွယ်ရန်ဖုန်းနံပါတ်များကိုပါ တစ်ပါတည်း ပူးတွဲပေးပို့ကြရမည့်အပြင် ပေးပို့လာသည့်မူရင်းစာမူကို မိတ္တူကူးယူထားနိုင်ကြပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။

**စာတည်းအဖွဲ့**



# တရုတ်ငွေကြယ်ပွင့် အိန်ဂျလာဘေဘီ (Angelababy)

**အိုကြင်ရာ**

အများပြည်သူကြား အိန်ဂျလာဘေဘီလို့ လူသိများထင်ရှားတဲ့ အိန်ဂျလာယွမ်ဝင်းဟာ တရုတ်နိုင်ငံ၊ ဟောင်ကောင်အခြေစိုက် မော်ဒယ်၊ သရုပ်ဆောင်နဲ့ အဆိုတော်တစ်ယောက်ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် The Lost Legend ဇာတ်ကားနဲ့ ပန်းပွင့်တစ်ရာ အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုကို ဆွတ်ခူးရရှိခဲ့သူဖြစ်ပါတယ်။

အိန်ဂျလာရဲ့ ဖခင်က တရုတ်–ဂျာမန်ကပြားဖြစ်ပြီး ဟောင်ကောင်ဇာတိဖြစ်ကာ ရှန်ဟိုင်းမြို့မှာ ဖက်ရှင်အဝတ်အစားတွေ ရောင်းချသူဖြစ်ပါတယ်။ မိခင်က ရှန်ဟိုင်းသူပါ။ အိန်ဂျလာကို ၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီ လ ၂၈ ရက်မှာ တရုတ်နိုင်ငံ၊ ရှန်ဟိုင်းမြို့မှာ ဖွားမြင်ခဲ့ပါတယ်။ သူ့ရဲ့ငယ်နာမည်ကို ယန်းယင်လို့ခေါ်ပြီး ငယ်စဉ်ကတည်းက ဖခင်ဖြစ်သူရဲ့ ဖက်ရှင်အဝတ်အထည်တွေကို စိတ်ဝင်စားခဲ့သူဖြစ်ပါတယ်။

အင်တာဗျူးတစ်ခုမှာသူ ပြောကြားခဲ့ဖူးတာက ဖခင်ရဲ့ ဖက်ရှင်ဆိုင်ကိုသွားရတာသဘောကျပြီး ဆိုင်ကိုရောက်တာနဲ့ ဖက်ရှင်အသစ်အဆန်းကိုကောက်ဝတ်

ကြည့်လေ့ရှိတယ်။ အဲဒီလိုလုပ်ရတာ အရမ်းပျော်မိပါတယ်။ ဒါဟာ ဖက်ရှင်နဲ့ပတ်သက်လို့ ကျွန်မဘယ်လောက်စုံမင်တယ် ဆိုတာသိနိုင်ပါတယ်လို့ အိန်ဂျလာက ပြောပါတယ်။

သူအသက် ၁၃ နှစ်အရွယ်မှာ ဟောင်ကောင်ကိုပြောင်းရွှေ့လာပြီး အသက် ၁၄ နှစ်မှာတော့ မော်ဒယ်အဖြစ် စာချုပ်ချုပ်ဆိုလိုက်ပါတယ်။ သူရဲ့အင်္ဂလိပ်အမည်က အိန်ဂျလာဖြစ်ပြီး မူလတန်းနဲ့ အလယ်တန်းကျောင်းသူဘဝမှာ သူ့ကို ဘေဘီလို့ ခေါ်ကြပါတယ်။ အဲဒါနဲ့ပဲ သူ့ရဲ့စတိတ်စင်မြင့်အမည်ကို 'အိန်ဂျလာဘေဘီ'လို့ ပေးလိုက်တာဖြစ်ပါတယ်။ ဘာသာစကားအနေနဲ့ အင်္ဂလိပ်၊ တရုတ်မန်ဒရင်း၊ ကန်တုံ၊ ရှန်ဟိုင်းနဲ့ ဂျပန်လို ပြောနိုင်သူဖြစ်ပါတယ်။



၂၀၀၇ ခုနှစ် Trivial Matters ရုပ်ရှင်ဇာတ်ကားမှာ ဧည့်သည်သရုပ်ဆောင်အဖြစ် ၅ မိနစ်ပါဝင်ခဲ့ရပါတယ်။ နောက်ပိုင်းမှာတော့ ဇာတ်ကားပေါင်းများစွာမှာသရုပ်ဆောင်ခဲ့ရပြီး အောင်မြင်ကျော်ကြားလာခဲ့ပါတယ်။

မြူးဇစ်ဗီဒီယိုတွေမှာလဲ ပါဝင်ခဲ့ပါတယ်။ အက်ဒီပန်းနဲ့ တွဲဖက်ရိုက်ကူးတဲ့ Love You ရုပ်ရှင်မှာတော့ အမိကသရုပ်ဆောင်မင်းသမီးအဖြစ် ပထမဦးဆုံးပါဝင်ခဲ့ပါတယ်။ Bottom of The Heart ရုပ်ရှင်ဇာတ်ဝင်သီချင်းကို ဂျေဂျေလင်းနဲ့ စုံတွဲသီဆိုခဲ့ပါတယ်။ ၂၀၁၂ ခုနှစ် First Time ရုပ်ရှင်ဇာတ်ကားမှာ မာ့ချောင်းနဲ့တွဲပြီး ပါဝင်သရုပ်ဆောင်ခဲ့တာ ၁၃ ကြိမ်မြောက် တရုတ်ရုပ်ရှင်မီဒီယာဆုကို ဆွတ်ခူးရရှိခဲ့ပါတယ်။



အဲဒီနောက် တရုတ်ကိုယ်ခံပညာနဲ့ပတ်သက်တဲ့ Tai Chi ဇာတ်ကားမှာ လူကြိုက်များခဲ့ရပါတယ်။ ၂၀၁၃ ခုနှစ်မှာတော့ ရာဇဝတ်မှုခင်းဇာတ်ကားဖြစ်တဲ့ Young Detective Dee: Rise of The Sea Dragon မှာ ပါဝင်သရုပ်ဆောင်ခဲ့တာကြောင့် (၂၁) ကြိမ်မြောက် ပေကျင်းကောလိပ်ကျောင်းသားရုပ်ရှင်ပွဲတော်မှာ လူကြိုက်အများဆုံးဆုကို ရရှိခဲ့ပါတယ်။

၂၀၁၄ ခုနှစ်မှာ တောင်ကိုရီးယားနိုင်ငံက Running Man နဲ့ ချိတ်ဆက်ပါဝင်ခဲ့ပါတယ်။ Running Man ဟာ တရုတ်နိုင်ငံမှာ လူကြိုက်များခဲ့ပြီး 'အိန်ဂျလာဘေဘီ'ရယ်လို့ လူတိုင်းနှုတ်ဖျားမှာ ရေပန်းစားလာခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်အတွက် တရုတ်အွန်လိုင်းမှာ 'ဝေဘိုနတ်သမီး'၊ 'ဝေဘိုဘုရင်မ'လို့ အသိအမှတ်ပြုခြင်းခံခဲ့ရပါတယ်။ တုန်းဟွာရေးသားတဲ့ The Song In The Cloud ဝတ္ထုကိုအခြေခံထားတဲ့ ရုပ်သံဇာတ်လမ်းတွဲ Love Yunge From The Desert မှာ ပါဝင်သရုပ်ဆောင်ခြင်းဟာ သူ့ရဲ့ပထမဦးဆုံးရုပ်သံစီးရီးလို့ဆိုရမှာပါ။

၂၀၁၆ ခုနှစ်မှာတော့ အိန်ဂျလာဘေဘီ တစ်ယောက် ဟောလီးဝုဒ်ကိုခြေချနိုင်ပြီဖြစ်ပါတယ်။ ဟောလီးဝုဒ်သိပ္ပံရုပ်ရှင် Independence Day; Resurgence မှာ အဓိကနေရာကပါဝင်ခဲ့ပြီး အဲဒီနှစ်ထုတ်ဝေတဲ့ဖောဘီးစ်မဂ္ဂဇင်းထဲ အာရှတိုက်ရဲ့ရုပ်ရှင်ကီတ၊ တီဗီအကျော်အမော်အယောက် ၃၀ မှာထည့်သွင်းဖော်ပြခံရပါတယ်။

၂၀၁၇ ခုနှစ် General And I ဒရာမာဇာတ်ကားမှာ အိန်ဂျလာဘေဘီပါဝင်သရုပ်ဆောင်ခဲ့တာ ဈေးကွက်အရ အောင်မြင်တယ်ဆိုရပေမဲ့ အပြင်းအထန်ဝေဖန်ခံခဲ့ရပါတယ်။ ၂၀၁၈ ခုနှစ်မှာ ဒရာမာဇာတ်ကားဖြစ်တဲ့ Entrepreneurial Age ကို ဟွန်ရှန်းနဲ့တွဲဖက်ရိုက်ကူးခဲ့ပြီး ၂၀၁၉ ခုနှစ်မှာတော့ My True Friend ရုပ်ရှင်ထဲမှာ အိမ်ခြံမြေပွဲစားအဖြစ် သရုပ်ဆောင်ခဲ့ပါတယ်။



အိန်ဂျလာရဲ့အချစ်ရေးကိုတင်ပြရရင် သူ့ထက်အသက် ၁၁ နှစ်ကြီးတဲ့ တရုတ်သရုပ်ဆောင်မင်းသားဟွမ်ကျိုမင်းနဲ့ ၆ နှစ်ကြာတွဲခဲ့ပေမဲ့ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလအထိ လူသိရှင်ကြားထုတ်ဖော်မပြခဲ့ပါဘူး။ သူတို့စုံတွဲဟာ ၂၀၁၅ ခုနှစ်၊ မေလ ၂၇ ရက်တွင် တရုတ်နိုင်ငံ၊ ကွင်ဒေါင်းတရားရုံးမှာ ထိမ်းမြားလက်ထပ်လိုက်ကြပါတယ်။



မင်္ဂလာပွဲကိုတော့ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်တွင် ရှန်ဟိုင်းမြို့မှာ ကျင်းပပြုလုပ်ကြပါတယ်။ လက်ဖွဲ့အဖြစ် အမေရိကန်ဒေါ်လာ ၃၁ သန်းနီးပါး ရှိတာကြောင့် တရုတ်နိုင်ငံသမိုင်းမှာ ထူးခြားတယ်လို့ ဆိုရမှာပါ။ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်မှာ သူတို့မောင်နှံရဲ့ သားဦးလေးကို ဟောင်ကောင်ဆေးရုံမှာ အောင်မြင်စွာမွေးဖွားခဲ့ပါတယ်။

အိန်ဂျလာဘေဘီဟာ စီးပွားရေးလုပ်ငန်းအများအပြားကိုလဲ ရင်းနှီးမြှုပ်နှံထားပါတယ်။ လက်သည်းအလှပြင်လုပ်ငန်း၊ ကော်ဖီဆိုင်နဲ့စတိုးဆိုင်တွေဖွင့်လှစ်ထားပါတယ်။ ၂၀၁၅ ခုနှစ်မှာ သူ့ရဲ့ကိုယ်ပိုင်စွန့်စားမှုရန်ပုံငွေတစ်ရပ်ကို ထူထောင်လိုက်ပါတယ်။ အဲဒီနောက် တရုတ်ပင်လယ်ရပ်ခြားလုပ်ငန်းတွေဖြစ်တဲ့ ပိုင်မာတို့နဲ့ ဟေးဂျူအဖျော်ယမကာလုပ်ငန်းရှယ်ယာတွေကို အွန်လိုင်းမှတစ်ဆင့် ဝယ်ယူခဲ့ပါတယ်။

အိန်ဂျလာဟာ ၂၀၁၆ ခုနှစ်မှာ ဟူရန်ပရဟိတအသင်းကိုဝင်ပါတယ်။ အဲဒီပရဟိတအသင်းမှာ အသက်အငယ်ဆုံးဖြစ်ပါတယ်။ သူနဲ့ ခင်ပွန်းဖြစ်သူ ဟွမ်ကျိုမင်းတို့ဟာ ဘွဲ့ရပြီးကိုယ်ပိုင်လုပ်ငန်းစတင်နေသူတွေနဲ့ အလုပ်ရှာနေတဲ့ကျောင်းသူ၊ ကျောင်းသားတွေအတွက် ထောက်ပံ့ကူညီမှုအဖြစ် ဟူရန်ပရဟိတအသင်းကို အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ သန်း ပေးလှူခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ်ထဲမှာတော့ ဟူဘေးပြည်နယ်က ကိုရိုနာဗိုင်းရပ်စ်ကုသရေးဆေးရုံကို တရုတ်ယွမ်ငွေ ၂ သိန်းပေးအပ်လှူဒါန်းခဲ့ပါတယ်။ ။

**အိုကြင်ရာ**


**Ref;** **https ://en.wikipedia.org/wiki/Angela-baby**
**https ://www.imdb.com/name/nm 2854802/**

လွမ်းစရာတွေများသလို
အလွမ်းဟုခေါင်းစဉ်တပ်ရမည့်
အရာတွေလည်းများသည်။ တစ်ယောက်နှင့်
တစ်ယောက်လွမ်းရတာချင်းမတူကြသလို
အလွမ်းဟုကင်ပွန်းတပ်ရမည့်
အကြောင်းအရာတွေလည်း မတူညီကြ။
မတူကွဲပြားခြားနားကြသည့်
လွမ်းရခြင်းတွေကြားမှာ
တူညီတာက တစ်စုံတစ်ဦး၊ တစ်စုံတစ်ရာ၊
တစ်စုံတစ်ခုကို လွမ်းနေကြသည့်
အလွမ်းတွေပဲဖြစ်သည်။

**မျိုးချစ်**

# အသက်ရှင်ကျန်ရစ်ခဲ့မှ လွမ်းလို့ရသည့်အလွမ်းတွေ

(ရသစာတမ်း)



အဲဒီအလွမ်းတွေကို လွမ်းကြသူတွေထဲမှာ ကျွန်တော်လည်း အပါအဝင်ဖြစ်သည်။ ထို့အတူ ကျွန်တော့်မိတ်ဆွေတွေလည်းပါဝင်မည်ဟု ယုံကြည်မိသည်။ သေချာသည်က ကျွန်တော်လွမ်းတာနှင့် ကျွန်တော့်မိတ်ဆွေတွေလွမ်းတာချင်းမတူညီတာပဲဖြစ်သည်။

တချို့က ငယ်ချစ်ဦးကို လွမ်းကြသည်။ တချို့က ရည်းစားဟောင်းကို လွမ်းကြသည်။ တချို့က ရှင်သန်နေထိုင်ကြီးပြင်းခဲ့ရာ မြို့ငယ်လေးကို လွမ်းကြသည်။ တချို့က အမေ့အိမ်ကို လွမ်းကြသည်။ တချို့က ပညာသင်ကြားခဲ့ရာ ကျောင်းတော်ကြီးကိုလွမ်းကြသည်။ တချို့က လောကခံမုန်တိုင်းခပ်ကြမ်းကြမ်းကို ရင်ဆိုင်ခဲ့ရာ ဘဝခရီးတစ်စိတ်တစ်ပိုင်းကို လွမ်းကြသည်။ တချို့က ရွှေထီးဆောင်းခဲ့ကြသည့် ခေတ်ကာလကို လွမ်းကြသည်။ တချို့က နာကြည်းစရာကောင်းသည့် အတိတ်တချို့ကို လွမ်းကြသည်။ မတူညီသည့်လွမ်းရခြင်းတွေကြားမှာ မတူညီကြသည့်ခံစားချက်များစွာနှင့်။ သူများတွေနှင့် မတူညီကြသည့်အလွမ်းကို ကျွန်တော်လွမ်းမိသည်။ မြို့ငယ်လေးကိုလည်းမဟုတ်။ ရည်းစားဟောင်းတွေလည်းမဟုတ်။ ကျောင်းတော်ကြီးလည်း မဟုတ်။ အမေ့အိမ်ကိုလည်းမဟုတ်။

လတ်တလောလွမ်းဖြစ်သည်က အသက်ရှင်ကျန်ရစ်ခဲ့မှ လွမ်းလို့ရသည့်အလွမ်းတွေဖြစ်သည်။ ကျွန်တော်လွမ်းသည့်အကြောင်းအရာကို ခေါင်းစဉ်ပေးထားလိုက်သည်။ ခေါင်းစဉ်ဖတ်မိရုံနှင့် ကြောင်တောင်နိုင်သည့် အလွမ်း၊ ဘာအလွမ်းကြီးလည်း မသိပါဘူး၊ စိတ်ဝင်စားစရာမကောင်းတဲ့ အလွမ်းပဲဖြစ်မှာပါစသဖြင့် စဉ်းစားတွေးဆသွားနိုင်သည်။ အဲဒီလိုစဉ်းစားတွေးဆနိုင်သည့်အလွမ်းမဟုတ်ပါဟုသာ ကျွန်တော်ဖြေရှင်းချက်ပေးလိုပါသည်။

**တချို့က ငယ်ချစ်ဦးကို လွမ်းကြသည်။**
**တချို့က ရည်းစားဟောင်းကို လွမ်းကြသည်။**
**တချို့က ရှင်သန်နေထိုင်ကြီးပြင်းခဲ့ရာ**
**မြို့ငယ်လေးကိုလွမ်းကြသည်။**
**တချို့က အမေ့အိမ်ကို လွမ်းကြသည်။**
**တချို့က ပညာသင်ကြားခဲ့ရာ**
**ကျောင်းတော်ကြီးကိုလွမ်းကြသည်။ တချို့က . . .**

အသက်ရှင်ကျန်ရစ်ခဲ့မှလွမ်းလို့ရသည့် အလွမ်းတွေဆိုတော့ ထူးဆန်းနေတာအမှန်ပဲဖြစ်သည်။ ဘာဖြစ်လို့များ အသက်ရှင်ကျန်ရစ်ခဲ့မှ လွမ်းလို့ရတာလဲဟု မေးခွန်းရှိလာနိုင်သည်။ မေးလည်းမေးကြမှာပဲဖြစ်သည်။

ကျွန်တော့်ပရော်ဖက်ရှင်နယ်က စစ်သားဖြစ်သည်။ ထို့အတွက် ရှေ့တန်းစစ်မြေပြင်ကိုအရောက်သွားကြရသည်။ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ပစ်တာခတ်တာတွေရှိသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့ တိုက်ကြခိုက်ကြတာတွေရှိသည်။ စစ်သားဖြစ်သည့်အတွက် အဲဒီအရာတွေ၊ အဲဒီဖြစ်စဉ်တွေက ရှောင်လွှဲ၍မရ။ နဖူးတွေ့ဒူးတွေ့ကြုံကြရသည်။ မကြုံချင်ပါပြော၍လည်းမရ။ မတွေ့လိုပါဟု အော်ဟစ်နေ၍လည်း မရ။ တိုက်ရင်းခိုက်ရင်းပစ်ရင်းခတ်ရင်းနှင့် ကြုံရသည့်ဖြစ်ရိုးဖြစ်စဉ်တွေဖြစ်သည်။

အဲဒီလိုတိုက်ရင်းခိုက်ရင်းဖြင့် ဟိုဘက်သည်ဘက် အထိအခိုက်အကျအဆုံးတွေရှိသည်။ အသက်စွန့်ရတာတွေရှိသည်။ ကိုယ်လက်အင်္ဂါစွန့်လွှတ်ရတာတွေရှိသည်။ စစ်၏ဆိုးကျိုးဟု သတ်မှတ်ရမည့်အရာတွေဖြစ်သည်။ အဲဒီဆိုးကျိုးတွေကလည်း ကမ္ဘာဦးအစကတည်းကဖြစ်တည်ခဲ့တာဖြစ်သည်။ အခုထိလည်း မရပ်ကြသေး။ နောင်ဆယ်စုနှစ်ပေါင်းများစွာအထိလည်း ရပ်ကြဦးမှာမဟုတ်တာတော့ သေချာသည်။ ထားတော့။

ကျွန်တော်တို့စစ်သားအချင်းချင်းပြောဖြစ်ကြသည့် စကားတစ်ခွန်းရှိသည်။

"စစ်ကားပေါ်တက်ပြီး ရှေ့တန်းစစ်မြေပြင်သွားပြီဆိုရင်ကို ပြန်လာဖို့က ငါးဆယ်ရာခိုင်နှုန်း၊ ပြန်မလာဖို့က ငါးဆယ်ရာခိုင်နှုန်း"ဆိုသည့်စကားဖြစ်သည်။

နယ်မြေဒေသစစ်ဆင်ရေးအခြေအနေကိုမူတည်၍ ပြောင်းလဲကောင်းပြောင်းလဲနိုင်သည်။ သို့ပေမဲ့လည်း စစ်သားဘဝဖြစ်၍ အစိုးမရသည်က သေချာသည်။

တကယ်တမ်းစဉ်းစားကြည့်တော့လည်း အဲဒီစကားကမှန်သည်။ မြေပြင်အခြေအနေအရလည်း အဲဒီလိုဖြစ်နေသည်။ ဖြစ်နိုင်လျှင်တော့ စစ်ကားပေါ်ပါသွားသည့်စစ်သားတွေအားလုံး ပြန်လာစေလိုကြသည်။ ရှေ့တန်းစစ်မြေပြင်မှာ တစ်ဦးတစ်ယောက်မျှ ကျန်ရစ်မနေစေလိုခဲ့။ အသက်ရှင်လျက်နှင့်သာ မိသားစုထံအရောက်ပြန်စေလိုကြသည်။ သို့ပေမဲ့ တိုက်တာခိုက်တာ၊ ပစ်တာခတ်တာရှိနေတော့လည်း စိတ်ဆန္ဒအလိုကို ဖြည့်ဆည်းမပေးနိုင်တော့။ မျှော်လင့်ချက်ထားရင်းနှင့် အသက်စွန့်ကြရသည်။ ကိုယ်လက်အင်္ဂါစွန့်ကြရသည်။ မိသားစုကိုအပြီးအပိုင်ထားရစ်ခဲ့ပြီး ရှေ့တန်းစစ်မြေပြင်မှာပဲကျန်ရစ်ခဲ့ကြရသည်။

အဲဒီလိုတိုက်ရင်းခိုက်ရင်း ပစ်ရင်းခတ်ရင်းနှင့် အသက်စွန့်သွားခဲ့သူ၊ ကိုယ်လက်အင်္ဂါစွန့်လွှတ်ခဲ့သူတွေက လွမ်းစရာတကယ်ကောင်းသည့် လွမ်းရသူတွေဖြစ်ခဲ့ကြသည်။ သူတို့ကိုလွမ်းကြရသည်ဆိုတာ အသက်စွန့်သွားကြသူတွေမသိနိုင်ကြတော့။ အသက်ရှင်ကျန်ရစ်ခဲ့သူတွေက လွမ်းကြရသည့်အလွမ်းတွေဖြစ်သည်။ သူနှင့်အတူ တိုက်ပွဲဝင်ခဲ့ကြသည့်ရဲဘော်ရဲဘက်တွေပါသည်။ သူ့မိသားစုဝင်တွေပါသည်။ သူ့ဆွေမျိုးသားချင်းတွေပါသည်။ သူ့မိတ်ဆွေအပေါင်းအသင်း၊ သူငယ်ချင်းတွေပါသည်။

ထိုအထဲကမှ သူ့ရဲဘော်ရဲဘက်အသက်ရှင်ကျန်ရစ်ခဲ့သူတွေက ပို၍လွမ်းကြရသည်။ ပို၍သတိတရဖြစ်ကြရသည်။

"ကျွန်တော့်ဆရာကြီးက တကယ်နမြောဖို့ကောင်းတယ်၊ တိုက်ရည်ခိုက်ရည်ပြည့်ဝတယ်၊ အဲဒီလိုဖြစ်သွားမယ်ထင်မထားဘူး"

"ဗိုလ်ကြီးက ပွိုင့်တပ်စုအထိ လိုက်သွားတာ၊ မသွားပါနဲ့လို့ ကျွန်တော်ပြောတယ်၊ ကျွန်တော့်စကားနားထောင်ရင် အဲဒီလိုဖြစ်မယ်မထင်ဘူး"

"အဲဒီကောင်က နောက်တန်းမှာသာ အရက်ပုလင်းဖက်ပြီးအိပ်တာ၊ ရှေ့တန်းရောက်ရင် တစ်စက်မှ မသောက်ဘူး၊ ဒီလိုဖြစ်သွားမယ်မထင်ဘူး၊ ကံပဲပေါ့"

"ဆရာ့ကို ပြောတယ်၊ ကျွန်တော်တို့ပါလိုက်မယ်ဆိုတာကို သူက လက်မခံဘူး၊ စစ်ကြောင်းတစ်ကြောင်းလုံးအသက်ရှင်ဖို့ သူတစ်ယောက်တည်း ရင်းပေးလိုက်သလိုဖြစ်သွားတာပေါ့"

"အဲဒီကောင်က လူသစ်လေး၊ တပ်ရောက်တာမကြာသေးဘူး၊ ပစ်သံခတ်သံကြားရင် ရှိန်မနေဘူး၊ တော်တယ်၊ ထင်မထားတဲ့နေရာဆိုတော့ ခံလိုက်ရတာ၊ စိတ်မကောင်းဘူး"

တခုတ်တရလွမ်းကြရသည့်စကားလုံးတွေဖြစ်သည်။ လွမ်းရကြောင်း၊ သတိရကြောင်းကိုလည်း မှတ်မှတ်ထင်ထင်ပြောဖြစ်ကြသည်။ ကာယကံရှင်တွေက မသိနိုင်၊ မကြားနိုင်၊ မမြင်နိုင်တော့။ သို့ပေမဲ့ အသက်ရှင်ကျန်ရစ်ခဲ့သည့်ကျွန်တော်တို့က လွမ်းကြရသည်။ အလွမ်းတွေကို ဆုပ်ကိုင်ထားကြရသည်။ ချည်နှောင်ထားကြရသည်။ လွမ်းတမြည့်မြည့်နှင့်။

ကျွန်တော်ကိုယ်တိုင်လည်း ရှေ့တန်းစစ်ဆင်ရေးနယ်မြေကိုရောက်ခဲ့သည်။ အဲဒီခေတ်အဲဒီအခါက နာမည်ကြီးသည့်ကေအင်န်ယူထိန်းချုပ်ထားရာ နယ်မြေအတွင်းတွင်ဖြစ်သည်။ ပစ်တာခတ်တာတွေကြုံခဲ့ရသည်။ တိုက်တာခိုက်တာတွေရှိခဲ့သည်။ အသက်စွန့်ခဲ့ကြသူတွေလည်းရှိခဲ့သည်။ ကိုယ်လက်အင်္ဂါစွန့်ခဲ့ကြသူတွေလည်းရှိခဲ့သည်။ နှစ်ဖက်အကျအဆုံးတွေရှိခဲ့ကြသည်။ ကျွန်တော်ကိုယ်တိုင်နှင့် ကျွန်တော့်ရဲဘော်ရဲဘက်တချို့ အခုအချိန်ထိအသက်ရှင်ကျန်ရစ်နေခဲ့ကြသည်။ ကျွန်တော်တို့ဆုံဖြစ်သည့်အခါတိုင်း အဲဒီစစ်ဆင်ရေးနယ်မြေမှာ အသက်စွန့်ခဲ့သည့်၊ ကိုယ်လက်အင်္ဂါစွန့်လွှတ်ခဲ့သည့်ရဲဘော်ရဲဘက်တွေအကြောင်း မှတ်မှတ်ရရပြောဖြစ်ကြသည်။ တခုတ်တရသူတို့ကို လွမ်းကြသည်။ ကျွန်တော်တို့အလွမ်းတွေကို စကားလုံးတွေဖြင့် ပုံဖော်ထုဆစ်ကြသည်။ သူတို့စွမ်းဆောင်မှုတွေကို ချီးကျူးဂုဏ်ပြုပြောဆိုကြသည်။

အဲဒီအလွမ်းတွေက ကြေကွဲစရာကောင်းသည်။ နာကြည်းစရာကောင်းသည်။ သနားဖွယ်ရာလည်း ကောင်းသည်။ လွမ်းမောတသကြရသည့်ကျွန်တော်တို့ ကိုယ်တိုင်မျက်ရည်ဝေ့ဝဲလာသည်အထိ ခံစားကြရသည်။ နက်နက်ရှိုင်းရှိုင်း၊ နင့်နင့်နဲနဲလွမ်းရသည့်အလွမ်းတွေဖြစ်သည်။

စစ်သားဘဝဆိုတော့လည်း အဲဒီအလွမ်းတွေ ကြုံနေရဆဲ၊ တွေ့နေရဆဲ၊ မြင်နေရဆဲ၊ လွမ်းနေဆဲဖြစ်သည်။ ပစ်သံခတ်သံကြားရုံနှင့် အဲဒီအလွမ်းတွေက သူ့အလိုလို ကပ်ပါလာသည်။ တိုက်သံခိုက်သံကြားရုံဖြင့် အဲဒီအလွမ်းက သူ့အလိုလိုဖြစ်တည်လာသည်။ ကျည်စစ်ကျည်မှန်တွေကြားမှာ ကျွန်တော်တို့အလွမ်းတွေလည်း ထောင်သောင်းမက ရှိခဲ့ရပြီ။ လွမ်းကြရင်းဖြင့် ကျွန်တော်တို့တစ်တွေလည်း မျက်ရည်ပင်လယ်ဝေခဲ့ကြရပြီ။ အလွမ်းတွေကတော့ အခုထိဇာတ်သိမ်းခန်းမရောက်သေး။ ပစ်သံခတ်သံတိုက်သံခိုက်သံတွေကလည်း အခုထိမရပ်ကြသေး။

အသက်စွန့်ကြသူတွေလည်း စွန့်နေကြဆဲဖြစ်သလို ကိုယ်လက်အင်္ဂါစွန့်ကြသူတွေလည်း စွန့်နေကြဆဲဖြစ်သည်။ အသက်ရှင်ကျန်ရစ်ခဲ့သူတွေကလည်း လွမ်းလို့ကောင်းနေကြဆဲဖြစ်သလို အလွမ်းတွေလည်း တနင့်တပိုးရှိနေကြဆဲဖြစ်သည်။

ကျွန်တော်ကိုယ်တိုင်လည်း အသက်ရှင်ကျန်ရစ်နေသူဖြစ်လေတော့ အလွမ်းတွေရှိနေဆဲဖြစ်သည်။ ပစ်သံခတ်သံကြားရသည့်အချိန်တိုင်းလည်း အလွမ်းထုထည်တွေ တက်မလာဖို့အရေးအတွက် မရဲတရဲဖြင့် နားစွင့်နေရဆဲဖြစ်သည်။ မြတ်စုဒ္ဓခြေတော်ရင်းမှာလည်း တောင်းဆုခြွေသည်။ သို့သော်လည်း ဆုတောင်းမပြည့်ခဲ့။ လွမ်းစရာတွေရှိနေဆဲဖြစ်သည်။

ကျွန်တော့်လိုမျိုး အသက်ရှင်ကျန်ရစ်ခဲ့ကြသည့် ရဲဘော်ရဲဘက်များစွာက အသက်ရှင်ကျန်ရစ်ခဲ့မှ လွမ်းလို့ရသည့်အလွမ်းတွေကို မှတ်မှတ်ထင်ထင်လွမ်းနေကြဦးမှာတော့ သေချာသည်။ ။

**မျိုးချစ်**

---

# စာမူများပေးပို့နိုင်ပါသည်

မြဝတီမဂ္ဂဇင်းနှင့် မိုးသောက်ပန်းဂျာနယ်တို့ကို စာမူများပေးပို့လိုကြပါလျှင်
တာဝန်ခံစာတည်း၊ မြဝတီစာပေတိုက်၊
အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ (၁၅)ရပ်ကွက်၊
ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့်
အောက်ဖော်ပြပါ အီးမေးလ်လိပ်စာသို့ ဝင်ရောက်ပေးပို့နိုင်ပါသည်။

Email: mwdliteraturehouse@gmail.com

သို့မဟုတ်


ရန်ကုန်ရုံးခွဲ၊ အမှတ် ၁၈၁၊ ၃၂ လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီးဟူ၍ လိပ်စာတပ်ပြီး ပေးပို့နိုင်ကြပါသည်။

**စာတည်းအဖွဲ့**

# နှလုံးသွေးကြောကျဉ်းရောဂါအတွက်

## ဆောင်ရန်၊ ရှောင်ရန်နှင့် ဘဝနေထိုင်မှုပုံစံ

ဒေါက်တာနေလင်းအောင်(ပျော်ဘွယ်)





တိုးတက်လာသောခေတ်ကာလ၏ သွားလာနေထိုင်မှုပုံစံနှင့် စားသောက်ကြသည့်အစားအစာအမျိုးမျိုးတို့သည် လူသားတို့၏ကျန်းမာရေးအပေါ် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်စေသည်။ ထိုသို့ ကျန်းမာရေးထိခိုက်သည့်အတွက် ဖြစ်ပေါ်လာသော ရောဂါများတွင် နှလုံးသွေးကြောကျဉ်းရောဂါသည် အဖြစ်များပြီး အသက်ဆုံးရှုံးသည်အထိ ဒုက္ခပေးနိုင်သောရောဂါတစ်ခုဖြစ်ပါသည်။

နှလုံးသည် ခန္ဓာကိုယ်တစ်ခုလုံးသို့ အောက်ဆီဂျင်ပါဝင်သောသွေးများကို ပို့ဆောင်ပေးခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်သောသွေးညစ်များကို အဆုတ်ဆီသို့ ပြန်လည်ပို့ဆောင်ပေးခြင်းစသည့် အသက်ရှင်သန်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် လုပ်ငန်းတာဝန်များကို အချိန်မလပ်ထမ်းဆောင်နေရသော စက်အင်ဂျင်နှင့်တူသည့်အင်္ဂါတစ်ခုဖြစ်ပါသည်။ မွေးစမှသေသည်အထိ မရပ်မနားအလုပ်လုပ်နေရသည့် အဆိုပါနှလုံး၏လုပ်ငန်းဆောင်တာများကို ပုံမှန်လုပ်ဆောင်စေနိုင်ရေးအတွက် လိုအပ်သောအောက်ဆီဂျင်နှင့် အာဟာရဓာတ်များကို နှလုံးသွေးကြောမျှင်များမှတစ်ဆင့် နှလုံးကြွက်သားများဆီသို့ ပုံမှန်ထောက်ပံ့ပို့ဆောင်ပေးရန်လိုအပ်ပါသည်။

အဆိုပါနှလုံးသွေးကြောမျှင်များသည် အကြောင်းအမျိုးမျိုးကြောင့်ကျဉ်းသွားသည့်အခါ နှလုံးသွေးကြောကျဉ်းရောဂါစတင်ဖြစ်လာသည်။ ထိုသို့ကျဉ်းစေသည့် အကြောင်းများတွင် ဆေးလိပ်သောက်ခြင်း၊ ကျန်းမာရေးနှင့် မညီညွတ်သောအစားအစာများစားသုံးခြင်း၊ အဆီအဆိမ့်များလွန်ကဲစွာစားသောက်ခြင်း၊ အထိုင်များခြင်း၊ ကိုယ်လက်လှုပ်ရှားကျင့်ခန်းမလုပ်ခြင်းစသည့် အချက်များက အဓိကနေရာတွင်ပါဝင်ပါသည်။

အဆိုပါအကြောင်းခြင်းရာများကြောင့် နှလုံးသွေးကြောနံရံများမာတောင့်လာခြင်း၊ သွေးလွှတ်ကြောလှုပ်ရှားမှုနည်းလာခြင်းတို့ ဖြစ်လာကြသည်။ ထိုအခါ သွေးကြောနံရံများတွင် အဆီခဲ၊ အဆီဖတ်များတဖြည်းဖြည်းစုပုံများပြားလာပြီး ကျဉ်းလာသဖြင့် နှလုံးဆီသို့ သွေးထောက်ပံ့မှုလျော့နည်းကျဆင်းလာပြီး ရင်ဘတ်အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ သတိလစ်ခြင်း၊ အလွန်

အမင်းမောပန်းနွမ်းနယ်လွယ်ခြင်း၊ ခေါင်းမူးခြင်း၊ ရင်တုန်ခြင်း၊ ခြေလက်များရောင်ရမ်းခြင်းစသည့် လက္ခဏာများကို ခံစားလာရမည်ဖြစ်ပါသည်။

အဆီကြေးများ အထပ်ထပ်ကပ်ပြီး ကျဉ်းနေသည့်နှလုံးသွေးလွှတ်ကြောသည် လုံးဝပိတ်သွားလျှင် အဆိုပါနှလုံးသွေးကြောက ထောက်ပံ့ပေးထားသည့် နှလုံးကြွက်သားသည် သွေးငတ်ပြီး ပျက်စီးသွားခြင်း၊ ပုပ်ဆွေးသွားခြင်းတို့ဖြစ်နိုင်ပါသည်။ ထိုသို့ဖြစ်လာသည့်အခါ အချိန်မီကုသမှုမခံယူနိုင်ပါက အသက်အန္တရာယ်ထိခိုက်ကာ သေဆုံးသည်အထိဖြစ်သွားနိုင်ပါသည်။ သို့ဖြစ်ပါ၍ နှလုံးသွေးကြောကျဉ်းရောဂါဝေဒနာရှင်များအနေဖြင့် မိမိရောဂါပိုမိုဆိုးရွားမလာစေရန်အတွက်ဆောင်ရန်၊ ရှောင်ရန်နှင့် ဘဝနေထိုင်မှုပုံစံများကိုလေ့လာမှတ်သားပြီး လိုက်နာကျင့်သုံးကြရန်လိုအပ်ပါသည်။

၁။ နှလုံးသွေးကြောကျဉ်းရောဂါဝေဒနာရှင်များအနေနှင့် ဆေးလိပ်၊ ကွမ်းယာ၊ စားအုန်းဆီ၊ ကြော်ထားသောအစားအစာမျိုးစုံ၊ အာလူးကြော်၊ အဆီအဆိမ့်များ၊ ထောပတ်၊ ဒိန်ခဲ၊ နို့များ၊ နို့ထွက်ပစ္စည်းမဟုတ်သောကရင်မ်များ (Non-dairy creamers)၊ ကရင်မ်ပါသောအစားအစာများ၊ ရေခဲမုန့်၊ ကိတ်မုန့်၊ ကွတ်ကီး၊ အမြန်စာများ၊ ဟော့ဒေါ့ (Hot dog)၊ ဟမ်ဘာဂါ၊ ဝက်အူချောင်း၊ ကြက်အူချောင်း၊ အနီရောင်ရှိသောအသားများ (ဝက်သား၊ အမဲသားစသည်)၊ အသားခြောက်များ၊ ဥအနှစ်၊ ဟင်းအနှစ်များ၊ အစာသွတ်မုန့်များ၊ ငန်လွန်း၊ ချိုလွန်းသောအစားအစာများ၊ ဆော်ဒါပါသောအစားအစာများ၊ အသင့်စားအစားအစာများ၊ အားဖြည့်အချိုရည်များ၊ ချိုချဉ်စသည်တို့ကို အထူးဂရုပြု၍ရှောင်ကြဉ်ရန် လိုအပ်ပါသည်။

၂။ စားသောက်သင့်သောအစားအစာများမှာ ဟင်းသီးဟင်းရွက်မျိုးစုံ၊ ပဲတောင့်ရှည်နှင့် အခွံမာအစေ့များ၊ နေကြာစေ့၊ လတ်ဆတ်သောသစ်သီးများ၊ သံပရာသီး၊ ရှောက်သီး၊ လိမ္မော်သီး၊ စပျစ်သီး၊ ငှက်ပျောသီး၊ ဘယ်ရီသီးများ(စတော်ဘယ်ရီ၊ ဘလူးဘယ်ရီ၊ ဘလက်ဘယ်ရီ စသည်)၊ အစေ့အဆန်များ၊ အဆီနည်းသောအစားအစာများ၊ အရေပြားမပါသောအဖြူရောင်အသားများ၊ ငါးမျိုးစုံ၊ ဥအကာ၊ ဒိန်ချဉ်စသည်တို့ကို စားသောက်သင့်ပါသည်။

၃။ လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်း၊ ကာယလေ့ကျင့်ခန်း၊ ယောဂလေ့ကျင့်ခန်း စသည့်မပြင်းထန်သောကိုယ်လက်လေ့ကျင့်ခန်းတစ်ခုခုကို ၁၅ မိနစ်မှ ၃၀ မိနစ်အထိ နေ့စဉ်မှန်မှန်လုပ်ပါ။ မလုပ်နိုင်လျှင်







ဖွတ်အတင်းမလုပ်ပါနှင့်၊ နားပြီးမှသာလုပ်ပါ။ ဆရာဝန်ညွှန်ကြားချက်ကြောင့်မဟုတ်ဘဲ ပြင်းထန်သည့်ကိုယ်လက်လေ့ကျင့်ခန်းများပြုလုပ်ခြင်းကိုရှောင်ကြဉ်ပါ။ အထိုင်များသောလူနေမှုပုံစံကို အတတ်နိုင်ဆုံးရှောင်ကြဉ်ပါ။ ၃၀၊ ၄၅ မိနစ်ခန့်ထိုင်ပြီးလျှင် လမ်းလျှောက်ခြင်း၊ ကိုယ်လက်လေ့ကျင့်ခန်းလုပ်ခြင်းတို့ကို အနည်းဆုံး ၂၊ ၅ မိနစ်ခန့်လုပ်ပေးပါ။

၄။ သွေးတိုးရောဂါ၊ ဆီးချိုရောဂါတို့ပါရှိနေလျှင် ၎င်းရောဂါများအတွက် လိုအပ်သောဆေးဝါးကုသမှု၊ ကျန်းမာရေးစစ်ဆေးမှု (သွေးဖိအားပုံမှန်တိုင်းတာခြင်း၊ သွေးတွင်းအချိုဓာတ်စစ်ဆေးခြင်းစသည်)ကို မပျက်မကွက်ဆောင်ရွက်ပါ။ နှလုံးသွေးကြောကျဉ်းရောဂါအတွက် လိုအပ်သောဆေးဝါးကုသမှု၊ စစ်ဆေးမှုတို့ကိုလည်း ဆရာဝန်ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်၍ စနစ်တကျကုသမှုခံယူပါ။ ဆေးသောက်မပျင်းပါနှင့်။ ဆရာဝန်မဟုတ်သောသူများက ကြားဖူးနားဝနှင့်ညွှန်းသည့်ဆေးဝါးများ၊ ဆေးမြီးတိုများကိုလည်း မိမိသဘောဖြင့် မိမိမသောက်ပါနှင့်။




နိဂုံးချုပ်အနေနှင့်ဆိုရလျှင် နှလုံးသွေးကြောကျဉ်းရောဂါသည် အစားအသောက်အနေအထိုင် မဆင်ခြင်ပါက အသက်အန္တရာယ်ထိခိုက်သည်အထိ ဒုက္ခပေးတတ်သည့်ရောဂါတစ်ခုဖြစ်သောကြောင့် လိုအပ်သောဆေးဝါးကုသမှုကို စနစ်တကျခံယူခြင်း၊ ဆောင်ရန်၊ ရှောင်ရန်နှင့် ဘဝနေထိုင်မှုပုံစံများကို စနစ်တကျလိုက်နာကျင့်သုံးခြင်းတို့ကိုပြုလုပ်ခြင်းဖြင့် ရောဂါဝေဒနာသက်သာစေနိုင်မည်ဖြစ်ပါကြောင်း အသိပေးဖော်ပြလိုက်ပါသည်။ ။

**ဒေါက်တာနေလင်းအောင်(ပျော်ဘွယ်)**

ရေထမ်းပုံးကိုထမ်း၍ သူမ ထွက်လာသည့်အချိန်သည် နေ့လယ်သုံးနာရီဖြစ်သည်။ နွေရာသီမို့ ထိုအချိန်တွင်ရှိနေသောအပူက တော်ရုံတန်ရုံအပူမဟုတ်။ 'ပူတယ်လေ ဆယ်နေကဲ'ဟု ဆိုရမလောက်ပင်ဖြစ်သည်။ အိမ်အပြင်သို့ထွက်လိုက်သည်နှင့် ခန္ဓာကိုယ်နှင့်ထိတွေ့မိသောပတ်ဝန်းကျင်အပူရှိန်က တရိပ်ရိပ်တက်နေသည်။

မြူနီစီပယ်မှရေပေးဝေမည့်အချိန်က ဤအချိန်ဖြစ်သည်မို့ ရေဘုံပိုင်ရှိရာနေရာသို့ ကြိုတင်တန်းစီရန်အတွက်ကြောင့်မို့သာ မထွက်မဖြစ်ထွက်လာရခြင်းဖြစ်သည်။ ရေထမ်းရမည်ဖြစ်၍ ဖိနပ်မစီးဘဲထွက်လာခဲ့သည်။ ဖိနပ်စီးထားလျှင် ရေစိုနေသောခြေထောက်ကြောင့် ရေထမ်းပုံးကိုထမ်းကာ ခြေလှမ်းရသည်မှာ အဆင်မပြေသလို မကြာခဏဖိနပ်ပြတ်တတ်ခြင်းကြောင့်လည်းဖြစ်သည်။

ကတ္တရာလမ်းပေါ်သို့ခြေချလိုက်သည်နှင့် ခြေဖဝါးကိုမီးစနှင့်ထိုးလိုက်သလိုခံစားရကာ ဆွေ့ဆွေ့ခုန်သွားတော့သည်။ တစ်နေကုန်ပူထားသောနေပူအောက်တွင် ကတ္တရာလမ်းက အရည်ပျော်စပင်ပြုနေသည်။ တစ်လှမ်း၊ နှစ်လှမ်း



လှမ်းလိုက်သည်နှင့် ခြေဖဝါးတွင် ကတ္တရာစေးများ ကပ်ငြိပါလာသည်ကို ခံစားရသည်။ လေး၊ ငါးဆယ် လှမ်းလောက်လှမ်းပြီးချိန်တွင် သူမ၏ခြေဖဝါးတွင် ခံစားနေရသောအပူဒဏ်ကို ခံနိုင်ရည်ရှိသွားသည်။ နိစ္စဓူဝလုပ်နေကျအလုပ်မို့၊ လျှောက်နေကျလမ်းမို့ ခဏတာသာခံစားချက်ပြင်းထန်ကာ ကြာတော့လည်း ကျင့်သားရနေသလိုပင်ဖြစ်နေခဲ့သည်။

အပေါ်ကပူ၊ အောက်ကပူဖြင့် ငရဲအိုးထဲရောက် နေသလားဟု ထင်မှတ်မှားရလောက်အောင် ခံစားရ သလို ခန္ဓာကိုယ်တစ်ခုလုံး ချွေးတပြိုက်ပြိုက်ယိုစီးကျ လာသည်။ ဖိနပ်မပါသည့်ခြေဗလာက ကတ္တရာလမ်း၏ အပူဒဏ်ကိုခံရရုံသာမက တစ်ခါတစ်ရံ ချွန်ချွန်တက် တက်ကျောက်စရစ်ခဲလေးတွေကိုနင်းမိပါက အသည်း ခိုက်အောင် နာကျင်စွာခံစားရသေးသည်။

အိမ်ရှေ့မှအထွက် ကတ္တရာလမ်းမှ ခေတ်တိုင်ရှစ် တိုင်စာအကွာအဝေးတွင် ရေဘုံပိုင်ရှိသည်။ ကတ္တရာ လမ်းဘေးတစ်ဖက်တစ်ချက်တွင် ပင်စည်ကြီးထွားသော ကုက္ကိုပင်ကြီးများရှိသဖြင့် ကျနေကိုအကာအကွယ်ပြု ပေးနေသောကုက္ကိုပင်အရိပ်ကျိုးတိုးကျဲတဲက အပူဒဏ်ကို အတန်အသင့်မျှသက်သာစေသည်ဟု ထင်မိသည်။ ကတ္တရာလမ်းပေါ်သို့အရောက် ဟိုးအဝေးရှိအရောက် သွားရမည့်ရေဘုံပိုင်ရှိရာနေရာဆီသို့ လှမ်းမျှော်ကြည့် လိုက်လျှင် နေအပူရှိန်ကြောင့် ကတ္တရာလမ်းပေါ်တွင် ရေပြင်ပမာ တလှုပ်လှုပ်ပေါ်နေသောအရိပ်အယောင်ကို မြင်ရသည်။ ယခုမြင်တွေ့နေရသောအရာမှာ တကယ့် ရေပြင်မဟုတ်ဘဲ တံလျှပ်သာဖြစ်သည်ဟုသိခဲ့ရသည်။

သူမသည်ပင် တကယ့်ရေပြင်ကြီးများလားဟု ထင်ယောင်ထင်မှားဖြစ်ခဲ့ဖူးသည်။ တကယ့်ရေပြင်သာ ဖြစ်လျှင် သည်ရေထမ်းပုံးဖြင့်အပြည့်ခပ်ပြီး ထမ်းလိုက် မည်ဟုလည်း တွေးခဲ့သည်။ ရေဘုံပိုင်က မျှင်မျှင်လေး ထွက်နေသောရေကိုခံယူရတာလောက် စိတ်မရှည်ချင် စရာကောင်းတာမရှိ။ တံလျှပ်ကိုရေထင် ရွှေသမင် အလိုက်မှားဆိုတာကို စာထဲပေထဲမှာဖတ်ဖူးပြီး သီချင်း ထဲမှာလည်း ကြားဖူးထားသည်မို့ သူမသည်လည်း ကိုယ် လိုချင်သောရေကိုသာစိတ်ရောက်နေသော ရွှေသမင်မ လေးဖြစ်နေပါပေါ့လားဟုတွေးကာ ပြုံးမိသည်။

ရေဘုံပိုင်တွင် တန်းစီချထားသောရေပုံးတွေက ထုံးစံအတိုင်း အများကြီးဖြစ်နေသည်။ ထုံးစံအတိုင်းဟု ဆိုရခြင်းမှာ ရေဘုံပိုင်နှင့်နီးသောအိမ်များက ရေပုံး တွေကို လက်ဦးအောင်ချထားသည့်အပြင် အိမ်တွင်ရှိ သမျှ ပုံးစုတ်၊ ခွက်စုတ်တွေပါမကျန် နေရာဦးထားကြ ခြင်းကြောင့်ဖြစ်သည်။ လူတစ်ယောက် ရေတစ်ထမ်း

# ရေကြည်ချမ်းမြတစ်ပေါက်လေးမျှပင်

## ကျော်လွင် (စက်မှု)



စာဆိုပြီး သတ်မှတ်ထားသည်လည်းမရှိ။ သတ်မှတ်ပေးမည့်သူ၊ တရားသဖြင့်ကြီးကြပ်ပေးမည့်သူလည်း မရှိပေ။ အနိုင်ကျင့်မည့်သူသာရှိသည်။ နွတ်သီးကောင်းလျှာပါး ကြားဖြတ်တန်းစီနေရာလုသူတွေလည်းရှိသည်။ ဦးသူအနိုင်ယူ ပြောရမည်လား၊ ကြီးသူအနိုင်ယူဟုပင် ပြောရမည်လား မသိတော့ပေ။

မတော်မတရားနေရာလုတာမျိုးနှင့် ကြုံလျှင် မဟုတ်မခံပြောတတ်သောသူမကို ကလေးအရွယ်မိန်းမငယ်မို့ မထီတရီလုပ်တတ်သေးသည်။ သည်လိုအနေအထားမျိုးဖြင့် တစ်နေ့ကို ရေတစ်ထမ်းရလျှင်ပင် တော်လှပြီဟုဆိုရမည့်အခြေအနေဖြစ်သည်။ တစ်ခါတစ်ရံ မြူနီစီပယ်က အကြောင်းအမျိုးမျိုးကြောင့် ရေမလွှတ်ပေးနိုင်သောနေ့၊ ပုံမှန်တန်းစီရခြင်းမျိုးမှသွေဖည်၍ ကလိမ်ကျကာ မတရားလုပ်သူများကြောင့် ရေတစ်ထမ်းမှမရသည့်နေ့မျိုးနှင့်လည်း ကြုံရတတ်သေးသည်။

သူမ၏အိမ်တွင် ဖေဖေ၊ မေမေ၊ အစ်မကြီးနှစ်ယောက်၊ သူမနှင့် ညီမလေးတို့ စုစုပေါင်းခြောက်ယောက်ရှိသည်။ အစ်မကြီးများက အိမ်မှုကိစ္စများကိုလုပ်ကြသည်။ ညီမလေးဖြစ်သူက ကလေးအရွယ်ငယ်ရွယ်လွန်းသူဖြစ်သည်။ ထို့ကြောင့် အိမ်တွင်ရေခပ်ရသည့်တာဝန်က အလယ်တန်းကျောင်းသူအရွယ် သူမ၏တာဝန်ဖြစ်နေသည်။ မိသားစုအတွက် တစ်နေ့တာ သောက်ရေ၊ သုံးရေရဖို့က အရေးကြီးသောအလုပ်တစ်ခုဖြစ်ခဲ့သည်။

မိုးတွင်းကာလတွင် ဖေဖေသည် မိုးရေကိုခံထားကာ စဉ့်အိုးကြီးများတွင်ထည့်၍ သိုလှောင်ထားသည်။ ထိုမိုးရေကိုပင် တစ်နှစ်ပတ်လုံး သောက်ရေအဖြစ်သုံးရသည်။ မိုးရာသီတွင် မိုးရေကို အားကိုးနိုင်သော်လည်း နွေကာလမျိုးတွင် ရေရရှိရန်ခက်ခဲလေသည်။

× × ×

မြူနီစီပယ်မှလွှတ်သောရေကိုခပ်ရန် ရေဘုံပိုင်တစ်ခုတည်းပေါ်တွင် အားကိုး၍မရသဖြင့် ရပ်ကွက်အစွန်အဖျားရှိရေကန်မှ ရေကိုလည်း သွားရောက်ထမ်းရသည်။ ထိုရေကန်သို့ရောက်ရန် အိမ်မှ ဆယ်မိနစ်ခန့်လျှောက်ရသည်။ ထိုရေကန်မှရေကို မနက်ဝေလီဝေလင်းအချိန်တွင်သွားရောက်ခပ်ခြင်းက အဆင်အပြေဆုံးဖြစ်သည်။ အကြောင်းမှာ နေမပူသေးသောကြောင့် နေပူဒဏ်ကို မခံရသဖြင့် မပင်ပန်းဘဲ သက်သက်သာသာရေခပ်နိုင်ခြင်းကြောင့်ဖြစ်သည်။

ထို့ပြင် နောက်ကျမှရေခပ်လျှင် သူမ အရင်ဦးစွာရေခပ်သူများကြောင့် ရေကန်သို့ဆင်းသည့်ကုန်းပေါင်မှာ ရေဖြင့်ချောနေသဖြင့် လိမ့်မကျအောင်ခက်ခက်ခဲခဲလျှောက်ကာ ခပ်ယူရခြင်းကြောင့်ဖြစ်သည်။

ရေကန်သို့သွားရာလမ်းက ညီညာမှုမရှိဘဲ ခလုတ်တံသင်းတွေများသည်။ အခန့်မသင့်လျှင် ဆူးစူးတတ်သေးသည်။ ရေကန်သို့မရောက်မီ လယ်ကွင်းစပ်တွင်ရှိသောညောင်ပင်ကြီးက သရဲအလွန်ခြောက်သည်ဟု လူပြောသူပြောများသည်။ ရေရဖို့အတွက်ကြောင့်သာ ဝေလီဝေလင်းသွားရသော်လည်း သရဲကိုတော့ သူမ အလွန်ကြောက်သည်။ ညောင်ပင်ကြီးအနီးသို့ရောက်လျှင် သမ္ဗုဒ္ဓေဂါထာကို မပြတ်ရွတ်၍ ညောင်ပင်ကြီးကို ငဲ့စောင်း၍မျှပင်မကြည့်ဘဲ မျက်စိကိုမှိတ်ကာ ဆူးတွေပဲစူးစူး၊ ခလုတ်တွေပဲတိုက်တိုက် ခပ်သုတ်သုတ်လေးလျှောက်လေသည်။

ရေကန်အနီးသို့ရောက်မှပင် ရေထမ်းပုံးကိုချကာ အသက်ကိုဝအောင်ရှူရတော့သည်။ ရေကန်နံဘေးရှိ ဆိပ်ဖလူးပင်မှ ပန်းပွင့်ချိန်ဆိုလျှင် သင်းပျံ့သောပန်းရနံ့ကို ရှူရှိုက်ကာ အမောအပန်းဖြေရသည်။ ကန်ထိပ်ရှိခရေပင်ကြီးမှ ခရေပန်းပွင့်ချိန်ဆိုလျှင် ကြွေကျလာသောခရေပန်းများကိုကောက်ယူ၍ နမ်းရှုပ်ကာ အမောအပန်းဖြေရသည်။ ထိုပန်းများပွင့်ချိန်မဟုတ်သည့်အခါမျိုးတွင်မူ ကြည်လင်သောကန်ရေပြင်ကိုတစိမ့်စိမ့်ကြည့်ကာ ကန်ရေပြင်ကိုဖြတ်တိုက်လာသော လေနှင့်အတူပါလာသော ကန်ရေရနံ့ကိုရှူရှိုက်ခံစားကာ အမောအပန်းပြေစေသည်ဟု သူမထင်သည်။

ရေကန်ပေါင်ပတ်ပတ်လည်တွင် ထန်းပင်များကို တန်းစီကာ စိုက်ထားသည်။ ထန်းပင်ရိပ်များက ကန်ရေပြင်တွင် ထင်ဟပ်နေသည်။ ထန်းပင်ရိပ်ကြောင့် ကန်ရေပြင်က စိမ်းမြမြအသွင်ကိုဆောင်နေသည်ဟုထင်ရသည်။

ကန်စွန်းညွန့်နွယ်လေးတွေက လန်းလန်းဆန်းဆန်း အားမာန်အပြည့်ဖြင့် ကုန်းပေါင်တိုင်ကို တွယ်ကပ်တက်ရန် ဟန်ပြင်နေသည်။ ရေလယ်တွင်ဝိုင်းဖွဲ့လျက်ရှိသော ဇော်ဒါပင်များမှပွင့်နေသော ဇော်ဒါပန်းတို့က ကန်ရေပြင်နှင့် ပနံရကာ လှပနေသည်။ ထိုမြင်ကွင်းကို နေ့စဉ်မြင်တွေ့ရဖန်များ၍လားမသိ၊ သူမ အကြိုက်ဆုံးအရောင်သည်ပင် ဇော်ဒါပန်းအရောင်ဖြစ်နေသည်။

ကုန်းပေါင်ပေါ်မှနေ၍ ရေပုံးဖြင့်ရေခပ်ယူမည်ပြုစဉ် ကြည်လင်သောကန်ရေပြင်တွင် ငါးကလေးများ ကူးခပ်သွားသည်ကို မြင်နေရသည်။ မှတ်မှတ်ရရ သူမတို့အိမ်ရှေ့ရှိ ရေမရှိသောရေမြောင်းတွင်တွေ့သော လိပ်ကလေးတစ်ကောင်ကို ထိုရေကန်တွင် ဘေးမဲ့လွှတ်ထားပေးခဲ့သည်။ ရေခပ်တိုင်း 'ကံကောင်း'ဟု အမည်ပေးထားသောလိပ်ကလေးကို သတိတရရှာကြည့်တတ်သည်။ တစ်ခါတစ်ရံ ရေကန်စပ်နားတွင်တွေ့ရတတ်သည်။

ငှက်မျိုးစုံတို့၏ သာယာသောအသံကို ကြားရသလို၊ လူရိပ်မြင်သဖြင့် ရေကန်စပ်မှဖြတ်ပြေးသွားသော ရေကြက်များကိုလည်း တွေ့ရသည်။ ရေဘုံပိုင်တွင် တန်းစီရေခပ်ရသည်နှင့်မတူ၊ ရေကန်တွင်ရေခပ်ရသည်က စိတ်နှလုံးအေးချမ်းသာယာမှုရှိသည်ဟု သူမထင်သည်။ ထိုရေကန်လေးသည် သူမ အပါအဝင် ကုန်းနေ၊ ရေနေသတ္တဝါတို့၏ မှီခိုအားထားရာ ရေကန်လေးပင်ဖြစ်သည်။

သူမ တက္ကသိုလ်ဝင်တန်းရောက်သည့်အချိန်တွင် ဖတ်ခဲ့ဖူးသောကဗျာ၊ အသည်းနှလုံးတွင် စွဲထင်ရစ်သော ရွှေးခေတ်ပုဂံပြည်ကို ရည်ရွယ်မှန်းဆကာ ဤရေကန်လေးကို 'အေးချမ်းသာယာမြကန်သာ'ဟု သူမက အမည်ပေးခဲ့သည်။

× × ×

မြူနီစီပယ်ရေဘုံပိုင်မှ ရေမပေးနိုင်သည့်နေ့၊ ရေပေးသည့်တိုင် အကြောင်းအမျိုးမျိုးကြောင့် ရေတစ်ထမ်းမှမရသည့်နေ့မျိုးတွင် ညနေဘက်အချိန်၌ ချောင်းသို့သွား၍ လက်ယက်သဲတွင်းရေကို ခပ်ရသည်။ ချောင်းကမ်းစပ်သဲသောင်ပြင်တွင် လက်ယက်သဲတွင်းလေးများရှိသည်။ ကိုယ်တိုင်တူးထားသည့် လက်ယက်သဲတွင်းရှိသလို၊ အခြားသူများတူးထားသည့် လက်ယက်သဲတွင်းများလည်းရှိသည်။ သူတူးထား၍ သူပိုင်သည်၊ ကိုယ်တူးထား၍ ကိုယ်ပိုင်သည်ဟူ၍ မခွဲခြားဘဲ ကြိုက်သည့်တွင်းတွင် အဆင်ပြေသလို ရေခပ်ကြခြင်းဖြစ်သည်။ သူမက ငယ်ရွယ်သူမို့ လက်ယက်သဲတွင်းကြီးကြီးတွင် ရေမခပ်ဘဲ လက်လှမ်းမီသော လက်ယက်သဲတွင်းလေးတွင်သာ ရေခပ်သည်။

မည်သည့်လက်ယက်သဲတွင်းဖြစ်စေ ရေမခပ်မီ သဲတွင်းထဲတွင်ရှိနေသောရေကို ကုန်စင်အောင်ခပ်၍ ပက်ထုတ်ရသည်။ ရေအားလုံးကုန်အောင်ပက်ထုတ်ပြီးနောက် သဲတွင်းရေကြည်ကြည်က တဖြည်းဖြည်းစိမ့်ထွက်လာသည်။ သဲမှုန်လေးများရေနှင့်အတူ လိမ့်ဆင်းလာပုံက ကြည့်၍ကောင်းသည်။

ညနေ နေညိုချိန်ဖြစ်၍ ချောင်းရေပြင်ကိုဖြတ်တိုက်လာသောလေက သဲတွင်းပက်ရသဖြင့် မောနေသော သူမကိုလန်းဆန်းသွားစေပြီး ချောင်းရေရနံ့သင်းသင်းကို ခံစားရရှိကာ အမောပြေစေခဲ့သည်။

ခဏလေးစောင့်လိုက်သည်နှင့် လက်ယက်သဲတွင်းထဲတွင် ကြည်လင်အေးမြသောရေက တဖြည်းဖြည်းများလာသည်။ လက်ကိုင်ကိုင်းတပ်ထားသော အုန်းမှုတ်ခွက်ဖြင့် ရေကိုခပ်ယူ၍ ရေပုံးထဲသို့ထည့်သည်။ ရေတစ်ထမ်းစာပြည့်လျှင် ထမ်းပိုးတပ်၍ထမ်းသည်။ ကုန်းပေါ်သို့ရောက်ရန် သဲသောင်ပြင်ကို ဖြတ်လျှောက်ရသည်။ ခြေထောက်ကို သဲကဆွဲထားသလို ခြေထောက်က သဲထဲကိုနစ်ဝင်သွားသည်။ ရေထမ်းပုံးထမ်းကာ တစ်လှမ်းချင်းရုန်းကန်ကာ လှမ်းနေရသည်က ကတ္တရာလမ်းပေါ်လျှောက်ရသည်နှင့်မတူပေ။ နေကျသွားသည့်တိုင် တစ်နေကုန်ပူထားသောသဲသောင်ပြင်၏အပူက လျော့မသွားသေးပေ။ သဲပူထဲသို့ ခြေမျက်စိအထိနစ်ဝင်သွားကာ ထိတွေ့ခံစားရသောအပူက ကတ္တရာလမ်းပေါ် ခြေဖဝါးကပ်ကာ လျှောက်ရသည့်အပူထက်တော့ မလျော့ဟုထင်သည်။

သဲသောင်ပြင်ကိုဖြတ်ကျော်ပြီး ချောင်းကမ်းပါးပေါ်သို့တက်ရသည်ကလည်း အလေ့အကျင့်ရှိဖို့လိုသည်။ ကမ်းပါးပေါ်သို့တက်ရန်အတွက် ချောင်းကမ်းပါးမြေသားကို လှေကားထစ်လိုထစ်ထားသည်။ ထိုမြေသားလှေကားထစ်က အိမ်ရှိလှေကားထစ်တွေလို ကျယ်ကျယ်ဝန်းဝန်းတော့မဟုတ်၊ ခြေတစ်ဖဝါးစာမျှသာကျယ်သည်။ ရေခပ်သူတိုင်းက ထိုနေရာမှပင် အတက်အဆင်းလုပ်ကြသည်။ ရေခပ်သူများထံမှ ဖိတ်စဉ်ကျသွားသောရေများက နုန်းမြေသားကို ရေဖျော်ပေးထားသလို ဖြစ်နေသည်။ ရေထမ်းပုံးကိုထမ်း၍တက်ခါစက ခြေကုပ်မမြဲ ဟန်ချက်မထိန်းနိုင်သဖြင့် ကမ်းပါးအပေါ်ရောက်ခါနီးမှ ခြေချော်ကာ လူရောရေပုံးများပါ တလိမ့်ခေါက်ကွေးကျခဲ့ဖူးသည်။ ထိုနေ့က ဒူးပြဲ၍ ထမ်းပိုးကျိုးကာ ရေပုံးလည်း ပိန်ချိုင့်သွားခဲ့သည်။

ညနေခင်းအချိန် ချောင်းအတွင်းရှိ လက်ယက်သဲတွင်းတွင် ရေခပ်ရခြင်း၊ မနက်ဝေလီဝေလင်းအချိန် ရေကန်သို့သွား၍ ရေခပ်ရခြင်းကို နေ့လယ်နေပူကျဲတဲအချိန်တွင် ရေဘုံပိုင်သို့သွားကာ တန်းစီစောင့်ဆိုင်း ရေခပ်ရခြင်းထက် ပို၍နှစ်သက်ခဲ့သည်။ အကြောင်းမှာ လောဘ၊ ဒေါသဖုံးလွှမ်းနေတာတွေ၊ အပြောကြမ်း အဆိုကြမ်း မကြားဝံ့မနာသာစကားတွေ၊ ကြီးနိုင်ငယ်ညှဉ်းလုပ်တတ်သူတွေကို မမြင်ရ၊ မတွေ့ရ၊ မကြားရခြင်းကြောင့်ဖြစ်သည်။

သူမသည် အလယ်တန်းကျောင်းသူဘဝကပင် ကျောင်းစာတစ်ဖက်၊ အိမ်မှုကိစ္စများကို ဝိုင်းဝန်းကူညီ၍ အမေ၏အိမ်ဈေးဆိုင်တွင် ဈေးကူရောင်းပေးရကာ အမေဝယ်ခိုင်းသော ဈေးဆိုင်အတွက်ပစ္စည်းများကို ဈေးသို့ အပြေးအလွှားသွားရောက်ဝယ်ယူရလေ့ရှိသဖြင့် သူမသည် ကျောင်းတက်ချိန်အမီ ကတိုက်ကရိုက်မသွားရသောနေ့ဟူ၍မရှိသလောက်ပင်ဖြစ်ကာ အရွယ်နှင့်မလိုက်အောင် ပင်ပန်းခဲ့ရသည်။

အထူးသဖြင့် အိမ်တွင် မိသားစုအတွက် သောက်ရေ၊ သုံးရေရရှိရေးကိစ္စသည် သူမ၏တာဝန် လုံးလုံးလျားလျားဖြစ်ခဲ့သည်။ ထိုစဉ်အခါကပင် သူမ၏ပခုံးတွင် ကျွဲပခုံးထနေခဲ့သည်။ လက်တွေက ပျော့ပျော့ပျောင်းပျောင်း ဖော့ဖယောင်းမဟုတ်သလို၊ လက်ဖဝါးနှင့်ခြေဖဝါးများတွင်လည်း အသားမာတက်၍နေခဲ့ပြီ။ အလယ်တန်းကျောင်းသူဘဝမှသည် အထက်တန်းကျောင်းသူဘဝအထိ ရေရရှိရေးအတွက် နိစ္စဓူဝလှုပ်ရှားရုန်းကန်ခဲ့ရသော သူမ၏ဘဝအတွေ့အကြုံတစ်စိတ်တစ်ပိုင်းဟုပင် ဆိုရပေမည်။

ထိုကဲ့သို့နှစ်ကာလများစွာ နေ့စဉ်ရေရရှိရေးအတွက် ပင်ပင်ပန်းပန်းခက်ခက်ခဲခဲဆောင်ရွက်ခဲ့သော သူမသည် ငယ်စဉ်ကပင် ရေ၏တန်ဖိုးကိုနားလည်ခဲ့၏။ တန်ဖိုးကိုနားလည်သည့်အလျောက် ရေကို တစ်စက်ကလေးမျှပင် အလဟဿမဖြစ်အောင် ထိန်းသိမ်းသည့် အလေ့အကျင့်ကိုလည်းရရှိခဲ့သည်။

သူမ၏မေမေသည် ဆန်ဆေးထားသည့်ရေကို ခံထားကာ စားသောက်ပြီးပန်းကန်များဆေးကြောရာတွင်သုံးသည်။ ဆန်ဆေးရည်က ဆီပေနေသော ပန်းကန်များဆေးကြောရာတွင် ပို၍ပင်သန့်ရှင်းစင်ကြယ်စေသည်ဟု မေမေက ပြောပါသည်။ ဆေးကြောရာတွင် လက်ခံရေထား၍ တစ်ဆင့်ပြီးတစ်ဆင့်ဆေးကြောကာ နောက်ဆုံးလက်ခံရေကို သွန်မပစ်ပေ။ ထို့အတူ ချိုးရေကိုလည်းခံထားကာ ထိုရေများဖြင့် စိုက်ပျိုးထားသော အပင်များကို ရေလောင်းသည်။

သောက်ရေအိုးမှစိမ့်ထွက်ကျလာသော ရေတစ်စက်တစ်ပေါက်ကိုပင် အလေအလွင့်မဖြစ်အောင်

**သောက်ရေအိုးမှစိမ့်ထွက်ကျလာသော**
**ရေတစ်စက်တစ်ပေါက်ကိုပင်**
**အလေအလွင့်မဖြစ်အောင်ခံထားကာ**
**သုံးတတ်သောသူမအဖို့ ရေကို**
**တန်ဖိုးထားရကောင်းမှန်းမသိသော၊**
**ရေကိုအလဟဿဖြစ်စေသော၊ ရေကို မသုံးတဲ**
**ရေကိုဖြုန်းနေသောသူများကို မြင်တွေ့ရလျှင် ...**

ခံထားကာ သုံးတတ်သောသူမအဖို့ ရေကိုတန်ဖိုးထား ရကောင်းမှန်းမသိသော၊ ရေကို အလဟဿဖြစ်စေသော၊ ရေကိုမသုံးဘဲ ရေကိုဖြုန်းနေသောသူများကို မြင်တွေ့ရလျှင် လွန်စွာမှပင်စိတ်မချမ်းမသာဖြစ်ခဲ့ရသည်။

× × ×

သူမတက္ကသိုလ်ဝင်တန်းသို့ ရောက်သည့်အချိန် ကျောင်းပိတ်ရက်တွင် ပြင်ပစာပေများ လေ့လာဖတ်ရှုခြင်းကို စိတ်ပါဝင်စားလာသည့်အလျောက် 'ရေအကျိုးဆယ်ပါး'ကို သိရှိခွင့်ရခဲ့သည်။ အလယ်တန်းကျောင်းသူဘဝမှ တက္ကသိုလ်ဝင်တန်းကျောင်းသူဘဝအထိ မိသားစု၏သောက်ရေ၊ သုံးရေနှင့် ချိုးရေရရှိရေးအတွက် သူမတာဝန်ယူဆောင်ရွက်ခဲ့သည့်အချိန်ကို ပြန်ပြောင်းတွေးမိသည်။

ထိုအချိန်က ပင်ပန်းလွန်းလှသည်ဟုထင်ခဲ့မိခြင်းက ယူတတ်လျှင်ရသည်ဆိုသကဲ့သို့ မိဘများ၊ အစ်မများအတွက် သူမ ဆောင်ရွက်ခဲ့သမျှသည် မတောင်းဘဲနှင့် ပြည့်သည့် ရေအကျိုးဆယ်ပါးရရှိနေသည်ကို သိမြင်လာရသည့်အချိန်တွင် အတိုင်းမသိဝမ်းသာကြည်နူးမှုဖြစ်ခဲ့ရသည်။

သူမဘွဲ့ရပြီးနောက် တာဝန်ကျရာအရပ်ဒေသအသီးသီးသို့ သွားရောက်တာဝန်ထမ်းဆောင်ရာတွင် ရေပေါများသောအရပ်၊ ရေရှားပါးသောအရပ်ဒေသများသို့ရောက်ရှိခဲ့သည်။ အရပ်ဒေသအလိုက် မြေပေါ်မြေအောက်ရှိ ရေအရင်းအမြစ်များမှရေကို စက်ရေတွင်းများ၊ လက်ယက်တွင်းများ၊ ဆည်မြောင်းတာတမံ၊ မြစ်ချောင်းအင်းအိုင်၊ ရေတွင်းရေကန် စသည်တို့မှ ထုတ်ယူသုံးစွဲကြသည်။ မည်သည့်အရပ်ဒေသသို့ ရောက်ရှိတာဝန်ထမ်းဆောင်ရသည်ဖြစ်စေ ရေကို အထူးတန်ဖိုးထားသည့် အလေ့အကျင့်ရှိပြီးဖြစ်သော သူမအနေဖြင့် ပေါပေါရတိုင်းလည်း ဖုံးပေါလအောသုံးတတ်သူမျိုးမဟုတ်ပေ။

ရေအသက်တစ်မနက်ဆိုသည့်အတိုင်း သက်ရှိများအတွက် အရေးပါဆုံးသောအရာသည် ရေဖြစ်ကြောင်းနှင့် တန်ဖိုးရှိသောရေကို စနစ်တကျချွေတာသုံးစွဲဖို့ပြောလျှင် လူအတော်များများအနေဖြင့် ရေက ခဲယဉ်းသောအရာမဟုတ်၊ စကားအရာထဲတွင် ထည့်၍ပြောစရာမလိုသောအရာဟုပင်ထင်ကြသူတွေရှိသည်။ သောက်နေသည့်ရေခွက်ထဲတွင် ရေတစ်ဝက်ကျန်လျှင်ပင် အလွယ်တကူ ပက်ခနဲသွန်တတ်သူတွေလည်းရှိသည်။ ရေပိုက်ခေါင်းကိုဖွင့်လိုက်လျှင် ရေထွက်လာသည်ဟုထင်နေသူကများသည်။

မျက်နှာသစ်၊ သွားတိုက်နေချိန်တွင်လည်းကောင်း၊ ခေါင်းလျှော်နေချိန်တွင်လည်းကောင်း မလိုအပ်ဘဲ ရေပိုက်ခေါင်းကို တောက်လျှောက်ဖွင့်ထားတတ်သူများကိုလည်း တွေ့ခဲ့ရသည်။ မီးဖိုချောင်တွင်သုံးစွဲသည့်ရေကို ရေပိုက်ခေါင်းမှ တိုက်ရိုက်ဖွင့်၍သုံးစွဲကာ ရေခွက်၊ ရေဖလား၊ ရေဇလုံ စသည်များဖြင့်ခံ၍ အသုံးမပြုသူများကိုလည်း တွေ့ရပြန်သည်။ ရေပိုက်ပေါက်၍ရေပန်းထွက်နေခြင်း၊ ရေပိုက်ခေါင်းမှ ရေယိုစိမ့်ကျနေခြင်းများကို မပြုပြင်ဘဲထားကြသူတွေလည်း ရှိနေပြန်သည်။

ခြုံငုံ၍ပြောရလျှင် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာန၊ ရုံးလုပ်ငန်း စသည့်နယ်ပယ်အသီးသီးတွင်ရောမြို့ပြလူနေရပ်ကွက်များရှိ နေထိုင်မှုပုံစံများတွင်ပါ နေ့စဉ်အချိန်နှင့်အမျှ အလေအလွင့်ဖြစ်နေသောရေတွေမည်မျှများပြားနေမည်ကို သူမ တွေးတောကာ မှန်းဆကြည့်မိသည်။

ရေရှားပါးသောအရပ်ဒေသတွင် ရေတစ်အိုး၊ ရေတစ်ပုံး၊ ရေတစ်ထမ်းရဖို့အရေး မိုးမလင်းခင်ကတည်းက မိုင်ပေါင်းများစွာဝေးကွာသောနေရာအထိ တစ်နေကုန်ခက်ခက်ခဲခဲသွားရောက်၍ ပင်ပန်းကြီးစွာခပ်ယူရသောနေရာများကို သူမကိုယ်တိုင် မျက်ဝါးထင်ထင်တွေ့မြင်ခံစားခဲ့ရဖူးသည်။ ရေတွင်းရေကန်တွေ ခန်းခြောက်၍မြေကြီးတွေပပ်ကြားအက်ကာ ရေက ရွှေထက်ရှားသောနေရာများကို မတွေ့မကြုံဖူးပါက ရေ၏တန်ဖိုးကို သိနိုင်ကြလိမ့်မည်မဟုတ်ပေ။

× × ×

သူမတွင် စိတ်ကူးအိပ်မက်တစ်ခုရှိခဲ့သည်။ အခြေအနေပေးလာမည့် တစ်နေ့နေ့တစ်ချိန်ချိန်တွင် ဇာတိ

ချက်ကြွေမွေးရပ်မြေရှိ သူမ ငယ်စဉ်ကနေထိုင်ခဲ့သော နေရာများနှင့် သူမ ကျင်လည်ခဲ့သောနေရာများကို အမှတ်တရသွားရောက်ကြည့်ရှုလိုသည်။

သို့သော် ဝန်ထမ်းဘဝတစ်လျှောက် ထိုစိတ်ကူးအိပ်မက်ကို အကောင်အထည်မဖော်နိုင်ခဲ့ပေ။ သူမ အငြိမ်းစားယူပြီးနောက် ဇာတိမြို့လေးရှိ ပညာသင်ကြားခဲ့သောကျောင်းတွင်ပြုလုပ်မည့် အာစရိယပူဇော်ပွဲသို့သွားရောက်ခွင့်ရမှပင် သူမ ဆန္ဒပြည့်ဝခဲ့တော့သည်။

သူမစီးနင်းလိုက်ပါလာသောကားလေးက ခရီးသည်တွေနားရန် ဆိုင်တစ်ဆိုင်ရှေ့တွင်ခေတ္တရပ်ပေးသည်။ သူမတွင် စားစရာမုန့်နှင့် သောက်ရေပါလာသည်ဖြစ်၍ ကားပေါ်မှမဆင်းတော့။ ကားပြန်ထွက်ချိန်တွင် သူမ၏ဘေးထိုင်ခုံမှခရီးသည်က သောက်လက်စရေတစ်ဝက်ကျော်ခန့်ရှိသောရေသန့်ဘူးကို လမ်းဘေးမြောင်းထဲသို့ လွှင့်ပစ်လိုက်သည်ကို တွေ့လိုက်ရသည်။

ထိုမြင်ကွင်းကိုကြည့်၍ သူမ၏ဆွဲခြင်းထဲတွင်ရှိနေသော အိမ်မှထည့်ယူလာသည့်ရေဘူးလေးကို အလိုလိုဆုပ်ကိုင်မိလျက်သားဖြစ်သွားသည်။ ထိုသူလွှင့်ပစ်လိုက်သော ရေသန့်ဘူးထဲမှရေက သူမ ရေဘူးထဲရှိ ရေထက်ပင်များနေသေးသည်။ နမြောစရာကြီးပါလားဟု စိတ်ထဲက ရေရွတ်မိသည်။ ထို့ထက်မက သူမရင်ထဲတွင်ပြောစရာစကားတွေ တစ်ပုံတစ်ပင်ကြီးပင်ရှိနေခဲ့သည်။

ကိုယ့်ပိုက်ဆံနဲ့ ကိုယ်ဝယ်သောက်တာမို့ ကိုယ့်သဘောပဲဟု ပြောချင်လည်းပြောနိုင်သည်။ ထိုကဲ့သို့သောသဘောထားရှိသူတွေများလာပြီး ပိုက်ဆံဘယ်လောက်ပေးပေး ရေက ရွှေထက်ရှားကာ ရေကြည်တစ်ပေါက်သောက်ရဖို့ မလွယ်ဘူးဆိုတာမျိုးနှင့် ကြုံလျှင်၊ မကြုံဘူးဟု မည်သူမျှအာမမခံနိုင်သောအခြေအနေမျိုးကို နောင်လာနောက်သားများ ကြုံတွေ့သွားနိုင်သည်။

'ဘယ်သူမပြု မိမိမှု'ဟု ပြောရမလို ထိုအခြေအနေမျိုးကိုရောက်အောင် ထိုကဲ့သို့သောလူတွေကပင် ဖန်တီးနေခြင်းဖြစ်သည်ကို 'သတိမမူ ဂူမမြင်'ခြင်းကြောင့် သတိမထားမိခြင်းဖြစ်သည်။ 'ခလုတ်ထိမှ အမိတ'မည့်သူများဟုပင် ပြောရမလိုဖြစ်သည်။

ရေရှားပါးသော စင်ကာပူနိုင်ငံသည် ရေကို အိမ်နီးချင်းမလေးရှားနိုင်ငံမှ ဝယ်ယူအသုံးပြုနေရသည်။ ထို့ကြောင့် ရေရှည်တွင် ရေရရှိရေးအတွက် ရေဆိုးနှင့် သုံးစွဲပြီး ရေတို့ကို ပြန်လည်သန့်စင်ကာအသုံးပြုနိုင်ရန်နှင့် ပင်လယ်ရေမှ ရေချိုထုတ်ယူရရှိနိုင်ရေး စသည့်ရေစီမံခန့်ခွဲမှုနည်းပညာများဖြင့် ဆောင်ရွက်နေကြရပြီဖြစ်သည်။ သူမ မြင်တွေ့ခဲ့ရသောသူကဲ့သို့ အလားတူပြုမှုတတ်သူများအနေဖြင့် မိမိတို့နိုင်ငံတွင် သဘာဝကပေးသောလက်ဆောင်မွန်ကို တန်ဖိုးထားရကောင်းမှန်းမသိဖြစ်နေသည်ဟု သူမမြင်လေသည်။

× × ×

အာစရိယပူဇော်ပွဲပြီးချိန်တွင် သူမနေထိုင်ရာမြို့သို့မပြန်မီ အချိန်လု၍ သူမငယ်စဉ်အခါက မိသားစုနေထိုင်ခဲ့သည့်အိမ်ခြံဝင်းရှိရာဆီသို့ ထွက်လာခဲ့သည်။ ထိုအိမ်ခြံဝင်းတွင် သူမတို့အိမ်မရှိတော့သလို၊ တွေ့ရမည့်မိဘ၊ ညီအစ်မများလည်း မရှိတော့ပေ။ ကွယ်လွန်သူများရှိသလို တစ်ရပ်တစ်ကျေးသို့ပြောင်းရွှေ့အခြေချနေထိုင်သူများလည်းရှိသည်။ ထိုသို့မရှိကြတော့သော်လည်း သူမငယ်စဉ်ဘဝနေထိုင်ခဲ့သည့်နေရာဟောင်းကို အမှတ်တရကြည့်လိုသည်။

အထူးသဖြင့် သူမငယ်စဉ်က ရေထမ်း၊ ရေခပ်ခဲ့သည့်အမှတ်တရနေရာလေးတွေကိုလည်း သတိတရအလွမ်းပြေသွားရောက်ကြည့်ရှုလိုခြင်းဖြစ်သည်။

ခြံဝင်းထဲရှိ သူမ၏ယခင်အိမ်နေရာတွင် သစ်လွင်လှပသော နှစ်ထပ်တိုက်အိမ်ကို တွေ့ရသည်။ သူမတို့မိသားစုလှုပ်ရှားသွားလာနေသည့်ပုံရိပ်များကို စိတ်မျက်စိတွင် ပြန်လည်မြင်ယောင်ကာ သတိရနေမိသည်။ တိုက်အိမ်ဘေးတွင်ရှိသော ရေစင်ကြီးမှ ရေများလျှံကျနေသည်ကိုမြင်နေရသည်။ အိမ်ရှေ့တွင် မြေကြီးကိုဖုန်သိပ်အောင် ရေပိုက်ဖြင့်ရေဖျန်းနေသောအမျိုးသမီးတစ်ဦးကိုလည်း တွေ့ရသည်။ သူမ ငယ်စဉ်ဘဝတွင် ရေရရှိဖို့အတွက် ခက်ခဲသလောက် ယခုတော့ ရေကို

အလျှံပယ်သုံးနေကြသည်ကို မြင်တွေ့နေရသည်။ ယခု ခေတ်ကာလတွင် အိမ်တိုင်းလိုလို အဝီစိတွင်းများတူးကာ မြေအောက်ရေကို ထုတ်ယူသုံးစွဲနေကြသည်။

လူနေထူထပ်သောနေရာများတွင် အဝီစိတွင်းတွေက ကြွက်တွင်းပေါက်တွေလို ပွစာတက်နေပုံရသည်။ အကန့်အသတ်မရှိ အတိုင်းအဆမရှိတူးဖော်နေသဖြင့် မြေအောက်ရေအရင်းအမြစ်များဆုတ်ယုတ်ကာ ယခင်က အဝီစိတွင်းတူးရသောမြေအောက်အနက်ထက် ယခုပို၍ နက်အောင်တူးနေရသည်ဟု ကြားသိရသည်။ နေရာအနှံ့အလွန်အကျွံတူးဖော်မှုကြောင့် မြေမျက်နှာပြင် နိမ့်ကျခြင်းနှင့်အတူ ကမ္ဘာမြေကြီးမကျန်းမမာဖြစ်လာနေသည်ကို စဉ်းစားမိကြဟန်မတူသလို ကုစားဖို့စိတ်ကူးကလည်း ဝေးနေကြဟန်ရှိသည်။

မည်သို့ပင်ဖြစ်စေ ရေတန်ဖိုးကို နားလည်စေခဲ့သော သူမ၏ငယ်ရွယ်သူဘဝအစသည် အိမ်ခြံဝင်းအတွင်းမှ အသားညိုညိုဂါဝန်တိုဖြင့်၊ ဖိနပ်မပါခြေဗလာဖြင့် ရေထမ်းပုံးကိုထမ်းကာ နေပူဒဏ်ကိုအန်တုရင်း ထွက်လာသော လွန်ခဲ့သောနှစ်ပေါင်းများစွာက သူမ၏ပုံစံကို စိတ်ကူးပုံဖော်ကာ ကြည့်မိသည်။

ခြံဝင်းရှေ့မှ ပြန်လှည့်၍ သူမရေထမ်းခဲ့ရာ ကတ္တရာလမ်းပေါ်သို့တက်လာခဲ့သည်။ ကားလမ်း၏ တစ်ဖက်တစ်ချက်တွင် လမ်းတိုးချဲ့ထားသည်ကိုတွေ့ရသည်။ နွေနေ့လယ်နေပူကျဲကျဲတွင် ရေထမ်းခဲ့စဉ်က လမ်းဘေးဝဲ၊ ယာမှကုက္ကိုပင်ကြီးများ၏အရိပ်ကို အားကိုးစရာတစ်ခု သဖွယ်ခိုလှုံခဲ့ရသည်။

ပင်စည်ကြီးမားလှသောထိုကုက္ကိုပင်ကြီးများမှာ ယခုမရှိတော့ပေ။ လမ်းတိုးချဲ့ရာတွင် ခုတ်ထွင်ရှင်းလင်းသည့်အထဲ ပါသွားခဲ့ပြီ။ အစားထိုးစိုက်ပျိုးထားသည့် ပင်ပျိုများကိုလည်း မတွေ့ရပေ။ ယခုအချိန်တွင်သာ သူမငယ်စဉ်ကလို ကတ္တရာလမ်းမှာ ရေထမ်းထွက်ရလျှင် လှင်တီးခေါင်တွင်လျှောက်ရသလိုမျိုးသာ ဖြစ်ပေလိမ့်မည်။ ဟိုးယခင်က သူမတန်းစီရေခပ်ခဲ့ရာ မြူနီစီပယ်ရေဘုံပိုင်နေရာသည်လည်း ယခုမရှိတော့။ ရေပေးဝေမှု စနစ်မည်သို့ဖြစ်သွားလေပြီမသိ။ အိမ်တိုင်းလိုလို အဝီစိတွင်းတူးခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ ရေပုံးများတန်းစီချထားသည့်နေရာတွင် ယခုဈေးဆိုင်များဖြစ်နေလေပြီ။ တန်းစီထားသောရေထမ်းပုံးအနီးတွင်ရပ်နေသည့် နေလောင်ထားသောအသားအရေ၊ မျက်နှာဝိုင်းဝိုင်း၊ ဆံပင်တိုတိုဖြင့် ရေထမ်း ထမ်းပိုးကိုင်ထားသော သူမ၏ သွင်ပြင်ကိုလည်း ပြန်လည်မြင်ယောင်မိသည်။

ဟိုစဉ်အခါက မနက်စောစော ဝေလီဝေလင်း အချိန်တွင် သူမ ရေခပ်သွားရာရေကန်ဆီသို့သွားသော လမ်းလေးအတိုင်း လျှောက်ကာဝင်လာခဲ့သည်။ ယခင်က ခလုတ်တံသင်းတွေများကာ ဖိနပ်မပါဘဲရေထမ်းသော သူမ၏ခြေထောက်ကို မကြာခဏဆူးစူးခံရသောလမ်းမျိုး မဟုတ်တော့ဘဲ ပြေပြေပြစ်ပြစ်မြေသားလမ်းဖြစ်ကာ လမ်းဘေးတွင် တိုးချဲ့အိမ်ရာတချို့ကိုတွေ့ရသည်။ သရဲခြောက်သည်ဆိုသောညောင်ပင်က ပင်စည်အလုံးအထည်ကြီးမားလာကာ ရှက်နုသစ်များဝေနေလေသည်။

ယခုလိုအချိန်အခါမှာ မနက်ဝေလီဝေလင်း ရေခပ်ထွက်သည့်မိန်းကလေးငယ်အဖို့ သရဲကြောက်စရာ မလိုဘဲ လူကိုသာကြောက်ဖို့လိုသော ခေတ်ကာလဖြစ်နေသည်။ ဟိုတုန်းဟိုအခါက သူမတစ်ယောက်တည်း ဝေလီဝေလင်းအချိန် ရေခပ်ထွက်ခဲ့သည်ကိုပြန်တွေးကြည့်ကာ ထိတ်လန့်သွားမိသည်။

ရေကန်ရှိရာသို့ရောက်သွားချိန်တွင် မြင်ရသည့် မြင်ကွင်းက သူမရင်ကို ဆို့နင့်သွားစေသည်။ ရေကန်ပတ်ဝန်းကျင်တွင် အပင်တစ်ပင်မျှမရှိအောင် ပြောင်တလင်းခါနေသည်။ ထန်းပင်များက ငုတ်တိုမျှသာရှိတော့သည်။

ထို့ထက်မှ ကန်ထဲတွင် ရေမရှိတော့ခြင်းပင်။ ကန်ရေအစားတိုးချဲ့ရပ်ကွက်မှ လာရောက်စွန့်ပစ်သော ပလတ်စတစ်အိတ်၊ ပလတ်စတစ်ဘူးခွံ၊ ကြွပ်ကြွပ်အိတ်စသည့် အမှိုက်သရိုက်မျိုးစုံတို့ဖြင့် မြင်မကောင်းအောင်ဖြစ်နေသည်။ သူမ ပန်းကောက်ကာ တစ်ထောက်တစ်နားနားခိုရာ ဆီပ်ဖလူးပင်နှင့် ခရေပင်အပါအဝင် ရှိသမျှ အပင်အားလုံး ထင်းဖြစ်သွားပုံရသည်။

ရေမရှိမှတော့ သူမ၏လိပ်ကလေးကံကောင်းသည်လည်း ကံကောင်းရာမည်မဟုတ်ပေ။ ရေကန်ကို ဝိုင်းဝန်းထိန်းသိမ်းသူများရှိပါက ယခုလောက်ထိ ဖြစ်စရာအကြောင်းမရှိဟု သူမ ထင်သည်။ ကန်ရေကို အသုံးမပြု၊ အဝီစိရေကိုသာအားပြုလာချိန်တွင် တိမ်ကောပျက်စီးရုံသာမက ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုလည်း ဖြစ်စေခဲ့လေပြီ။ အလိုအလျောက်ဆွေးမြည့်သွားရန် အလွန်ခဲယဉ်းသောအမှိုက်မျိုးစုံတို့မှာ မြေကြီးထဲသို့ ရောက်သွားလျှင် နှစ်ထောင်ချီကာမပျက်စီးဘဲရှိနေမည်ဖြစ်ရာ ကမ္ဘာမြေကြီးအတွက် အန္တရာယ်ရှိစေသော စွန့်ပစ်မှုမျိုးဖြစ်သည်။ ဟိုးယခင် ညနေဘက်ရေခပ်ဆင်းခဲ့သည့်ချောင်းလေးဆီသို့ သူမ ရောက်ခဲ့ပြန်သည်။ ချောင်းကမ်းပါးပေါ်မှနေ၍ ချောင်းရိုးတစ်လျှောက်ကို လှမ်းမျှော်ကာကြည့်လိုက်သည်။ ချောင်းထဲတွင် ချောင်းရေ စီးဆင်းနေသည်ကိုမတွေ့ရပေ။ ချောင်းအထက်ဘက်တောင်ပေါ်တွင် ရေလှောင်တမံတည်ဆောက်ထားသည်ဟုသိရသည်။ သဲသောင်ပြင်တွင် ဟိုးတုန်းကလို လက်ယက်သဲတွင်းများကို မတွေ့ရ။ လက်ယက်သဲတွင်းများမရှိသလို ကြည်လင်အေးမြသော၊ သန့်ရှင်းစင်ကြယ်သောသဲတွင်းရေကိုလည်းမရနိုင်တော့ပေ။ အကြောင်းမှာ ချောင်းထဲတွင် အမှိုက်မျိုးစုံကိုတွေ့ရ၍ဖြစ်သည်။ ထိုအခိုက်မှာပင် ချောင်းကူးတံတားပေါ်မှ အမှိုက်တောင်းသွန်ချလိုက်သဖြင့် အမှိုက်များကျလာသည်ကိုတွေ့ရသည်။ ထိုအမှိုက်များကို ဤချောင်းထဲသို့ပင် အလွယ်တကူလာရောက်စွန့်ပစ်နေကြပုံရသည်။

ချောင်းအတွင်းမှ ဖြတ်တိုက်လာသော လေတွင် ချောင်းရေရနံ့သင်းသင်းကိုမခံစားရဘဲ ညှီစို့စို့ ပုပ်အဲ့အဲ့ အနံ့ဆိုးကိုသာရနေသည်။ ချောင်းအတွင်းရေခပ်ဆင်းကြသူများ၏ ပုံရိပ်တို့သည်လည်း ပျောက်ကွယ်သွားကြဟန်ရှိလေသည်။ သူမ၏ စိတ်ကူးအိပ်မက်ဖြစ်သော ငယ်စဉ်ဘဝကျင်လည်ခဲ့ရာ အမှတ်တရဖြစ်စရာလေးတွေကို တကူးတကလာကြည့်မိခါမှ စိတ်ထဲမှာ ဝေဒနာအနာတရများသာဖြစ်ခဲ့ရလေသည်။

× × ×

သူမ၏အပြန်ခရီးတွင် ပတ်ဝန်းကျင်ရှုခင်းများကို ကားပေါ်မှငေးမောကြည့်ရှု၍ အတွေးနယ်ချဲ့ကာလိုက်ပါလာခဲ့သည်။ သဘာဝကပေးသောအဖိုးတန်ရေကို အလဟဿမဖြုန်းတီးဘဲ ချွေတာကာ စနစ်တကျသုံးစွဲတတ်ရန်၊ ရေအရင်းအမြစ်များကို မညစ်ညမ်းအောင်၊ မပျက်စီးမဖြုန်းတီးအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်တတ်ရန်၊ ရေအရင်းအမြစ်များကို အတိုင်းအဆမဲ့ထုတ်ယူကာ လိုအပ်သည်ထက် အလွန်အကျွံမသုံးစွဲဖို့တို့ကို တစ်ဦးချင်း၊ တစ်ယောက်ချင်းမှသည် တစ်မိသားစုအထိ၊ တစ်မိသားစုမှသည် တစ်ရပ်ကွက်၊ တစ်မြို့တစ်နယ်၊ တစ်နိုင်ငံလုံးအတိုင်းအတာအထိ လိုက်နာဆောင်ရွက်တတ်သည့်အလေ့အကျင့်ကောင်းနှင့် အသိစိတ်ဓာတ်လေးတွေ ကိုယ်စီကိုယ်ငကိန်းအောင်းနေရန်လိုသည်ဟု သူမ ထင်သည်။

သည်နှစ်နွေရာသီအစမှာပင် အပူဒဏ်ကို အပြင်းအထန်ခံစားရကာ လူတွေ၏ညည်းညူသံများကို ကြားနေရသည်။ အပူလှိုင်းဖြတ်သည့်ဒဏ်ကို အသက်ကြီးသူ၊ ငယ်နုသူတွေ အလူးအလဲခံစားကြရသည်။ မကြာစဖူး ရေအရင်းအမြစ်တွေ ခန်းခြောက်ဆုတ်ယုတ်သဖြင့် ရေပြတ်လပ်မှုဒဏ်ခံရသောအရပ်ဒေသများသို့ သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအလှူရှင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များက သွားရောက်ကာ ရေအကူအညီပေးကြ၊ လှူဒါန်းကြသဖြင့် ဆောင်ရွက်နေကြသည့်သတင်းကိုလည်း ကြားသိနေရသည်။

ပြင်ပမှလေပူတစ်ချက် ကားထဲသို့ ဝေ့ဝဲတိုက်ခတ်လာသည်။ နေပူလေပူဒဏ်ကြောင့် ရေငတ်ကာ ရေသောက်ချင်စိတ်ဖြစ်လာသည်။ လက်ထဲတွင်ကိုင်ထားသော ရေဘူးထဲတွင် ရေအနည်းငယ်မျှကျန်ရှိနေသေးသည်။ သဘာဝကပေးသော လက်ဆောင်မွန်ဖြစ်သည့်ရေကို ငယ်စဉ်ကတည်းကပင် တန်ဖိုးထားနားလည်ခဲ့သောသူမအနေဖြင့် ရေကြည်တစ်ပေါက်လေးမျှပင် အလဟဿမဖြစ်အောင် အကျိုးရှိရှိသောက်သုံးခဲ့လေသည်။ ။

**ကျော်လွင်(စက်မှု)**



# ထင်ပေါ်ကျော်ကြား နိုင်ငံတကာ အနုပညာရှင်များ

**အေအမ်တီ**



## ဆိုဖီယာဗာဂရာ

နာမည်ကျော်မင်းသမီး ဆိုဖီယာဗာဂရာဟာ ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့ဝင်ငွေအများဆုံးမင်းသမီးအဖြစ် ရပ်တည်နေတယ်လို့သိရပါတယ်။

Forbes မဂ္ဂဇင်းရဲ့ ကမ္ဘာ့ဝင်ငွေအများဆုံး မင်းသမီးစာရင်းဖော်ပြမှုမှာ ဆိုဖီယာဗာဂရာက တစ်နှစ်ဝင်ငွေ ဒေါ်လာ ၄၃ သန်းနဲ့ ထိပ်ဆုံးမှာရပ်တည်နေတာပါ။

Forbes မဂ္ဂဇင်းရဲ့ဖော်ပြချက်အရ မင်းသမီးဗာဂရာရဲ့ဝင်ငွေတွေဟာ 'Modern Family' ရုပ်သံအစီအစဉ်နဲ့ 'America's Got Talent' အစီအစဉ်တွေကနေ ရရှိတာဖြစ်တယ်လို့သိရပါတယ်။

'Modern Family'ရုပ်သံအစီအစဉ်တစ်ပိုင်းကို ဒေါ်လာ ၅ သိန်းရရှိပြီး 'America's Got Talent' အစီအစဉ်ရဲ့ Season တစ်ခုစာကို ဒေါ်လာ ၁၀ သန်း ရရှိခဲ့တာပါ။ အဲဒါတွေအပြင် မင်းသမီးဟာ 'Marvel's Eternals'ရုပ်ရှင်အတွက် အနုပညာကြေးဒေါ်လာ ၃၅ ဒသမ ၅ သန်းလဲ ရရှိခဲ့တယ်လို့ ဖော်ပြထားပါတယ်။



## တေလာဆွစ်

ကမ္ဘာကျော်ပေါ့ပ်အဆိုတော် တေလာဆွစ်ဟာ အမေရိကန်သမ္မတအဖြစ်ဝင်ရောက်ယှဉ်ပြိုင်မဲ့ ဂျိုးဘိုင်ဒန်ကို ထောက်ခံလိုက်တယ်လို့ သိရပါတယ်။

Follower သန်း ၂၀၀ ကျော်ရှိတဲ့ သူ့ရဲ့ Taylor Swift ဆိုရှယ်မီဒီယာအကောင့်ကနေ သမ္မတလောင်း ဂျိုးဘိုင်ဒန်ဟာ အမေရိကန်နိုင်ငံမှာ နာကျင်မှုတွေလျော့ပါးသက်သာစေမဲ့လမ်းစဉ်ကို အကောင်အထည်ဖော်ပေးမဲ့ ဝါရင့်ဒီမိုကရက် တစ်ယောက်ဖြစ်တယ်လို့ ပြောဆိုခဲ့ပါတယ်။



တေလာဆွစ်ဟာ ပြီးခဲ့တဲ့ ဩဂုတ်လတုန်းက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အနေနဲ့ ကိုဗစ် – ၁၉ ကပ်ရောဂါကာလမှာ 'အသုံးမကျတဲ့ခေါင်းဆောင်မှု' ကိုပေးခဲ့ပြီး အမေရိကန်နိုင်ငံသားတွေရဲ့မဲပေးခွင့် အခွင့်အရေးကို ဖျက်ဆီးပစ်နေတယ်လို့ ဝေဖန်ခဲ့ဖူးပါတယ်။

"လူတိုင်းဟာ သူ့နိုင်ငံသားတွေရဲ့အသက်ကို ဦးစားပေးနေရာမှာထားပြီး ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးပြဿနာကို အလေးထားတဲ့အစိုးရ တစ်ရပ်နဲ့ထိုက်တန်ပါတယ်"လို့လဲ ပြောဆိုခဲ့ပါတယ်။





## ဂယ်ဂဒေါ့

နာမည်ကျော်မင်းသမီးဂယ်ဂဒေါ့ဟာ အီဂျစ်ဘုရင်မတစ်ပါးရဲ့ဇာတ်လမ်းအကြောင်း ရိုက်ကူးမဲ့ရုပ်ရှင်မှာ ကလီယိုပက်ထရာအဖြစ် သရုပ်ဆောင်ဖို့ရှိတယ်လို့ သိရပါတယ်။

အသက် ၃၅ နှစ်အရွယ်မင်းသမီးဂယ်ဂဒေါ့ဟာ ၂၀၁၇ ခုနှစ်က ဒါရိုက်တာ Patty Jenkins ရဲ့ 'Wonder Woman'ရုပ်ရှင်နဲ့ မကြာမီ ရုံတင်တော့မဲ့ 'Wonder Woman 1984' ရုပ်ရှင်တွေမှာ သရုပ်ဆောင်ထားပြီး ယခုထပ်မံရိုက်ကူးမဲ့ရုပ်ရှင်ကိုလဲ အဆိုပါဒါရိုက်တာနဲ့ပဲ ရိုက်ကူးသွားမှာဖြစ်ပါတယ်။

မင်းသမီးဂယ်ဂဒေါ့က "ကျွန်မက ဇာတ်ကောင်စရိုက်အသစ်တွေကို သရုပ်ဆောင်ရတာ သဘောကျပါတယ်၊ ဇာတ်လမ်းအသစ်တွေကို ဆောင်ယူလာမဲ့ရုပ်ရှင်အသစ်တွေအတွက်လဲ စိတ်လှုပ်ရှားရတာမျိုးသဘောကျပါတယ်၊ ကလီယိုပက်ထရာဟာ ဟိုးအရင်ကတည်းက ကျွန်မပြောပြချင်ခဲ့တဲ့ဇာတ်လမ်းတစ်ပုဒ်ပါ"လို့ ပြောဆိုခဲ့ပါတယ်။

**ရှရွတ်ခန်း**

ရုပ်ရှင်ရိုက်ကူးခြင်းကို ၂ နှစ်တာ ရပ်နားထားတဲ့ နာမည်ကျော်ဘောလီးဝုဒ်မင်းသား ရှရွတ်ခန်းဟာ ယခုနှစ်နိုဝင်ဘာလကုန်မှာ 'Pathan'ဆိုတဲ့ ရုပ်ရှင်အသစ်ကိုပြန်လည်ရိုက်ကူးသွားမယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ်တုန်းက 'Zero' ရုပ်ရှင်ကို ဖြန့်ချိခဲ့ပြီးတဲ့နောက် ရုပ်ရှင်ရိုက်ကူးခြင်းမရှိတော့တဲ့ မင်းသားရှရွတ်ခန်းရဲ့ယခုရုပ်ရှင်မှာ မင်းသမီး Deepika Padukone နဲ့ မင်းသား John Abraham တို့လဲ ပါဝင်သွားကြမှာဖြစ်ပါတယ်။

ဒေသတွင်းမီဒီယာရဲ့ထုတ်ပြန်ချက်အရ မင်းသား ရှရွတ်ခန်းဟာ ဒါရိုက်တာ Siddharth Anand ရိုက်ကူးမဲ့ ယခုရုပ်ရှင်ကို မွမ်ဘိုင်းမြို့မှာရှိတဲ့ Yash Raj Films စတူဒီယိုမှာရိုက်ကူးသွားမှာဖြစ်ပါတယ်။


အဆိုပါသတင်းကြောင့် ၂ နှစ်နီးပါးကြာပြီးမှ ပြန်လည်ရိုက်ကူးမဲ့ မင်းသားရှရွတ်ခန်းရဲ့ရုပ်ရှင်အတွက် လူတော်တော်များများက စိတ်လှုပ်ရှားနေကြပါတယ်။

'Zero' ရုပ်ရှင်ပြီးနောက် ရိုက်ကူးရေးဆက်မလုပ်တော့တာနဲ့ပတ်သက်ပြီး မင်းသားရှရွတ်ခန်းက–

"ကျွန်တော် ခဏနားသင့်တယ်လို့ထင်ပါတယ်၊ ရုပ်ရှင်ကြည့်မယ်၊ ဇာတ်လမ်းတွေနားထောင်မယ်၊ စာအုပ်တွေဖတ်မယ်၊ ကျွန်တော့်ကလေးတွေတောင် တက္ကသိုလ်တက်နေကြပြီ၊ ကျွန်တော့်သမီးက ကောလိပ်တက်ရမယ်၊ ကျွန်တော့်သားက ဘွဲ့တွေပြီးအောင် လုပ်ရမယ်၊ ဒါကြောင့် ကျွန်တော့်ရဲ့ မိသားစုနဲ့ပဲ အချိန်ကို ကုန်ဆုံးချင်ပါတယ်"လို့ ပြောဆိုခဲ့ပါတယ်။ ။

**အေအမ်တီ**

Source; mizzimanews. com
bbc.com







# ဒီတစ်လမှတ်စုရာ စာအုပ်တော

မောင်ပေါလု

## ဗိုလ်မှူးသီဟသူရကျော်စံ

ရေးသူ-သီဟအောင်

စာရေးဆရာသီဟအောင်ရေးသားသည့် 'ဗိုလ်မှူးသီဟသူရကျော်စံ' စာအုပ်ထွက်ရှိလာသည်။ မြန်မာ့တပ်မတော်၏ စစ်သူရဲကောင်းတစ်ဦးဖြစ်သည့် ဗိုလ်မှူးသီဟသူရကျော်စံသည် ၁၉၇၀ ပြည့်နှစ်များအတွင်းက




အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း ရန်သူတို့ ဖိမ့်ဖိမ့်တုန်အောင်ကြောက်ရွံ့ခဲ့ရသူတစ်ဦးဖြစ်ပြီး သူ့အမည်ကို 'ဗိုလ်ကျည်ဆန်' ဟုပင်ခေါ်ဝေါ်ခဲ့ရသည်အထိ တိုက်ရည်ခိုက်ရည်တွင် ထူးချွန်ပြောင်မြောက်ခဲ့သူတစ်ဦးဖြစ်သည်။

ရန်သူကေအင်န်ဒီအို တပ်မဟာ(၁)က ဗိုလ်ကျည်ဆန်နှင့်ဝေးလေကောင်းလေဟုခံယူပြီး "ဗိုလ်ကျည်ဆန်နှင့် သူ၏စစ်တပ်ရှိသည့်နေရာမှ ၂၅ မိုင်ပတ်လည်အတွင်း ကေအင်န်ဒီအိုမှန်သမျှ မည်သည့်အကြောင်းနှင့်မျှရှိမနေရ" ဟုပင် အမိန့်ထုတ်ပြန်ခဲ့ရသည်အထိ ဗိုလ်မှူးကျော်စံကို ကြောက်ရွံ့ခဲ့ကြသည်။ ဤစာအုပ်တွင် ဗိုလ်မှူးကျော်စံ၏ ငယ်စဉ်ဘဝကစ၍ စစ်တက္ကသိုလ်ဗိုလ်လောင်းဘဝဖြတ်သန်းမှုများ၊ အရာရှိဘဝရောက်သည့်အခါ အမြဲတိုက်လိုခိုက်လိုစိတ်ပြင်းပြကာ ရန်သူများကို အလဲထိုးတိုက်ခိုက်ချေမှုန်းခဲ့ပုံများကို ဖတ်ရှုကြရမည်ဖြစ်သည်။ ဗိုလ်မှူးကျော်စံသည် တိုက်ပွဲပေါင်းမြောက်မြားစွာကို ဆင်နွှဲအောင်မြင်ခဲ့သလို တိုက်ပွဲတိုင်းတွင်လည်း ရန်သူ့ကျည်ဆန်ထိမှန်၍ မည်သည့်အခါမှမသေနိုင်သကဲ့သို့ယုံကြည်ထင်မှတ်ထားသည့်အလား ငယ်သားများရှေ့ကနေ ရဲရဲရင့်ရင့်တိုက်ပွဲဝင်ခဲ့သူလည်းဖြစ်သည်။

ဗိုလ်မှူးကျော်စံ နောက်ဆုံးတိုက်ပွဲဝင်ခဲ့သည့် ပွိုင့်(၆၃၀၃) တောင်ကုန်းတိုက်ပွဲတွင် သူ၏အလွန်ပြင်းထန်

သောတိုက်စိတ်ခိုက်စိတ်နှင့် ရဲဝံ့စွာကွပ်ကဲမှုပေး၍ တိုက်ခိုက်ခဲ့မှုကြောင့် ရန်သူဗကပတို့ အလွန်အထိနာခဲ့ပြီး ၎င်းတို့စစ်ရေးရည်မှန်းချက်တစ်ခုကိုပါ လက်လွှတ်ဆုံးရှုံးခဲ့ရသည်အထိ စစ်ရေးရလဒ်ကြီးမားစွာရရှိခဲ့ခြင်းကြောင့် နိုင်ငံတော်နှင့်တပ်မတော်အတွက် အတိုင်းအတာတစ်ခုအထိ အလုပ်အကျွေးပြုနိုင်ခဲ့သည်။ လူပင်သေသော်လည်း နာမည်မသေသူ ဗိုလ်မှူးသီဟသူရကျင်စံသည် မြန်မာ့သမိုင်းနှင့်နိုင်ငံ့သမိုင်းတွင် အစဉ်အမြဲမှတ်တမ်းတင်မော်ကွန်းထိုးရမည့် စစ်သူရဲကောင်းတစ်ဦးဖြစ်သည့်အတွက် မျိုးဆက်သစ်လူငယ်များ လေးစားအားကျအတုယူနိုင်ကြစေရန် ထုတ်ဝေလိုက်ခြင်းဖြစ်သည်။


ဤစာအုပ်ကို မျက်နှာဖုံးဒီဇိုင်း Moe Z ၏ လက်ရာဖြင့် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် မြဝတီစာပေတိုက်ကထုတ်ဝေပြီး တစ်အုပ်တန်ဖိုး ၃၀၀၀ ကျပ်ဖြင့် စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

## တံတားကလေးပေါ်မှာ ပင်ကိုရေးကလေးပုံပြင်များ

**ရေးသူ–မေဇွန်အေး**

စာရေးဆရာမမေဇွန်အေးရေးသားသည့် 'တံတားကလေးပေါ်မှာ ပင်ကိုရေးကလေးပုံပြင်များ' စာအုပ်ထွက် ရှိလာသည်။ ဆရာမ၏ မိုးသောက်ပန်းဂျာနယ်တွင်ရေးသားခဲ့သော ကလေးပုံပြင်များကိုစုစည်း၍ အင်္ဂလိပ်–မြန်မာနှစ်ဘာသာဖြင့် ထုတ်ဝေထားခြင်းဖြစ်သည်။

ဤစာအုပ်တွင် 'ကြောင်ကလေးရွှေဝါ၊ ခွေးကလေးဝတိုး' ပုံပြင်မှသည် 'ရတနာသုံးပါးဂုဏ်ကျေးဇူး' ပုံပြင်အထိ စုစုပေါင်းပုံပြင် ၂၄ ပုဒ်ပါဝင်သည်။ ဆရာမ၏ ကလေးပုံပြင်များသည် ကလေးများအတွက် ပျော်ရွှင်ကြည်နူးဖွယ်ရာများ၊ ငယ်ရွယ်စဉ်ကလေးဘဝကစ၍ လိုက်နာကျင့်သုံးဆင်ခြင်ဖွယ်ရာအလေ့အကျင့်များ၊ တစ်ပါးသူအပေါ်ထားရှိအပ်သော စိတ်ကောင်းစေတနာများကို ပုံဖော်ညွှန်ပြထားသည့်အတွက် မိဘများ




အတွက် မိမိရင်သွေးများကို မဖြစ်မနေဝယ်ယူဖတ်ရှုစေသင့်သည့်စာအုပ်ဖြစ်ပါသည်။

ယနေ့ခေတ်ကလေးများသည် ကျောင်းစာနှင့်သာ နပန်းလုံးနေကြရပြီး ပြင်ပသုတရသဆိုင်ရာ စာအုပ်စာပေများနှင့် အလှမ်းဝေးကွာလာလျက်ရှိကြသည်။ အားလပ်ချိန်များတွင်လည်း တိုးတက်လာသောနည်းပညာခေတ်အရ မိုဘိုင်းဖုန်း၊ တက်ဘလက်တို့ဖြင့်သာ အချိန်ကုန်နေတတ်ကြသည်။ စာအုပ်စာပေကပေးစွမ်းသော အသိအမြင်ဗဟုသုတများကို ရယူနိုင်ခြင်းမရှိကြတော့ပေ။ ထို့ကြောင့် အနာဂတ်ရင်သွေးများ၏မိဘများအနေဖြင့် မိမိတို့သားသမီးကလေးများကို စာအုပ်စာပေမှရသော အသိပညာများကို မျက်စိဖွင့်မိတ်ဆက်ပေးသင့်လှသည်။ ဆရာမမေဇွန်အေး၏ ကလေးပုံပြင်များကိုဖတ်ရှုခြင်းအားဖြင့် ကလေးတို့အတွက် စိတ်ခွန်အားနှင့်အသိဉာဏ်တို့ပွင့်လင်းကာ ရင်သွေးတို့အနာဂတ်


ထွန်းလင်းတောက်ပလာစေရန် အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါသည်။

ဤစာအုပ်ကို မျက်နှာဖုံးသရုပ်ဖော် ကိုသင်း၏ လက်ရာဖြင့် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် မင်းနဲ့ မေစာပေကထုတ်ဝေပြီး တစ်အုပ်တန်ဖိုး ၃၀၀၀ ကျပ်ဖြင့် စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

## ပြဒါးမှဲ့မှန်ကဗျာများ

**ရေးသူ–ပုလောစိုးနုံ့သာ**

ကဗျာဆရာပုလောစိုးနုံ့သာရေးသားသည့် 'ပြဒါးမှဲ့မှန်ကဗျာများ' စာအုပ်ထွက်ရှိလာသည်။ စာရေးသူ၏ ၂၀၁၄ ခုနှစ်၊ စာပေဗိမာန်စာမူဆု ကဗျာပေါင်းချုပ် ပထမဆုရကဗျာစာအုပ်ကို ဒုတိယအကြိမ်ပြန်လည်ထုတ်ဝေထားခြင်းဖြစ်သည်။ ဤကဗျာပေါင်းချုပ်စာအုပ်တွင် 'ယုံကြည်ရာကဗျာလမ်း' ကဗျာမှသည် 'ကဗျာဖြင့်နေထိုင်ခြင်း' ကဗျာအထိ ကဗျာပုဒ်ရေပေါင်း ၇၃ ပုဒ် ပါဝင်ပါသည်။




ကဗျာအားလုံးအပေါ် ခံစားစူးနစ်ကြည့်လိုက်သည့်အခါ အနုအလှအဖွဲ့အနွဲ့များကြားတွင် ငြိမ့်ညောင်းစွာစီးမျောသွားနိုင်သကဲ့သို့ လောက၏သရုပ်မှန်လမ်းကြောင်းပေါ်ကို ဖြတ်သန်းနင်းလျှောက်ရင်းဘဝအဓိပ္ပာယ်ကိုလည်း နားလည်လာစေရသည်။ စစ်မြေတလင်းက ပြည့်ရတနာတို့၏ဘဝကို လှမ်းမျှော်ကြည့်ရင်း စာနာစိတ်တို့ဖြစ်လာရသလို ရွှေပြည်သစ်၏အနာဂတ်ရောင်နီကိုလည်း ဝမ်းမြောက်ဖွယ်တွေ့ရစေသည်။ လှပသာယာသော မြန်မာ့မြေ၏နှစ်လိုဖွယ်ကောင်းသောကြည်နူးဖွယ်ပုံရိပ်တို့ကို ချမ်းမြေ့စွာခံစားရသလို သံဝေဂယူဖွယ် လူ့သဘာဝအဖြစ်တို့အပြင် ရှောင်လွှဲမရသောသခ်ၤါရသဘောတရားကိုလည်း စောကြောဆင်ခြင်မိရစေသည်။

ကဗျာဆရာ၏ အတွေ့အကြုံနှင့် ဖြတ်သန်းမှုဘဝတို့ကို ပေါင်းစပ်ခြယ်မှုန်းထားသည့် ပြဒါးမှဲ့မှန်ကဗျာများသည် ခေတ်ကိုလည်းမြင်၏။ ရင်တွင်လည်းငြိသလို ထိမိစွာသရုပ်ဖော်နိုင်သောကဗျာများဖြစ်သည်။ ကဗျာဆရာ၏ကွဲပြားခြားနားသော မိခင်မေတ္တာကို ဖော်ကျူးထားသည့် ကဗျာတစ်ပုဒ်က ဤသို့ပင်ဖြစ်သည်။


**'မေတ္တာရုပ်ပြ'**

တုန်လှုပ်ဖွယ်ရာ
တွယ်လာခွေကပ်၊ သန္ဓေမြတ်ကို
ခြွေသတ်ဖျက်ချ လူမိန်းမ။

ချုံပုတ်ကွယ်မှာ
ဘယ်ညာတွေးပိုက်၊ သားတစ်သိုက်ကို
နို့တိုက်ချစ်ကြင် ခွေးမိခင်။ ။

ဤစာအုပ်ကို မျက်နှာဖုံးဒီဇိုင်း စိုးမင်းအောင်၏ လက်ရာဖြင့် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် မိုးစာပေကထုတ်ဝေပြီး တစ်အုပ်တန်ဖိုး ၃၀၀၀ ကျပ်ဖြင့် စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။ ။

**မောင်ပေါလု**



# ဓမ္မပဒဝတ္ထု ‹သမြေဂုံ›

# ကယ်တင်သူ

(ပုဒ္ဓစာပန်းချီ)

ဟုတ်တယ်။ ကယ်တင်တဲ့သူတစ်ယောက်အကြောင်းပေါ့။ လောလည်ပေါ့ပြက်တဲ့မျောက်မတစ်ကောင်ကြောင့်ရယ်၊ တာဝန်မသိတဲ့မိန်းမတစ်ယောက်ရဲ့ ကိုယ်လွတ်ရုန်းချင်စိတ်နဲ့ မဆင်မခြင်အော်ဟစ်တပ်လှန့်မှုကြောင့်ရယ်၊ လူသားငါးယောက်ဒုက္ခရောက်တော့မယ့်အချိန်မှာ ဖြစ်ရပ်မှန်ကိုသိအောင်လုပ်ပြီး မဆိုင်တဲ့လူတွေဒုက္ခမရောက်အောင် ပညာပြခဲ့တဲ့အကြောင်းအရာလေးမို့ ပညာရဲ့တန်ဖိုးကို သိစေချင်လို့ပြောတာပါ။

နောက်ထပ်ပြောချင်တာကတော့ ယောကျ်ားရင့်မာကြီးတွေ အနှိပ်စက်အရိုက်နှက်ခံရမှာကြောက်လို့ ထင်ရာမြင်ရာပြောတာကြောင့် မဆိုင်တဲ့သူတွေ တစ်ယောက်ပြီးတစ်ယောက် အမှုတွဲထဲအတွဲလိုက်ပါလာရာကနေ ပြည့်တန်ဆာမက သူမယူတဲ့ကိစ္စကို မယူဘူးလို့ပဲ မကြောက်မရွံ့ပြောခဲ့တာကြောင့် ဆက်ပြီးတွဲဖက်ပါလာမယ့်သူတွေမရှိတော့တာပါ။ သူမသာ သတ္တိမရှိဘဲဆွဲထည့်ခဲ့ရင်တော့ အကျဉ်းထောင်ကြီးဆုံ့မှာတောင်မဟုတ်ပါဘူး။ မှန်သောစကားပြောဆိုမှုဟာလဲ အများစုချမ်းသာစေတာကို အတုယူစေချင်လို့ပါ။

တစ်ဦးတစ်ယောက်ရဲ့စဉ်းစားဉာဏ်အပြည့်နဲ့လုပ်ဆောင်မှုဟာ ဘယ်လောက်အကျိုးများတယ်ဆိုတာသိစေချင်တာနဲ့အတူ ဘာလုပ်လုပ် အမှုမဲ့၊ အမှတ်မဲ့မနေဘဲ စဉ်းစဉ်းစားစားလုပ်ဖို့ တိုက်တွန်းချင်တာလဲပါတာပေါ့။ ခုနပြောခဲ့တဲ့လူသားငါးယောက်ဟာ စဉ်းစားပြီးတော့ပြောဆိုပေမဲ့ ငါးယောက်စလုံး အချုပ်နှောင်ခံခဲ့ရပါတယ်။ ပညာရှိသူရဲ့စဉ်းစားလုပ်ကိုင်မှုကြောင့်သာ ငါးယောက်စလုံး လွတ်လပ်ခွင့်ရခဲ့တာပေါ့။

စပြီးအချုပ်အနှောင်ခံရတာက တာဝန်မဲ့မိန်းမတစ်ယောက်ရဲ့ မိမိကိုယ်ကို မိမိကာကွယ်ချင်စိတ်နဲ့ ဆင်ခြင်တုံတရားကင်းမဲ့ပြီး မဆင်မခြင်စကားလုံးတွေသုံးမိလို့ လူသားငါးယောက် ဒုက္ခတရားနဲ့ ရင်ဆိုင်ရတာပါ။

ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း မင်းပြုတော့ ဘုရားလောင်းက မင်းတိုင်ပင်အမတ်ဖြစ်နေပါတယ်။ တစ်နေ့တော့ ဗြဟ္မဒတ်မင်းဟာ ရေကစားချင်တာနဲ့ သူ့ရဲ့မောင်းမတွေကိုခေါ်ပြီး မင်းဥယျာဉ်ထဲက မင်္ဂလာရေကန်ကို သွားပါတယ်။

မောင်းမတို့ကလည်း ဘုရင်နဲ့အတူရေကစားရတော့မှာမို့ ဝတ်ဆင်လာတဲ့ လည်ဆွဲရတနာတွေကို ချွတ်ကာ သစ်ပင်အောက်မှာထားပြီး အစောင့်ကျွန်မတစ်ယောက်အား ထိန်းသိမ်းဖို့တာဝန်ပေးခဲ့တာပေါ့။

ဖြစ်ချင်တော့ သစ်ပင်ရဲ့ အကိုင်းအခက်အရွက်တွေကြားမှာက မျောက်မတစ်ကောင်ရှိနေတယ်။ အင်မတန်လော်လည်ပြီး ထော်လော်ကန့်လန့်နိုင်တဲ့မျောက်မပါ။ ဘုရင်ရဲ့မောင်းမတွေ လည်ဆွဲဆွဲနေခဲ့တာကိုကြည့်ပြီး သူပါ ဆွဲချင်နေတယ်။ ခက်တာက အစောင့်တစ်ယောက်ကလည်းရှိနေတာမို့ မယူရဲဘူး။ လက်ဝတ်တန်ဆာတွေကိုချွတ်ပြီး ထည့်စရာထဲထည့်နေတာတွေ့က တည်းက မျက်စိကျနေတဲ့ပုလဲသွယ်ကို ဆွဲချင်နေတာပါ။

ဘယ်အချိန် အစောင့်လစ်မလဲလို့ချောင်းနေတာပေါ့။ သတိဝီရိယကြီးကြီးနဲ့ ချောင်းနေတာမို့ ပစ္စည်းစောင့်အမျိုးသမီးလဲ အိပ်ငိုက်ရော သစ်ပင်ပေါ်ကနေ လျှင်လျှင်မြန်မြန်ခုန်ဆင်းပြီး ပုလဲသွယ်ကို နှိုက်ယူလိုက်ပါတယ်။

ပြီးတော့မှ အခြားမျောက်မတွေမြင်မှာကိုလည်း စိုးရိမ်မိတာနဲ့ သစ်ခေါင်းထဲဝှက်ထည့်ထားပြီး ဘာမှမယူသလိုလို တည်ငြိမ်ဟန်ဆောင်ပြီး တစ်နေရာကနေ ပုလဲသွယ်ကို စောင့်ကြည့်နေပါတယ်။ ဆွဲချင်လို့ ယူထားတာပဲ။ ဆွဲတော့ဆွဲချင်မှာပေါ့။ ဒါပေမဲ့ အခြားမျောက်မတွေ ဝိုင်းပြီးလုကြမဲ့ အန္တရာယ်တော့ရှိနေတယ်လေ။

အိပ်ပျော်သွားတဲ့ ကျွန်မကလဲ ရုတ်တရက်နိုးတော့ ပုလဲသွယ်မရှိမှန်းသိသွားပါတယ်။ တုန်လှုပ်ချောက်ချားပြီး မိန်းမညာဏ်နဲ့ အသံကုန်အသံပြဲကြီးနဲ့ ထအော်ပါတော့တယ်။ မအော်လို့လဲမဖြစ်ဘူးလေ။ အပြစ်က သူမအပေါ်ပုံကျတော့မှာမို့လား။

"ဝိုင်းဖမ်းပေးကြပါအုံးရှင့်၊ သူခိုး . . . သူခိုး . . . သူခိုး . . . ၊ သူခိုးဖမ်းပေးကြပါ၊ မိဖုရားရဲ့ပုလဲသွယ်ကို ရုတ်တရက်ခိုးယူပြီးအခုပဲ ထွက်ပြေးသွားပါတယ်၊ ဖမ်းပေးပါအုံးရှင့်"

× × ×

"အရှင်မင်းကြီး ရတနာတွေကို အစောင့်အဖြစ်ထားခဲ့တဲ့ကျွန်မကတော့ သူခိုးလို့အော်နေပါတယ်"

"ကဲ-ကဲ မင်းချင်းတို့ ပုလဲသွယ်ကိုခိုးသွားတဲ့သူခိုးကို ဖမ်းကြကုန်လော့"

မင်းခစားတို့ကလဲ မင်္ဂလာကန်ဝန်းကျင်ကို ပိုက်စိပ်တိုက်ရှာကြပါတယ်။

"ခိုးသူကိုဖမ်းကြဟေ့၊ မလွတ်စေနဲ့ဟ"

အော်ဟစ်ရှာဖွေနေကြတဲ့ မင်းချင်းတို့ရဲ့အသံကြောင့် အိမ်ရှင်ဇနပုဒ်သားဟာ ကြောက်လန့်ပြီး ထွက်ပြေးပါတယ်။

"လိုက်ဟေ့ . . . လိုက်ဟ၊ ခိုးတုန်းကခိုးပြီး ဖမ်းတော့မှထွက်ပြေးရသလားကွ၊ ဟေ့ကောင် ရပ် . . . ရပ်ဆို ရပ်"

ကြောက်လန့်နေတဲ့ဇနပုဒ်သားကို သူခိုးဆိုပြီးဖမ်းလိုက်တော့တယ်တဲ့။ ဘာမှမဆိုင်ဘူးနော်။ ငါမခိုးဘူးဆိုရင်လဲ ရိုက်ဟယ်နှက်ဟယ်နဲ့ အသားပိုနာတော့မယ်ဆိုပြီး ခိုးမိပါတယ်လို့ ဝန်ခံလိုက်တယ်။ ဒီလိုနဲ့ ဘုရင့်ဆီရောက်သွားပါတော့တယ်။

"သင်ဟာ ပုလဲသွယ်လည်ဆွဲကို ခိုးခဲ့မိသလား"

"ခိုးယူမိပါတယ်"

"ခိုးရင်လဲ အခုဘယ်မှာထားလဲ"

"အခုတော့ သူဌေးကြီးကို ပေးထားပါတယ်"

မင်းချင်းတို့လဲ သူဌေးကြီးကို ဆင့်ခေါ်ရတော့တာပေါ့။

"သူဌေးမင်း ပုလဲသွယ်လည်ဆွဲကို ယူခဲ့မိပါသလော"

"ယူခဲ့မိပါတယ်"

"ဘာဖြစ်လို့ အခုယူမလာရတာလဲ"

"အရှင်မင်းကြီးရဲ့ ပုရောဟိတ်ကိုပေးထားလို့ အခုပါမလာတာပါ"

ပုရောဟိတ်ကို မေးလိုက်တော့ စောင်းသမားကိုပေးထားပါတယ်။ စောင်းသမားကိုမေးတော့လဲ ပြည့်တန်ဆာမကိုပေးထားပါတယ်လို့သာ လျှောက်နေကြတယ်။

ဒါကြောင့် ဘုရင်ကြီးက ပြည့်တန်ဆာမကို မေးပြန်တယ်။

"ကဲ မိန်းကလေး ပုလဲသွယ်လည်ဆွဲကို စောင်းသမားထံကယူမိပါသလော"

"စောင်းသမားက ကျွန်တော်မျိုးမကို ပေးလဲမပေးလို့ ယူလဲမယူမိပါ"

ဘုရင်ကြီးစစ်ဆေးနေစဉ်မှာပဲ နေဝင်သွားတာနဲ့ ငါးယောက်စလုံးကိုခွဲပြီး အချုပ်ခန်းထဲထည့်ထားလိုက်ရတယ်။ ယခုချိန်အထိ ဖြစ်ရပ်မှန်ကို ဖွင့်ပြောတာဆိုလို့ ပြည့်တန်ဆာမတစ်ယောက်ပဲရှိသေးတယ်။ ကျန်တဲ့ယောကျ်ားတွေကတော့ ရိုက်မှာနက်မှာကြောက်ပြီး ပြောနေကြတာတွေပါ။ ဒါကြောင့်လဲ ဒီအမှုကို ဘုရင်ကြီးခေါင်းခဲနေတာကလွဲပြီး မဆုံးဖြတ်နိုင်တော့ဘူးပေါ့။

× × ×

အဆုံးဖြတ်ရခက်တဲ့အမှုကိုတော့ မင်းတိုင်ပင်ခံအမတ်က ပညာရှိပီပီ ပညာသားပါပါတွေးနေပါတယ်။

မင်းဥယျာဉ်ဆိုတာ အစောင့်ရှိတဲ့ဥယျာဉ်။ ပုလဲလည်ဆွဲရတနာပျောက်တာကလဲ ဥယျာဉ်တွင်းမှာပျောက်တာ။ ဥယျာဉ်ပြင်ပက ကျေးလက်သား ဝင်ခိုးဖို့ဆိုတာမလွယ်ဘူး။ အရိုက်အနှက်၊ အထိုးအကြိတ်ခံရမှာစိုးရိမ်ပြီး ခိုးမိတယ်လို့ ထွက်ဆိုတာဖြစ်ရမယ်။

မခိုးတဲ့ပစ္စည်း ပုရောဟိတ်ပေးခဲ့တယ်ဆိုတာကလဲ ပိုပြီးမဖြစ်နိုင်ဘူး။ ဖမ်းထားတဲ့သူအားလုံးကြောက်လန့်ပြီး ပြောမိပြောရာပြောကြတာနဲ့ပဲ အဖမ်းခံနေရတာဖြစ်မယ်။

ပြည့်တန်ဆာမတစ်ယောက်ပဲ အမှန်အတိုင်း မယူဘူးပြောလိုက်လို့သာ အဖမ်းခံရတဲ့သူငါးယောက်နဲ့ ရပ်သွားတာ၊ ဘယ်သူ့ပေးထားပါတယ်၊ ဘယ်ဝဲ့ပေးထားပါတယ် ပြောလိုက်လို့ကတော့ လွယ်မယ်မထင်ပါ။ တစ်ယောက်မှ သူခိုးမဖြစ်လောက်ဘူးလို့ တွေးမိပါတယ်။

ဘုရင့်ဥယျာဉ်မှာ မျောက်တွေအများကြီးရှိနေတာ။ ပုလဲလည်ဆွဲတန်ဆာဟာ မျောက်မတစ်ကောင်ကောင်ဆီမှာပဲရှိနေရမယ်။ မျောက်သတ္တဝါဟာ တုပတတ်တယ်။ လူသားတွေလုပ်သမျှ အတုလိုက်တုကြတာ။

အကြံသမား၊ ဉာဏ်သမား မင်းတိုင်ပင်အမတ်ဟာ ခေါင်းခဲစရာအမှုကို သူ့လက်အပ်ဖို့ ရဲရဲဝံ့ဝံ့တောင်းဆိုပါတော့တယ်။ 'ပညာရဲရင့် ပွဲလယ်တင့်'ဆိုတာ ဒါမျိုးပြောတာပါ။

"အရှင်မင်းကြီး အမှုမှန်ပေါ်အောင် ဤအမှုကို ကျွန်တော်မျိုးကိုင်တွယ်ဖြေရှင်းပါရစေ"

"ကောင်းပြီပညာရှိ၊ အသင်သာ စီရင်ဆောင်ရွက်ပါလော့"

စီရင်ပုံကတော့ ပညာသားပါလှပါတယ်။ အမှုစီရင်တဲ့အခါမှာ အရင်ဆုံးသံသယတွေ ကျေပျက်အောင် ချေဖျက်ရပါတယ်။

ပညာရှိအမတ်ဟာ သူ့စိတ်ထဲ တွေးထင်ထားတာတွေ မှန်၊ မမှန် စမ်းသပ်လို့ရအောင် သူခိုးလို့ အထင်ခံရသူတွေ သူခိုးမဟုတ်ကြောင်းပေါ်လွင်အောင် အခန်းတစ်ခုထဲမှာ ငါးဦးစလုံးကို အတူတူချုပ်ထားနိုင်းလိုက်ပါတယ်။

ပြီးတော့မှ သူတို့ငါးဦးပြောသမျှ ချောင်းနားထောင်ပြီးတာနဲ့ လူယုံတွေကို သတင်းပို့ခိုင်းတဲ့အထိ စီစဉ်ပုံ ပီပြင်လှပါတယ်။

× × ×

"ဟယ် ဇနပုဒ်သား အိမ်ရှင်ယောကျ်ား၊ သင့်ကိုလဲ ငါမသိ၊ ငါ့ကိုလဲ သင်မသိပါပဲလျက် ဘာပြုလို့ အမှုထဲ ငါ့ကိုဆွဲထည့်ရတာလဲ၊ သင့်ထံက ဘာတစ်ခုမှ ငါမရဖူးပါဘူး"

"ခွင့်လွှတ်ပါ သူဌေးမင်း၊ ပုလဲသွယ်လည်ဆွဲရတနာဆိုတာ မြင်လဲမမြင်ဖူးပါ၊ သိတယ်ဆိုရင် သူဌေးမင်းက လွှတ်ပေးမယ်ထင်လို့ ကြောက်ကြောက်လန့်လန့်နဲ့

ပြောမိပြောရာပြောခဲ့တာမို့ ကျွန်တော့်ကို ခွင့်လွှတ်ပါ"

"ဆိုပါအုံး သူငွေးမင်းရယ်၊ ဇနပုဒ်သားက သင့်ကို မပေးတဲ့ အဲဒီပုလဲသွယ်လည်ဆွဲရတနာကို များ ကျုပ်လိုပုရောဟိတ်ကို ပေးရတယ်လို့"

"ဒီလိုရှိပါတယ် ပုရောဟိတ်ကြီး၊ ကျုပ်တို့နှစ်ယောက်ဟာ ဥစ္စာရှင်ကြီးတွေဖြစ်တာမို့ နှစ်ယောက်ပူးပေါင်းကြံခဲ့ရင်တော့ လျင်လျင်မြန်မြန် အမှုက လွတ်နိုင်တယ်လို့ ထင်မိတာနဲ့ ဆွဲထည့်လိုက်တာပါ"

စောင်းသမားကလဲ သူ့ကို လည်ဆွဲအမှုထဲဆွဲထည့်တာ မခံနိုင်ပါဘူး။ ဘာပြုလို့ ခုလိုမျိုးလုပ်လိုက်ရတာလဲဆိုတော့ ပုရောဟိတ်ကြီးက သင်နဲ့သာအတူနေရရင် ဂီတရဲ့အစွမ်းအစနဲ့ ဆင်းရဲတာတွေ ဖြေဖျောက်နိုင်မယ်ထင်လို့ပြောလိုက်တာပါ၊ ငါ့ကို ခွင့်လွှတ်ပါကွာလို့ တောင်းပန်ပါတယ်။

ပြည့်တန်ဆာမကတော့ စောင်းသမားကို မကျေနပ်ပါဘူး။ ရှင်တို့ဟာ ယောကျ်ားတွေဖြစ်ပြီး ကြောက်စိတ်နဲ့ အမှန်တရားကို ဖုံးကွယ်ခဲ့တဲ့အတွက် တစ်ယောက်ပြီးတစ်ယောက် အမှုထဲပါလာရတယ်။ ကျွန်မသာ ကြောက်လန့်တကြားနဲ့ ဆွဲထည့်လိုက်ရင်တော့ တစ်ယောက်ပြီးတစ်ယောက်နဲ့ အချုပ်ခန်းဆီမှာတောင်မဟုတ်ဘူး။ ကျွန်မက မယူဘူးပြောလိုက်လို့သာ ဒီလောက်နဲ့ရပ်သွားတာ။

ကဲ – စောင်းဆရာ ကျွန်မကို သိလဲမသိဘဲနဲ့ ဘာဖြစ်လို့အမှုထဲ ဆွဲထည့်ရတာလဲလို့မေးတော့ မင်းနဲ့သာအတူနေရရင် ကိုယ့်အိမ်ကိုယ့်ရာမှာနေရသလို ချမ်းသာမှာလို့တွေးပြီး ဆွဲထည့်မိတာပါနှမငယ်လို့ ပြန်ဖြေပါတယ်။

ပညာရှိအမတ်လွှတ်ထားတဲ့သူတွေဟာ ချောင်းနားထောင်ထားသမျှတွေကို ပြန်ပြောပြပါတယ်။ ဒီငါးယောက်ဟာ သူခိုးတွေမဟုတ်ဘူးဆိုတာ ပညာရှိအမတ်သိသွားပါတယ်။

ဥယျာဉ်တော်ထဲကမျောက်မတစ်ကောင် ယူတာဖြစ်မှာလို့တွေးပြီး မျောက်မတွေကိုဖမ်းကာ ချည်ထုံးနဲ့လုပ်ထားတဲ့လည်ဆွဲကို ဆွဲပေးပြီး ပြန်လွှတ်ထားလိုက်ပါတယ်။ ပုလဲသွယ်ရတနာလည်ဆွဲကိုခိုးထားတဲ့ မျောက်မကလဲ ပုလဲသွယ်လည်ဆွဲကိုစောင့်ကြည့်ရင်း ဥယျာဉ်ထဲမှာ ရှိနေပါတယ်။

လည်ပင်းမှာ ချည်ထုံးလည်ဆွဲ အဆွဲခံရတဲ့မျောက်မတွေကလဲ ရွှင်ရွှင်မြူးမြူးနဲ့ ဒီကဟို ဟိုကဒီ ကြွားကြွားဝင့်ဝင့် သွားပြ၊ လာပြတာကိုမြင်ရတဲ့အခါမှာ ရိုးတိုးရွတဖြစ်လာတဲ့မျောက်သူခိုးမဟာ ပုလဲသွယ်ရတနာကို ဝှက်ထားရာကထုတ်ပြီး လည်မှာဆွဲပါတော့တယ်။

ဒါကို အသင့်စောင့်ဆိုင်းနေကြတဲ့ ပညာရှိအမတ်ရဲ့လူတွေက မျောက်မကို ခြောက်လှန့်လွှတ်ပြီးနောက် ပုလဲသွယ်လည်ဆွဲရတနာကို ပညာရှိအမတ်ထံအပ်နှံလိုက်ပါတယ်။

ဘုရင်ကြီးလဲ သူကိုယ်တိုင်မစီရင်နိုင်တဲ့၊ အလိမ်အကောက်များတဲ့အမှုကို လွယ်လွယ်ကူကူပဲဖြေရှင်းလိုက်နိုင်တဲ့ ပညာရှိအမတ်ကို လွန်စွာလေးစားမြတ်နိုးသွားပါတယ်။

'နှစ်ဖက်ရင်ဆိုင် စစ်ထိုးရတဲ့အခါမှာ ရဲရင့်သူကို လိုချင်တယ်၊ လျှို့ဝှက်စကားကို ပြောဆိုရာမှာ နှုတ်လုံသူကိုသာ လိုချင်တယ်၊ အရသာရှိတဲ့အစားအစာစားရတဲ့အခါမှာ ချစ်သူကိုသာလိုချင်တယ်၊ နက်နဲခက်ခဲတဲ့ပြဿနာကြုံတဲ့အခါမှာ ပညာရှိသူကိုသာ လိုချင်ပါတယ်' ဆိုတာကို ဘုရင်ကြီးနားလည်သွားပါတော့တယ်။

အဲဒီနောက် မတရားချုပ်နှောင်ခံထားရတဲ့ ငါးယောက်လဲ အချုပ်အနှောင်က လွတ်မြောက်သွားပါတယ်။

နှလုံးရည်ပြည့်ဝတဲ့တစ်ဦးတစ်ဦးရဲ့ လုပ်ဆောင်မှုမှန်သမျှဟာ နီးစပ်ရာအားလုံးကို ချမ်းသာမှုပေးစွမ်းနိုင်တာမို့ ဆင်ခြင်ဉာဏ်အပြည့်နဲ့ တွေးတွေးဆဆ၊ နှိုင်းနှိုင်းချိန်ချိန်ဖြင့် တွေးကြံနိုင်၊ ပြောနိုင်၊ လုပ်နိုင်ကြပါစေ။ ။

**မောင်သုဆွေ(သပြေရုံ)**

**ကိုးကား။ ငါးရာ့ငါးဆယ်ဇာတ်
ဝတ္ထု 'လိတ္တဇာတ်၊ မဟာ
သာရဇာတ်'။**

## လမ်းသိပါလျက်


တစ်ခါတလေ၊ ဘဝခြေကြောင့်
စိတ်နေကောင်းလျက်၊ သီလပျက်၍
အရှက်တရား၊ ဘေးမဲ့ထားရင်း
ခရီးပြင်းမှာ၊ စီးနင်းပါကြ
သီလရင်တွင်း၊ သို့ဝှက်ခြင်းဖြင့်။

တစ်ခါတစ်ရံ၊ လောကဓံကြောင့်
စိတ်မှန်ရှိလျက်၊ အဆိုးဖက်၍
ဝမ်းရေးတွက်တာ၊ မှားခဲ့ကြာရင်း
ခရီးပြင်းတွင်၊ စီးဆင်းနှင့်ကြ
သီလရင်မှာ၊ သို့ဝှက်စွာဖြင့်။


သီလကိုမေ့၊ ဗိုက်ကိုဖြည့်ဖို့
တွေ့မြင်မှန်မှား၊ မပိုင်းခြားနိုင်
စားဝတ်နေရေး၊ တစ်ထွာတွေးလျက်
သေဘေးမမှု၊ မကောင်းပြု၏
လက်ရှိအမော၊ ငါသာလောဟု
စောကြောမတင်း၊ ရှေ့ဆက်ရင်းဖြင့်
စီးနင်းမျှောပါ၊ သံသရာခရီး
ကိုယ်ချည်းထင်လား၊ များမှများစွာ။


ဩော်
စိတ်ကောင်းရှိလျက်၊ သီလပျက်သူ
တရားရှိလျက်၊ အမှားဖက်သူ
လမ်းသိပါလျက်၊ အပြန်ခက်သူ
စိတ်ကောင်းရှိသူ၊ စိတ်ညံ့သူဟု
ဘာကိုစံပြု၊ အဖြေစုမှ
ဘဝနွံထဲ၊ တောမျက်မည်းမှာ
အားလုံးသူငါ ဝဲလည်ချာ။ ။

ရှုယ်အို



လက်ဖက်ရည်ဆိုင်မှာ သူတို့အုပ်စုထိုင်နေတာတွေ့တော့ ကိုသိန်းကျော်မောင်၏ မျက်နှာသည် ပြုံးဖြီးဖြီးဖြစ်သွားသည်။ ထို့နောက် ကွမ်းချေးအထပ်ထပ်တက်နေသည့် မည်းညစ်ညစ်သွားများအားလုံးကိုလှစ်ဖော်ပြရင်း လှမ်းနှုတ်ဆက်သည်။ သူတို့အားလုံး စိတ်မသက်မသာဖြစ်သွား၏။ လျှော့ရိလျှော့ရဲအပြုံးကိုယ်စီနှင့် မလွှဲသာမရှောင်သာတဲ့ပြန်ရ၏။ မတတ်နိုင်။ တစ်လမ်းတည်းသားချင်းတွေဆိုတော့လည်း ရပ်ဆွေရပ်မျိုးအဖြစ်သတ်မှတ်ကာ အလိုက်အထိုက်ဆက်ဆံပေါင်းသင်းရသည်။ တတ်နိုင်သမျှ အောင့်အည်းသည်းခံပေးရသည်။






# ဗိုင်းရပ်စ်ဝတ္ထုနှင့် ဖြစ်တည်ရှင်သန်ခြင်း

ခွန်နိုး၊ စက်မှုတက္ကသိုလ်၊

ကိုသိန်းကျော်မောင်က ထိုင်ခုံတစ်လုံးကိုဆွဲယူရင်း သူတို့ဝိုင်းမှာ ဝင်ထိုင်သည်။ ကောင်တာဘက်သို့ ကိုယ်တစ်ခြမ်းလှည့်ကာ လက်ညှိုးတစ်ချောင်းထောင်ပြသည်။ သောက်နေကျ လက်ဖက်ရည်ကျဆိမ့်တစ်ခွက်ကို မှာယူခြင်း။

"ကိုဗစ်ပြဿနာဟာ ပေါက်ဖော်ကြီးတို့ရဲ့ကစားကွက်ဆိုတာ တဖြည်းဖြည်းရုပ်လုံးပေါ်လာပြီဗျ"

လက်ဖက်ရည်ရောက်မလာမီ လူတိုင်းရဲ့စိတ်အာရုံမှာ သေချာပေါက်လွှမ်းမိုးကြီးစိုးနေမည့် 'ကိုဗစ်-၁၉' ဗိုင်းရပ်စ်အကြောင်းဖြင့် စကားဝိုင်းကို



ခင်းကျင်းသည်။ ကိုသိန်းကျော်မောင်ရောက်မလာမီက သူတို့လည်း 'ကိုဗစ် – ၁၉'အကြောင်း ပြောနေကြတာပါပဲ။ သို့သော် ကိုသိန်းကျော်မောင်က ဗိုင်းရပ်စ်အကြောင်းကိုပြောလာသောအခါ သူတို့မှာ ဆက်လက်ပြောဆိုဆွေးနွေးလိုစိတ်များ ကုန်ခန်းသွားသည်။ နားနှင့်မဆံ့သည့်စကားကြီးစကားကျယ်များ၏ဒဏ်ကို မခံစားလို၍ဖြစ်သည်။

"အားလုံးသိကြတဲ့အတိုင်းပဲလေ၊ ဒီဗိုင်းရပ်စ်ဖောက်လမ်းက ဝူဟန်မြို့က စဖြစ်တာ၊ လူတွေမှာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါဆန်းတစ်မျိုး ရုတ်တရက်ကူးစက်ခံလိုက်ရပြီး မယုံချင်စရာပမာဏနဲ့ အစုလိုက်၊ အပြုံလိုက် ကြောက်မခမ်းလိလိ သေကျေပျက်စီးကုန်တယ်၊ စီးပွားရေးတွေထိုးကျသွားတယ်၊ ကုန်သွယ်မှုတွေရပ်ဆိုင်းတယ်"

စားပွဲထိုးလေးက လက်ဖက်ရည်လာချပေးသဖြင့် ကိုသိန်းကျော်မောင်က ပြောလက်စစကားကို ဖြတ်ရပ်လိုက်သည်။

ထိုအခြေအနေကို အခွင့်ကောင်းယူကာ ကိုသန်းဆွေအောင်က ထိုင်ရာမှထကာ မယောင်မလည်နှင့် ဆိုင်ထဲမှထွက်သွား၏။

"ကုန်သွယ်မှုတွေရပ်ဆိုင်းသွားလို့ တရုတ်မှာအခြေစိုက်တဲ့ အမေရိကန်နဲ့ဥရောပကုမ္ပဏီတွေရဲ့ ရှယ်ယာဈေးတွေ ၄၀ ရာခိုင်နှုန်းအထိ ထိုးကျသွားတယ်"

စကားဝိုင်းမှာ လူတစ်ယောက်လျော့နည်းသွား၍ကျန်နေသူများက သူ့စကားကို အလေးအနက်ပိုမိုထားပြီး ဂရုစိုက်နားထောင်ချင်အောင် ကိုသိန်းကျော်မောင်က ကိန်းဂဏန်းများကို ထည့်သွင်းကိုးကားလျက် တိတိကျကျ၊ ခိုင်ခိုင်မာမာပြောသည်။

"ဗိုင်းရပ်စ်က ကမ္ဘာ့နိုင်ငံအတော်များများကို လျင်လျင်မြန်မြန်ပဲ ပျံ့နှံ့သွားတယ်၊ ရောဂါကပ်ဘေးဆိုးသင့်ကြရတယ်၊ အသေအပျောက်က ထိတ်လန့်စရာကိန်းဂဏန်းဖြစ်လာတယ်၊ ကမ္ဘာကြီးရောဂါကပ်ဘေးသင့်ပြီ၊ လုပ်ငန်းတွေ ရပ်ဆိုင်းလုနီးနီးဖြစ်သွားတဲ့ အမေရိကန်နဲ့ ဥရောပကုမ္ပဏီတွေရဲ့ရှယ်ယာ ၃၀ ရာခိုင်နှုန်းကို အပေါ်ဆုံးဈေးနဲ့ တရုတ်ကဝယ်တယ်"

ဟုတ်၊ မဟုတ်တော့မသိ။ နားထောင်၍တော့ ကောင်း၏။

"အမေရိကန်နဲ့ ဥရောပကုမ္ပဏီတွေရဲ့ ရှယ်ယာတွေကို တရုတ်ကဝယ်ယူပြီးတဲ့နောက်မှာ ဗိုင်းရပ်စ်ပိုးကို ထိန်းချုပ်နိုင်ပြီလို့ ကြေညာတယ်၊ ကုမ္ပဏီတွေကို တရုတ်တို့က သူတို့စိတ်ကြိုက် ထိန်းချုပ်စီမံနိုင်ခွင့်ကို ပိုင်ဆိုင်သွားတယ်၊ ဒီဖြစ်စဉ်ကနေ တရုတ်တို့က ဒေါ်လာဘီလီယံ နှစ်သောင်းကျော်လောက် အမြတ်ထုတ်နိုင်ခဲ့တယ်၊ ဘယ်လောက်လှတဲ့ကစားကွက်လဲဗျာ"

ကိုသိန်းကျော်မောင်၏စကားအရှိန်လျော့အကျမှာ တင်မောင်ကြိုင်က ခပ်ထွေထွေပြုံးရင်းမေးလေသည်။

"လွယ်လှချေလားကွီးရယ်၊ ဓာတ်ရှင်တွေထဲက အတိုင်းပဲနော်၊ ဟဲ . . . ဟဲ . . ."

ခပ်အုပ်အုပ်ရယ်သံအချို့ကြောင့် ကိုသိန်းကျော်မောင်၏ မျက်နှာပိုမည်းသွားသည်။ ထွက်လာသောအမျက်ဒေါသကို မကြီးထွားအောင် အချိန်မီချုပ်ထိန်းလိုက်သည်။ လူကြီးလူကောင်းတို့၏ စိတ်သဘောထားကြီးမြတ်ပုံမျိုးဖြင့် မသိကျိုးကျွန်ပြုကာ သည်းခံခွင့်လွှတ်လိုက်သည်။ ထို့နောက် တင်မောင်ကြိုင်ကို ခပ်စိန်းစိန်းစိုက်ကြည့်ပြီး အေးတိအေးစက်မေးသည်။

"ညီ စဉ်းစားလေ၊ ဒီဗိုင်းရပ်စ်ဟာ တရုတ်နဲ့ လျှို့ဝှက်မဟာမိတ်ဖြစ်တဲ့ ရုရှားနဲ့မြောက်ကိုရီးယားမှာ ဘာကြောင့်ထိခိုက်မှုမဖြစ်တာလဲ၊ ဖြစ်တယ်ဆိုရုံလေး အင်မတန်နည်းရတာလဲ၊ တရုတ်မှာလဲ ဝူဟန်ပဲထိပြီး ပေကျင်းတောင် ဘာလို့မထိရတာလဲ"

တင်မောင်ကြိုင်က မဖြေနိုင်။ မပွင့်တပွင့်ပြုံးပြီး မေးဆတ်ပြသည်။ 'ဆက်ပြောပါ'ဆိုသည့် အဓိပ္ပာယ်။ ကိုသိန်းကျော်မောင်က အောင်ပွဲရစစ်သူကြီးကဲ့သို့ပြုံးသည်။ ပြီးနောက် စေးစေးပိုင်ပိုင်လေသံဖြင့် ခပ်ချေချေပြောသည်။

"တရုတ်က သေသေချာချာ ပြင်ဆင်ထားခဲ့တာကွ၊ ဗိုင်းရပ်စ်ကြေညာပြီး သုံးပတ်အကြာမှာ ခုတင်သောင်းနှစ်ထောင်ဆံ့ဆေးရုံကို ဆယ့်လေးရက်အတွင်းဆောက်ခဲ့တယ်၊ မယုံနိုင်စရာကောင်းအောင် နှစ်ပတ်အတွင်းမှာ အပြီးအစီးလုပ်ဆောင်သွားတာနော်၊ တစ်နေ့ကပဲ သူတို့ဟာ ဗိုင်းရပ်စ်ကိုထိန်းချုပ်နိုင်ပြီ၊ ကာကွယ်ဆေးလဲတွေ့ပြီလို့ ကြေညာတယ်၊ ဗိုင်းရပ်စ်ရဲ့မျိုးဗီဇဆိုင်ရာ သတင်းအချက်အလက်တွေ မရသေးဘဲနဲ့ ဘာလို့ အဲဒီလောက်မြန်ရတာလဲ၊ တကယ်လို့ မင်းသာ ဒီဗိုင်းရပ်စ်ကို မွေးမြူဖြန့်ဖြူးခဲ့တဲ့ ဗိုင်းရပ်စ်ပိုင်ရှင်ဆိုရင်တော့ ဒီကိစ္စအားလုံးကို ဘာအခက်အခဲမှမရှိဘဲ လုပ်နိုင်မှာပေါ့ကွာ၊ မဟုတ်ဘူးလား"

ကိုသိန်းကျော်မောင်ကတော့ 'ဆားပုလင်းနှင်းမောင်'၏ ဟန်ပန်လေသံဖြင့် သူ့ကိုယ်သူအဟုတ်ကြီးလုပ်ပြီး ဆက်ပြောနေသည်။ ကျန်လူများက ကိုသိန်းကျော်မောင်၏ ပြောပုံဆိုပေါက်ကို နားကလောလှပြီ။ အမှုအရာကို မျက်စိ စပါးမွေးစူးလှပြီ။ နားကို အခမ့်ပြုကျင့်နေသည့်စကားဝိုင်းမှ ကျောခိုင်းထွက်ခွာချင်ကြပြီ။ ကိုသိန်းကျော်မောင်ကမူ သူ့အရှိန်နှင့် သူ ဆက်လိုမ့်နေ၏။

"ဒီဗိုင်းရပ်စ်ကြောင့် တရုတ်မှာရှိတဲ့ အနောက်အုပ်စုပိုင်ကုမ္ပဏီတွေဟာ စီးပွားရေးတစ်ရှိန်ထိုးကျဆင်းနေပြီ၊ အမေရိကန်နဲ့ ဥရောပကုမ္ပဏီတွေရဲ့ နည်းပညာတွေ၊

အရင်းအနှီးတွေကို တရုတ်လက်ထဲ ထိုးအပ်ရတော့မယ်၊ မကြာခင်မှာ တရုတ်ကပစ္စည်းတွေကို သူတို့လို ချင်တဲ့စိတ်ကြိုက်ဈေး သတ်မှတ်ပြီး အနောက်အုပ်စုထံ ဖြန့်ချိရောင်းချလိမ့်မယ်"

ဆက်လက်သည်းမခံနိုင်သည့်ဦးသန်းဝင်းက သောက်လက်စရေနွေးခွက်ကို စားပွဲပေါ်သို့ ဆောင့်ချလိုက်သည်။ ပြီးနောက် မျက်နှာရှစ်ခေါက်ချိုးဖြင့် ဘယ်သူ့ကိုမှ နှုတ်မဆက်ဘဲ စကားဝိုင်းမှထွက်ခွာသွားသည်။ ဦးသန်းဝင်း၏ ရိုင်းပျပျအပြုအမူကို ကိုသိန်းကျော်မောင်က မနှစ်မြို့ဟန်နှင့် နှာခေါင်းရှုံ့ပြီး မျက်နှာမဲ့သည်။ ပခုံးတွန့်လျက် စကားဆက်၏။

"လက်ရှိအချိန်မှာ အမေရိကန်က ကမ္ဘာမှာစွမ်းရည်အမြင့်ဆုံး စစ်တပ်ကြီးကို ပိုင်ဆိုင်ထားတယ်၊ တရုတ်က ဘယ်လိုမှမယှဉ်နိုင်ဘူး၊ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ကလဲ သူ့နိုင်ငံစီးပွားရေးပြန်ကောင်းလာပြီလို့ ခဏခဏပြောနေတယ်၊ အမေရိကန်ကိုယှဉ်ပြိုင်နိုင်ဖို့ တရုတ်မှာ နည်းလမ်းတစ်ခုပဲကျန်တယ်၊ အဲဒါကတော့ ပြိုင်ဘက်ကို စီးပွားရေးဖရိုဖရဲဖြစ်အောင်လုပ်ပြီး ပြိုကွဲပျက်စီးစေနိုင်မဲ့အခြေအနေတစ်ခု ဖန်တီးပြုလုပ်အလဲထိုးဖို့ပဲ၊ 'ကိုဗစ်– ၁၉'ဆိုတာ အဲဒီအချိန်မှာပေါ်လာတာ"

ကိုသိန်းကျော်မောင်က ကမ္ဘာရေးရာ အထူးကျွမ်းကျင်သူက ရုပ်မြင်သံကြားစကားဝိုင်းမှာ ပါဝင်ဆွေးနွေးနေသလို မှင်မောင်းအပြည့်အာပေါင်အာရင်းသန်သန်ဖြင့် ဆက်ပြောနေသည်။ သူ့အပြောနှင့် သူ့ဟန်ပန်က သူ့ယုံကြည်ချက်ကြောင့် လွှမ်းမိုးကြီးစိုးမှုစွမ်းပကားကို ဖြစ်ပေါ်စေသည်။ ကျန်လူများ ဇဝေဇဝါဖြစ်ကုန်၏။ ဟုတ်လိမ့်နိုးနိုး ထင်ယောင်ထင်မှားဖြစ်ကုန်၏။

"တကယ်တော့ ဒီဗိုင်းရပ်စ်တွေဟာ ပြရုပ်သက်သက်ပါ၊ သူတို့လိုချင်တဲ့ အခြေအနေတစ်ခုကို ဆိုက်ရောက်သွားတဲ့အခါ စီးပွားရေးပြိုလဲသွားတဲ့နိုင်ငံတွေရဲ့ စတော့ရှယ်ယာတွေကိုဝယ်မယ်၊ ပြီးရင် ဗိုင်းရပ်စ်ဖြေဆေးရှာတွေ့ပြီလို့ ကြေညာမယ်၊ အနှစ်ချုပ်က ဒါပဲ၊ ကောင်လေးတစ်ယောက်လာစမ်းဟေ့၊ ဒီဝိုင်းဘယ်လောက်ကျလဲ၊ ရှင်းမယ်"

သူတို့စားသောက်ထားတာတွေကို ကိုသိန်းကျော်မောင်က ငွေရှင်းမည်ဆိုသောအခါ မှုန်ကုပ်ကုပ်ဖြစ်နေသောမျက်နှာများ ကြည်လင်ဝင်းပသွားသည်။ ကိုသိန်းကျော်မောင်ကို အကြားအမြင်ဗဟုသုတများသူအဖြစ် အထင်ကြီးလေးစားဟန် ချက်ချင်းဆောင်လိုက်ကြသည်။ အကယ်၍သာ သည်ဝိုင်းကို ကိုသိန်းကျော်မောင်က ငွေမရှင်းခဲ့လျှင်တော့ . . .။

× × ×

ထိုနေ့မှာပဲ စောင့်ကြည့်လူနာလူနာနှစ်ဦး ဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကကြေညာသည်။ လူများထိတ်လန့်တုန်လှုပ်ချောက်ချားသွားသည်။

ကမ္ဘာတစ်ခွင် ကပ်ရောဂါအသွင်ဖြစ်အောင် တွင်တွင်ကျယ်ကျယ် ကူးစက်ပြန့်ပွားနေသောဗိုင်းရပ်စ်တွေက သူတို့ဌာနီရွှေပြည်ကြီးကို ဘာကြောင့်များ 'မျက်စိလျှမ်းကာ ချမ်းသာပေးထားသလဲ' ဆိုသည့် ဒွိဟသံသယမေးခွန်းများ ကွယ်ပျောက်သွား၏။ ကိုဗစ်မှာ မဟာမိတ်မရှိတာ သဘောပေါက်သွား၏။

တစ်ပြည်လုံး ခြေမကိုင်မိလက်မကိုင်မိနှင့် ပျာပျာသလဲဖြစ်ကုန်၏။ "ဆန်ဝယ်ပါအုံးဟဲ့၊ ဆီဝယ်ပါအုံးဟဲ့၊ တာရှည်အထားခံမဲ့ ငါးခြောက်ငါးခြမ်းနဲ့ ပဲတို့၊ အာလူးတို့ အိမ်မှာ ဘယ်လောက်ကျန်သေးလဲ၊ ကြည့်စမ်းပါအုံး – နည်းရင်သွားဝယ်"

"မြန်မြန်ပြေး၊ ဈေးတက်ကုန်လိမ့်မယ်၊ အောက်ထစ် တစ်လစာ၊ နှစ်လစာလုံလောက်ပါစေ၊ ပိုက်ဆံကောရှိရဲ့လား၊ ဝက်အူချောင်းတို့၊ ငါးသေတ္တာတို့ကိုလဲ ဝယ်ဖို့မမေ့ကြနဲ့ဟဲ့၊ ငါ့အတွက် လက်ဖက်သားလေးလဲ ခပ်များများ ဝယ်ထား"

ပတ္တူအုံကို တုတ်ထိုးမိသလို လူအများ လှုပ်လှုပ်ရှားရှား၊ ပြေးပြေးလွှားလွှားဖြစ်ကုန်၏။ ထိုနေ့မနက်က သူတို့အိမ်ရှေ့မှဖြတ်သွား

သမျှ ဆိုက်ကားတိုင်းလိုလိုမှာ ဆန်အိတ်ပိုင်းလေးများ ကိုယ်စီတင်သွား၏။ ခေါက်ဆွဲခြောက်ဖာများ စီထပ်တင်သွား၏။ ဘူးမျိုးစုံလည်း ပါ၏။ ဈေးခြင်းတောင်းတိုင်းမှာ စားကုန်တွေအပြည့်။ သူ့ဇနီးလည်း လိုရမည်ရဟုဆိုကာ ဆန်တစ်အိတ်ပြေးဝယ်သည်။

"ဆန်ဈေးတွေက နေ့ချင်းညချင်း တက်သွားလိုက်တာတော်၊ မတရားပဲ၊ ပြီးခဲ့တဲ့အပတ်က လေးသောင်းခွဲဆိုလို့ ဈေးများတယ်ထင်ပြီး မဝယ်မိခဲ့တဲ့ဆန်အိတ်ကို အခုငါးသောင်းရှစ်ထောင်ရအောင် မနည်းဈေးဆစ်ပြီး ဝယ်လာခဲ့ရတယ်"

"ဈေးတက်မှာပေါ့၊ လူတွေက အသည်းအသန်အလုအယက်နဲ့ မဟားတရားဝယ်နေကြတာကိုး၊ ဝိသမလောဘသားတွေအတွက် ဖုတ်သွင်းရထားဆိုက်တာပေါ့၊ သူတို့ကတော့ မျက်ဖြူဆိုက်လေ ဆရာကြိုက်လေဆိုပြီး ဈေးတက်ပစ်တာပေါ့"

သူ့စကားကြောင့် ဇနီးက မျက်စောင်းချီးမြှင့်သည်။ နောက်မှ အောက်ကလီအာသံဖြင့် –

"ဆိုင်ကပြောတာတော့ အခုမှ ဈေးတက်တာမဟုတ်ပါဘူးတဲ့၊ အရင်နေ့တွေကတည်းက တက်ရိပ်ပြနေတာပါတဲ့၊ နောက်ဆိုဝယ်လို့တောင်ရပါ့အုံးမလားမသိဘူးဆိုပဲ၊ ပွဲရုံတွေ၊ ဂိုဒေါင်တွေမှာဆန်ရှိပေမဲ့ သူဌေးတို့၊ မန်နေဂျာတို့က ဗိုင်းရပ်စ်ကြောက်လို့ဆိုပြီး ရောက်မလာကြဘူးတဲ့၊ ထုတ်မရောင်းဘဲ လှောင်ထားချင်ပုံရတယ်၊ ဈေးကွက်တွေကမောက်ကမဖြစ်နေတယ်ဆိုလား၊ ဘာလား"

ဇနီးကကြားခဲ့သမျှ ဈေးစကားများကို ထပ်ဆင့်ဖောက်သည်ချသည်။ သူက မဲ့ကာရွဲ့ကာပြောလိုက်သည်။

"ပေါက်တတ်ကရတွေပါကွာ၊ ဈေးတက်ယူလို့ကောင်းအောင် ပါးစပ်ထဲတွေ့တာကို လျှာအရိုးမရှိတိုင်း ပြောတာပါ"

သူ့စကားကို ဇနီးက နှုတ်တုံ့မပြန်။ "လိုတာလေးတွေသွားဝယ်လိုက်အုံးမယ်"ဆိုပြီး အိမ်အနီးအနားက စီးတီးမတ်သို့ ပျာယီးပျာယာထွက်ခွာသွား၏။ သူတစ်ယောက်တည်းကျန်ရစ်၏။ သမီးထံဖုန်းခေါ်ပြီး ကိုဗစ်–၁၉ အကြောင်းပြောမိသည်။

"သမီး သိလား၊ ဒီ ဗိုင်းရပ်စ်ဟာ . . ."

သမီးနှင့် တော်တော်ကြာကြာစကားပြောဖြစ်သည်။ သမီးက ဗိုင်းရပ်စ်ကာလမှာ သက်ကြီးမိဘနှစ်ပါးကို စိုးရိမ်ပူပန်မိသည်။ ဗိုင်းရပ်စ်က ကိုယ်ခံအားနည်းသည့် သက်ကြီးရွယ်အိုများဆို တိုက်ခိုက်နိုင်စွမ်းအား ပိုမိုမြင့်မားထက်မြက်သည်မဟုတ်လား။ တတ်နိုင်သမျှ အိမ်အပြင်မထွက်ဘဲ အိမ်တွင်းအောင်းကာ ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ လိုက်နာနေထိုင်ရန်ပြောသည်။

"ဗိုင်းရပ်စ်က လူတွေကတစ်ဆင့်ကူးစက်တာဆိုတော့ အိမ်ကို ဧည့်လာစောင်လာခွင့်မပြုနဲ့တော့ဖေဖေ၊ အားမနာနဲ့၊ ကိုယ်လဲ သူများအိမ်ကို အလည်မသွားနဲ့၊ တတ်နိုင်ရင် ကိုယ့်ကိုယ်ကိုယ်စောင့်ကြည့်ခံတစ်ယောက်လိုသဘောထားပြီး ဆက်ဖ်ကွာရန်တင်းပြုမူနေထိုင်တာဟာ အခုချိန်မှာ အကောင်းဆုံးပဲ၊ ကိုယ့်အတွက်ရော၊ တခြားသူတွေအတွက်ရောပေါ့"

သူက ပြုံးမဲ့မဲ့ဖြင့် နားထောင်သည်။ လက်ကသုံးတောင်ဝေးမရှိဘဲ ကိုယ့်အားကိုယ်ကိုးပြီး ရပ်တည်နေထိုင်ရသည့်မိအိုဖအိုနှစ်ယောက်၏ 'ရှင်သန်မှုအနုပညာ'ကို သမီးက ထဲထဲဝင်ဝင်မသိရှာ၊ သိအောင်လည်း စူးစမ်းလိုစိတ်ရှိပုံမရ။ အပေါ်ယံလျှပ်ပြီး ဝတ်ကျေဝတ်ကုံစိတ်ပူပြနေ၏။ သူ့ရင်ထဲမှာ နင့်ခနဲဖြစ်သွားသည်။

'ဩော် . . . တကယ်ဖြစ်လာခဲ့ရင်လဲ တောင်မင်းကို မြောက်မင်းက ကယ်နိုင်မှာမှမဟုတ်ဘဲလေ'ဟု ဖြေသိမ့်တွေးသည်။ သူက ခံစားချက်များကို ရုတ်ခြည်းသိုဝှက်သိမ်းဆည်းလိုက်ပြီး ရင်ထဲအသည်းထဲကလာသော စိုးရိမ်ပူပန်စိတ်များနှင့် သမီးတို့အခြေအနေကိုမေးမြန်းစူးစမ်းသည်။ မြေးလေးများကို ဂရုစိုက်ဖို့ ပြောဆိုမှာကြားရသည်။ သမီးက "ဟုတ်ကဲ့ပါတဲ့"။

"မေမေရှိလား"

သမီးက သူ့မိခင်နှင့်စကားပြောချင်၍မေးသည်။ သူတို့နှစ်ဦး အိမ်တံခါးပိတ်ပြီးနေထိုင်ချိန်မှာ လိုအပ်မည့်ပစ္စည်းပစ္စယများဝယ်ယူဖြည့်ဆည်းရန် သူမ၏မိခင် အပြင်ထွက်ဈေးဝယ်ကြောင်းသိတော့ သမီးက ရင်ဘတ်စည်တီးဖြစ်သည်။ အပြစ်တင်စကားများကို တဗျစ်တောက်တောက်မြည်တွန်တောက်တီးသည်။

"အဲဒါပဲ၊ မေမေတို့ကတော့ သိပ်ခက်တယ်၊ အပြင်ထွက်ဖို့ကို ရမယ်ရှာနေတယ်၊ ဗိုင်းရပ်စ်လဲ မကြောက်၊ ဘာမကြောက်နဲ့"

သူ စိတ်ပျက်လက်ပျက်ဖြင့် သက်ပြင်းချလိုက်မိသည်။ ယခုတော့ သမီးနှင့်စကားပြောလိုစိတ်များကုန်ခန်းသွားပြီ။ သမီးနှင့်သူတို့ကြားမှာ ခရီးယူဇနာထောင်သောင်းများစွာ ဝေးကွာခြားနားနေဆဲရှိနေသေးသည်ပဲ။

× × ×

ညရောက်မှ အရေးအကြီးဆုံးကို သတိရသည်။ ဆေးဝါးများ။ သူနေ့စဉ်မှန်မှန်သောက်နေရသည့် ဆေးဝါးများ။ သူက တစ်နေ့လျှင် ဆေးရစ်မျိုးလောက် မှန်မှန်သောက်နေရသည့် သက်တမ်းရင့် ဆီးချိုသွေးချိုရောဂါသည်။ ဆေးတွေ ဒီလောက်သောက်နေတာတောင်မှ သူ့ရောဂါကို ပိုပြီးမတိုးပွား၊ မဆိုးရွားလာအောင် ထိန်းနိုင်သည်ဆိုရုံမျှသာ။ အစားအသောက်ဆင်ခြင်ရ၏။ ကိုယ်လက်လှုပ်ရှားအားကစားလေ့ကျင့်ခန်းများကို မှန်မှန်လုပ်နေရလေ၏။ သို့မဟုတ်လျှင် ဆီးချိုက ဒိန်းခနဲ ဆောင့်တက်မည်။ ထိုအခါ သောက်ဆေးများဖြင့် သာဆက်လက်ထိန်းထားနိုင်တော့မည်မဟုတ်ပါ။ 'အင်ဆူလင်'လို ထိုးဆေးမျိုးကူရမည်။ ထို့ကြောင့် ဆေးဝါးများသည် သူ့ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်ချက်။

နောက်နေ့မနက် ကိုးနာရီကျော်ကျော်လောက်မှာ သူဆေးဝယ်ဖို့ အိမ်မှထွက်ခဲ့သည်။ သည်အချိန်ဆိုလျှင် ဆေးဆိုင်တွေဖွင့်ပြီ။ လမ်းတစ်လျှောက်မှ ဆေးဆိုင်ငယ်လေးများကတော့ ဖွင့်သည့်ဆိုင်က ဖွင့်၊ ပိတ်သည့်ဆိုင်က ပိတ်ဖြင့် ကပ်ရောဂါဆိုး၏ ခြိမ်းခြောက်ခြင်းခံနေရချိန်မှာ တံခါးပိတ်ထားသော ဆေးဆိုင်များကိုမြင်ရသည့်အခါ ဝမ်းနည်းပြီး စိတ်မကောင်းဖြစ်မိသည်။ အားငယ်သလိုလည်း ခံစားရသည်။ ဒေါသတော့ မထွက်မိ။ သူတို့လည်း ဗိုင်းရပ်စ်ကူးစက်ခံရမည်ကို စိုးရိမ်ထိတ်လန့်ကြောက်ရွံ့ကြပေလိမ့်မည်။

သူ ဝယ်နေကျဆေးဆိုင်ကြီးအရှေ့မှာ ဆေးဝယ်မည့်လူ ဆယ့်ငါးယောက်လောက် ရပ်စောင့်နေသည်။ ဆေးဆိုင်က မဖွင့်သေး။ ခါတိုင်းဆို နံနက်ရှစ်နာရီမှာ ဖွင့်နေကျဆိုင်။ ဘယ်လိုဖြစ်တာပါလိမ့်။ ဆိုင်မဖွင့်တော့ဘူးလား။ သူ့ထက် အရင်စောရောက်နေသူတစ်ဦးထံ စူးစမ်းမိသည်။

"မပြောတတ်ဘူးဗျ၊ ခါတိုင်းတော့ ဒီအချိန်ဆို ဆိုင်ဖွင့်ပြီ၊ အခုဘာဖြစ်လို့ ဆိုင်မဖွင့်သေးတာလဲ မသိဘူး"

ပိတ်ထားသော ဆိုင်တံခါးကို ငေးရင်းဖြေသည်။ သူ စိုးရိမ်သွားသည်။ ဆေးမရ၍မဖြစ်။ ဗိုင်းရပ်စ်ကြောင့် ဆေးဆိုင်တွေမဖွင့်ခဲ့လျှင် ဆိုသည့် ပူပန်ကြောင့်ကြစိတ်တို့က အထွတ်အထိပ်သို့ရောက်၏။ ဆေးဝယ်လိုသူများ ထပ်ရောက်လာ၏။ လူအုပ်ငယ်လေးတစ်ခုဖြစ်သွား၏။ အားလုံး၏မျက်လုံးများက ပိတ်ထားသောတံခါးဆီသို့သာ ငေးကြည့်နေကြသည်။ ကိုးနာရီခွဲပြီ။ ဆိုင်မဖွင့်သေး။

"ဒီဆိုင်က ခါတိုင်းဆို သူတို့ပိတ်မဲ့ရက်ကို ဗွီက်ဘုတ်မှာရေးပြီး အမြဲတမ်း ကြိုတင်အသိပေးထားတတ်တာ၊ အခု ဘာမှရေးထားတာမတွေ့တော့ ဖွင့်လိမ့်မယ်ထင်တယ်၊ ထပ်စောင့်လိုက်အုံးမယ်"

ဆေးဝယ်သူများကမျှော်လင့်ချက်ကိုယ်စီနှင့် တီးတိုးပြောဆိုနေကြသည်။ ထိုစဉ် ဆေးဆိုင်တံခါးဆီမှအသံအချို့ထွက်ပေါ်လာသည်။ ထို့နောက် တစ်ယောက်ဝင်သာရုံ မပွင့်တပွင့်ပွင့်သွားသည်။ Mask တပ်ပြီး ရော်ဘာလက်အိတ်ရှည်စွပ်ထားသည့်ဆိုင်ဝန်ထမ်းတစ်ဦးက တံခါးရှေ့မှာ စတီးစားပွဲများစီတန်းချသည်။ ဝယ်သူနှင့်ရောင်းသူကို ဘီလူးစည်း၊ လူ့စည်း ခြားလိုက်ခြင်း။ သူ့စည်းက 'သုံးပေ'ကျယ်

သည်။ ဆိုင်ဝန်ထမ်းနောက်တစ်ဦးက ပွိုက်ဘုတ်မှာ စာရေးသည်။

"စနစ်တကျတန်းစီပြီး တစ်ဦးချင်းဝယ်ယူခြင်းဖြင့် ကူညီပါ"

ဆိုင်ရှေ့မှာ လူသုံးဆယ်နီးပါးရှိလာပြီ။ တန်းစီရမည်ဟု ရုတ်တရက်ညွှန်ကြားလိုက်သောအခါ အားလုံး လှုပ်လှုပ်ရွရွဖြစ်ကုန်၏။ တချို့လည်း ပြေးလွှားတိုးဝှေ့စီတန်း၏။ တချို့လည်း စိတ်ပျက်လက်ပျက်နှင့် နောက်ဆုတ်လှည့်ပြန်၏။ ဆေးလာဝယ်သူတွေကတော့ တစ်ယောက်ပြီးတစ်ယောက်ရောက်လာမစဲ တဖွဲဖွဲ။

ဆိုင်ရှေ့က လူတန်းရှည်ကြီးကိုကြည့်၍ သူတွေဝေနေသည်။ လူတွေက တစ်ဦးနှင့်တစ်ဦးထိလုနီးပါးပူးကာကပ်ကာ တန်းစီနေကြသည်။ သုံးပေမဆိုထားနှင့် ခြောက်လက်မမျှပင် မခြားနား၊ ဗိုင်းရပ်စ်ကူးစက်ရန်သိပ်ကောင်းသည့်အနေအထား။

သူ ခေါင်းခါမိသည်။ တစ်ခုခုကို ရွေးချယ်ဆုံးဖြတ်ရတော့မည်။ ဆိုင်ရှေ့မှ သူ လှည့်ထွက်ခဲ့သည်။ သူက ဆေးကိုသာ ဝယ်လို၏။ ဗိုင်းရပ်စ်များကို မဝယ်လို။

ထို့ကြောင့် ဖြတ်သန်းကျော်လွှားခဲ့သည့် လမ်းဘေးဆေးဆိုင်လေးထံ ခြေဦးပြန်လှည့်လိုက်၏။ တော်ပါသေးသည်။ ဤဆိုင်လေးမှာတော့ ဆေးဝယ်နေသူတစ်ဦး၊ နှစ်ဦးသာရှိသည်။ သူက ခပ်လှမ်းလှမ်းမှာ ရပ်စောင့်သည်။ ရှေ့က ဆေးဝယ်သူအထွက်မှာ ကောင်တာမှ မဖြူမတိုင်းသားကို သူမေးသည်။

"ဒယ်လ်တီဇမ်နိုင်းတီရှိလား၊ ဘယ်လောက်လဲ"

"တစ်ကတ် ထောင့်ငါးရာ၊ ဘယ်နှကတ်ယူမလဲ"

ဘုရားရေ...။ ယခင်က တစ်ကတ်ကို တစ်ထောင်မျှသာရှိသည့်ဆေး၊ ဗိုင်းရပ်စ်ကြောင့် ထက်ဝက်ဈေးတက်သွားပြီ။

"နှစ်ကတ်ပဲပေး၊ အရက်ပြန်လဲ တစ်ပုလင်းပေး"

"အရက်ပြန်က ပုလင်းကြီးပဲရှိတယ်၊ ခြောက်ထောင်"

"များတယ်"

သူ့ဘေးနားက ဘဝတူ ဈေးဝယ်သူက သူ့ကို လေသံလေးဖြင့် နှစ်ကိုယ်ကြားသတိပေးသည်။ သူ ခေါင်းညိတ်လိုက်သည်။

လောလောဆယ် သောက်ရန် ဆေးနှစ်ကတ်ပဲဝယ်ပြီး ဆိုင်မှ ပြန်ထွက်လိုက်သည်။ (မဝယ်ခဲ့မိတာ နောက်တော့ နောင်တရသည်။)

အပြန်လမ်းတစ်လျှောက်မှာ တွေ့ရသည့်လူတိုင်းလိုလိုက သုတ်သီးသုတ်ပျာနှင့် ဣန္ဒြေမရဖြစ်နေကြသည်။ ထိုအထဲတွင် ကိုသိန်းကျော်မောင်လည်း ပါသည်။ သူ့ကိုမြင်တော့ မျက်လုံးပြူးသွားသည်။ အိမ်သို့ ချက်ချင်းပြန်ရန် ခြေဟန်လက်ဟန်ဖြင့် ညွှန်ကြားသည်။ ပါးစပ်ကလည်း ပြောနေသေးသည်။ လူချင်းနည်းနည်းလှမ်းသည့်အပြင် သူ့ပါးစပ်ကိုလည်း Mask အုပ်ထားသည်မို့ ဝူးဝူးဝါးဝါးအသံကိုသာ ကြားရသည်။

သို့သော် သူနားလည်သည်။ အသက်ခြောက်ဆယ့်သုံးနှစ်အရွယ် ဆီးချိုသွေးချိုရောဂါသည်ဖြစ်၍ အိမ်မှာပဲနေရန် သတိပေး အကြံပြုခြင်းဖြစ်သည်။ စေတနာကိုသိမြင်၍ သူ ကြည်နူးမိသည်။ ကျေကျေနပ်နပ်ပင် ခေါင်းညိတ်လိုက်သည်။ ကျေးဇူးပါ ကိုသိန်းကျော်မောင်။

× × ×

နောက်နေ့မနက်မှာ လမ်းထဲလာရောင်းနေကျ ပဲပြုတ်သည်၏အသံကို သူနားစွင့်သည်။ ကြားနေကျအချိန်မှာမကြားရ။ ဈေးရောင်းမှ ထွက်ပါမည်လား၊ ဈေးဆိုင် တော်တော်များများကတော့ မဖွင့်ကြဘဲ ကိုယ့်အိမ်မှာကိုယ် 'ကွာရန်တင်း' ဝင်ကာ အိမ်တွင်းအောင်းနေကြပြီ။ အရောင်းအဝယ်မရှိသလောက် သွေ့ခြောက်အေးစက်နေပြီ။ လက်လုပ်လက်စားများကရော။

"စားသောက်ကုန်တွေဝယ်လို့မရရင်တော့ ဒုက္ခပဲ၊ ပိုက်ဆံရှိသူတွေက ဘာအရေးလဲ၊ ရသမျှဝယ်စုပြီးကြပြီ"

"အေးကွာ၊ ဆေးဆိုင်တွေမဖွင့်ရင်လဲ ဒုက္ခပဲ၊ အများကြီး ဝယ်မထားနိုင်ဘူး၊ တစ်ကတ်ကုန်မှ တစ်ကတ်ဝယ်ရတာ"

ထိုစဉ် –

"ဟောဒီက ကောက်ညှင်းပေါင်း၊ ပဲပြုတ်နံပြား၊ အီကြာကွေး"

ဟူသည့် ရစ်သံမှန်မှန်ဖြင့် ဆွဲဆွဲငင်ငင်ဈေးခေါ်သံက ခပ်လှမ်းလှမ်းမှ လွင့်ပျံ့လာသည်။ သူပျော်သွားသည်။ အခြေခံလူတန်းစားများကတော့ ဗိုင်းရပ်စ်ကိုအန်တုရင်း ပုံမှန်အလုပ်များကို လုပ်နေကြဆဲပင်။ ထမင်းစားခန်းဝင်ပြီး ဇလုံတစ်လုံးယူသည်။ ယင်းနောက် ခြံပြင်ထွက်ကာ စောင့်ကြိုသည်။ တော်တော်နှင့်ပေါ်မလာ။ ဟိုအိမ်သည်အိမ်ရောင်းနေရဟန်တူ၏။ ဈေးခေါ်သံက ပေါ်လာလိုက်၊ ပျောက်သွားလိုက်။ သူဝယ်ဖို့မှ ကျန်ပါဦးမလား။

ကောက်ညှင်းပေါင်းနှင့်ပဲပြုတ်ဝယ်အပြီးမှာ သူ့ခေါင်းထဲသို့ အတွေးတစ်ခုရုတ်တရက်ဝင်ရောက်လာသည်။

ဒီပဲပြုတ်သည်က ရပ်ကွက်တစ်ခွင် ပြေပြေစင်လျှောက်သွားကာ ဟိုဝင်သည်ထွက် ရောင်းချသည်။ သူမမှတစ်ဆင့် ဗိုင်းရပ်စ်များမပျံ့နှံ့ မကူးစက်နိုင်ဘူးလား။ သေချာပေါက် ပျံ့နှံ့ကူးစက်နိုင်တာပေါ့။ မဖြစ်၊ မဖြစ်။ နောက်နေ့ သူမထံမှ နံနက်စာဝယ်လို့မဖြစ်၊ နောက်နေ့မဟုတ်ပါဘူးလေ။ အခုဝယ်ထားတာတွေကို ပစ်လိုက်ရမလား။ သူမပြန်အမ်းသည့် ငွေစက္ကူများကို ဘယ်လိုလုပ်ရမလဲ။

အိမ်ပေါ်ရောက်လျှင် လက်များကို စင်ကြယ်အောင်ဆပ်ပြာနှင့် သေသေချာချာဆေးကြောရမည်။ ဝတ်ထားသည့် အဝတ်အစားများကို ချွတ်လဲမည်။ မထူးပါဘူးလေ။ ရေကိုပါ တစ်ခါတည်းချိုးလိုက်တော့မည်။

"လူတွေက မတော်လောဘဇောတိုက်နေလိုက်ကြတာလေ၊ တစ်ခါသုံး Mask တစ်ခုကို ငါးရာတဲ့၊ ရောင်းနေတာ၊ ရောင်းနေတာ၊ အရင်ကဆို တစ်ခုမှ ငါးဆယ်၊ တစ်ရာရယ်"

ဇနီးက လက်ကိုင်ဖုန်းမျက်နှာပြင်မှ မျက်လုံးမခွာဘဲပြောသည်။

"ကောက်ညှင်းပေါင်းနဲ့ ပဲပြုတ်ကတော့ ဈေးမတက်ပါဘူးကွာ၊ အရင်ကအတိုင်းပါပဲ"

သူက ခပ်သောသောပြောမိသည်။ ပြောပြီးမှ စိတ်မကောင်းဖြစ်သွားသည်။ ပဲပြုတ်သည်လည်း ဗိုင်းရပ်စ်ကြောက်မှာပါပဲ။

မိသားစုဝင်တို့၏ တစ်ထွာဝမ်းရေးအတွက်မို့သာ ဈေးရောင်းထွက်ရတာဖြစ်မည်။ ရောင်းကုန်ကိုလည်း ဈေးတင်မရောင်း။

မဝယ်ကြမှာ၊ မဝယ်နိုင်မှာ စိုးရိမ်ဟန်တူသည်။ သက်ပြင်းချမိ၏။ အဝေးတစ်နေရာဆီ ငေးငေးရီရီကြည့်နေမိ၏။ အတန်ကြာမှ ရင်ထဲကစကားများကို အံထုတ်သည်။

"အခုချိန်မှာ တို့အားလုံးဟာ ဝူဟန်မြို့က ပျံ့နှံ့လာတဲ့ ကိုဗစ်–၁၉ ဗိုင်းရပ်စ်တွေရဲ့အန္တရာယ်ပြုတိုက်ခိုက်တာကို အလူးအလဲခံနေရတယ်၊ တစ်ချိန်ချိန်မှာတော့ အဲဒီဗိုင်းရပ်စ်တွေကို မြေကမ္ဘာပေါ်ကနေ အပြီးတိုင် မျိုးသုဉ်းကွယ်ပျောက်သွားအောင် လူတွေက ချေမှုန်းသုတ်သင်အောင်မြင်ကြလိမ့်မယ်၊ ဒါပေမဲ့ လူ့အတ္တကြောင့် ဖြစ်တည်ရှင်သန်နေတဲ့ ဝီသမလောဘဗိုင်းရပ်စ်တွေကိုတော့ မြေကမ္ဘာပေါ်ကအပြီးတိုင်မျိုးသုဉ်း ကွယ်ပျောက်သွားအောင် ဘယ်သူမှ၊ ဘယ်တော့မှ ချေမှုန်းသုတ်သင် အောင်မြင်မှာမဟုတ်ဘူး"

သူ့စကားအဆုံးမှာ တစ်ခန်းလုံးအပ်ကျသံကြားရလောက်အောင်ပင် ငြိမ်သက်တိတ်ဆိတ်သွား၏။ ကြေကွဲခြင်းတို့ကြီးစိုးမင်းမူနေသည်။ စိတ်မချမ်းမြေ့ခြင်းများ ရစ်သိုင်းလွှမ်းခြုံနေသည်။ လေထုဌ် ဗိုင်းရပ်စ်များ ပြည့်ညပ်သိပ်သည်းမှုကြောင့် အသက်ရှူမဝအောင် ဖိစီးမွန်းကျပ်၏။

ဇနီးက ဖုန်းမှမျက်လုံးခွာပြီး စိတ်ပျက်အားငယ်စွာမော့ကြည့်၏။ နိုကိုးရာမဲ့သူရဲ့ ချည့်နဲ့နဲ့လေသံ ယဲ့ယဲ့ဖြင့် မေးသည်။

"ဒါဆို ကျွန်မတို့က ဗိုင်းရပ်စ်တွေနဲ့ ဆက်ပြီးနေထိုင်ရအုံးမှာပေါ့"

သူ ခေါင်းမညိတ်မိ။ ဇနီးကို သနားကြင်နာစွာ ငုံ့ကြည့်မိသလို သူ့ကိုယ်သူလည်း သနားနေမိလေသည်။ ။

**ဆွန်း(စက်မှုတက္ကသိုလ်)**

(ဗိုင်းရပ်စ် = လက်တင်ဘာသာ Virus မှ ဆင်းသက်လာပြီး 'အဆိပ်' ဟု အဓိပ္ပာယ်ရသည်။ ကူးစက်ရောဂါဖြစ်ပွားစေသောသာမန်မျက်စိဖြင့် မမြင်နိုင်သည့်ပိုးမွှားများဖြစ်သည်။)



# မောင်အေးကို (ပေါင်းတလည်)
## အသစ်ဖြစ်သွားတဲ့ကမ္ဘာ



(၁)

ဟောက်သံသဲ့သဲ့ကြားလိုက်ရသဖြင့် မျက်လုံးအစုံဖွင့်ကြည့်မိသည်။

လူနာဖြစ်သူ မမကြီးကတော့ ကျွန်တော်တို့ကို ကျောခိုင်းလျက် တစောင်းအနေအထားဖြင့် လူနာခုတင်ထက်တွင် လဲလျောင်းနေ၏။ ဇနီးသည်ကတော့ ပလတ်စတစ်ထိုင်ခုံပုလေးပေါ်ထိုင်ရင်း လူနာခုတင်ပေါ်ကို ခေါင်းတစောင်းတင် အနေအထားဖြင့် အိပ်နေ၏။ သတိထားကြည့်မိတော့ ဟောက်သံအရင်းအမြစ်သည် မမကြီးထံမှလာခြင်းမဟုတ်ဘဲ ဇနီးသည်ဆီမှဖြစ်နေလေ၏။ သူ တော်တော်လေး ပင်ပန်းလှပြီထင်ရဲ့။

မမကြီး၏ခွဲစိတ်မှုအတွက် ကျွန်တော်တို့ ညစောင့်တာဝန်ယူခဲ့သည်မှာ ငါးညတိုင်ခဲ့ပြီ။ ကျွန်တော်တို့ဟုဆိုသော်လည်း တကယ်တမ်း လူနာ၏ဝေယျာဝစ္စမှန်သမျှကို ဇနီးသည်ဖြစ်သူကသာ လုပ်ဆောင်ပေးနေရခြင်းပင်။ ကျွန်တော်ကတော့ တိုးတိုးဖော်၊ တိုင်ပင်ဖော် မည်ကာမတ္တမျှသာ။

ယခုလည်း ကျွန်တော်က လူနာခုတင်ဘေးတွင် ပက်လက်

ကုလားထိုင်ချကာ သက်သောင့်သက်သာကျောဆန့်ခွင့်ရနေသည့်အချိန် ဇနီးကတော့ ငုတ်တုတ်ပုံစံဖြင့် အိပ်နေရသည့်အနေအထား။ အိပ်သည်ဆိုခြင်းထက် လူနာလိုအပ်ချိန် အသင့်ဖြည့်စွမ်းကူညီနိုင်ရေးအတွက် အခွင့်သာခိုက် ခေတ္တမှေးငိုက်ခြင်းမျှသာ။ ဆေးရုံဖန်မီးချောင်းများအောက်တွင် ဇနီးသည်၏မျက်နှာကို သေးတစောင်းအနေအထားဖြင့် မြင်နေရသည်။ ဟောက်သံနှင့်အညီ နှုတ်ခမ်းအစုံက ဖွင့်တစ်ချည်၊ ပိတ်တစ်ခါ အလှည့်ကျလှုပ်ရှားနေ၏။

နှုတ်ခမ်းအစုံတို့သည် ဟိုစဉ်ကလို နုနယ်ဖူးကြွခြင်းမရှိတော့ပေ။ ထို့မှ ပါးပြင်၊ နဖူး၊ မျက်ဝန်း စသဖြင့် မျက်နှာပြင်တစ်ခုလုံးသည်လည်း ထိုနည်းတူစွာ လျော့ရဲတွဲအိစပြုနေကြပြီ။ အရေးအကြောင်းများက အရွယ်နှင့်အချိုးညီစွာနေရာယူနေကြပြီ။ အိမ်ထောင်သက် ဆယ့်ငါးနှစ်ဟူသော အချိန်ကာလသည် မိန်းမတစ်ယောက်၏နုပျိုခြင်းရုပ်သွင်တို့ကို အထိုက်အလျောက်တိုက်စားခဲ့ချေပြီ။

ငယ်စဉ်က လှပခဲ့သည်။ လှပသည်ဟု ထင်ခဲ့ဖူးသည်။ အချစ်ကိုထိုအလှဖြင့် စတင်ခဲ့သည်ဟုဆိုနိုင်သည်။ ပြန်တွေးကြည့်တော့ အမှန်တကယ်လှခဲ့ခြင်းလည်း ဟုတ်ချင်မှဟုတ်မည်။ လှ၍ချစ်ခဲ့ခြင်းဖြစ်နိုင်သလို ချစ်၍လှခဲ့ခြင်းလည်းဖြစ်နိုင်ကောင်းသည်။ မည်သို့ဆိုစေ ငယ်ရွယ်ပျိုမျစ်ခြင်းသည်ပင်လျှင် ချစ်စရာကောင်းသောအလှတရားတစ်ခု။ ထိုငယ်ရွယ်ပျိုမျစ်သောအလှတရားသည်ပင် အချစ်ကိုစတင်မွေးဖွားပေးလိုက်သောအကြောင်းအရင်းခံတစ်ခုဖြစ်နေမည်မှာ အသေအချာ။

အခုကော ချစ်သေးရဲ့လား။ ကိုယ့်ကိုယ်ကိုယ် မေးခွန်းပြန်ထုတ်ကြည့်မိလိုက်သည်။ အပြုံးတစ်ပွင့် ချက်ချင်းထလက်၏။

(၂)

တကယ်တော့ မမကြီးသည် ကျွန်တော့်အစ်မအရင်းအချာ။ ဇနီးသည်အတွက်တော့ သမီးယောက်မတော်စပ်ရုံမျှသာ။ သည့်အတွက် ကျွန်တော့်ဇနီးအနေဖြင့် မမကြီးကို ချစ်ခွင့်ရှိသလို မုန်းခွင့်လည်းရှိသည်။ ပြုံးခွင့်ရှိသလို မဲ့ခွင့်လည်းရှိသည်။ ချစ်ခြင်းမုန်းခြင်းပြုံးခြင်းမဲ့ခြင်းမှန်သမျှ သူနှစ်သက်သလိုရွေးချယ်ခွင့်ရှိသည်။

သို့ဖြစ်ပါလျက် အဖေသည်လည်းကောင်း၊ အမေသည်လည်းကောင်း၊ မမကြီးသည်လည်းကောင်း၊ ညီမလေးသည်လည်းကောင်း သူ့အတွက် မည်သည့်အခါမျှ သူစိမ်းတစ်ရံဆံမဖြစ်ဖူးခဲ့ပေ။ ကျွန်တော့်မိသားစုအတွက် ချစ်ဇနီးပေးလေ့ရှိသည်က အမုန်းနှင့်အမဲ့များမဟုတ်ခဲ့။ အပြုံးနှင့် အချစ်များသာ။

ယခုလည်း မမကြီးဆေးရုံစတက်ပြီဆိုကတည်းက မမကြီးတာဝန် သူ့တာဝန်ဟု ခံယူထားပုံရသည်။ မမကြီးမို့ တစ်ခုခုလိုအပ်ပြီဆိုလျှင် ခြေသုတ်ပုဆိုးပမာ အမြဲအသင့်ဖြစ်နေသည်။ အစာစားဖို့၊ ရေသောက်ဖို့၊ ကိုယ်လက်သန့်စင်ဖို့၊ ဖြီးလိမ်းပြင်ဆင်ပေးဖို့၊ အပေါ့အလေးစွန့်ဖို့၊ တိမ်းစောင်း၊ လဲလျောင်း၊ ထူမတ်၊ လျှောက်လှမ်းခြင်းဆိုင်ရာဝေယျာဝစ္စမှန်သမျှအတွက် ကူညီဖို့ ၂၄ နာရီအသင့်အနေအထား။

"သူ့မောင်ကိုချစ်တော့လဲ သူ့အစ်မရဲ့ အနှံ့အတာခံရမှာပေါ့"

ဆိုသည့်ဥပဒေသအောက် မလွန်ဆန်နိုင်စွာလိုက်လျောရခြင်းမျိုးမဟုတ်ခဲ့။ သူ့တွင် မလွန်ဆန်နိုင်ခြင်းဆိုင်ရာဟန်ဆောင်ခြင်းအပြုအမူတို့ တစ်စွန်းတစ်ပါဒမျှမရှိခဲ့။ မညည်းမညူစိတ်ပါလက်ပါလုပ်ဆောင်ပေးနေသည့်မြင်ကွင်းများကသာ ကျွန်တော့်မျက်ဝန်းသို့ အခါခါအလီလီလွှမ်းမိုးနေခဲ့လေသည်။

(၃)

ပျိုမျစ်နုနယ်ခဲ့စဉ်အချိန်က အချစ်နှင့်ပတ်သက်သည့် အပြုအမူမှန်သမျှသည် ဖွဲလမ်းနှစ်ခြိုက်စရာချည်းများသာ။ လောကအတွက် ရိုးအီနေသောအကြောင်းအရာတို့သည်ပင်လျှင် အချစ်ကြောင့် သစ်လွင်ဆန်းပြားနေတတ်စမြဲ။ အချစ်ဆိုင်ရာပြယုဂ်မှန်သမျှကို အကောင်းမြင်တန်ဖိုးထားတတ်စမြဲ။ ယုတ်စွအဆုံးချစ်သူစွန့်ပစ်လိုက်သည့်လက်သည်းတစ်စ၊ ဆံခြည်တစ်မျှင်ကိုပင် ပစ်ပယ်ကောင်းသည့်အရာမဟုတ်ဟု ခံယူမြတ်နိုးခဲ့ဖူးသည်။ ချစ်သူ့ခြေ၊ ချစ်သူ့လက်၊ ချစ်သူ့အမူအရာ၊ ချစ်သူ့အကြည့်၊ ချစ်သူ့အပြုံး

အရာအားလုံးက ကဗျာတွေချည်းသာ။ ချစ်မိကြပြီဆိုကတည်းက တစ်လောကလုံး ကဗျာပန်းတွေ တဝေဝေ။

"အသင့်ဖြစ်ပြီလားမောင်"

"အသင့်ပဲပေါ့အချစ်ရယ်"

"အိုကေ မောင်၊ ဒါဆို စပြီနော် သရီး၊ တူး၊ ဝမ်း"

ကျွန်တော်တို့နှစ်ယောက် တွေ့ဆုံဖြစ်ကြသည့်အခါတိုင်း ပြုလုပ်နေကျဖြစ်သည့် မျက်ဝန်းနှစ်စုံ အပြိုင်အဆိုင်စိုက် ကြည့်ကြသည့် 'မျက်ဝန်းဆုံပြိုင်ပွဲ'။

ပြိုင်ပွဲဖြစ်သည့်အားလျော်စွာစည်းကမ်းချက်များလည်းရှိနေသည်အမှန်။

စိမ်းစိမ်းကားကားမကြည့်ရ၊ ပြိုင်ပွဲဆန်ဆန်မကြည့်ရ၊ ပေါ့ပေါ့တန်တန်မကြည့်ရ။ နှစ်နှစ်ကာကာ ကြည့်ရမည်၊ ကြည်ကြည်နူးနူး ကြည့်ရမည်၊ မြတ်မြတ်နိုးနိုးကြည့်ရမည်။ မျက်တောင်မခတ်ကြေး။ မျက်တောင်စခတ်သူက အရှုံး။

စိုက်ကြည့်နိုင်စွမ်းကြာခဲ့သည့်တိုင် စိမ်းစိမ်းကားကား၊ ပြိုင်ပွဲဆန်ဆန်၊ ပေါ့ပေါ့တန်တန်အကြည့်မျိုး ကြည့်မိသူသည် အနိုင်ရလိမ့်မည်မဟုတ်။

"မောင်ရှုံးသွားပြီနော်"

"ဟင် ဘာဖြစ်လို့ မောင်က ရှုံးရမှာလဲ၊ ချစ်က မျက်တောင် အရင်စခတ်တာလေ၊ မျက်တောင်စခတ်သူအရှုံးပေါ့"

"နိုး . . . မောင် နိုး၊ ချစ်က မျက်တောင်အရင်စခတ်တာတော့ဟုတ်တယ်၊ ဒါပေမဲ့ မောင့်အကြည့်မှာ စိမ်းစိမ်းကားကား၊ ပြိုင်ပွဲဆန်ဆန်၊ ပေါ့ပေါ့တန်တန်အကြည့်တွေပါနေတယ်"

"ဒါကတော့ ချစ် မောင့်ကို သက်သက်အနိုင်ကျင့်တာပဲ၊ မောင့်အကြည့်တွေမှာ အဲဒါတွေပါနေပါတယ်လို့ ချစ်က ဘယ်လိုသက်သေပြမှာလဲ"

"သက်သေပြရမှာပေါ့မောင်၊ ချစ်သူနှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် နှစ်နှစ်ကာကာ ကြည်ကြည်နူးနူး၊ မြတ်မြတ်နိုးနိုး ကြည့်နေကြပြီဆိုရင် မျက်ဝန်းမှာ မျက်ရည်မဟုတ်တဲ့ချစ်ရည်လေးတွေလဲ့နေရမယ်၊ 'ချစ်ရည်ရွှန်းလဲ့' ဆိုတာ မောင်ကြားဖူးတယ်မဟုတ်လား၊ အခု အဲဒီချစ်ရည်လဲ့လဲ့လေးတွေ မောင့်မှာ မရှိဘူး၊ အဲဒါကြောင့် မောင့်အကြည့်တွေက ပေါ့ပေါ့တန်တန်ဖြစ်နေတယ်လို့ပြောတာပေါ့"

"ဒါကတော့ ချစ်က တမင် သက်သက်အနိုင်ရချင်လို့ စွပ်စွဲတာပဲ"

"နိုး . . . မောင် နိုး၊ ချစ်က သက်သေခိုင်မာလို့ပြောတာ၊ ကြည်နူးမြတ်နိုးတဲ့အကြည့်ဆိုတာ အဲဒီလို ချစ်ရည်ရွှန်းလဲ့နေရုံတင်မကသေးဘူး၊ အဲဒီကြည်နူးမြတ်နိုးမှုတွေကို ဘောင်ကွပ်ထားတဲ့အရာတစ်ခုကလဲ မျက်နှာမှာအထင်းသားပေါ်လွင်နေသေးတာမောင်ရဲ့၊ အဲဒါဘာလဲသိလား"

"ဟုတ်လို့လားချစ်ရာ၊ ဘာကြီးက ထပ်ပြီးဘောင်ကွပ်ရပြန်တာလဲ၊ ပြောပါအုံး"

"အပြုံး ဟုတ်တယ်မောင်၊ အပြုံးပဲ၊ ချစ်သူနှစ်ဦးကြည်ကြည်နူးနူးမြတ်မြတ်နိုးနိုးစိုက်ကြည့်နေကြပြီဆိုရင် ချစ်ရည်ရွှန်းလဲ့နေရုံမကဘဲ ဘယ်အပြုံးနဲ့မှမတူတဲ့အလှဆုံးအပြုံးတစ်ခုက သူ့အလိုလိုပေါ်ထွက်လာတတ်တာ၊ ကြည့်လေ–ဒီမှာကြည့်ပါလား၊ ချစ်ရဲ့ မျက်ဝန်းနဲ့နှုတ်ခမ်းမှာသဲလွန်စတွေ အခုအထိရှိနေတုန်းပဲ"

ရင်ထဲသိမ့်ခနဲလှိုက်သည်။ အရှုံးပေးလိုက်ရသည့်တိုင် ကျေနပ်ကြည်နူးခဲ့မိတာအမှန်။

ချစ်သူ၏ခန္ဓာကိုယ်အလှသည် ထိုစဉ်က သုံးဆယ့်ခြောက်၊ နှစ်ဆယ့်ခုနစ်၊ သုံးဆယ့်ခြောက်။

ယခုတော့ဖြင့် နှစ်ဆယ့်ခုနစ်၊ သုံးဆယ့်ခြောက်၊ နှစ်ဆယ့်ခုနစ်ဖြစ်နေခဲ့ပြီ။

သို့တိုင် ထိုအကြည့်၊ ထိုအပြုံးတို့ကိုဖြင့် ရံခါအောက်မေ့တသရှိနေတတ်ပြန်၏။

(၄)

"ကိုယ့်ဘက်မှာက အဖေရှိတယ်၊ အမေရှိတယ်၊ မမရှိတယ်၊ ညီမလေးရှိတယ်"

"မိန်းမဘက်မှာတော့ မေမေရှိတယ်၊ ကိုကိုရှိတယ်"

"ဒါဆို ကိုယ်တို့လင်မယားအခုတည်ထောင်လိုက်တဲ့ အိမ်ထောင်စုအသစ်တစ်စုရယ်၊ ကိုယ့်

ဘက်က ကိုယ့်အဖေဦးဆောင်တဲ့ မိသားစုတစ်စုရယ်၊ မိန်းမဘက်က မိန်းမရဲ့မေမေဦးဆောင်တဲ့ အိမ်ထောင်စုတစ်စုရယ်၊ ဒီတော့ စုစုပေါင်းအိမ်ထောင်စု ဘယ်နှစုဖြစ်သွားပြီလဲ"

အိမ်ထောင်ပြုစ ကနဦးရက်များအတွင်း ကျွန်တော်တို့လင်မယားနှစ်ယောက်ပြောဖြစ်ခဲ့သည့်စကား။ ကျွန်တော့်မေးခွန်းကို ချစ်ဇနီးက မဆိုင်းမတွပြေ၏။

"ဒီလောက်ရှင်းနေတဲ့အဖြေကို မေးနေရသေးလားယောကျ်ားရယ်၊ စုစုပေါင်းမိသားစုသုံးစုပေါ့"

ဇနီးစကားကို ကျွန်တော် ချက်ချင်းပင် ငြင်းဆန်ခဲ့သည်။ ထို့နောက် မိသားစုဆိုင်ရာရပ်တည်ချက်ကိုလည်း ချက်ချင်းပင် ဖွင့်ဟခဲ့သည်။

"မှားတယ်မိန်းမ၊ မိသားစုသုံးစုမဟုတ်ဘူး၊ မိသားစုဝင်တွေများလာတာကလွဲလို့ မိသားစုတစ်စုတည်းပဲဖြစ်သွားတာ၊ ဒီနေ့ဒီအချိန်ကစပြီး ကိုယ့်ရဲ့ဖေဖေ၊ မေမေ၊ မမနဲ့ညီမလေးတို့အပြင် မိန်းမရဲ့မေမေ ကိုကိုတွေကိုပါ တစ်မိသားစုတည်းအဖြစ်သတ်မှတ်ရမယ်"

ချစ်ဇနီးက အပြုံးနှင့်အတူခေါင်းညိတ်တုံ့ပြန်၏။

"ဒီနေ့ ဒီအချိန်ကစပြီး ကိုယ်ကလဲ အားလုံးကို မိသားစုအရင်းအချာလို သဘောထားမှာဖြစ်သလို မိန်းမဘက်ကလဲ အားလုံးကိုမိသားစုအရင်းအချာလို သဘောထားရမယ်၊ သူ့ဘက်ကိုယ့်ဘက်ဆိုတာမရှိတော့ဘူး၊ အားလုံးက မိသားစုဝင်တွေဖြစ်နေတာမို့ လိုအပ်တဲ့ဘက်ကို ကိုယ်တို့တတ်စွမ်းသလောက် ထောက်ပံ့ပြုစုရမယ်၊ သူ့ဘက်ကိုများသွားတယ်၊ ငါ့ဘက်ကို နည်းသွားတယ်ဆိုတာမျိုးမရှိရဘူး၊ သူ့ဘက် ကိုယ့်ဘက်ဆိုတာမရှိကြေး၊ ဘာကိုမှတန်းမညှိကြေး၊ အားလုံးကိုမိသားစုအရင်းအချာတွေပဲလို့ခံယူကြေး"

ကျွန်တော့်စကားဆုံးတော့ ချစ်ဇနီးက လှိုက်လှိုက်လှဲလှဲပြုံးသည်။

"ကောင်းတယ်ယောကျ်ား၊ မိန်းမလဲ အဲဒီလိုပဲသဘောထားချင်တယ်"

သည်နောက်ပိုင်းတွင်တော့ ကျွန်တော်တို့ဇနီးမောင်နှံ၏ 'တစ်ဘဝစာအိမ်ထောင်ရေးကျင့်ဝတ်ဆိုင်ရာစီမံချက်များ'ကို ညှိနှိုင်းရေးဆွဲဖြစ်ခဲ့ကြသည်။

'တစ်ဘဝစာအိမ်ထောင်ရေးကျင့်ဝတ်ဆိုင်ရာစီမံချက်များ'ဟု ဆိုလိုက်သဖြင့် စာတစ်တန်ပေတစ်ဖွဲ့မှတ်ယူဖွယ်ရာအချက်အလက်များစွာတော့ မဟုတ်ခဲ့။

ခံစားချက်မှန်သမျှကို အသိ၊ သတိနှင့်ထိန်းချုပ်ရင်း အများရှေ့တွင် အပြန်အလှန်အော်ဟစ်ပေါက်ကွဲခြင်းမျိုးမပြုရန်၊ သူတစ်ပါး၏လေးစားမှုကိုခံယူလိုလျှင် မိမိကိုယ်တိုင်က စတင်လေးစားရန်။

ထို့နောက် –

'မိန်းမတော့ မသိစေနဲ့နော်'၊ 'ယောကျ်ားတော့ မသိစေနဲ့နော်'ဟူသည့်လျှို့ဝှက်အတွင်းများမထားရန်၊ အိမ်ထောင်ရေးအသိုက်အမြုံကိုပါ ရိုက်ချိုးဖြိုလှဲပစ်နိုင်သည့် အဆိုပါလျှို့ဝှက်အတွင်းများကို 'ပွင့်လင်းရိုးသားမှု'ဖြင့် ကျော်လွှားရန်။

တစ်ဖန် ကိုယ်၊ နှုတ်၊ နှလုံးသုံးပါးစလုံးကို တတ်နိုင်သမျှထိန်းချုပ်ရန်၊ သုံးပါးစလုံးထိန်းချုပ်နိုင်စွမ်းမရှိသည့်တိုင် ကိုယ်ကိုကောင်းစွာထိန်းချုပ်ရန်၊ တစ်နည်းအားဖြင့် သစ္စာတရားကိုမြဲမြဲစွာကိုင်စွဲရန်။

အနှစ်ချုပ်အားဖြင့် အချက် ၃ ချက်တည်းသာရှိပါသည်။

(က) အပြန်အလှန်လေးစားမှုရှိရန်၊
(ခ) ပွင့်လင်းရိုးသားရန်၊
(ဂ) သစ္စာစောင့်ထိန်းရန်၊

အပိုဆောင်းအနေဖြင့် –

"Work - Life Balance ဖြစ်ရမယ်၊ တစ်နေကုန်အလုပ်လုပ်နေရပြီး အိမ်မပြန်ဘူးဆိုတဲ့လူတွေက တော်တော်ညံ့တဲ့သူတွေလို့ပြောချင်ပါတယ်၊ ကိုယ်က မိသားစုနဲ့လဲနေရအုံးမယ်၊ ကိုယ်ကတစ်ယောက်တည်းမဟုတ်ဘူး၊ ကိုယ့်မိသားစုကိုဂရုစိုက်ရမယ်၊ Work တစ်ခုတည်းမဟုတ်ဘဲ Life လဲရှိတယ်ဆိုတာကိုသတိထားဖို့လိုပါတယ်၊ မိသားစုကအရေးကြီးပါတယ်၊ အလုပ်ကနေပဲ Retired ယူလို့ရတယ်၊ မိသားစုမှာ Retired ယူလို့မရဘူး"ဟူသည့် ဒေါက်တာအောင်ထွန်းသက်၏ မိသားစုသံယောဇဉ်ဆိုင်ရာစကား

တစ်ခွန်းကိုပါ ထာဝရမှတ်သားကျင့်သုံးရန် သဘောတူခဲ့ကြသည်။

(၅)

ချစ်ဖနီးမျက်နှာကို ငေးမောစိုက်ကြည့်နေမိချိန် ဟောက်သံဖွဖွထွက်နေခဲ့သောနှုတ်ခမ်းအစုံသည် စတင်ငြိမ်သက်စပြု၏။ မျက်တောင်ကော့တို့ ဖွဖွလှုပ်လာ၏။ မျက်ဝန်းအစုံတို့မဆိုသလောက်ပွင့်လာ၏။ နောက် ခေါင်းကိုထူမတ်၊ ကျောကိုဆန့်၏။

သည့်နောက် မျက်ဝန်းအစုံက ကျွန်တော့်ဆီသို့ဦးတည်၏။ အကြည့်နှင့်အတူ ယှဉ်တွဲပါလာသည်က အပြုံးတစ်စ။ ကျွန်တော့်အကြည့်တို့ကိုလည်း ဇနီးသည်၏ မျက်ဝန်းမှ မခွာမိ။

ထိုအခိုက် အကြည့်ချင်းဆုံမိကြသည်။ ကျွန်တော်တစ်ချက်ပြန်ပြုံးပြမိ၏။ အကြည့်ချင်းဆုံ၍ အပြုံးချင်းချည်နှောင်မိကြပြီ။

ဆုံတွေ့ချည်နှောင်ချိန်ကာလက စက္ကန့်အနည်းငယ်မျှသာ။ ယခုဆုံတွေ့လိုက်သောအကြည့်အပြုံးတို့သည် ချစ်သူကာလကလိုပြိုင်ပွဲတစ်ခုကပေါ်ထွက်လာသည့်အကြည့်အပြုံးတို့မဟုတ်။ ချစ်ရည်ရွှန်းလဲ့ဘောင်ကွပ်ထားသည့်အကြည့်အပြုံးတို့မဟုတ်။ အနိုင်အရှုံးဆုံးဖြတ်ပေးသည့်အကြည့်အပြုံးတို့မဟုတ်။

ယခုအချိန်၌ နုပျိုခြင်းတို့ပင် ပါးလျဆုတ်ခွာနေကြပြီ။ ရင့်ရော်ခြင်းတို့ပင် ထူထပ်စိုးမိုးလာကြပြီ။ သည့်အတွက် အလှတရားတို့သည်လည်း ပြယ်လွင့်ပုန်းလျှိုးစပြုခဲ့ပြီ။ သို့တိုင် လက်ရှိအကြည့်အပြုံးတို့သည် တည်ငြိမ်၏။ အေးချမ်း၏။ သတ္တိပါ၏။ ခွန်အားပြည့်၏။ အပြန်အလှန်လေးစားခြင်း၊ ပွင့်လင်းရိုးသားခြင်း၊ သစ္စာစောင့်ထိန်းခြင်းတို့ကိန်းဝပ်နေ၏။ ကဗျာကတော့ ဆန်နေမြဲ။

သို့သော် စိတ်စေရာနောက်တကောက်ကောက်လိုက်နေသည့် ရင်ထဲက ကဗျာတစ်ပုဒ်တော့မဟုတ်ပေ။ လောကစံမှန်သမျှကို မတုန်မလှုပ်ဘဲ လက်တွဲရှန်းကန်သွားမည့် ဘဝထဲက ကဗျာတစ်ပုဒ်ဖြစ်၍နေလေ၏။ ။

**မောင်အေးကို**
**(ပေါင်းတလည်)**

**အားကစားသတင်းကဏ္ဍစုံ၊ မြင်ကွင်းအစုံစုံတို့ဖြင့် နောက်ဆုံးရပွဲစဉ်ရလဒ်များကို အချိန်နှင့်တစ်ပြေးညီ ဖော်ပြပေးနေသည့် အပတ်စဉ် ကြာသပတေးနေ့ထုတ် အားကစားမြင်ကွင်းဂျာနယ် ထွက်ရှိလာပါပြီ။**

**အကြိုက်ချင်းမတူကြပေမယ့် လူတိုင်းကြိုက်မယ့်**

ဂျာနယ်

ကြော်ငြာ၊ ဖြန့်ချိရေးနှင့် နယ်ကိုယ်စားလှယ်များ အောက်ဖော်ပြပါလိပ်စာများအတိုင်းဆက်သွယ်မှာယူနိုင်ပါသည်။

မြဝတီစာပေတိုက်(ဂျာနယ်ရုံးခန်း)
အမှတ်(၁၅)၊ မိုးကောင်းလမ်း၊
၁၅ ရပ်ကွက်၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
၀၉- ၆၉၂၈၀၅၆၇၂ (စာတည်း)
၀၉-၃၂၄၉၈၇၂၄ (ဖြန့်ချိရေး)

ဂျာနယ်ရုံးခွဲ(ရန်ကုန်)
အမှတ်(၁၈၁)၊ ၃၂ လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။



# ဂန္ထဝင်ကဗျာချစ်သူ

သမုဒ်အခြေ တေးကွက်နှောပါလို့
ဆေးချက်မျော ဖွဲ့သီကုံးချင်ရဲ့
နွဲ့ပလီပြုး ကာရန်ဆင်။

ပရိယာယ် လင်္ကာသီကျူးမယ်ပါ့
အသိကြွယ် မြင်ရာရည်စူးတဲ့
ကြင်နာဖူး သံသာအလွန်
ကဗျာကျွန်သမုတ်စေတော့
ဂုဏ်ပုဒ်အထင်။

ကဗျာဟူ ဝေါဟာရတွေနဲ့
ပြောစရာအလှ တေးရင့်ကျူးရင်ပါ့
ဆွေးနင့်ဖူး စကားအချို
ကာရန်ပီ စိတ်တန်ခိုးရယ်ကွဲ့
အတိတ်ဆိုး ဝေးနယ်နှင်
ဂန္ထဝင် မည်တွင်သား။

ပွင့်ရက်ရှည် ကဗျာပန်းတွေက
အသပြာဆန်း လင့်လပ်ကွာလို့
ပွင့်ချပ်လွှာ မျက်နှာငယ်ပေလည်း
သက်ရာတွယ် နုပျိုသစ်စေမဲ့
ချစ်ခြင်းမွေးဖွား။ ။

ကျော်စိုးရှိန်

## ဘဝပုစ္ဆာအဖြေရှာ

သံသရာ ဘဝရထားရယ်က
ရှည်လျားတော့ ဒုက္ခဝေ။
ရုပ်နာမ်မင် တဏှာဖက်တော့
နှိပ်စက်ပြီလေ။
ဆင်းရဲခြင်း အိုနာသေ
အသချေ ဘယ်မဆုံး။
ခန္ဓာဝန် အစဉ်ထမ်းပါလို့
ဆန္ဒလွန် အမျှင်တန်းရင်ဖြင့်
လမ်းလွဲပေဦး(အုံး)။


ကုသိုလ်မှီ သီလထုံးနဲ့
ညီမျှရှန်းလို့ နေ့စဉ်သာ။
ဇာတိအိမ် ဘုံဘဝရယ်က
ဒုက္ခသစ္စာ။
မြတ်ဗုဒ္ဓ ဒေသနာ
ရှုပွားကာ ပျော်ရွှင်မွေ့။
ဖြစ်ပျက်မြင် အသိကပ်ကာဖြင့်
မှတ်ကျင့်ပါလေ့။


ကံကြမ္မာ မကုန်သရွေ့တော့
ဆုံတွေ့ကြ သည်ရုပ်နာမ်။
အဓိပ္ပာယ် နက်နဲလို့
ခက်ခဲဇကန်။
ခယောင်းလမ်း လျှိုင်းလေထန်
လောကဓံ ရင်ဆိုင်ကြ။
မညည်းဖွယ် လမ်းတစ်လျှောက်မှာလ
ခရီးသည် စွမ်းသလောက်တော့
လျှောက်ရမယ်ပါ့။

ဖြစ်ပျက်လွယ် တဒင်္ဂရယ်နဲ့
သခါရ ဒီဇမ္ဗူ။
ဗြဟ္မစိုရ် တရားဆေးနဲ့
ဖေးမတွဲထူ။
အကျင့်မြတ် သီလဖြူ
ပရက္ခူ လက်ကမ်း။
တို့ဝန်းကျင် သာယာလှပါလို့
ဘဝဘုံနန်း။

ပုစ္ဆာကို ဉာဏ်အစွမ်းနဲ့
ဖွေရှာလှမ်းကွဲ့နေမညို။
ပိုးဖလံ မီးကိုတိုးတော့
ကိုယ်ကျိုးနည်းဗျို။
ပုပ်သိုးတဲ့ ခန္ဓာကိုယ်
သူငါဆိုတာ ဘယ်မလဲ။
အကျည်းတန် ခန္ဓာပုပ်ကိုလ
ခရီးပြန် မှန်စွာလုပ်ပါလို့
အားထုတ်အမြဲ။ ။

မင်းစိုး(အရာတော်)







# သဗ်ရာဇာ

## အလောင်းဘုရား လူများ

အင်းဝမြို့ရိုးအပြင်ဘက် ဇရပ်တစ်ဆောင်ပေါ်တွင်ဖြစ်သည်။ အသားညိုညို၊ အရပ်ပျပ်ပျပ်၊ တုတ်တုတ်ခိုင်ခိုင် တောသားကြီးတစ်ဦးသည် ဇရပ်တိုင်ကိုမှီကာ စိတ်ပျက်လက်ပျက်ထိုင်နေ၏။ သူသည် ထိုနေရာသို့ နံနက်ကတည်းကရောက်ရှိနေခဲ့ခြင်းဖြစ်သည်။ ကြားရသည့်သတင်းတွေက မကောင်း။ အင်းဝမြို့ကို မွန်တွေစစ်ချီလာတာ သူသိခဲ့သည်။ သို့သော် သူခရီးထွက်လာစဉ်အတွင်း အင်းဝမြို့လျှင်မြန်စွာကျသွားသည်ကို သူ မသိလိုက်။ အင်းဝရောက်တော့မှ သူတို့ဘဝရှင်မင်းတရားကြီးကို မွန်တွေက ဟံသာဝတီသို့ ခေါ်ဆောင်သွားကြပြီဆိုတာသိရသည်။

ပုပြင်းသောနေအောက်မှ လူကြီးတစ်ဦး ဇရပ်ပေါ်တက်လာသည်။ ထိုလူကြီးမှာ အရပ်ရှည်ရှည်၊ ထောင်ထောင်မောင်းမောင်း၊ နှုတ်ခမ်းမွေးကျင်စွယ်၊ သျှောင်ချောကြီးဖြင့် ခံ့ခံ့ညားညားရှိ၏။ ဇရပ်ပေါ်၌ နားနေအပန်းဖြေပြီးနောက် လူကြီးကစ၍ ပဋိသန္ထာရစကားဆိုလာသည်။

"အင်းဝကို ဘာလုပ်ရအောင် လာသလဲကွဲ့"

"လာတာကတော့ စစ်တိုက်ဖို့ဆိုပါတော့၊ ဒီရောက်တော့ စစ်ပွဲက ပြီးနှင့်နေပြီ၊ ရှင်ဘုရင်လဲ သူ့လက်ပါသွားပြီကြားတယ်၊ ဘာလုပ်ရမှန်းမသိတာနဲ့ ထိုင်နေတာပဲ၊ ရွာပဲပြန်ရမှာပေါ့လေ"

"ပြန်ရမဲ့ခရီးကဝေးသလား"

"ဝေးပါတယ်ဦးမင်း၊ ရက်သတ္တတစ်ပတ်လောက်လာခဲ့ရတယ်"

"အတော်ဝေးသားပဲ၊ ဒါဖြင့် ကျုပ်နဲ့လိုက်ခဲ့မလား၊ ကျုပ်လဲ လူသစ်စုဆောင်းနေတာပဲ၊ အခုတော့ အင်းဝမြို့တွင်းဝင်စရာရှိသေးတယ်၊ ဒီက အပြန်တစ်ခါတည်းလိုက်ခဲ့ပေါ့"

"ဘယ်ကိုလိုက်ရမှာလဲဗျ၊ လူသစ်စုဆောင်းတယ်ဆိုတာက . . ."

"ကျုပ်တို့ မုဆိုးဘိုရွာကို တပ်တည်ပြီး အနီးပတ်ဝန်းကျင်ကရွာတွေကို စုရုံးသိမ်းသွင်းနေတယ်၊ အင်အားအတော်ရနေပြီ၊ တိုင်းပြည်အခြေအနေမကောင်းတော့ ကြိုတင်ပြင်ဆင်ထားရတာပါ"

"မုဆိုးဘိုရွာကဆိုတော့ ဘိုသုံးဘို၊ တစ်ဘိုမင်းဖြစ်မယ်ဆိုတဲ့ တဘောင်ထဲက မုဆိုးဘိုလား"

"ဟုတ်ပါ့မောင်ရင်၊ မုဆိုးဘိုရွာသူကြီး ဦးအောင်ဇေယျဆိုတာ ကျုပ်ပဲ"

တောသားကြီးမှာ ရုတ်တရက်ထကာ ပေါင်ကို လက်ဖြင့်ဖြန်းခနဲ ပုတ်လိုက်ပြီး –

"အခန့်သင့် လိုက်လေဗျာ၊ လက်ရုံးက မီးတောက်တယ်ဆိုတဲ့ သူနဲ့မှ တည့်တည့်လာတိုးတာကိုး၊ ကျုပ်ကလဲ ဒီလိုလူမျိုးနဲ့မှတွေ့ချင်တာ၊ ရွာကထွက်လာပြီးမှတော့ မပြန်ဘူးလို့နေတာ၊ အခု ဘုန်းရှင်ကံရှင်နဲ့တိုးတုန်း တစ်ခါတည်း လိုက်ခဲ့တော့မယ်၊ အောက်ပြည်သားတွေကို ရွှေမြို့တော်က နှင်ထုတ်ကြရအောင်ဗျ"

ထိုသူစကားကိုကြားသောအခါ ဦးအောင်ဇေယျပြုံးသည်။ ရဲရဲတောက် အမျိုးချစ်သူတစ်ဦးရပြီဟုလည်း ထင်မှတ်လိုက်သည်။ ထင်သည့်အတိုင်းလည်း ထိုသူမှာ နောင်အခါ မုဆိုးချုပ်ဗိုလ်၊ မင်းလှမင်းခေါင်၊ မင်းခေါင်နော်ရထာဘွဲ့များဖြင့် အလောင်းဘုရားအားအထားရဆုံး လက်ရုံးကြီးတစ်ဆူဖြစ်လာမည့် ငတွန်ဖြစ်လေသည်။ ကုန်းဘောင်ခေတ်၏ အကြီးကျယ်ဆုံးဖြစ်လာမည့်စစ်သူရဲကြီးကို မထင်မှတ်ဘဲ ရရှိခဲ့ခြင်းဖြစ်၏။

အင်းဝမှကိစ္စပြီးသောအခါ ဦးအောင်ဇေယျနှင့် ငတွန်တို့သည် မုဆိုးဘိုရွာသို့ပြန်၍ လူသူလက်နက်စုဆောင်းလျက်နေကြ၏။ ဦးအောင်ဇေယျ၏ လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့်သတင်းနှင့် ငယ်စဉ်ကတည်းက မင်းလောင်းဟု ကျော်စောခြင်းများကြောင့် များမကြာမီပင် အနီးဝန်းကျင်မှရွာများအားလုံးကို စုစည်းနိုင်ခဲ့လေသည်။

တစ်နေ့၌ အင်းဝအောက်ဘက်သို့ စနည်းနာထွက်သော ငတွန်သည် တကောင်း၊ မလည်အရပ်တွင် လူငယ်တစ်ဦးက မွန်တို့အထူးအားထားရသော နတ်ဆရာဝိဇ္ဇာကြီးဦးမင်းသိုက်ကို အနိုင်ယူလိုက်သည်ဟူသည့်သတင်းကိုကြားခဲ့ရ၏။

ဦးမင်းသိုက်မှာ နယ်နယ်ရရ မဟုတ်ဘဲ လောကီဂမ္ဘီရအစီရင်များတွင် အထူးပေါက်မြောက်၍ နတ်များကို လိုသလိုစေခိုင်းနိုင်သည်ဟု နာမည်ကြီးနေသူဖြစ်သည်။ အင်းဝကို မွန်တို့တိုက်စဉ်က မွန်စစ်သူကြီးတလပန်းသည် ဦးမင်းသိုက်၏ အစီအရင်များကို အထူးအလေးထားလိုက်နာဆောင်ရွက်ခဲ့ပြီး အင်းဝကို သိမ်းခဲ့သည်ဟု ကြားရဖူးသည်။

ထိုသို့သော နတ်ဆရာဝိဇ္ဇာကြီးဦးမင်းသိုက်ကို လူငယ်တစ်ဦးက လုပ်ကြံလိုက်သည်ဆိုသည်မှာ စိတ်ဝင်စားစရာသတင်းဖြစ်နေပေသည်။ မည်သို့မည်ပုံအနိုင်ယူလိုက်သည်ကို လူများပါးစပ်ဖျားတွင် ဒဏ္ဍာရီသဖွယ် ပြောဆိုနေကြ၏။ အထူးသဖြင့် လူငယ်လေးတစ်ဦးတည်းက အစောင့်အကြပ်ထူပြောသောတိုက်လှေကြီးပေါ်အထိတက်ကာ မွန်ရဲမက်အားလုံးကိုသုတ်သင်ပစ်ခဲ့သည်သာမက မည်သို့မျှမသေနိုင်ဟူသည့် ဝိဇ္ဇာဓိုရ်ကိုပင် သတ်ဖြတ်နိုင်ခဲ့သည်ဆိုခြင်းမှာ မယုံနိုင်စရာ။

ဦးမင်းသိုက်မရှိတော့သည့်နောက် မွန်တပ်များက ထိုလူငယ်ကို အပူတပြင်းလိုက်လံရှာဖွေဖမ်းဆီးနေသဖြင့် ထွက်ပြေးပုန်းရှောင်နေကြောင်းလည်း ကြားရသည်။ ထိုသတင်းကို ငတွန်က ဦးအောင်ဇေယျသို့ ပြန်ကြားသည်။ ဦးအောင်ဇေယျလည်း အင်းဝသို့ စနည်းနာထွက်ရန်ရှိသည်နှင့် တကောင်းသို့ တစ်ခါတည်းသွားရောက်စုံစမ်းရန်တိုင်ပင်ကြလေသည်။ ယင်းနောက် နှစ်ဦးသား မြင်းကိုယ်စီဖြင့် ခရီးထွက်ခဲ့ကြသည်။

တကောင်းမရောက်ခင် ရွာတစ်ရွာအနီးတွင် ခေတ္တရပ်နား၍ မေးမြန်းကြရာ ရွာသူရွာသားများက ထိုလူငယ်ကို သူရဲကောင်းတစ်ဦးသဖွယ် အမွှမ်းတင်ပြောဆိုလျက်ရှိသည်ကိုကြားကြရ၏။ သူတို့အပြောတွင် ယင်းသူငယ်မှာ ဘီလူးဝင်စားသူဖြစ်ပြီး နတ်ဘီလူးများကိုပင် စစ်ကူခေါ်နိုင်ကြောင်း၊ အင်းဝခေတ်က သူခိုးကြီးတောက်ပြားလို စွမ်းသူဖြစ်ကြောင်း ပြောဆိုကြလေသည်။

မြင်းများကို ထိုရွာ၌အပ်ခဲ့ပြီး လှေဖြင့် တကောင်းသို့ ဆက်ထွက်ခဲ့ကြ၏။ လမ်းတွင် ဦးအောင်ဇေယျ

က ငတွန်ကို စစ်နှင့်ဆိုင်သည်များ ပြောလာခဲ့သည်။

"ဒီလို ငတွန်ရဲ့၊ ကျုပ်တို့မွန်တွေနဲ့တိုက်ရရင် ရေတပ်ကောင်းကောင်းရှိဖို့လဲလိုလိမ့်မယ်ကွဲ့၊ မွန်ရေတပ်နဲ့ တိုက်လှေကြီးတွေဟာ အင်းဝ–ဟံသာဝတီစစ်ပွဲကတည်းက နာမည်ကြီးတယ်၊ သူတို့ကို ရေမှာနိုင်ဖို့ဆိုတာ အတော်မလွယ်တဲ့ကိစ္စပဲ၊ တော်တော်စွမ်းတဲ့သူတွေမှလဲ ရေတပ်သားဖြစ်နိုင်မယ်"

"ရေတပ်သားက ခြေလျင်တပ်သားထက် စွမ်းရမယ်လား"

"ဒါပေါ့၊ ရှေးက တပ်မတော်သားတွေအတွက် သတ်မှတ်ချက်ရှိတယ်၊ ခြေလျင်တပ်သားပွဲဆယ်ပွဲရမှ မြင်းတပ်မှာ အမှုထမ်းနိုင်တယ်၊ မြင်းတပ်သားဆယ်ပွဲရသူမှ ဆင်တပ်ကိုရောက်တယ်၊ ဆင်တပ်သားဆယ်ပွဲရသူဖြစ်မှ လှေတော်သားဖြစ်သတဲ့၊ တကယ်တမ်းတော့ အဲဒီလောက်တိုက်ပွဲတွေဖြစ်ဖို့ ဘယ်လွယ်မလဲကွာ၊ ဒါပေမဲ့ သတ်မှတ်ချက်ပေါ့၊ လှေတပ်သားဟာ အခြားရဲမက်တွေထက် ဆယ်ဆလောက်သာနေရမယ်လို့ဆိုလိုတာပေါ့"

"ဒီအတိုင်းဆို ကြားရတဲ့သတင်းတွေသာမှန်ရင် ဟိုကောင်လေးကို လှေတပ်သားခန့်ရလိမ့်မယ် ထင်ပါရဲ့"

"အရပ်စကားဆိုတာကလဲ ချဲ့ကားပြောတတ်တော့ ယုံဖို့ခက်တယ်ငတွန်၊ ဒါပေမဲ့ ဒီသူငယ်က ဦးမင်းသိုက်ကို တိုက်လှေပေါ်တက်ပြီး အနိုင်ရခဲ့တာတော့ အမှန်ဖြစ်မယ်၊ လူတိုင်းက ဒီလိုပဲပြောနေကြတယ်"

"ဒါပေမဲ့ ဦးမင်းသိုက်ရဲ့နတ်တွေနဲ့ ကောင်လေးရဲ့ဘီလူးတွေ မြစ်ပြင်ပေါ်မှာတိုက်ကြတယ်ဆိုတာကတော့မဖြစ်နိုင်လှပါဘူးဗျာ၊ မဟုတ်ဘူးလား"

ငတွန့်စကားကို ဦးအောင်ဇေယျ ပြုံးရုံသာပြုံးပြလိုက်ရ၏။ စကားပြန်မဆိုခင် တံငါလှေတစ်စင်း ချောင်းရိုးအတွင်းဝင်သွားသည်ကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်။ လှေဟန်က ထူးခြားသည်။ လှော်သွားပုံမှာ ကသုတ်ကရက်နိုင်၏။ လှော်လာသူကလည်း တံငါသည်နှင့်မတူ။ ငယ်ရွယ်ဖျတ်လတ်၍ ကျစ်လျစ်သန်မာသည့်တိုက်ပွဲဝင်ရဲမက်တစ်ဦး ရုပ်ဖျက်ထားသည်နှင့် တူနေသည်။

ထို့ကြောင့် ဦးအောင်ဇေယျနှင့် ငတွန်တို့ တစ်ဦးကိုတစ်ဦးကြည့်မိကြသည်။ ထိုလှေနောက်လိုက်ရန် တိုင်ပင်ထားသကဲ့သို့ ငတွန်က လှေကိုကျူးလှော်သလို ဦးအောင်ဇေယျကလည်း ပဲ့ထိန်းလှော်ခတ်ရင်း ချောင်းရိုးထဲအလိုလို လိုက်ဝင်မိသွားသည်။

အတန်ကြာလိုက်ဝင်မိသောအခါ တံငါလှေသမားက နောက်ကိုလှည့်ကြည့်သည်။ လှေတစ်စင်းတည်းလိုက်လာသည်ကိုမြင်သောအခါ သူ့လှေကိုတန့်၍ ဘေးတိုက်ကန့်လန့်ထားကာ စောင့်နေလေသည်။ သူတို့လှေအနီးရောက်သောအခါ တံငါလှေသမားက ဆီး၍မေးသည်။

"ဦးရီးတို့ ဘာကိစ္စနဲ့ ကျုပ်နောက်ကိုလိုက်လာကြသလဲ"

ထိုကဲ့သို့ ပွင့်ပွင့်လင်းလင်း မေးခြင်းခံလိုက်ရသောအခါ ငတွန်ဘာပြန်ဖြေရမည်မသိဖြစ်သွား၏။

"ဘယ်မှာလိုက်လို့လဲ"ဟု ဖြေတော့မည့်အခိုက် –

"တံငါလှေက တံငါလှေနဲ့မတူလို့ လိုက်ကြည့်ပါတယ်"ဟု ဦးအောင်ဇေယျက ကြားဖြတ်ဖြေလိုက်သည်။ ကိုတံငါက –

"ဦးရီးတို့ကြည့်ရတာ မြန်မာတွေပါပဲ၊ မွန်သစ္စာကိုခံထားတဲ့ မွန်ကျွန်တွေများလား"

"ဘာ . . ."

'မွန်ကျွန်'ဟုစော်ကားခံလိုက်ရ၍ ငတွန်ဒေါသထွက်သွားသည်။ လှေပေါ်မှ ထရပ်မိမလိုဖြစ်သွားလေသည်။ တံငါလှေသမားကလည်း လှော်တက်ကို အသင့်အနေအထားဆုပ်ကိုင်ထား၏။ ကြည့်ရသည်မှာ မွန်ကိုမလိုလားသော မြန်မာမျိုးချစ်တစ်ဦးဖြစ်နိုင်လေသည်။ ဦးအောင်ဇေယျက သူတို့နှစ်ဦးအချင်းများတော့မည့်ဟန်ရှိနေသဖြင့် စမ်းသပ်ကြည့်ရန် စိတ်ကူးမိသည်။

"မွန်ကို သစ္စာခံတော့ကော ဘာဖြစ်လို့လဲ၊ အခြေအနေအချိန်အခါအရ မြန်မာမင်းမရှိတဲ့အခါ သူက သစ္စာပေးလာရင် မခံချင်လို့မရဘူးကွဲ့"



သူ့စကားကို ငတွန်ကတော့ ဘယ်လိုသဘောပေါက်မည်မသိ။ တစ်ဖက်လှေပေါ်မှလူက သူတို့ကို မွန်သစ္စာခံများဟု တထစ်ချထင်မှတ်သွားမည်မှာသေချာသည်။ ကြည့်လေ ရုတ်တရက်ထကာ ငတွန်ကို လှော်တက်ဖြင့်ရိုက်ချလိုက်၏။

ငတွန် အရှောင်မြန်သောကြောင့်သာ မားလွယ်ခုတ်ဖြတ်ရိုက်လိုက်သောလှော်တက်က ဦးခေါင်းဘေးမှ ဝီခနဲဖြတ်သွားခြင်းဖြစ်သည်။ ကုန်းကုန်းကွကွဖြစ်သွားသဖြင့် ဟန်ချက်ပျက်ကာ ချက်ချင်းမတုံ့ပြန်နိုင်သော ငတွန်ကိုဆက်မတိုက်ခိုက်ဘဲ တံငါလှေသမားက ဦးအောင်ဇေယျကိုလှော်တက်ဖြင့် ဆောင့်ထိုးလိုက်ပြန်သည်။ ကြိုတင်ပြင်ဆင်မထားသူဖြစ်ပါက ရင်ဝအထိုးခံရကာ လှေပေါ်မှလန်ကျသွားနိုင်လေသည်။ သို့သော် –

"ဖြောင်း"

ဦးအောင်ဇေယျက လှော်တက်ချင်း ခတ်ထုတ်လိုက်နိုင်သည်။ ငတွန်ကလည်းထကာ လှေသမားကိုလှော်တက်ဖြင့်ရိုက်ရာ ဆောင်းထားသောခမောက်ကိုရိုက်မိသဖြင့် ဖောင်းခနဲမြည်ကာ ခမောက်ကျွတ်ကျသွားသည်။ သျှောင်မထုံးထားသောဆံပင်များ ဖွားခနဲပြန့်ကျဲသွားလေသည်။ ငယ်ရွယ်နုပျိုလှသေးသောလူငယ်လေးတစ်ဦး။ သို့သော် အရွယ်နှင့်မလိုက်အောင်သွက်လက်ဖျတ်လတ်ပုံမှာလည်း နှစ်ယောက်နှင့်တစ်ယောက်တိုက်ခိုက်ရသည်ကိုပင် လှော်တက်ကိုအလယ်မှကိုင်၍ ခတ်ထုတ်ဆီးကာ ရိုက်ပစ်လျက် ကျင်လည်စွာဆော့ကစားနေသည်သို့။

ဦးအောင်ဇေယျလှော်တက်အသုံးပြုပုံမှာ စကြာလည်နေသလိုလျင်မြန်လှသဖြင့် လူငယ်ကအခြေအနေမဟန်မှန်းသိလာသည်။ ငတွန်ကလည်း သူ့ထက် ခွန်အားတွင်အလွန်သာနေ၏။ သူထင်သလိုမဟုတ်သဖြင့် လူငယ်မှာ တိုက်ခိုက်ရင်း လွတ်လမ်းကိုရှာတော့သည်။ ဦးအောင်ဇေယျတို့လည်း ထင်မှတ်မထားသောတိုက်ခိုက်ခြင်းဖြစ်သဖြင့် သတိထားနေရသည်။

လူငယ်က လှေဦးချင်းနီးကပ်နေသည်ကို လှော်တက်နှင့် ထိုးခွာလိုက်ပြီး ရေထဲခုန်ချသွားသည်။ သူ့တံငါလှေပေါ်တွင် ပိုက်မရှိ။ ငါးမျှားတံပင်မရှိချေ။ ရေထဲသို့ငုပ်လျှိုးသွားပြီး သူတို့လှေကိုပင် ရေအောက်မှလာမှောက်ရန်ကြိုးစားလိုက်သေးသည်။ တက်များဖြင့်ထိုးတော့မှ လှေနှင့် ပေနှစ်ဆယ်ခန့်တွင်ပေါ်လာပြီး ကမ်းကိုကူးသွားသည်။

သူတို့လည်း နောက်မှ အပူတပြင်းလိုက်ကြသည်။ လူငယ်မှာဝတ်ထားသော ဖျင်ကြမ်းအင်္ကျီကို ရေထဲတွင်ချွတ်ထားခဲ့ရာ ကုန်းပေါ်ရောက်သောအခါ သူ့ကိုယ်မှာ ဘီလူးပုံများမင်ကြောင်ထိုးထားသည်ကို မြင်ကြရသည်။ လူငယ်က သူ့နောက်လိုက်လာသောလှေကိုကမ်းပေါ်မှ အသင့်စောင့်နေပြန်သည်။ ငတွန်က ကမ်းကပ်လျှင်ကပ်ချင်း လူငယ်ကို လှော်တက်ဖြင့်ရိုက်ရင်း ကမ်းပေါ်သို့ ခုန်တက်လိုက်၏။ သို့သော် လှေပေါ်မှပြေးပြေးတက်တက်ရိုက်ရသောကြောင့် မပြင်းလှသောရိုက်ချက်ကို လူငယ်ကကြိုတွက်ပြီးဟန်ဖြင့် မရှောင်ဘဲ လှော်တက်ကိုဖမ်းကာ ခုန်တက်လာသောငတွန်ကို ဆီးကန်ချလိုက်သဖြင့် ငတွန်ရေထဲကျသွားသည်။ ဦးအောင်ဇေယျက ချက်ချင်းမတက်သေးဘဲ –

"ဟေ့ . . . ဟေ့၊ နေပါအုံးကွ သူငယ်"

"မနေဘူး၊ ကျုပ်က မွန်ကျွန်ဆို လောက်ထက်ရွံ့တာဗျ" ဟု ပြောရင်း လှော်တက်ဖြင့် ပစ်လိုက်သေး၏။ ဦးအောင်ဇေယျက ဝင်လာသောလှော်တက်ကိုရိုက်ဖယ်နေစဉ် သူက လှေပေါ်ခုန်တက်လာသည်။ ဦးအောင်ဇေယျက လှော်တက်ဖြင့် ချိန်ထားရင်း –

"ကျုပ်တို့ မွန်ကျွန်လို့ မပြောမိပါဘူး"

လူငယ်တစ်ချက်တွေသွားစဉ် ရေထဲမှ ငတွန်ကထရပ်ပြီး သူ့ခြေထောက်ကိုဆွဲထားသည်။ လူငယ်ရုန်းသော်လည်းမလွတ်။ အခြားခြေဖြင့်ခတ်သော်လည်းမဖြုံ။ ခြေထောက်ကို မလွှတ်တမ်းဆွဲထားလေသည်။ ဦးအောင်ဇေယျက လူငယ်ကိုခုန်အုပ်လိုက်သော်လည်း လူငယ်က ဆီးဖမ်းကာပစ်လိုက်သဖြင့် ကမ်းပေါ်ရောက်သွားရသည်။

လူငယ်က ဦးအောင်ဇေယျကျန်ခဲ့သည့်လှော်တက်ကို ကောက်ကိုင်ပြီး ရိုက်မည်ပြင်သဖြင့် ငတွန်က လှေကို တွန်းမှောက်ပစ်လိုက်သည်။ နှစ်ယောက်သား ရေထဲမှာ လုံးလားထွေးလားဖြစ်နေသည်ကို ဦးအောင်ဇေယျက ကမ်းပေါ်မှရပ်လျက် ပြူးပြူးကြီးကြည့်နေသည်။ ငတွန်က ခွန်အားသာသော်လည်း လူငယ်က ဉာဏ်ရည်သာသည်။ ငတွန်အမိဖမ်းသမျှ လွတ်အောင်ရှောင်နိုင်၊ ရုန်းထွက်နိုင်သည်ချည်းဖြစ်သည်။ သူကပင် ငတွန်ကို ပြန်နှံလိုက်သေးသည်။ ငတွန်ကလည်း မိသည်နှင့် ဖိထောင်း၏။ ကျားတစ်ပြန်၊ ဘတစ်ပြန်ဖြစ်နေတုန်း –

“တော်ကြတော့”

အသံသြဇာအပြည့်နှင့် အမိန့်ပေးသံကြောင့် နှစ်ဦးသားသတ်ပုတ်နေရာမှကမ်းပေါ်သို့ လှမ်းကြည့်လိုက်ကြသည်။ ဦးအောင်ဇေယျက ငတွန်ကိုခေါင်းညိတ်ပြလျက် ကုန်းပေါ်တက်သွားသည်။ ငတွန်က ဆက်လက်သတ်ပုတ်ခြင်းမပြုတော့ဘဲ ကမ်းပေါ်တက်လာသဖြင့် လူငယ်လည်း လိုက်တက်လာသည်။

ကမ်းပေါ်ရှိ မန်ကျည်းပင်ကြီးတစ်ပင်၏အမြစ်တွင်ထိုင်လျက် ဦးအောင်ဇေယျက ထိုလူငယ်ကို မေးမြန်းစုံစမ်းရာ သူ့ကိုဖမ်းမည့်သူများမဟုတ်မှန်းသိသည်နှင့် လူငယ်ကလည်း ကောင်းမွန်စွာပြန်ဖြေလာသည်။

“ငါ့တူဘာဖြစ်လို့ တံငါသည်လို ရုပ်ဖျက်ထားတာလဲ”

“မွန်ရဲမက်တွေ လိုက်ဖမ်းနေလို့ပါ”

“သူတို့က ဘာဖြစ်လို့ ငါ့တူကိုလိုက်ဖမ်းနေကြတာလဲ”

လူငယ်က ဖြေချင်ပုံမရ။ ခပ်တည်တည်သာ ပြန်ကြည့်နေသည်။ ငတွန်နှင့်ဦးအောင်ဇေယျတစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ –

“ကျုပ်တို့က မုဆိုးဘိုရွာက လာပါတယ်၊ အရည်အစွမ်းရှိတဲ့ မြန်မာတွေကိုစုဆောင်းဖို့ ထွက်လာတာ”

ထိုစကားကိုကြားကာ လူငယ်စိတ်ဝင်စားဟန်ပြသည်နှင့် ငတွန်က –

“ဒီအရပ်မှာ လူတစ်ယောက်က မွန်လူကြီးတစ်ဦးကိုသတ်ပြီး ထွက်ပြေးနေတယ်လို့ကြားတယ်” ဟုပြောလိုက်ရာ လူငယ်မျက်နှာပျက်သွား၏။ ဦးအောင်ဇေယျက ရိပ်မိသည်။

“ဦးကြီးက ဦးအောင်ဇေယျပါ၊ အဲဒီသူငယ်ကို မွန်တွေမဖမ်းခင် ရွာကိုခေါ်သွားနိုင်ရင် မွန်တွေလဲ ရှာတွေ့နိုင်စရာမရှိတော့ဘူး၊ ကျုပ်တို့အတွက်လဲ တစ်အားဖြစ်မယ်လေ”

“ဦးအောင်ဇေယျဆိုတာ ဟိုမုဆိုးဘိုရွာသူကြီးလား”

“ဟုတ်တယ်”

“ဦးအောင်ဇေယျဖြစ်ကြောင်း ဘယ်လိုသက်သေပြမလဲ”

“အလိုဗျာ”

ငတွန်က ရေရွတ်လိုက်လေသည်။ ဦးအောင်ဇေယျက –

“သက်သေပြစရာတော့မရှိဘူး၊ ဟိုရောက်တော့ တွေ့လိမ့်မယ်”

“ကျုပ်ကို ညာခေါ်ရင်ဘယ့်နှယ်လုပ်မလဲ၊ နေအုံး (တစ်ချက်စဉ်းစား၍) မုဆိုးဘိုရွာသူကြီးမှန်ရင် ဓားရေး၊ လှံရေးထက် တုတ်ရေးသာရမယ်၊ စမ်းကြည့်လို့ဖြစ်မလား”

“စမ်းနိုင်ပါတယ်ငါ့တူ”

လူငယ်က ယူလာသောတက်ကိုလှမ်းပေးလိုက်ရာ ဦးအောင်ဇေယျက တုတ်ရေးကစားပြသည်။ အလွန်ကျွမ်းကျင်တိကျပြီး ကြည့်ကောင်းလှသဖြင့် ငတွန်ပင် ငေးကြည့်နေသည်။ လူငယ်က ဦးအောင်ဇေယျထံ ခဲဖြင့်ပစ်သည်။ သဲကျုံး၍ ပေါက်သည်။ တုတ်ယမ်းသည့်အတွင်း ခဲမရောက်၊ သဲမရောက်၊ လက်ပင်မပေတော့မှ –

“ဒါကြောင့် လူတွေက ရေပက်မဝင်လို့ ဆိုကြတာကိုး၊ ကျော်တဲ့အတိုင်း တော်ပါပေတယ်ဗျာ” ဟု လူငယ်က ချီးကျူးသည်။

ဦးအောင်ဇေယျကလည်း –

"ငါ့တူကလဲ ဆိုစမ်းပါအုံး၊ ဘိုးမင်းသိုက်ကို ဘယ်လိုဆော်ခဲ့သတုံး"ဟုမေးရာ လူငယ်က ရယ်ပြီးပြောလေသည်။

"ကံကောင်းလို့ပါဗျာ၊ အာဂအဘိုးကြီး၊ တော်တော်ကြောက်စရာကောင်းတယ်၊ နတ်စိမ်းတွေကို တကယ်ခေါ်နိုင်တာဗျ၊ မလည်ကမ်းပါးထိပ်ကနေ လူရိပ်တွေပေါ်လာပြီး မြင်းတွေနဲ့ ရေထဲခုန်ချလိုက်လာကြတာတွေးမိရင် ကြက်သီးထတယ်၊ သူ့တစ်ကိုယ်လုံးဆေးတွေပေါက်ထားလိုက်တာ နေရာလွတ်မကျန်ဘူး၊ ငယ်ထိပ်ကနေ ခြေချောင်းထိပ်တွေအထိ အင်းတွေ၊ စမတွေ၊ ဂါထာမန္တန်တွေစုတ်ထားပုံပဲ၊ သူ့ကိုသတ်လိုက်နိုင်တာ ကိုယ့်ကိုယ်ကိုယ်တောင် မယုံနိုင်သေးဘူး"

"အင်း . . . ကြည့်ရတာ နတ်ချစ်ဂါထာတော်ကြီးကို ရထားပုံပဲ၊ နတ်တွေကို အလိုရှိသလို ခေါ်ယူစေခိုင်းနိုင်တယ်၊ သူပြောတဲ့ကမ်းပါးပေါ်က နတ်တွေဆိုတာ အဖမ်းမခံချင်လို့ မြင်းနဲ့တကွ ရေထဲခုန်ချပြီး သတ်သေသွားခဲ့ကြတဲ့ရွာသူကြီးနဲ့ နောက်လိုက်တွေဖြစ်ရမယ်"

"အဲဒီအဘိုးကြီး ရွာကိုရောက်လာတာ တစ်ရွာလုံးကပ်ဆိုက်တော့တာပဲ၊ ကျုပ်တို့မိသားစုလဲ အကြီးအကျယ်ဒုက္ခရောက်သွားကြတယ်၊ အဆိုးဆုံးကတော့ ရွာက ဘုန်းကြီးကျောင်း မီးတိုက်ခံလိုက်ရတာပဲ၊ ကျုပ်နဲ့မွန်တွေအချင်းများကြပြီး မွန်နှစ်ဦးကို ရိုက်လိုက်မိတာကိုး၊ အဲဒီမှာ အဘိုးကြီးက ကျုပ်တို့တစ်အိမ်လုံးကို ကျိန်စာတိုက်တော့တာပဲ၊ ကျုပ်လဲထွက်ပြေးရတယ်၊ မကြာဘူး အဖေဆုံးသွားတယ်၊ ကျုပ်ညီလဲ ရူးပြီး သေသွားတယ်၊ အဲဒါနဲ့ ကျုပ်လဲ သူ့နောက်လိုက်ပြီး လုပ်ကြံခဲ့လိုက်တာပဲ"

ငတွန်က ဝင်မေးသည်။

"ဦးမင်းသိုက်ကို သူ့တိုက်လှေကြီးပေါ်တက်ပြီး သတ်ခဲ့တာဆို"

"ဟုတ်တယ်၊ တကောင်းကနေ အင်းဝအပြန် မလည်နားကမြစ်ကွေ့မှာ လှေနဲ့လိုက်ပြီး ချောင်းသတ်မလို့ သူကသိသွားတာနဲ့ မထူးဘူးဆိုပြီး ဖြစ်ချင်ရာဖြစ် မွန်လှေပေါ်တက်ခုတ်တာ၊ အတော်ကောက်ကျစ်တဲ့လူကြီးဗျာ၊ သူ့လူတွေကို သတ်ရတာလွယ်သလောက် သူ့ကိုသတ်ရတာ ကျားကို တုတ်နဲ့သွားရိုက်ရသလိုပဲ၊ သူသေကိုယ်သေ ဉာဏ်ချင်းယှဉ်ပြီး အသက်လုခဲ့ရတယ်၊ ကျုပ်ဘက်မှာ ဘုရားတရားရှိလို့ မိစ္ဆာတွေကိုနိုင်ပါစေဆိုပြီး မတိုက်ခင်က သစ္စာဆိုခဲ့လို့ပေါ့"

"ငါ့တူက နတ်ဘီလူးတွေကို ဆင့်ခေါ်နိုင်တယ်ဆိုတာ အဟုတ်လား"

"ဟာ . . . ဘယ်ကလာဗျာ၊ ကောလာဟလတွေပါ၊ ငယ်ငယ်ကတော့ ဘီလူးဝင်စားတယ်လို့ပြောကြတယ်၊ ကျုပ်ဒေါသထွက်လာရင် ဘီလူးလိုဖြစ်သွားတတ်လို့တဲ့"

"အိမ်း . . . အိမ်း . . . ကောင်းပါလေရဲ့၊ ဒါနဲ့ ငါ့တူရဲ့တိုက်ရည်ခိုက်ရည်ကိုလဲမြင်ရပြီ၊ ဦးတို့ လက်ရည်ကိုလဲ ငါ့တူသိပြီ၊ ဘယ့်နှယ်လဲ၊ ကျုပ်တို့နဲ့ပူးပေါင်းမလား"

"အင်း . . . စဉ်းစားရအုံးမယ်"

ထိုအခါ ငတွန်က ထ၍ –

"ဘာစဉ်းစားစရာရှိလဲ၊ မင်းဖြစ်မဲ့သူလို့ တဘောင်ထွက်တဲ့ မင်းလောင်းကိုယ်တိုင်လာပြီး အမှုထမ်းဖို့ခေါ်တဲ့ဟာ စဉ်းစားနေစရာလိုသေးလို့လား"ဟုပြောသည်။

ဦးအောင်ဇေယျ ရယ်သည်။ လူငယ်က မရယ်ဘဲ –

"အဲဒါကြောင့် စဉ်းစားရတာပေါ့၊ မင်းမှုထမ်းဆိုတာ အသက်ကို မင်းလက်အပ်ထားရတယ်၊ တိုက်ပွဲအတွင်းလဲ သူက အနောက်ကခြား ဖြစ်တယ်၊ ရှေ့ခြားထက် နောက်ခြားကြောက်ရတယ်ဆိုသလိုပဲ၊ တိုက်ပွဲမရှိချိန်မှာ ဘုရင်ဆိုတာ ဇက်ပေါ်ဓားမိုးထားတဲ့သူပဲ"

သူ့စကားကိုဦးအောင်ဇေယျ သဘောကျသွားသည်။ ဟက်ဟက်ပက်ပက်ရယ်ပြီး –

"မောင့်ရင့်စကား ဟုတ်ပေတယ်၊ လူပင်ငယ်သော်လဲ အရွယ်နဲ့မလိုက် နှလုံးကြီးလွန်းတယ်၊ ကဲ မင့်အသက်ကို ငါအာမခံတယ်၊ ငါ့အပေါ်သစ္စာသာရှိပါစေ၊ ငါ့အမိန့်၊ ငါ့လက်နဲ့ မင်းကိုဘယ်တော့မှမကွပ်စေရဘူး၊ ဟောဒီက ငတွန်သက်သေရှိစေ၊ ဘယ့်နှယ်လဲ"

"ဒီပြင် တစ်ချက်ရှိသေးတယ်"

ငတွန်က နားမလည်ဟန်ဖြင့် ကြည့်ကာ 'ဘာတွေများ တောင်းဆိုစရာရှိသေးလို့လဲ' ဟုတွေးနေသည်။

"ဆိုပါအုံး"

"တိုက်ခိုက်စရာ မလိုအပ်တော့တဲ့အခါ၊ တိုင်းပြည်အေးချမ်းတဲ့အချိန်မှာ စစ်မှုထမ်းဘဝက ကင်းလွတ်ခွင့်ပြုပြီး နေရပ်ပြန်ချင်ပြန်နိုင်တယ်ဆိုတဲ့ကတိ"

"အင်း . . . ဒါတော့ မပြောတတ်ဘူး၊ သို့သော် ရပါတယ်၊ ငါ့မှာ မင်းတစ်ဦးတည်းရှိတာမဟုတ်ပါဘူး"

"ဟုတ်ပြီ၊ ကျွန်တော့်ဘက်က သစ္စာရှိပြီး အမှုတော်ကိုသက်စွန့်ဆံဖျား ရှုပ်ရှုပ်ချွံချွံထမ်းပါမယ်လို့ ကတိပေးနိုင်တယ်၊ ကျွန်တော့်ကို စောင့်ရှောက်ပါ၊ ကျွန်တော်ကလဲ ကျူးကျော်စော်ကားလာတဲ့မွန်တွေကို ပြန်တိုက်ချင်နေတာ"

"ဟ . . . ဟ အမှုတော်တွေ၊ ဘာတွေမလိုသေးပါဘူး၊ ကျုပ်လဲ မင်းမဖြစ်သေးဘူး၊ ဒါတွေကနောက်မှ၊ အခုလိုက်မယ်ဆိုရင် မောင်ရင့်နာမည်အရင်းကို ဒီနေရာမှာထားခဲ့မှဖြစ်မယ်၊ ကျုပ်က နာမည်တစ်ခုပေးမယ်၊ ဒီကစပြီး အဲဒီနာမည်နဲ့ လှုပ်ရှားပေတော့"

"ဟုတ်ကဲ့"

"ဘီလူးဝင်စားတဲ့သူ၊ တိုက်ရည်ခိုက်ရည်သာမက သတ္တိ၊ ဇွတ္တိလဲကောင်းပြီး နောင်တစ်ချိန်မှာ အားကိုးအားထားရမဲ့ သူဆိုတော့ အခုကတည်းက လကျ်ာဘီလူးလို့ နာမည်ပေးလိုက်မယ်၊ သူ့နာမည်က ငတွန်၊ ဒါပေမဲ့ ကျုပ်ပေးမဲ့ ဘွဲ့က မင်းလှရွှေတောင်တဲ့"

"ကောင်းသားပဲ၊ လကျ်ာဘီလူး၊ လကျ်ာဘီလူး၊ အင်း မင်းလှရွှေတောင်တို့အောက် အမှုထမ်းရမယ်မှတ်တယ်"

"သိပ်ဟုတ်တာပေါ့ကွာ၊ ရေတပ်ဖွဲ့ပြီးရင် လှေတပ်သားတွေကို အုပ်ချုပ်ဖို့အတွက် မြင်ထားတယ်၊ စစ်ဦးဘီလူးပါဆိုတဲ့စကားအတိုင်း မွန်လှေကြီးတွေကို ဟိုတစ်ခါတက်တိုက်ခဲ့သလို ဘီလူးစီးတိုက်နိုင်ရင် အရေးသာမှာပဲ"

အလောင်းဘုရားမြော်မြင်ခဲ့သလိုပင် နောင်အခါတွင် လကျ်ာဘီလူးဦးစီးသော ရေတပ်တော်မှာ အင်းဝမြို့ကိုဝိုင်းထားသော မွန်ရဲ့တပ်များကို စွမ်းစွမ်းတမံအနိုင်ယူနိုင်ခဲ့သည်သာမက မြစ်ပြင်ပြည့်ပိတ်ဆို့ထားသော ရာချီသည့်မွန်တိုက်လှေကြီးများကို ကင်းလှေအနည်းငယ်ဖြင့် ဖြိုဖျက်ပစ်ခဲ့သည်။

သန်လျင်မြို့တက်ညတိုက်ပွဲတွင် လက်ရွေးစင်လူတစ်ရာကို ဦးစီး၍ မြို့ရိုးပေါက်အောင်တိုက်နိုင်ခဲ့သလို ပုသိမ်တွင် အင်္ဂလိပ်တို့ကို ရှောင်တခင်ဝင်တိုက်ရာတွင်လည်း ပြောင်းသေနတ်ထူထပ်စွာပစ်နေသည့်ကြားမှ အတင်းဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် လျင်မြန်စွာအောင်ပွဲရခဲ့လေသည်။

တပယင်းစားသားတော်ကြီးမောင်လောက်နှင့် ငတွန်တို့တပ်ပျက်လာခဲ့ရသောကြေ့ ရှမ်းတို့သည် သားတော်လတ်မြေဒူးမင်းသားနှင့် လကျ်ာဘီလူးတို့ချီလာပြီကြားသည်နှင့် တပ်ဆုတ်ကာ ရှောင်သွားကြသလို တိုက်ရည်ခိုက်ရည်ကောင်းသောနာမည်ကျော် ကသည်းမြင်းတပ်ကိုလည်း လကျ်ာဘီလူးတို့တပ်ပင် မြင်းစီးချင်းထိုးကာ အနိုင်ယူခဲ့၏။

ငတွန်သည် လူတစ်ထောင်ကို တစ်ယောက်တည်းဖောက်နိုင်သည်ဟုကျော်ကြားသလို လကျ်ာဘီလူးကိုလည်း 'စစ်ဦးဘီလူးပါလျှင်နိုင်ပြီ' ဟု ပြောစမှတ်ပြုကြလေသည်။

မုဆိုးဘိုတပ်သို့ လကျ်ာဘီလူးရောက်သွားသောအချိန်သည် မွန်တို့ကိုပြန်တိုက်တော့မည့်အချိန်အခါဖြစ်ရာ မြင်းရည်တက် ၆ ကျိပ် ၈ ယောက်ဖွဲ့ရန် ပြင်ဆင်နေချိန်လည်းဖြစ်သည်။ ထို့ကြောင့် မျက်စိအဝတ်စည်း၍ လုံ့ဖျားပြေးဝင်ရသောသူရဲကောင်းစာရင်းတွင် ငတွန်က 'ငတွန်ရန်ရှား' ဟူ၍လည်းကောင်း၊ လကျ်ာဘီလူးက 'ညီသူပြိုင်ကောင်း' ဟူ၍လည်းကောင်း ပါဝင်ခဲ့လေသည်။ ထိုခေတ်က အလောင်းဘုရားလူဟုဆိုလိုက်သည်နှင့် အရင်ဆုံး မုဆိုးချုံဗိုလ်ငတွန်နှင့် လကျ်ာဘီလူးကိုပြေးမြင်ခဲ့ကြရသည်အထိ အလောင်းမင်းတရားက သူတို့နှစ်ဦးအပေါ်အားထားခဲ့လေသည်။ ။

**သခ်ရာဇာ**

# သူမသိစေချင်ပါ

ဘိုမျိုး(ရွှေဘို)



(၁)

တိုက်ပွဲကပြင်းထန်နေတယ်။ မိမိဘက်က တိုက်စစ်ဆင်နေတာဆိုတော့ ခံစစ်သမားလောက်တော့ အခြေအနေကမပေး။ ကြိုတင်စီမံထားတဲ့ အတွေ့အကြုံမနည်းတဲ့ ရန်သူကိုတိုက်နေရတာဆိုတော့ စစ်ပညာသဘောအရ သုံးချိုးတစ်ချိုးသာတယ်ဆိုပေမဲ့ ရင်ဖွင့်ပြီးတက်နေရလို့ အကျအဆုံးတွေလဲ ရှိလာခဲ့ပါပြီ။

အထူးသဖြင့် ရှေ့ဆုံးကတိုက်နေရတဲ့ဗိုလ်မင်းဇော်တို့တပ်စုက ပိုပြီး အထိနာနေတယ်လို့ဆိုရမှာပါ။ အဆင့်ဆင့်ကျင်းတူးလိုက်၊ မိမိလက်နက်ကြီးအကူကိုစောင့်လိုက်နဲ့ ကျားကုတ်ကျားခဲလုပ်ဆောင်နေရပေမဲ့ ခေါင်ကတုတ်ထူထူ၊ ဘေးကာကမြင့်မြင့်နဲ့ ပြောင်းလေးပဲထွက်နေတဲ့ရန်သူ့ဘန်ကာကြီးထဲက စက်လတ်နဲ့ပစ်ခတ်မှုကြောင့် တိုက်စစ်အဟုန်က ရပ်တန့်နေပါတယ်။ လက်နက်ကြီးကျလိုက်၊ သူငုံ့သွားလိုက်၊ လက်နက်ကြီးက အပစ်ရပ်လိုက်သူပြန်ပေါ်လာလိုက်နဲ့၊ တော်တော်ဒုက္ခပေးတဲ့နေရာဖြစ်နေပါတယ်။ ဒါကြောင့် ဒီဘန်ကာကိုဖြိုနိုင်ပါမှ ရှေ့တိုးဖို့အရေးက လွယ်မှာမို့ 'စွန့်ဝံ့သူသာ အောင်ကြောင်းဖြာ' ဆိုတဲ့စကားအတိုင်း အောင်ပန်းဆင်ချင်ရင် စွန့်လွှတ်ရတော့မှာပေါ့။

ဒီတော့ တစ်ပြုံကြီးတိုးတက်ပြီး အသေခံကြမဲ့အစား တပင်ရွှေထီးနားထွင်းဖို့အသွား သူ့ရဲကောင်းရွေးသလို လက်ဖျားထိပ်ကိုအပ်နဲ့စိုက်၊ တူနဲ့ရိုက်ပြီးရွေးဖို့မလိုပေမဲ့ အစဉ်အလာရှိပြီး တိုက်ပွဲတိုင်းမှာ စွန့်လွှတ်စွန့်စားစွာတာဝန်ကျေခဲ့တဲ့စစ်သည်တွေထဲက တစ်ယောက်ထုတ်ရတော့မှာပါ။

"ဆရာမောင်နီတာဝန်ယူပါ၊ ကျွန်တော်တို့ လက်နက်ကြီးအကျ သူ့ခေါင်းငုံ့ပြီးအပစ်ရပ်သွားတာနဲ့ အဲဒီဘန်ကာကို ဆရာ ဝင်လုံးပေတော့၊ ၄၀ မမနဲ့ ဗုံးသီးများများယူသွား၊ ကျွန်တော်တို့အားလုံးက အဲဒီဘန်ကာကို ဝိုင်းပစ်ပေးထားမယ်၊ သွားတော့ဆရာရေ"



ဗိုလ်မင်းဇော်က အနားရှိ တပ်ကြပ်မောင်နီကိုတီကျပြတ်သားတဲ့ အမိန့်ပေးလိုက်တာနဲ့ မောင်နီက စကားပြန်မပြောတော့ဘဲ ညာဘက်လက်မလေးကိုပဲထောင်ပြလိုက်ပါတယ်။ ၄၀ မမတစ်လက်နဲ့ ကျည်နှစ်တွဲကို ဘယ်ညာပခုံးပေါ်ထမ်းပြီး အသင့်ပြင်ထားလိုက်ပါတယ်။ ရှေ့ဘန်ကာထဲက ရန်သူ့စက်လတ်လဲ နောက်က အမြောက်ပစ်ကူက ပျံ့ဝဲလာတဲ့ကျည်ဆန်လေတိုးသံနဲ့အတူ ခေတ္တငြိမ်ကျသွားပါတယ်။

အဲဒီအခွင့်ကောင်းကိုယူပြီး မောင်နီဘန်ကာဆီ တစ်ရှိန်ထိုးပြေးတက်ပြီး ၄၀ မမ တစ်လုံးပြီးတစ်လုံး ပစ်တက်တက်သွားပါတယ်။

လျှပ်တစ်ပြက်အချိန်လေး အတွင်းမှာပဲ မောင်နီတစ်ယောက် ရန်သူ့ဘန်ကာထဲဝင်အသွား၊ စက်လတ်သံလဲ ပြန်အထွက်၊ အမြောက်ကျည်တစ်တောင့်ကလဲ ဘန်ကာပေါ် တည့်တည့်အကျမှာ ဘယ်လိုနတ်ဒေဝါကများ ဖန်ဆင်းလိုက်သလဲ မသိ။ မဖျော်လင့်တာတွေ တစ်ပြိုင်တည်းဖြစ်သွားပြီးနောက် ဘန်ကာလဲပျောက်၊ လူလဲပျောက်။ မောင်နီတစ်ယောက်လဲ အင်း . . . ပျောက်သွားရှာပါပြီကော။

ဘန်ကာထဲက ရန်သူလဲ ဘန်ကာနဲ့အတူ ပျောက်ကွယ်သွားမှာကတော့ တွေးစရာတောင်မလိုပါဘူး။ တစ်ချိန်တည်းမှာပဲ သမုဒယသံယောဇဉ်တွေ ကိုယ်စီရစ်ပတ်ထားတဲ့လူနှစ်ယောက် လောကကြီးနဲ့ အဆက်ပြတ်သွားကြရှာပါပြီ။

နောက်က လက်နက်ကြီးပစ်ကူကောင်းတဲ့အပြင် တိုက်ပွဲချိန်ကလဲကြာလာတော့ ရန်သူဟာ ခံစစ်စည်းကို စွန့်လွှတ်သွားပါတော့တယ်။ ဒီတော့မှ ဗိုလ်မင်းဇော်တစ်ယောက်ကတော့ သူ့ညွှန်ကြားချက်အတိုင်း အသက်ပေးပြီး သူ့တပ်စုရဲ့အသက်ပေါင်းများစွာကို ကယ်တင်ပေးခဲ့တဲ့မောင်နီ့အလောင်းရှိလောက်တဲ့ကျိုးကြေဖွာလန်နေတဲ့ ဘန်ကာပျက်ကြီးကိုမှန်းပြီး အလေးပြုလိုက်ပါတယ်။ ခွဲရုံးနဲ့တစ်ခွဲလုံးကတော့ ရန်သူ့စခန်းကိုအောင်မြင်စွာတက်ရောက်သိမ်းပိုက်လိုက်နိုင်ကြပါပြီ။

ပျက်စီးနေတဲ့ဘန်ကာဘေးမှာ အပိုင်းပိုင်းပြတ်နေတဲ့ စက်လတ်တစ်လက်နဲ့အတူ ရန်သူ့အလောင်းတစ်လောင်းရယ်၊ မောင်နီရဲ့ကွန်မန်ဒိုလည်စည်းလေးရယ်ကို မြင်မကောင်း၊ ရှုမကောင်းတွေ့ကြရပါပြီ။

ဗိုလ်မင်းဇော်တစ်ယောက် မောင်နီ့အလောင်းနားကိုသွားပြီး တွေတွေကြီးရပ်ကြည့်နေမိပါတော့တယ်။ အဲဒီအချိန်မှာပဲ ရဲဘော်တစ်ယောက်က ရန်သူ့အလောင်းကိုကြည့်နေရာက ထူးထူးဆန်းဆန်း အလောင်းရဲ့ညာဘက်အိတ်ကပ်ထဲက ထိုးထွက်နေတဲ့အရာတစ်ခုကို ဆွဲထုတ်လိုက်တာတွေ့ရပါတယ်။ ပါလာတဲ့ပစ္စည်းကတော့ သွေးစွန်းနေတဲ့စာအိတ်လေးတစ်အိတ်ဖြစ်နေတာကြောင့် ဗိုလ်မင်းဇော်ယူပြီး ဖတ်ကြည့်လိုက်ရာ –

**သို့**

**ဒေါ်အေးကြည်**

**ဥယျာဉ်တော်ရွာ**

**ရွှေဘိုမြို့နယ်**လို့ တွေ့လိုက်ရတော့ ဗိုလ်မင်းဇော်အတွက် စဉ်းစားစရာ၊ တွေးစရာတစ်ခုဝင်သွားသလို ခေါင်းငုံ့ပြီး တွေးနေမိပါတော့တယ်။

(၂)

'အင်း . . . ဒီရွာနာမည်နဲ့ လူအမည် ငါကြားဖူးသလိုရှိပါလား၊ ဘယ်မှာကြားဖူးတာပါလိမ့်'လို့ တွေးပြီး စာအိတ်ကိုဖွင့်ဖတ်လိုက်ပါတယ်။ စာထဲမှာတော့ –

"အမေ သားလဲ အမှားတစ်ရာ ကျူးလွန်မိခဲ့ပါပြီ၊ အမေပြောသလို နောင်တဆိုတာ နောင်မှရတတ်ကြတယ်ဆိုတာ မှန်လိုက်တာအမေ၊ အခုအချိန်တော့ သားဘာမှမတတ်နိုင်သေးဘူး၊ ဒါပေမဲ့ တစ်ချိန်ချိန်တော့ အမှားပြင်ပြီး အမေ့ဆီပြန်လာမှာပါ၊ ဒါနဲ့ သားရဲ့ညီလေးလဲ စစ်ထဲဝင်သွားပြီလို့ ကြားတယ်၊ ဘယ်ရောက်နေလဲမသိဘူး၊ တွေ့ချင်လိုက်တာ အမေရာ၊ ညီအစ်ကိုနှစ်ယောက်ကောင်းသောတွေ့ခြင်းနဲ့ပြန်တွေ့ရပါစေလို့ ဆုတောင်းပါတယ်၊ အဲဒီလို ညီအစ်ကိုနှစ်ယောက်ပြန်တွေ့ကြတဲ့အချိန်မှာ ကျွန်တော်လဲ လူကောင်းတစ်ယောက်ပြန်ဖြစ်ပြီး တိုင်းပြည်တာဝန်ထမ်းဆောင်နေတဲ့ညီလေးနဲ့အတူ အမေ့ကို

ကန်တော့နိုင်ရပါစေလို့ ဆုတောင်းမိပါတယ်၊ အဲဒီအချိန်ရောက်ရင် အမေ့ကိုလဲ ကန်တော့မယ်၊ ညီလေးကိုလဲ တောင်းပန်မယ်၊ တိုင်းပြည်တာဝန်ကို မှန်ကန်တဲ့ဘက်ကနေ တာဝန်ထမ်းဆောင်နေတဲ့ညီလေးအတွက် ဂုဏ်ယူပါတယ်အမေရာ၊ အဲဒီရက်လေးမြန်မြန်ရောက်ပါစေလို့ပဲ သားဆုတောင်းနေလိုက်ပါမယ်၊ ညီမလေးနဲ့ယောက်ဖကြီးကိုလဲ နှုတ်ဆက်ပေးပါအုံး"

**သားဆိုး**

အဲဒီစာလေးကိုဖတ်ပြီးတော့ ဒါဟာ ဒေါ်အေးကြည်ဆိုတဲ့သူရဲ့ သားအကြီးဖြစ်ပြီး သူ့ရဲ့ညီလေး စစ်ထဲဝင်သွားတဲ့သတင်းရပြီး သူကတော့ လမ်းမှားရောက်နေရလို့ နောင်တတရားနဲ့ရေးထားတဲ့စာလေးဖြစ်မှာပါ။ ပုံပြင်ဆန်တယ်လို့ ဆိုလောက်ပေမဲ့ နှလုံးသားရှိတဲ့သူတွေအတွက်တော့ ဒါဟာ ရင်နာစရာအဖြစ်လေးတစ်ခုပဲရယ်လို့ တွေးတောမိပါတယ်။

စခန်းပေါ်ကို အားလုံးရှင်းလင်းပြီးတဲ့အခါမှာတော့ သူ့တပ်စုက တပ်ကြပ်မောင်နီအပါအဝင် ၃ ယောက်ကျဆုံးပြီး ရန်သူဘက်က ဘန်ကာထဲက စက်လတ်သမားအပါအဝင် အလောင်း ၆ လောင်းနဲ့ လက်နက် ၅ လက်ရလိုက်ပါတယ်။ ထိုက်တန်တဲ့အောင်ပွဲလို့ဆိုရမှာပါ။ ဘာပဲဖြစ်ဖြစ် ရန်သူ့အိတ်ကပ်ထဲကရတဲ့ သွေးစွန်းနေတဲ့စာလေးရဲ့ ဆွဲဆောင်မှုကြောင့် အဲဒီစာကို ဖျောက်ဖျက်ဖို့စိတ်မကူးဘဲ သေသေချာချာသိမ်းဆည်းထားလိုက်ပြီး ဒီစာလေးဟာ တစ်နေ့နေ့၊ တစ်ချိန်ချိန်တော့ ရင်နာစရာကောင်းတဲ့ပုံပြင်လေးတစ်ပုဒ်ဖြစ်လိမ့်မယ်လို့ထင်ရပါတယ်။

စာပါအကြောင်းအရာလေးကလည်း တိုတိုနဲ့ထိထိမိမိရှိလှပါတယ်။ စစ်ပွဲအတွင်းမှာ ရန်သူကိုမီးလိုနေလိုကျင့်ရမယ်ဆိုပေမဲ့ စစ်အေးကာလမှာဆိုရင်တော့ နှလုံးသားမေတ္တာနဲ့ယှဉ်ပြီး စဉ်းစားကြရမယ်ဆိုတာစစ်သားကောင်းတို့ရဲ့ အလေ့အကျင့်ပဲမဟုတ်ပါလား။

**(၃)**

တပ်ပြန်နားတော့ ဒီတစ်ပတ်စစ်ဆင်ရေးအတွင်း တိုက်ပွဲတွေမှာ ထူးချွန်ပြောင်မြောက်စွာတာဝန်ထမ်းဆောင်ခဲ့တဲ့ စစ်သည်တွေအတွက် ဘွဲ့ထူး၊ ဂုဏ်ထူးတွေတင်ဖို့ စိစစ်အကဲဖြတ်လုပ်ကြရတဲ့ အစည်းအဝေးမှာ မောင်နီရဲ့စွန့်လွှတ်စွန့်စားမှုအတွက် သူရဘွဲ့တင်ပေးဖို့ဆုံးဖြတ်ကြပါတယ်။ အဲဒီမှာ တပ်ရင်းမှူးက –

"ကဲ ဗိုလ်ဇော်၊ မင်းရဲ့သားတပည့်စွန့်စားခန်းကို မင်းကိုယ်တိုင်သိနေတာပဲ၊ ဒီတော့ဘွဲ့တင်တဲ့အခါမှာထိုက်ထိုက်တန်တန်ရအောင် သူ့လုပ်ရပ်ကို ပီပီပြင်ပြင်ဖော်ပြပေးနိုင်အောင်အစီရင်ခံစာကို မင်းပဲအသေးစိတ်ရေးပေတော့၊ မင်းက စာလေးဘာလေးရေးနေတဲ့ကောင်ဆိုတော့ . . ."လို့ ပြောပါတယ်။

ဟုတ်တော့လဲ ဟုတ်ပါတယ်။ တချို့စစ်သည်များဆိုရင် ရှုပ်ရှုပ်ချွံချွံတာဝန်ထမ်းဆောင်ရင်း ကျဆုံး၊ ဒါမှမဟုတ် ကိုယ်လက်အင်္ဂါတစ်စုံတစ်ရာချို့ယွင်းခဲ့ရပေမဲ့ ဘွဲ့ထူး၊ ဂုဏ်ထူးတင်ပြတဲ့အခါ ပေါ်လွင်အောင်မရေးတတ်လို့ ဘာမှမရခဲ့တဲ့ သာဓကတွေလဲ ရှိနေခဲ့တာမဟုတ်လား။ ဒါကြောင့် ကျွန်တော်လဲ မောင်နီစွန့်စားခဲ့တဲ့ဖြစ်ရပ်အားလုံးကို ကွက်ကွက်ကွင်းကွင်း ရုပ်ရှင်ကြည့်နေရသလို ပေါ်လွင်လာအောင် အသေးစိတ်ခြယ်မှုန်းခဲ့ပါတယ်။

တိုက်ပွဲကျများမှာ ဇနီးမယားရှိရင် ဇနီးမယား၊ ဇနီးမယားမရှိရင် မိဘဆွေမျိုးထဲက တစ်စုံတစ်ယောက်ကိုခေါ်ပြီး နှစ်သိမ့်အားပေးရတာက ကျွန်တော်တို့တပ်ကတာဝန်ရှိသူတွေရဲ့တာဝန်မဟုတ်ပါလား။ ဒီတော့လဲ ထုံးတမ်းစဉ်လာမပျက်ရလေအောင် ကျန်ရစ်သူမိသားစုကို နှစ်သိမ့်စကားလေးဆိုရမဲ့ ဂုဏ်ပြုပွဲလေးတစ်ခုလုပ်ဖြစ်ခဲ့ပါတယ်။

**၁၉၉၈ ခုနှစ်၊ မတ်လ ၁၀ ရက် နံနက် ၀၉၀၀ နာရီ**

တပ်ရင်းခန်းမကြီးထဲမှာ လူတော်တော်များများရောက်နေကြပါပြီ။ တချို့ကလည်း အပူရုပ်ကို လူရုပ်ဆောင်လို့၊ တချို့လည်း မျက်ရည်လေးတွေတဝဲဝဲ၊ တချို့ကလည်း ခံပြင်းဒေါသတွေနဲ့ အံကိုတင်းတင်းကြိတ်လို့ပေါ့။

ဒီအခမ်းအနားကလဲ တခြားအခမ်းအနားတွေလို လော်စပီကာ

သံတွေလည်းမကြားရဘဲ တပ်ရင်းမှူးရဲ့အစီအမံအရ အရှင်ဉာဏိသရရဲ့ 'သဗ္ဗေသခါ်ရအနိစ္စ'ဆိုတဲ့တရားခွေထဲက တရားသံလေးပဲတည်ငြိမ်တိုးညင်းစွာထွက်ပေါ်နေပါတယ်။ ခန်းမဆောင် အပြင်ဘက်ကတမာတန်းလေးပေါ်မှာတော့ နွေဦးအကြိုလွမ်းမောဖွယ် သီဆိုနေကြတဲ့ငှက်ကလေးတွေရဲ့လွမ်းတေးသံလေးတွေကလည်း တကျည်ကျည်၊ တကျာကျာနဲ့။

ခန်းမထဲမှာ လူတွေပြည့်နေပေမဲ့ လူတစ်ယောက်မှမရှိသလိုဘဲ တိတ်ဆိတ်ငြိမ်သက်လွန်းနေပါတယ်။ ခန်းမရဲ့ရှေ့ပိုင်းခပ်ကျကျမှာတော့ ပန်းစည်းထုပ်လေးတွေ စီရီတင်ထားတဲ့စားပွဲခုံလေးရှိပြီး သူ့နောက်တည့်တည့်မှာတော့ –

**ပြည်သူ့သားကောင်းရဲတနာများဂုဏ်ပြုပွဲ 'ရဲသော်မသေ၊ သေသော်ငရဲမလား'**လို့ ကမ္ဗည်းထိုးထားတဲ့ ဗီနိုင်းဆိုင်းဘုတ်လေးက အဝါရောင်နောက်ခံမှာ အနက်စာလုံးနဲ့ ပုံဖော်ထားလို့ လေးနက်တည်ကြည်လှတဲ့သဘောဆောင်နေတာကို တွေ့ရပါတယ်။

မကြာမီအချိန်အတွင်းမှာပဲ ကားရပ်သံကြားရပြီး တပ်ရင်းမှူးနဲ့ဇနီးတို့ဆင်းလာကြပါပြီ။ အခမ်းအနားမှူးဖြစ်တဲ့တပ်ရေးဗိုလ်ကြီးက ထွက်ကြိုပါတယ်။

ပြီးတော့မှ အခမ်းအနားမှူးရဲ့ တည်ငြိမ်တဲ့အသံနဲ့အခမ်းအနားစတင်ဖွင့်လှစ်ကြောင်း ကြေညာလိုက်ပါတယ်။ ရှေးဦးစွာ တပ်ရင်းမှူးက အဖွင့်အမှာစကားပြောကြားရာမှာ –

"ရဲဘော်များနဲ့မိသားစုများအားလုံး ကျန်းမာပကတိချမ်းသာစွာရှိကြပါစေလို့ ဆုတောင်းလိုက်ပါတယ်၊ ကျွန်တော်တို့တပ်မတော်သားတွေဟာ 'ရဲရေးရောက်သော်၊ ရှံ့ကြောက်မဲ့တွန်၊ အရှင့်ဝန်ဦ၊ ကုမ္ဘဏ်ယက္ခ၊ နာဂခြင်္သေ့၊ ရင်ဆိုင်တွေ့လည်း၊ စွာ၍မတွန့်၊ အသက်စွန့်လော့'ဆိုတဲ့ ဂမ္ဘီသာရပျို့လာစကားအတိုင်း တိုင်းပြည်နဲ့လူမျိုးအတွက် တို့တပ်ရင်းအတွက် စွန့်စားဖို့စွန့်လွှတ်ဖို့ကြုံလာရင် စွန့်လွှတ်စွန့်စားကြရစမြဲပါ။

ဒီနေ့အခမ်းအနားဟာလဲ တို့တပ်ရင်းက စစ်သည်တချို့ တိုင်းပြည်တာဝန်ကို ရှုပ်ရှုပ်ချုံချုံ ထမ်းဆောင်ရင်း အသက်နဲ့ခန္ဓာကိုယ်ကို စွန့်လွှတ်ခဲ့ကြတဲ့အတွက် ဂုဏ်ယူစရာအဖြစ်မျိုးမို့ ဂုဏ်ပြုထိုက်သူများကိုဂုဏ်ပြုတဲ့အခမ်းအနားဖြစ်ပါတယ်။

'ဒို့တာဝန် အရေးသုံးပါး'ကို ဦးထိပ်တင်ထားတဲ့ တပ်မတော်ကတော့ သားသမီးတွေကို ဘယ်တော့မှ ပစ်ထားမှာမဟုတ်ပါဘူး၊ ဒါကြောင့် ပြောချင်တာက မိမိခံစားရတဲ့ဝေဒနာကို ဂုဏ်ယူခြင်းနဲ့ပဲ ဖြေသိမ့်ကြပါလို့ ပြောကြားလိုပါတယ်၊ ဒါပါပဲ"

တပ်ရင်းမှူးအမှာစကားပြောအပြီးမှာတော့ ဂုဏ်ပြုခံစစ်သည်သူရဲကောင်းရဲ့မိဘဆွေမျိုးများကို တစ်ဦးချင်းနာမည်ခေါ်ပြီးနောက် သတ်မှတ်ထားတဲ့ဂုဏ်ပြုလက်ဆောင်ကို ချီးမြှင့်ငွေများနဲ့အတူ ပေးအပ်ခဲ့ပါတယ်။

တပ်သားမျိုးနောင် (ကျဆုံး)ရဲ့ဇနီး ဒေါ်ခင်မာလာ၊ ဒုတိယတပ်ကြပ်ဝင်းစိန်ရဲ့အစ်မ ဒေါ်သူဇာ၊ တပ်ကြပ်မောင်နီ(ကျဆုံး)ရဲ့ မိခင်ဒေါ်အေးကြည်။

ရှေ့ဆုံးတန်းမှာထိုင်နေတဲ့ ဗိုလ်မင်းဇော်တစ်ယောက် သူ့မျက်စိအောက်မှာ မျက်ဝါးထင်ထင်အသက်ပေးပြီး တာဝန်ကျေသွားတဲ့တပည့်မောင်နီရဲ့အမည်ခေါ်သံကြားတာနဲ့ သူ့အိတ်ကပ်ထဲက အမြဲသိမ်းထားခဲ့တဲ့သွေးစွန်းနေတဲ့စာရွက်လေးကို ထုတ်ကြည့်မိလိုက်ပါတယ်။

အဲဒီမှာ –

"ဗျာ . . . ပြန်ပြောပါအုံး၊ ဒေါ်ဘယ်သူ"လို့မေးချင်ပေမဲ့ အခမ်းအနားကြီးမှာမို့ မေးရခက်ခက်နဲ့ရှိနေစဉ်မှာပဲ သွေးစွန်းစာရွက်ထဲက ခေါင်းစီးကိုမျက်စိကိုပွတ်ပြီး သေချာစွာကြည့်လိုက်မိပါတယ်။

'သို့

**ဒေါ်အေးကြည်**'လို့ ထင်ထင်ရှားရှားတွေ့လိုက်ရတယ်ဆိုရင်ပဲ ဟင် . . . ဒါဆို မောင်နီ့အမေကလဲ ဒေါ်အေးကြည်ပဲဆိုတော့ ဘာတွေဖြစ်ကုန်ပြီလဲမသိပါဘူး။ ထူးဆန်းသောတိုက်ဆိုင်မှုတစ်ခုလို့ဆိုရပေမဲ့ လောကမှာ နာမည်တူမရှား၊ လူတူမရှားမဟုတ်လား။ ဒါပေမဲ့ အခု

ကိစ္စက အမည်ရော၊ နေရပ်ပါတူနေပါပြီကော။

ဗိုလ်မင်းဇော်လဲ သိချင်ဇောနဲ့ ဂုဏ်ပြုလက်ဆောင်လာယူတဲ့ အဒေါ်ကြီးကို သေသေချာချာကြည့်နေမိပါတယ်။

အင်း . . . အသားအရေကတော့ မောင်နီ့လို ညိုတိုတိုပဲ။ အရပ်အမောင်းကလဲ သိပ်ကွာလွန်းလှတယ်မဟုတ်ပေဘူး။ အဲဒီလိုတွေး မိနေရာကနေ လက်ခုပ်သံများသဲ့သဲ့ကြားလိုက်ရလို့ သတိဝင်လာပြီး ဂူမြွေကိုထိန်းလိုက်ပါတယ်။

အဲဒီနောက် လက်ဖက်ရည်နဲ့ ဧည့်ခံတဲ့ပွဲမှာတော့ ဒေါ်အေးကြည်ဆိုသူ မောင်နီရဲ့ မိခင်နဲ့ နမများရှိတဲ့ အနားသွားထိုင်ပြီး နှစ်သိမ့်စကားဆိုနေလိုက်မိပါတယ်။

အခမ်းအနားပြီးလို့ ဧည့်သည်တွေတည်းခိုရာတပ်ကြပ်ကြီးရိပ်သာသို့ပြန်သွားကြတာနဲ့ သူလဲ တပ်ရင်းမှူးရှိရာ တပ်ရင်းရုံးကို ကသောကမျော ပြေးတက်ခဲ့ပါတယ်။ တပ်ရေးဗိုလ်ကြီးထံသတင်းပို့ပြီး တပ်ရင်းမှူးကို ဝင်တွေ့တော့ တပ်ရင်းမှူးက –

"လာ ဗိုလ်မင်းဇော်၊ မင်းတပည့်မောင်နီအတွက် မင်း စိတ်မကောင်းဖြစ်နေတာ ငါရိပ်မိနေပါတယ်၊ မင်းလဲ စစ်သားပဲကွာ၊ သစ္စာ (၄)ချက်ဆိုထားကြတာပဲ၊ ဒီနေ့ သူ့အလှည့်ဆို နောက်နေ့ ကိုယ့်အလှည့်လာကြမှာပဲမဟုတ်လား၊ တိုက်ပွဲတွေက မပြီးသေးဘူးကွ၊ တိုင်းပြည်ရန်စွယ်ကာကွယ်ရင်း တို့တပ်မတော်သားတွေ နောက်ထပ်ဘယ်လောက်ပေးဆပ်ကြရအုံးမယ်ဆိုတာ ဘယ်သူသိနိုင်မှာလဲကွာ"လို့ ပြောနေတဲ့ကြားက ဗိုလ်မင်းဇော်က စကားဖြတ်ပြီးပြောလိုက်ပါတယ်။

"ဟုတ်ပါတယ် တပ်ရင်းမှူးခင်ဗျာ၊ အခုဟာက ကျွန်တော့်ရင်မှာ ထူးခြားတဲ့ခံစားမှုလေးတစ်ခုဖြစ်နေလို့ပါ၊ အဲဒါ ဘယ်သူမှမတင်ပြခင် အဲဒါကို အရင်ဆုံးတင်ပြချင်လို့ပါ"

"ဟေ . . . ဟုတ်လား၊ မင်းကတော့ စာရေးဆရာပီပီ လွမ်းလည်ရတုတွေ ရေးဖွဲ့အုံးမလို့လား၊ ကဲ မင်းရဲ့ထူးခြားတဲ့ခံစားမှုလေးပြောပါအုံး"

"ဒီလိုရှိပါတယ် တပ်ရင်းမှူး"

ဗိုလ်မင်းဇော်က သူ့အိတ်ကပ်ထဲက သေွးစွန်းနေတဲ့စာရွက်လေးကိုထုတ်ပြီး တပ်ရင်းမှူးစားပွဲပေါ်တင်လိုက်ပါတယ်။ နောက်မှ –

"တပ်ရင်းမှူးခင်ဗျာ၊ အခုကျဆုံးသွားတဲ့ ကျွန်တော့်တပည့် မောင်နီရဲ့မိခင်နာမည်က ဒေါ်အေးကြည်ဆိုတာကြားလိုက်ရပါတယ်၊ အခု တပ်ရင်းမှူးဆီတင်ပြထားတဲ့ စာကတော့ မောင်နီနဲ့ရင်ဆိုင်တိုက်ရင်း မောင်နီ့လက်ချက်နဲ့ကျဆုံးသွားခဲ့တဲ့ ရန်သူ့အလောင်းအကျီအိတ်ကပ်ထဲက စာလေးဖြစ်ပါတယ်၊ သူလဲ မောင်နီ့လက်ချက်နဲ့ ကျဆုံးခဲ့သလို မောင်နီကလဲ ဘန်ကာကိုကာကွယ်ဖို့ အသက်စွန့်ဖြိုခွင်းရင်းနဲ့ အသက်ပေးခဲ့ရတာပါ၊ အဲဒီစာထဲမှာတော့ သူ့အမေဆီကိုရေးထားတာပါ၊ သူ့အမေနာမည်ကလဲ ဒေါ်အေးကြည်လို့ပဲတွေ့ရပါတယ်။ ကျွန်တော့်ရင်ထဲတစ်မျိုးကြီးခံစားနေရလို့ ဒီစာကို တပ်ရင်းမှူးဖတ်ကြည့်စေချင်ပါတယ်၊ တိုက်ဆိုင်မှုတစ်ခုတော့ရှိနေပြီလို့ ကျွန်တော့်စိတ်ထဲခံစားနေမိလို့ပါတပ်ရင်းမှူး"

အဲဒီအချိန်မှာ တပ်ရင်းမှူးလဲ ဗိုလ်မင်းဇော်တင်ပြထားတဲ့ စာရွက်လေးကို သေချာစွာဖတ်ကြည့်လိုက်ပါတော့တယ်။ စာရွက်ထဲက နာမည်တွေ့လိုက်တာနဲ့ တပ်ရင်းမှူးမျက်နှာကတစ်မျိုးပြောင်းသွားပါတယ်။ စာကိုဆက်ဖတ်ရင်းနဲ့ တပ်ရင်းမှူးကိုယ်တိုင်လဲ ထူးခြားတဲ့ ဇာတ်လမ်းတစ်ပုဒ်ဖတ်နေရသလို မျက်နှာပြင်မှာ ခံစားချက်ဝေဒနာလေးပြေးလွှားနေတာ တွေ့ရပါတယ်။ အဲဒီနောက် –

"တပ်ရေးဗိုလ်ကြီးခေါ်လိုက်ကွာ"တဲ့။

(၄)

"ရောက်ပါပြီတပ်ရင်းမှူး"

တပ်ရေးဗိုလ်ကြီးက အသံပြုရင်း အခန်းထဲဝင်လာပါတယ်။ ပြီးမှ တပ်ရင်းမှူးရှေ့မှာရပ်နေတဲ့ ကျွန်တော့်ကိုတွေ့သွားပြီး နားမလည်နိုင်တဲ့မျက်နှာနဲ့ကြည့်နေပါတယ်။ အဲဒီတော့မှ တပ်ရင်းမှူးက –

"ဗိုလ်ရဲဝင်းနဲ့ ဗိုလ်မင်းဇော် ခုနကအခမ်းအနားမှာတွေ့လိုက်တဲ့

ဆရာမောင်နီရဲ့မိခင်နဲ့ ဆွေမျိုးတွေကို ငါတွေ့ကြည့်ချင်တယ်၊ ရိပ်သာမှာခေါ်ထားပါ၊ ပြီးရင် ငါ့ကိုသတင်းပို့၊ မင်းတို့နှစ်ယောက်လဲ အဲဒီမှာရှိနေရမယ်"

"ဟုတ်ကဲ့ပါတပ်ရင်းမှူး"

ရိပ်သာရဲ့ဧည့်ခန်းမကတော့ ညင်ညင်သာသာလည်ပတ်နေတဲ့လေအေးပေးစက်သံနဲ့အတူ အေးမြလို့နေပါတယ်။ တပ်ရင်းမှူးက သူ့စားပွဲထိပ်ကုလားထိုင်ပေါ်ထိုင်နေပြီး ဗိုလ်မင်းဇော်တို့နှစ်ယောက်က ဘေးတစ်ဖက်တစ်ချက်မှာထိုင်နေပါတယ်။ မောင်နီရဲ့မိဘဆွေမျိုးများကတော့ ရှေ့တည့်တည့်စီချထားတဲ့ခုံလေးတွေပေါ်မှာ ဘာမှမသိတဲ့မျက်နှာလေးတွေနဲ့ တောင်ကြည့်မြောက်ကြည့်ပေါ့။

ပြောရရင်တော့ တပ်ရင်းမှူးနဲ့ အရာရှိနှစ်ယောက်ရှေ့မှာမျက်နှာငယ်လေးတွေနဲ့လို့ဆိုရင် ပိုမှန်မှာပါ။ တပ်ရင်းမှူးရဲ့ရှေ့တည့်တည့်စားပွဲပေါ်မှာတော့ မောင်နီရဲ့ဓာတ်ပုံလေးကပ်ထားတဲ့ကိုယ်ရေးရာဇဝင်ဖိုင်လေးရှိနေပါတယ်။

တပ်ရင်းမှူးက –

"အခု အဒေါ်တို့ကိုခေါ်တွေ့ရတာကတော့ သားဖြစ်သူမောင်နီရဲ့ စွန့်လွှတ်စွန့်စားစွာ တာဝန်ကျေမှုအတွက် ဂုဏ်ပြုစကားပြောရင်းနဲ့ ရင်းနှီးမှုလဲရချင်လို့ပါ၊ အခြားအကြောင်းထူးတော့မရှိပါဘူး၊ ဒီတော့ မိတ်ဆက်ရင်း ကျွန်တော်သိချင်တာလေးတချို့လဲမေးပါရစေ"

**ဒီနေရာမှာ အဒေါ်ကြီးခမျာ ဘာဆက်ပြောရမှန်းမသိ ဝန်လေးနေသလိုဖြစ်နေပြီး ပါးပြင်မှာလဲ မျက်ရည်တွေ တလိမ့်လိမ့်ကျဆင်းလို့လာပါတော့တယ်။ ဩော် . . . သွေးကများ စကားပြောလေရော့သလား။**

"ဟုတ်ကဲ့ မေးပါ၊ ဘာများသိချင်လို့ပါလိမ့်၊ ကျွန်မတို့ကတော့ သားအတွက်ဝမ်းနည်းတာကလွဲလို့ ဘာမှပြောစရာမရှိပါဘူး၊ သွားလေသူသားလေးကို အခုလို ဂုဏ်ပြုပေးတဲ့အတွက် ကျေးဇူးလဲတင်ပါတယ်၊ အားလဲကိုးပါတယ်"လို့ ပြောရင်း အသံက တိုးဝင်သွားကာ ခေါင်းလဲငုံ့သွားပါတယ်။

"ဟုတ်တာပေါ့ဗျာ၊ ကျွန်တော်တို့လဲ ရင်မှမမွေးရပေမဲ့ သွေးသားအရင်းလိုပဲ သဘောထားပါတယ်၊ ကျွန်တော့်တပ်မှာရှိတဲ့ အရာရှိ စစ်သည်တွေအားလုံးဟာ ကျွန်တော့်ရဲ့ ဝမ်းမနာသားတွေချည်းပါပဲ"

"ဟုတ်ကဲ့ ဝမ်းသာပါတယ်"

"ဒါနဲ့ အဒေါ့်ကို ကျွန်တော်မေးရအုံးမယ်၊ အဒေါ်နာမည်က ဒေါ်အေးကြည်ဟုတ်ပါတယ်နော်၊ ပြီးတော့ ရွှေဘိုမြောက်ဘက်၊ ဥယျာဉ်တော်ရွာက ဟုတ်ရဲ့လား"

"ဟုတ်ပါရဲ့"

"ဥယျာဉ်တော်ရွာကြီးက တော်တော်စည်ကားတယ်လို့ကြားဖူးတယ်၊ မဟာနန္ဒာကန်ကြီးဘေးမှာဆို၊ ဒါနဲ့ အဒေါ့်မှာ သားသမီးဘယ်နှယောက်ရှိတုံး"

"အင်း . . . သားနှစ်ယောက်၊ သမီးတစ်ယောက်ပါတော်၊ ဒီမောင်နီက အငယ်ဆုံးသားပါ၊ သူ့အထက်မှာ အစ်မတစ်ယောက်၊ အစ်ကိုတစ်ယောက်ရှိပါတယ်၊ အကြီးဆုံးသားကြီးက မောင်ကြည်တဲ့"

အဲဒီအချိန်မှာ တပ်ရင်းမှူးက စားပွဲပေါ်မှာရှိတဲ့ မောင်နီရဲ့ကိုယ်ရေးဖိုင်တွဲထောင့်မှာကပ်ထားတဲ့သွေးစွန်းနေတဲ့စာရွက်လေးကို လှမ်းကြည့်လိုက်ပါတယ်။

စာအောက်မှာ သားမိုက်ဆိုပြီးရေးထားပေမဲ့ နာမည်နေရာကတော့ သွေးစွန်းနေလို့ သေချာမပြောနိုင်တဲ့လက်မှတ်လေးတစ်ခု။ တပ်ရင်းမှူးခေါင်းတစ်ချက်ညိတ်လိုက်ပြီး –

"ဩော် ဒါနဲ့ အဒေါ့်သားသမီးတွေက ဘာအလုပ်အကိုင်တွေလုပ်ကြသလဲဗျ"

"ဟုတ်ကဲ့ မောင်နီ့အထက် အစ်မကတော့ ရွာမှာပဲ ကျောင်းဆရာလေးနဲ့ အိမ်ထောင်ကျပြီး ရွာမှာပဲရှိပါတယ်၊ မောင်နီ့အထက်က အကြီးကောင်ကတော့ . . ."

ဒီနေရာမှာ အဒေါ်ကြီးခမျာ ဘာဆက်ပြောရမှန်းမသိ ဝန်လေးနေသလိုဖြစ်နေပြီး ပါးပြင်မှာလဲ မျက်ရည်တွေ တလိမ့်လိမ့်ဆင်းလို့လာပါတော့တယ်။ ဩော်. . .သွေးကများ စကားပြောရော့သလား။

"ဩော် . . . မောင်ကြည်ဆိုတဲ့သားလား။ သူက ဘယ်မှာအလုပ်လုပ်နေတုံး"

"သူ့အကြောင်းကတော့ မပြောချင်ပါဘူးတော်၊ အိမ်မှာနေလဲ ထန်းရည်လေးတမြမြနဲ့၊ စာလဲကောင်းကောင်းမသင်ဘဲ အပေါင်းအသင်းတွေနဲ့ပဲ အချိန်ဖြုန်းနေတယ်လေ၊ မိဘကိုလဲ ကူရမှန်းမသိ၊ ဒီလိုနေရင်း လွန်ခဲ့တဲ့ ၂ နှစ်လောက်က ရွာကထွက်သွားတဲ့ဖိုးဝဆိုတဲ့ကောင်ရောက်လာပြီး နှစ်ဦးသား အိမ်ကိုမကပ်တော့ဘူး၊ အတူသွား၊ အတူစားလုပ်နေတော့တာ၊ ဖိုးဝက ငွေစလေးလဲ ရွှင်တာကိုး၊ ထန်းပင်အောက်ကကို မခွာတော့ဘူး၊ ဖိုးဝရောက်လာပြီး တစ်လလောက်ကြာတော့ သားကြီးက အမေ ကျွန်တော် ဖိုးဝနဲ့လိုက်သွားချင်တယ်၊ သူက ရှမ်းပြည်ဘက်မှာ အလုပ်ကောင်းကောင်းရှိတယ်၊ ဝင်ငွေလဲကောင်းတယ်လို့ပြောတယ်၊ ဖိုးဝကိုကြည့်လေ၊ ဝတ်ကောင်းစားလှနဲ့ ကျွန်တော်နဲ့တခြားစီ"လို့ ပြောတယ်။

သူ့စကားထဲမှာ ရှမ်းပြည်ဘက်လို့ကြားလိုက်တော့ တပ်ရင်းမှူးမျက်နှာကြောတင်းသွားသည်။ အဲသည်ဘက်မှာလည်း ဗကပတွေ သောင်းကျန်းနေတဲ့အချိန်မဟုတ်ပါလား။

"ဟုတ်ကဲ့ ဆက်ပြောပါအုံး အဒေါ်"

"ဒီကောင်က ပြောမရဆိုမရကောင်၊ သူ့ယောက်ဖနဲ့လဲမတည့်ဘူး၊ နောက်ဆုံးတော့ ဖိုးဝနောက်ကောက်ကောက်ပါသွားတော့တာပဲတော်"

"အဲဒီနောက်ပိုင်း အဒေါ်နဲ့ အဆက်အသွယ်ထပ်လုပ်သေးလား"

"လွန်ခဲ့တဲ့ ၆ လလောက်ကတော့ မြို့တက်တဲ့သူ့ဘကြီးဘုန်းကြီးစာတစ်စောင်ယူလာလို့ ဖတ်ရပါရဲ့၊ မာကြောင်းသာကြောင်းပါပဲ၊ ဒါပေမဲ့ သူမပျော်တဲ့အကြောင်း၊ ဖိုးဝလဲဘယ်ရောက်သွားမှန်းမသိတဲ့အကြောင်း၊ သူ အမှားတစ်ခုကျူးလွန်နေမိတယ်လို့ ခံစားနေရကြောင်း၊ ဒါပေမဲ့ ဘာမှမတတ်နိုင်တော့တဲ့အကြောင်း၊ ကြိုးစားပြီး အမှန်တရားနဲ့ရင်ဆိုင်ရင်း အမေ့ထံပြန်လာမဲ့အကြောင်းတွေ ရေးထားတာပါတော်"

"အဲဒီနောက်ပိုင်းကော – "

"နောက်ပိုင်းတော့ အလုပ်များတယ်ထင်ပါရဲ့၊ ဘာစာမှလဲမလာတော့ပါဘူး၊ တစ်လောက ဘုန်းကြီးမြို့ကပြန်လာတော့ သတင်းတစ်ခုရလာတယ်တဲ့၊ အကြီးကောင် တောထဲရောက်နေသလိုလို ဘာလိုလို၊ တစ်လောက မြို့က ဘဘုန်းဒကာတစ်ယောက် ဟိုဘက်ထဲဈေးသွားရောင်းရင်း တွေ့ခဲ့သလိုလိုတော့ ကြားမိသတော်၊ မဟုတ်ပါစေနဲ့လို့ပဲ ဆုတောင်းရတော့တာပါပဲ"

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်၊ အခုလိုစုံစုံလင်လင်လေးသိရတာ လူ့ဘဝဆိုတာတော့ ဒီလိုပါပဲလေ၊ သားသမီးဆိုတာ အရွယ်ရောက်လာရင် ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ်ဖြစ်သွားကြပြီမဟုတ်လား၊ ဘာပဲဖြစ်ဖြစ် အဒေါ်လဲ အသက်လေးရလာပြီဆိုတော့ ဘုရားလေး တရားလေးနဲ့နေပေါ့၊ နောက်လိုတာရှိလဲပြောပါ"

တပ်ရင်းမှူးက နားချသံလေးနဲ့ပြောနေရပေမဲ့ သူ့စိတ်ထဲကတော့ –

'ကျွန်တော်လဲ မဟုတ်ပါစေနဲ့လို့ ဆုတောင်းပေးလိုက်ပါတယ်' လို့ပြောရင်း သွေးစွန်းနေတဲ့စာရွက်လေးပေါ်က မပီဝိုးတဝါးရေးထိုးထားတဲ့လက်မှတ်လေးကို ငေးကြည့်နေမိတော့တယ်။ ပီပီပြင်ပြင်မဟုတ်ပေမဲ့ သေချာသလောက်တော့ရှိနေပါပြီလေ။

"ကဲ – အဒေါ်တို့နားပါစေကွယ်၊ ကောင်းကောင်းဧည့်ခံလိုက်ကြပါ"

"ဟုတ်ကဲ့ပါတပ်ရင်းမှူး"

(၅)

ဒီနေ့တော့ ဂုဏ်ပြုခံပုဂ္ဂိုလ်များ နေရပ်ပြန်သွားကြပြီဖြစ်လို့ တပ်ရင်းလည်း လူရှင်းနေပါတယ်။ နေ့လယ်ပိုင်းမှာ တပ်ရင်းမှူးရုံးမှာ တွေ့မယ်လို့ပြောလို့ ဗိုလ်မင်းဇော်နဲ့ တပ်ရေးဗိုလ်ကြီးတို့ရောက်ရှိသွားချိန်မှာတော့ တပ်ရင်းမှူးနဲ့ဒုတိယတပ်ရင်းမှူးလဲရောက်နေတာတွေ့ရပါတယ်။ တပ်ရင်းမှူးက ဒုတိယတပ်ရင်းမှူးကို ပြောလက်စစကားအဆုံးသတ်နေပုံရပါတယ်။

"ကဲ – ဗိုလ်မှူးရေ ဖြစ်စဉ်

အကြောင်းအရာကတော့ ခု ကျွန်တော်ပြောခဲ့တဲ့အတိုင်းပါပဲ၊ ကျဆုံးစစ်သည်မောင်နီရဲ့အဖြစ်က သူ့မိဘတွေဘက်ကကြည့်ရင် တော်တော်ရင်နင့်စရာလို့ဆိုရမှာပါ။

ကြည့်လေ . . . ညီဖြစ်သူက တပ်မတော်သား၊ အစ်ကိုက အမှောင်ထဲမှာ တိုက်ပွဲတစ်ခုမှာဆုံတွေ့ကြရတော့ အားလုံးယုံကြည်နိုင်စရာမကောင်းတဲ့ ပုံပြင်ဆန်ဆန်ဇာတ်လမ်းလေးတစ်ခုဖြစ်ပေါ်ရတာပါ၊ ခင်ဗျားတို့လဲစဉ်းစားကြည့်ကြပါ၊ ကျွန်တော်ကတော့ ဗိုလ်မင်းဇော်ပြောတဲ့ တိုက်ပွဲဖြစ်စဉ်ရယ်၊ သွေးစွန်းနေတဲ့စာလေးတစ်စောင်ရယ်၊ မောင်နီ့မိခင်ကိုယ်တိုင်ပြောပြသွားတဲ့ မိသားစုအကြောင်းရယ် ပေါင်းလိုက်ရင် ရင်နင့်ဖွယ်ဖြစ်ရပ်တစ်ခုဆိုတာကို အတည်ပြုလိုက်ပါပြီ၊ ခင်ဗျားတို့ထင်မြင်ချက်နဲ့ အယူအဆကို ပြောကြပါအုံး"

ဒုတိယတပ်ရင်းမှူးနှင့်တကွ ဗိုလ်မင်းဇော်နဲ့ တပ်ရေးဗိုလ်ကြီးပါ တပ်ရင်းမှူးထင်မြင်ယူဆချက်ကို ထောက်ခံဆွေးနွေးကြရင်း ဒီအဖြစ်အပျက်ကိုအတည်ပြုလိုက်ကြပါတော့တယ်။ အားလုံးသဘောတူဆွေးနွေးညှိနှိုင်းပြီးကြတဲ့နောက်မှာတော့ တပ်ရင်းမှူးကပဲ နိဂုံးချုပ်စကားပြောကြားတာက –

"ကောင်းပါပြီ ကျွန်တော်တို့အားလုံးဟာ ကျဆုံးစစ်သည်မောင်နီရဲ့ ဆရာသမားမိဘများ သဖွယ်ဖြစ်ကြတဲ့အတွက် သူ့အရေးကိစ္စတိုင်းဟာ ကျွန်တော်တို့အားလုံးရဲ့အရေးကိစ္စဆိုလဲ မမှားပါဘူး၊ ဒီတော့ သူနဲ့ပတ်သက်လာရင် ထိုက်တန်တဲ့ဂုဏ်ပြုမှုခံရအောင် ကြိုးစားပေးကြရမှာဖြစ်သလို အများမသိသင့်၊ မသိထိုက်တဲ့ကိစ္စတွေမှာဆိုရင်လဲ မသိသင့်သူတွေမသိရအောင် စောင့်ထိန်းကြဖို့တာဝန်ဟာ ကျွန်တော်တို့အားလုံးရဲ့ခေါင်းပေါ်မှာရောက်နေပါတယ်၊ အခုအဖြစ်အပျက်မျိုးဟာ လက်နက်ကိုင်အဖွဲ့အစည်းထဲက သူများအနေနဲ့ဖြစ်တတ်ကြတာမဆန်းပေမဲ့ အခုကိစ္စကတော့ အံ့သြထိတ်လန့်ဖွယ်၊ မယုံနိုင်ဖွယ်ဖြစ်နေတယ်၊ သက်ဆိုင်သူကာယကံရှင်များအတွက်လဲ ဒီအဖြစ်အပျက်ကို သိတာထက် မသိတာက ပိုကောင်းမယ်လို့ ယူဆတယ်၊ မြေပေါ်ကသားအတွက် ဂုဏ်ယူရတာနဲ့ မကာမိအောင် မြေအောက်ကသားအတွက်ကတော့ ဖြေဆည်နိုင်စရာမရှိဘူး၊ ညီအစ်ကိုအချင်းချင်းက စစ်မြေပြင်မှာ ရင်ဆိုင်တွေ့ပြီး တစ်ယောက်အသက်ကို တစ်ယောက်က ညီအစ်ကိုမှန်းမသိဘဲနုတ်ယူရင်း မိမိအသက်ကို စတေးခံသွားကြတာဟာ ကျွန်တော်တို့ဘေးလူတွေအမြင်က အံ့သြဖွယ်ဖြစ်ရပ်တစ်ခုလို့ဆိုရပေမဲ့ ခံစားရတဲ့ကာယကံရှင်တွေအတွက်ကတော့ ဘယ်လိုမှဖြေနိုင်စရာမရှိတဲ့ မကောင်းတဲ့အခြေအနေမျိုးပါ၊ အဲဒီတော့ ကျွန်တော်ပြောချင်တာက . . ."

တပ်ရင်းမှူးရဲ့ စကားသံခေတ္တနားသွားချိန်လေးမှာပဲ ရုံးအပြင်ဘက် တမာတန်းပေါ်က နွေကြိုတေးကို လွမ်းဆွတ်ကြေကွဲဖွယ်အသံနဲ့သီကြွေးနေတဲ့ဥသြငှက်လေးရဲ့အော်မြည်သံက ရုံးတွင်းကပုဂ္ဂိုလ်တွေနဲ့ထပ်တူနားလည်ခံစားရတဲ့ပုံစံနဲ့ လွမ်းအောင်ဖန်လို့နေပါတော့တယ်။

"ဥသြ . . . ဥသြ . . . ဥသြ"

ဆောင်းကုန်နွေကူး လေရူးမွှေနှောက်လို့ သစ်ခြောက်တွေကြွေကျပြီး လေရူးနဲ့အတူ မြေပြင်မှာ ရုပ်ပြေးနေတဲ့အသံလေးတွေကိုက လွမ်းဖွယ့်တေးကို နရီလိုက်ပေးနေသလိုဖြစ်နေပါတော့တယ်။

ခဏအကြာမှာ တပ်ရင်းမှူးက –

"ကဲ အဲဒါကြောင့် ကျွန်တော်ပြောချင်တာက ဒီဇာတ်လမ်း၊ ဒီအဖြစ်အပျက်ကို မှတ်တမ်းမတင်သင့်တဲ့ အံ့သြကြေကွဲဖွယ်ဖြစ်ရပ်တစ်ခုအနေနဲ့ ကျွန်တော်တို့အားလုံးရဲ့ရင်မှာပဲ ထာဝရသိမ်းဆည်းထားလိုက်ကြပါစို့"

အဲဒီအချိန်မှာ ပြင်ပက ငှက်ရွှေဥသြရဲ့အသံလဲတိတ်သွားပြီဖြစ်သလို ရုံးတွင်းက လူသား ၄ ဦးရဲ့စိတ်သန္တာန်မှာလည်း မမေ့ကောင်းစရာအဖြစ်လေးတစ်ခုကို ဘယ်တုန်းကမှမဖြစ်ခဲ့သလို မေ့ပျောက်နေကြဖို့ သန္နိဋ္ဌာန်ချထားလိုက်ကြပါပြီလေ။ ။

**ဘိုမျိုး(ရွှေဘို)**

# အမေ့ကိုလွမ်းတယ်

မမေ့ရက်နိုင်ဘူး
အမေ့အသက်က ခုနစ်ဆယ်ကျော်။
မီးစာကုန် ဆီခန်းတော့
ပြန်လမ်းကခေါ်။
အမေသွားတော့ ညှိုးရော်ရော်
သမီးအပျော်တွေ ဆိတ်သုဉ်း။
ဖြစ်နိုင်ရင် အမေမသွားအောင်
ကံတရားကို ဒူးနဲ့တိုက်
ရှုံးမိုက်စွာ အမေ့လက်
ထွေးယှက်ချင်တုန်း။



အကြင်နာ အမေ့အပြုံးနှင့်
တစ်သက်လုံး ပေးခဲ့ပြီ။
သမီးလေ စိတ်မှာနွမ်း
လွမ်းဖြေမဆည်။
ပုံရိပ်တို့က အစီအရီ
မျက်ရည်ကိုသာ အဖော်ထား။
တမလွန်အမေ့အတွက်
မပျက်မကွက် တောင်းဆုခြွေ
ကောင်းမှုတွေ အမျှပေးပါလို့
(အမေရယ်)
ဘဝအေးရာ ဘုံဌာန
ရောက်ရစေသား။ ။

ခင်ခင်မူ(ရေကျော်)



ဝင်းဖော်(ချုံးဆယ်)

# ဘာဆိုင်လို့လဲဗျာ

"မြို့မိမြို့ဖအပေါင်းတို့ခင်ဗျား၊ မနက်ဖြန်ညောင်ပင်သာရွာမှ ဦးရွှေသီး၏သားများ ရှင်ပြုအလှူတော်မင်္ဂလာတွင် ပြည်တော်ချစ်မင်းသားချော အောင်ဩဘာစိန်ဇာတ်အဖွဲ့ဖြင့် ကပြဖျော်ဖြေပါ့မယ်၊ လာရောက်ကြည့်ရှုအားပေးတော်မူကြပါခင်ဗျား"

ကြေညာသူ၏အသံက အသံချဲ့စက်မှ ကျယ်လောင်စွာထွက်ပေါ်လာသည်။ အထက်အညာဒေသတွင် ရှင်ပြုအလှူပွဲများ၌ နေ့လယ်နေ့ခင်းအချိန်ဝယ် ဇာတ်၊ အငြိမ့်စသည်များဖြင့် အလှူပွဲသို့လာသည့် ဧည့်ပရိသတ်များကို ကပြဧည့်ခံလေ့ရှိလေသည်။ ရွာနီးချုပ်စပ်ပတ်လည်သို့ အသံချဲ့စက်ဖြင့် လိုက်လံကြေညာပေးသည်မှာလည်း အစဉ်အလာတစ်ရပ်ပမာဖြစ်နေ၏။ ဇာတ်ပွဲ၊ အငြိမ့်ပွဲများကို နေ့လယ်နေ့ခင်းတွင်သာ ကပြဖျော်ဖြေလေ့ရှိကြသည်။

ကိုလုံးညို
စိတ်အိုက်သွားသည်။
ကိုလုံးညိုက
သူ့ဖိနပ်တစ်ဖက်ကို
လိုက်ရှာပေမဲ့မတွေ့။
ဝမ်းဗိုက်ထဲက
သောင်းကျန်းမှုတွေကလည်း
ပြင်းထန်နေပြီ။



အသံချဲ့စက်မှကြေညာသံကြောင့် ကိုလုံးညို ပြုံးလိုက်မိသည်။ ကိုလုံးညိုက ကဗျာရှူး၊ စာရှူး အနုပညာနှင့်ပတ်သက်လာလျှင် ကိုလုံးညို ဝါသနာမပါတာ ဘာမျှမရှိ။ အငြိမ့်ပွဲ၊ ဇာတ်ပွဲဆိုလျှင် ကိုလုံးညိုက ပို၍ဝါသနာပါသည်။ ရွာနှင့် သုံး၊ လေးမိုင်ဝေးသော သရက်ကုန်းရွာ တောဘုရားပွဲတွင် ကပြသောအငြိမ့်ပွဲကိုပင် ကိုလုံးညိုက မပျက်မကွက် နှစ်စဉ်သွား၍ကြည့်သည်။

ပြီးတော့ ကိုလုံးညိုက သည်ရွာက ကာလသားခေါင်းဆောင်။ ရွာ၏ တီးဝိုင်းခေါင်းဆောင်။ ရွာမှ ရှင်ပြုပွဲလှည့်လည်သည့်အခါတိုင်း ကိုလုံးညို၏ ဒိုးပတ်ဝိုင်းက ရှေ့ဆုံးမှပါသည်။ ယခုတော့ မျှော်တုန်းမျှော်ဆဲ ဇာတ်ပွဲရောက်လာသည်။

ကိုလုံးညို သိပ်ကိုပျော်သွားမိ၏။ မနှစ်က သရက်ကုန်းရွာဘုရားပွဲတွင် သည်ဇာတ်အဖွဲ့ကိုကြည့်ပြီးကတည်းက ကိုလုံးညိုနှစ်မြို့က်နေမိသည်။ မုံရွာကောင်းမှုတော်ဘုရားပွဲတွင်လည်း သည်ဇာတ်ကိုသွင်းခဲ့သည်ဟု ကိုလုံးညို သတင်းကြားမိသည်။ ဒါပေသိ ကိုင်းလုပ်ငန်းက မပြီးပြတ်သေးသည်မို့ ဇာတ်ပွဲကို သွား၍မကြည့်ဖြစ်ခဲ့။ အခုတော့ ကိုင်းလုပ်ငန်းကလည်း ပြီးသွားပြီမို့ အားပါးတရကြည့်ရတော့မည်ကို တွေးပြီး ကိုလုံးညိုပျော်နေမိ၏။

ရှင်ပြုအလှူပွဲသို့ ရွာသူရွာသားများ အုပ်စုလိုက်တပျော်တပါး သွားနေကြသည်ကိုမြင်ပြီး ကိုလုံးညို၏ အနုပညာဗီဇသည် တားဆီး၍ မရနိုင်တော့ပေ။ ထို့ကြောင့် ရေချိုးရန် အိမ်အနောက်ဘက်သို့လာခဲ့သည်။ ရေချိုးတော့မည်ပြင်ခါမှ စဉ့်အိုးထဲတွင် ရေက ဖင်ကပ်သာသာရှိတော့၏။

"အစ်မတို့ကလဲ တယ်ခက်တာပဲ၊ စဉ့်အိုးထဲမှာ ရေမရှိတော့တာကို အလှူပွဲမသွားခင်က ပြောမသွားဘူး၊ သူကတော့ ရှိတဲ့ရေကို အကုန်ချိုး၊ ဖြီးလိမ်းပြင်ဆင်ပြီး အလှူပွဲကိုထွက်သွားလိုက်တာ ကောင်းနေတာပဲ ဟင်း . . ."

သည်သို့နှယ် ကိုလုံးညိုပြောဆိုနေမိ၏။ သစ်သားစည်ပိုင်းကို နွားလှည်းပေါ်သို့တင်ကာ ကြိုးဖြင့် တင်းကျပ်စွာ ချည်လိုက်သည်။ ထို့နောက် လှည်းတွင် နွားနှစ်ကောင်ကိုတပ်ကာ ချောင်းရှိရာသို့အပြေးကလေးမောင်းနှင်လာခဲ့၏။ ယင်းနောက် ချောင်းထဲသို့ဆင်းပြီး သစ်သားစည်ပိုင်းထဲသို့ ရေဖြည့်သည်။

ခေါင်းပေါ်က နေက တဖြည်းဖြည်းနှင့်ရင့်လာသည်။ ကိုယ်အပေါ်ပိုင်းဗလာကျင်းနေသည့်ကိုလုံးညိုမှာ နေ၏အပူဒဏ်ကို အလူးအလဲခံနေရရှာသည်။ ရေမချိုး၍ကလည်း မဖြစ်။ တစ်မနက်လုံး ထင်းပေါက်ထားသဖြင့် တစ်ကိုယ်လုံးမှာ ချွေးတွေရွှဲနေသည်။

"ဟာ လုံးညို၊ မင်းဇာတ်ပွဲသွားမကြည့်ဘူးလား"

ချောင်းထဲသို့ ထမ်းပုံးဖြင့် ရေခပ်ဆင်းလာသည့် တစ်ရွာတည်းသား ကိုနံပိန်က မေး၏။

"သွားမလို့ပဲကွ နံပိန်ရ၊ စဉ့်အိုးထဲမှာရေမရှိတာနဲ့ လာခပ်ရတာ"

"အေး . . . ငါ့အိမ်မှာလဲ ရေကုန်နေလို့၊ ငါ့မိန်းမနဲ့ ကလေးတစ်ပြုံကြီးကတော့ အလှူပွဲမှာသွားစားနေကြပြီ၊ ဒီနေ့တော့ အိမ်မှာ မီးခိုးတိတ်ပဲ"

"မင်းကော သွားကြည့်မှာ မဟုတ်လား"

"ကြည့်မှာပေါ့ကွ၊ မနှစ်က ဘုရားပွဲတော်မှာကတည်းက ကြည့်ချင်နေတာ၊ လုပ်ငန်းက အပြီးမသတ်သေးလို့ မကြည့်လိုက်ရတာ"

"ဒီဇာတ်ထဲက နောက်ပိုင်းမင်းသားက အဆို၊ အပြော၊ အငိုတကယ်ကောင်းတာကွ၊ လွမ်းခန်းများဆိုရင် ပရိသတ်က မျက်ရည်တောင်ကျတယ်"

"ဟင့် ဒါဆို ရေအမြန်ထမ်းပြီး သွားကြည့်မှပေါ့"

နွားလှည်းကို အပြေးကလေးမောင်းနှင်လာခဲ့သည်။ နေပူရှိန်ကြောင့် ကျောထဲတွင် စပ်ဖျဉ်းဖျဉ်းဝေဒနာကို ကိုလုံးညိုခံစားနေရသည်။

"မနှစ်က မင်းသားဆိုခဲ့တဲ့ သဖြန်ကို သတိရမိပါသေးတယ်"

"ဟ ဘယ်လိုများလဲကွ၊ ဆိုပြစမ်းပါအုံး"

နံပိန်က ကိုလုံးညိုအကြောင်းကိုသိ၍ မြှောက်ပင့်ပေးလိုက်ရာ

ကိုလုံးညိုက ချောင်းဟန့်ကာ လည်ချောင်းရှင်းလိုက်ပြီး –

"ယောနိုင်ငံတစ်ဌာနပေမို့ × × × တောမြိုင်ယံ ဝနာခပါတဲ့ × × × နှစ်ပါဒစိမ္မေယော် × × × မြောက်နရုန်း × × × တောင်တန်းတွေခွေလည်လို့ × × × ဝေစီစီလေပြည်က ဖျန်းတဲ့ပြင် × × × ငွေနဒီ ရေကြည်သန်းတယ်ကွယ် × × × မန်းရွှေစက်တော်"ဟု ဆိုပြသည်။

"ဟာ – ကောင်းလိုက်တဲ့အသံ၊ ကောင်းလိုက်တဲ့သဖြန်"

"ငါဆိုတာပဲ ကောင်းရမှာပေါ့နံပိန်ရဲ့"

"ဟင်း . . . ပြောကာမှ မာန်တက်သွားပြန်ပြီ"

"ဟား . . . ဟား . . . ဟား . . . ဟား"

ကိုလုံးညိုက အနုပညာကို အလွန်ဝါသနာထုံသည်။ ဇာတ်စာ၊ ဇာတ်စကားများကို ဇာတ်မင်းသားများထံမှ တောင်းယူရေးမှတ်ကာ အလွတ်ကျက်မှတ်ထားတတ်သည်။ ပီဘိဇာတ်သမားပင် ကိုလုံးညိုလောက် ဇာတ်စာ၊ ဇာတ်စကားကို အလွတ်ရမည်မထင်။

လွန်ခဲ့သောငါးနှစ်ခန့်က ကိုလုံးညိုသည် မန္တလေးမှဇာတ်သဘင်အဖွဲ့ထဲသို့ ကျပန်းအလုပ်သမားဘဝဖြင့် လိုက်သွားဖူးသည်။ ဇာတ်သမားတို့၏ဘဝကို အသေးစိတ်လေ့လာသည်။ ဇာတ်ပညာကို သင်ကြားသည်။ ဇာတ်၊ အငြိမ့်သဘင်လောကတွင် ဇာတ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြသော ဇာတ်သမား၊ ဇာတ်သမများကို ကိုလုံးညို လေးစားမိသည်။ သူတို့၏ ဓွဲကား အံ့သြစရာပင်။ ဇာတ်သမားဘဝသည် အနေဆင်းရဲ အစားဆင်းရဲသည်ကို သူကိုယ်တိုင်ကြုံတွေ့ခဲ့ရဖူးသည်ကိုး။

ဇာတ်ကခြင်းကို ကိုလုံးညို ဝါသနာပါသော်လည်း ဇာတ်ဒဏ်ကို သူမခံနိုင်၍ ရွာသို့ပြန်လာခဲ့သည်။

နွားနှစ်ကောင်က ပုံမှန်ပြေးနေသည်။ သူ့နောက်က နံပိန်က ထမ်းပိုးကိုထမ်းကာ ပြေးလိုက်သည်။ လှည်းလမ်းကြောင်းတွင် ဖုန်တလုံးလုံးထနေသည်။ ခြံဝင်းထဲသို့ နွားနှစ်ကောင်ကို မောင်းဝင်လာခဲ့၏။ နွားနှစ်ကောင်ကို လှည်းမှဖြုတ်ပြီး တင်းကုပ်ထဲသို့ ဆွဲခေါ်လာသည်။ သစ်သားစည်ပိုင်းထဲမှရေကို စဉ့်အိုးထဲသို့ ပြောင်းထည့်သည်။ နွားနှစ်ကောင်သောက်သည့် စည်ထဲသို့ နှမ်းဖတ်ရည် ထည့်ပေးလိုက်သည်။ နွားနှစ်ကောင်က ရေကိုအငမ်းမရ သောက်နေသည်။ ကိုလုံးညိုက အမောအပန်းဖြေပြီးတော့မှ ရေချိုးသည်။

"ညနေအလှူပွဲကပြန်လာပြီးတော့မှပဲ ရေထပ်ခပ်တော့မယ်"

ကိုလုံးညိုသည် အဝတ်အစားသစ်များကို ဝတ်ဆင်ပြီးသည်နှင့် အိမ်တံခါးကိုပိတ်သည်။

"အရီးလေး မစန်းကြည်ရေ၊ ကျွန်တော့်အိမ်ဘက်ကို တစ်ချက်ကြည့်လိုက်ပါ၊ အရီးလေးကတော့ စားသောက်ပြန်လာပြီး ထမင်းဆိပ်တက်နေရောပေါ့"

"နင့်ဘာသာနင်သွားစမ်းပါ လုံးညိုရယ်"

အလှူမင်္ဂလာပွဲသို့သွားနေသည့်သူများက မနည်း။ ဦးရွှေသီး၏အလှူမဏ္ဍပ်ထဲတွင် ပွဲကြည့်ပရိသတ်များက ပြည့်နှက်နေသည်။

"ပွဲကြည့်ပရိသတ်များခင်ဗျား၊ မကြာခင်အချိန်အတွင်းမှာ ဇာတ်သဘင်အဖွဲ့က ကပြဖျော်ဖြေတော့မှာမို့ မတ်တတ်ရပ်နေကြသောသူများက မဏ္ဍပ်ထဲမှာ ထိုင်ပြီး နေရာယူပေးကြဖို့ မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား"

အသံချဲ့စက်မှထွက်ပေါ်လာသည့် မေတ္တာရပ်ခံစကားကြောင့် မဏ္ဍပ်ထဲတွင်ရပ်နေသူများ ထိုင်သွားကြသည်။

"ဟာ လုံးညို၊ လာ လာ အိမ်ပေါ်မှာသွားထိုင်"

ဦးရွှေသီး၏သမီး မနှောင်းယဉ်က ကိုလုံးညိုကို အိမ်ပေါ်သို့ အတင်းခေါ်သွားသည်။ မနှောင်းယဉ်နှင့် ကိုလုံးညိုတို့က ငယ်သူငယ်ချင်း။ ပရိသတ်များ၏စကားပြောသံက ညည်းခံဆိုင်းသံကို ဖုံးလွှမ်းသွားမတတ် ဆူညံနေသည်။

ပထမဦးစွာ အပျိုတော်ယိမ်းကို ကပြသည်။ ဆိုင်းသံ၊ သီချင်းသီဆိုသံတို့ကြောင့် ကိုလုံးညို၏စိတ်တို့ မြူးကြွလာသည်။ အတူလေးရယ်တဲ့ ယှဉ်ကာပြိုင်လိုက်

**နှစ်ပါးသွားတွင် မင်းသား၏သီချင်းဆိုသံက**
**မဏ္ဍပ်အတွင်း ဟိန်းထွက်သွားသည်။ အဆွဲအငင်ကောင်းလှသည်။**
**မြူးမြူးကြွကြွနှစ်ပါးအလှ။ ကိုလုံးညို၏စိတ်အစဉ်သည်**
**အနုအလှရသရေယဉ်ကြောတွင် နှစ်မျောသွားသည်။**
**လက်မောင်းတွင် ခြင်ကိုက်နေသည်ကိုပင်**
**သတိမထားမိတော့။**

သောအခါ ဆူညံနေသောအသံများ တိတ်ဆိတ်သွားသည်။ မဏ္ဍပ်ဝန်းကျင်တစ်ခုလုံးသည် ဆိုင်းသံ၊ သီချင်းသံများ ဖုံးလွှမ်းသွားသည်။ မင်းသားပြိုင်အကကို တင်ဆက်ပြန်သည်။

'မင်းသားငယ်နှစ်ဦးစလုံးက အကမဆိုးဘူးကွ' ဟု ကိုလုံးညို မှတ်ချက်ချမိသည်။

မင်းသားနှစ်ယောက် အပြိုင်အဆိုင်ကနေကြသည်ကလည်း မြိုင်ဆိုင်လှသည်။ နှစ်ပါးသွားတွင် မင်းသား၏သီချင်းဆိုသံကမဏ္ဍပ်အတွင်း ဟိန်းထွက်သွားသည်။ အဆွဲအငင်ကောင်းလှသည်။ မြူးမြူးကြွကြွနှစ်ပါးအလှ။ ကိုလုံးညို၏စိတ်အစဉ်သည် အနုအလှရသရေယဉ်ကြောတွင် နှစ်မျောသွားသည်။ လက်မောင်းတွင် ခြင်ကိုက်နေသည်ကိုပင် သတိမထားမိတော့။

မင်းသားသီဆိုနေသမျှသီချင်းကို စိတ်ဝင်စားစွာနားထောင်နေမိသည်။ နှစ်ပါးသွားပြီးသွားသည်။

ဝန်ကြီး(ဝန်မင်း)နှစ်ပါးတို့က နောက်ပိုင်းကပြမည့် နောက်ပိုင်းဓာတ်အတွက် ဓာတ်စာ၊ ဓာတ်စကားများဖြင့် ဓာတ်အိမ်တည်နေသည်။ သူတို့ကပြမည့်ဓာတ်ထုပ်ကို ဝန်မင်းနှစ်ပါး၏ ဓာတ်စာ၊ ဓာတ်စကားကို နားထောင်ရုံဖြင့် ကိုလုံးညိုက သိနေသည်။

ဟော နောက်ပိုင်းဓာတ်ခန်းဖွင့်လေပြီ။ ဘုရင်နှင့်တောင်နန်းစံဒေဝီမိဖုရားကြီးတို့သည် မောင်းမမိဿံအခြွေအရံများနှင့် တောကစားထွက်လာသည့်အခန်းဖြစ်သည်။

ကိုလုံးညို၏မျက်နှာက ရှုံ့မဲ့သွားသည်။ သူ၏ဝမ်းဗိုက်ထဲမှနာလာသည်။ တားဆီးထားနိုင်မည်မထင်တော့။ စားကောင်းကောင်းနှင့် စားထားသည့်အစာသစ်တို့ကအစာဟောင်းတွေကိုတွန်းနေပြီ။ မနက်က ရေအိမ်မတက်ခဲ့မိသည်ကိုသတိရသွားသည်။ ထို့ကြောင့် ကိုလုံးညိုက ထပြန်ရန်ပြင်သည်။ အိမ်အောက်လှေကားရင်းတွင် ချွတ်ထားခဲ့သော သူ့ဖိနပ်နှစ်ဖက်အနက်တစ်ဖက်ကို သာတွေ့ရလေ၏။

"ဟာ ငါ့ညာဘက်ဖိနပ်တစ်ဖက်က ဘယ်ပျောက်သွားပါလိမ့်၊ ဒုက္ခပါပဲ၊ အား . . . ကျွတ် . . . ကျွတ် ဗိုက်ထဲကလဲနာလိုက်တာ"

ကိုလုံးညို စိတ်အိုက်သွားသည်။ ကိုလုံးညိုက သူ့ဖိနပ်တစ်ဖက်ကို လိုက်ရှာပေမဲ့မတွေ့။ ဝမ်းဗိုက်ထဲက သောင်းကျန်းမှုတွေကလည်း ပြင်းထန်နေပြီ။ အမြန်ပြန်ချင်ခါမှ ကိုလုံးညို အခက်ကြုံနေရပြီ။

ကိုလုံးညိုအကြံရသွားသည်။ ဓာတ်သဘင်အဖွဲ့၏အသံချဲ့စက်မှ သွားရောက်ကြေညာခိုင်းရမည်။ ထို့ကြောင့် ဓာတ်စာ၊ ဓာတ်စကားထုးခြားတာတွေ့လျှင် ရေးမှတ်ရန် ယူလာသော အင်္ကျီအိတ်ထဲမှ စာရွက်နှင့်ခဲတံကိုထုတ်ကာစာရွက်ထဲတွင် ရေးလိုက်သည်။ ထို့နောက် ဓာတ်စင်ပေါ်သို့ တက်လာခဲ့သည်။ ကားလိပ်များ၏ဘေးတွင် ရပ်နေမိသည်။ စာရွက်ကိုတော့ဖြန့်လျက် လက်ထဲတွင်ကိုင်ထားသည်။

ထိုအချိန်တွင် ကပြနေသော ဓာတ်ကွက်မှာ တောထဲတွင် လေပြင်းမုန်တိုင်းကျသဖြင့် ဘုရင်နှင့်မိဖုရားတို့ တကွဲတပြားစီဖြစ်သွားသည့်အခန်းဖြစ်နေသည်။ ဘုရင်အဖြစ်သရုပ်ဆောင်နေသောမင်းသား လွမ်းရမည့်အခန်းပေါ့။ မင်းသားမှာ အလွမ်းဓာတ်ရပ်ဖြင့် ဟိုပြေးသည်ပြေးနှင့် မင်းသမီးကိုရှာဖွေရာ မတွေ့၍ သောကများနေဟန်ကို သရုပ်ဆောင်ပြနေသည်။ ဓာတ်စင်ဘေးသို့လည်း လှမ်းကြည့်နေသည်။ ကားလိပ်ဘေးတွင် စာရွက်ကလေးကိုကိုင်ကာ ရပ်နေသော ကိုလုံးညို

ကို ဓာတ်မင်းသားက မြင်သွားသည်။ ထို့ကြောင့် ဓာတ်မင်းသားက တောထဲသို့ပြေးသွားသည့်ဟန်ဖြင့် ကိုလုံးညိုအနားသို့ ရောက်လာ၏။

"နှမတော် . . . နှမတော်ရေ" ဟု မင်းသားက ဓာတ်စင်ပြည်ဖုံးကားကြားမှ အသံပေးနေသည်။ တီးဝိုင်းဆရာကလည်း အလွမ်းတေးသွားကို တီးခတ်ပေးနေသည်။ မင်းသားက ကိုလုံးညိုလက်ထဲမှ စာရွက်ကိုလှယူကာ အခေါက်ခေါက်အခါခါဖတ်ပြီး မျက်နှာဝင်းလက်သွားသည်။

ထို့နောက် မျက်နှာကို ရတ်ခြည်း အလွမ်းရုပ်ဟန်ပြင်ကာ ဓာတ်စင်၏အလယ်သို့ ဒယီးဒယိုင်ဖြင့် ပြေးသွားပြီး –

"အဖက်ကိုရှာတယ်လေ့လေ့ ရှာတယ် × × × သည်နှယ်မှာ ကုန်နှံ့ပေါ့ × × × အိုဘယ့်ကံနှော မကြည်ဖွယ် × × × သည်ပေကိုယ်မှာ ညာမဲ့လို့ × × ဖွေရှာသူဖွေဗျာနောက်ရတယ် × × × ကွယ် × × × ဒေါင်းတောက်အောင်မော × × × အမယ်မင်း × × × ဒေါင်းတောက်အောင်မော × × ×"ဟု လွမ်းချင်းတေးကို ဆိုချလိုက်၏။ ထိုအခါ ပရိသတ်များသဘောကျသွားလေသည်။

ကိုလုံးညိုကတော့ မျက်လုံးပြူးသွား၏။ မင်းသားနှင့်မင်းသမီးတို့ပြန်လည်ပေါင်းဆုံမိပြီး ဓာတ်ပေါင်းသွားကြလေသည်။ မင်းသား၊ မင်းသမီးနှင့် ဓာတ်အဖွဲ့သားများက နှုတ်ဆက်တေးသီချင်းကိုသီဆိုပြီးသည်နှင့် ပွဲသိမ်းပြောကို ခေါက်လေ၏။ ပြည်ဖုံးကားကြီးကျလာသည်နှင့် ဓာတ်မင်းသားက ကိုလုံးညို၏အနီးသို့ လျှောက်လာသည်။

"ကျွန်တော်က လွမ်းချင်းစာသားတွေကိုမေ့နေတာ၊ ခင်ဗျားရေးပေးတဲ့လွမ်းချင်းက သိပ်ကောင်းတာပဲ၊ ကျေးဇူးတင်တယ်ဗျာ"

"ဘာဆိုင်လို့လဲဗျာ၊ ကျုပ်စာရွက်ထဲမှာရေးထားတာက လွမ်းချင်းမဟုတ်ဘူးဗျ၊ ကျုပ်ဖိနပ်တစ်ဖက်ပျောက်လို့ ဓာတ်စင်ပေါ်က ကြေညာခိုင်းမလို့ ရေးထားတဲ့စာဗျ"

"ဗျာ . . ."။ ။

**ဝင်းဇော်(သုံးဆယ်)**

---

# လွမ်းငှက်တေးသီ ဆောင်းပန်းချီ

ရာသီစက်ဝန်း၊ တစ်မိုးယွန်းတော့
နှင်းစွန်းလေညင်း၊ သဇင်သင်းကာ
ပဝင်းရွှေရည်၊ ပျလင်းရီလျက်
နေခြည်ထွက်နိုး မထွက်နိုး။

လွမ်းဖွဲ့တေးဆို၊ ငှက်ကျေးပျိုလည်း
သံချိုဖွဖွ၊ ကြည်မြမြနှင့်
လှစ်ဟကျူးရင့်၊ သူရင်ဖွင့်ပေါ့
ကြင်ခွင့်ဆုံနိုး မဆုံနိုး။

နှင်းခသိုက်မြုံ၊ ချမ်းနိုက်တုန်ကာ
မဆုံဖော်ကွဲ၊ ကြမ္မာမွဲတော့
ရင်ထဲလှိုက်ဖို၊ ရှိုက်ကာငိုမိ
ချွဲစိုမျက်ရည်၊ သက်သေတည်လည်း
ဘယ်ဆီတမ်းတ၊ မှန်းမရပြီ
လွမ်းစပြေနိုး မပြေနိုး။ ။

**နှောင်းသစ်ချို**





# တာရာဝဠ်ဝေါး
# ပုံပြင်တစ်ပုဒ် အကြောင်း

(၁)

"ဟိုး . . . ရှေးရှေးတုန်းက တိုင်းပြည်ကြီးတစ်ပြည်မှာ ပုဏ္ဏားကြီးခုနစ်ယောက်ရှိတယ်" ဟုအစချီကာ ကျွန်တော်သိတတ်စအရွယ်ကတည်းကပင် အဖေသည် ကျွန်တော့်ကို ညအိပ်ရာဝင်ပုံပြင်ပြောပြလေ့ရှိသည်။

အဖေပြောပြလေ့ရှိသောပုံပြင်များထဲတွင် ပုဏ္ဏားကြီးခုနစ်ဦးပုံပြင်ကို ကျွန်တော်များစွာသဘောကျခဲ့သည်။ 'ရွှေယုန်နှင့်ရွှေကျား'၊ 'ယုန်နှင့်လိပ်'အစရှိသည့်ပုံပြင်များကို အဖေပြောပြလေ့ရှိသော်လည်း ထိုတိရစ္ဆာန်ကောင်ငယ်လေးများကို ကျွန်တော့်ကစားစရာအရုပ်များအဖြစ် မြင်တွေ့ဖူးနေသောကြောင့် များစွာစိတ်ဝင်စားခြင်းမရှိ။ 'ပုဏ္ဏား'ဟူသည်ကို ကလေးပီပီ ကျွန်တော် ပိုမိုစိတ်ဝင်စားခဲ့မိသည်။

အဖေသည် ကျွန်တော့်ကို ညအိပ်ရာဝင်ပုံပြင်များ မကြာခဏ ပြောပြလေ့ရှိသည်။ ပုံပြောပြလေ့ရှိသောညတိုင်း တစ်ညတစ်မျိုး မရိုးရအောင်ပြောပြလေ့ရှိသော်လည်း ပုဏ္ဏားကြီးခုနစ်ဦးပုံပြင်ကိုတော့ ကျွန်တော် အမြဲတမ်းတောင်းဆိုတတ်သည်။

ထို့ကြောင့် ဤပုံပြင်ကို ကျွန်တော်ကလေးအရွယ်ကပင် အလွတ်မှတ်မိနေကာ ကျွန်တော့်အသွေးအသားထဲထိ စွဲမြဲနေခဲ့ပါသည်။

(၂)

ကျွန်တော် အသက်နှစ်ဆယ်လောက်တွင် အိမ်ထောင်ကျသည်။



အခြေခံပညာအလယ်တန်းအထိ သာသင်ကြားခွင့်ရခဲ့သောကျွန်တော် သည် အလုပ်ကြမ်းသမားအဆင့် ထက်မပိုခဲ့။ တစ်နေရာတည်းတွင် အလုပ်မြဲခဲ့၍သာ အလုပ်ရှင်၏ ယုံကြည်မှုကို ကျွန်တော်အပြည့်အဝ ရခဲ့သည်။

"ကျော်ကြီးရေ မနက်ဖြန် ငါ နယ်ကိုသွားစရာရှိတယ်ကွ၊ အဲဒါ မနက်ဖြန်ကို မင်းစောစောလာခဲ့ ကွာ၊ လက်ကျန်ပစ္စည်းစာရင်းတွေ မင်းကိုအပ်ထားခဲ့မယ်၊ ညနေအလုပ် သိမ်းရင် အဝင်အထွက်ပစ္စည်းနဲ့ ပိုက်ဆံကိုသေချာတွက်ပြီး မင်း အဒေါ်ကို သွားအပ်ထားလိုက်၊ ငါ စိတ်ချမယ်နော်"

အလုပ်ရှင်ဖြစ်သူ ဦးဝင်းမောင်က ကောင်တာစားပွဲတွင်ထိုင်နေရင်း လှမ်းပြောသည်။

ဘိလပ်မြေအိတ်များကိုစစ်နေရင်းက ကျွန်တော် "ဟုတ်ကဲ့"ဟု ပြန်ဖြေလိုက်သည်။

အုတ်၊ သဲ၊ ကျောက် ရောင်းဝယ်ရေးလုပ်ငန်းတစ်ခုတွင် ကျွန်တော် အပါအဝင်အလုပ်သမားငါးဦးခန့်ရှိသည်။ ထိုငါးဦးထဲတွင် ကျွန်တော် သည် ရှစ်နှစ်တိတိကြာအောင်အလုပ်မြဲခဲ့သောကြောင့် အလုပ်ရှင်၏အရေး ပေးမှုကို အများဆုံးရခဲ့သူဖြစ်သည်။ ရံဖန်ရံခါဆိုသလို အလုပ်ရှင်မရှိပါ က ထိုနေ့အတွက်လုပ်ငန်းကို ကျွန်တော်ဦးဆောင်၍လည်းပတ်ရလေ သည်။

ထိုကဲ့သို့ဦးဆောင်ရသော နေ့မျိုးတွင် အလုပ်ရှင်ရှိနေသော အချိန်အခါများထက် ပိုမိုဂရုတစိုက် လုပ်ရသည်။ တစ်နေ့တာ အဝင်အထွက်ပစ္စည်းများ၊ ငွေစာရင်းများကိုသေချာတွက်ချက်ကာအလုပ်ရှင်၏ဇနီးဖြစ်သူထံအပ်နှံပြီးမှသာ အိမ်ပြန်ရသည်။ ထိုကဲ့သို့သောနေ့မျိုးတွင် အိမ်အပြန်နောက်ကျလေ့ရှိသည်။

"ရှင့်သားက သူ မအိပ်မချင်း ဖေဖေပြန် မလာသေးဘူးလား၊ ဖေဖေပြန်မလာသေးဘူးလားနဲ့ ခဏခဏမေးနေတော့တာ၊ မနည်းချော့မော့သိပ်ထားရတယ်"

ကျွန်တော်အိမ်ပြန်နောက်ကျသည့်နေ့တိုင်း ဇနီးဖြစ်သူပြောနေကျစကားဖြစ်သည်။ လေးနှစ်သားအရွယ်ရှိပြီဖြစ်သော ကျွန်တော့်သားသည် ကျွန်တော်ပြောပြသောပုံပြင်များကို နားထောင်ပြီးမှ အိပ်တတ်သူဖြစ်၏။

ကျွန်တော်ငယ်ရွယ်စဉ်က နားထောင်ခဲ့ရသောပုံပြင်များကို ယခုအခါ ကျွန်တော့်သားအား ပြန်လည်ပြောပြဖြစ်သည်။ ထိုပုံပြင်များထဲတွင် ပုဏ္ဏားကြီးခုနစ်ဦးပုံပြင်လည်း မကြာခဏပြောပြဖြစ်သည်။

ယခုခေတ်ကလေးများသည် ကျွန်တော်တို့ငယ်စဉ်ကလိုမဟုတ်။ သူတို့သိချင်သောအကြောင်းအရာကို လုံးစေ့ပတ်စေ့ပြန်မေးတတ်သည်။

"ဖေဖေ . . . ပုဏ္ဏားဆိုတာ ဘယ်လိုမျိုးကြီးလဲ"

"ပုဏ္ဏားဆိုတာ ဖေဖေတို့လိုလူပဲပေါ့သားရဲ့၊ ဟိုးရှေးရှေးတုန်းကလူတွေပေါ့၊ သူတို့ဝတ်တဲ့ပုဆိုးက အဖြူရောင်၊ ပြီးတော့ အဖြူရောင်ပိတ်စကို ကိုယ်လုံးမှာ ချည်ထားတာ"

"ဟင် အဲဒါဆို ဖိုးသူတော်ပေါ့"

တစ်ခါက ကျွန်တော့်ဇနီးသည် သားဖြစ်သူအတွက် ပိတ်စအဖြူတစ်စဝယ်လာ၏။ နောက်နှစ်ကျောင်းပြန်ဖွင့်လျှင် ကျောင်းထားရတော့မည်မို့ အင်္ကျီဖြူလေးများချုပ်ပေးရန်အတွက် ဝယ်လာခဲ့ခြင်းဖြစ်သည်။ အင်္ကျီမချုပ်မီ ထိုပိတ်စဖြူဖြင့် သားဖြစ်သူကိုပတ်ထားပေးပြီး 'ဖိုးသူတော်လေး'ဟုပြောခဲ့ဖူးသဖြင့် မှတ်မိသွားဟန်ရှိသည်။

"အင်း ဟုတ်တယ်၊ ဖိုးသူတော်လိုပဲ"

"ဒါဆို သားသားလိုကလေးလေးပေါ့"

"မဟုတ်ဘူးသားရဲ့၊ ဖေဖေ့လိုလူကြီး"

"ဒါဆို လူကြီးဖိုးသူတော်ပေါ့"

"အင်း ဟုတ်တယ်၊ လူကြီးဖိုးသူတော်"

တစ်ခါတစ်ရံတွင် သူတို့မေးသောမေးခွန်းကို သူတို့နားလည်လက်ခံနိုင်ယုံလောက်သာ ဖြေရသည်။ အတိအကျဖြေပြ၍မရ။ အတိအကျဖြေမိပါက သူတို့နားမလည်နိုင်သောအကြောင်းအရာမျိုးဆိုလျှင် ထပ်ကာထပ်ကာအမျိုးမျိုးမေးတော့သည်။ ထိုအခါ အရက်မူးသမားရစ်သည်ထက် ပိုဆိုးလေ၏။

(၃)

ထိုနေ့က အလုပ်ရှင်ခရီးသွားနေသဖြင့် ကျွန်တော်အလုပ်စောစောသွားရသည်။ အလုပ်စားပွဲပေါ်တင်ထားသောလယ်ဂျာစာအုပ်ကိုယူ၍ အရင်နေ့က ပစ္စည်းလက်ကျန်စာရင်းများကိုပြန်တိုက်ရသည်။

အလုပ်သမားများရောက်ရှိလာသောအခါ အုတ်နှင့်ဘိလပ်မြေအိတ်များ ထပ်မံရောက်ရှိမည်မို့ နေရာများရှင်းလင်းခိုင်းရသည်။ ထိုအချိန်တွင် ဆိုင်ကယ်နှင့်လူနှစ်ဦးရောက်ရှိလာ၏။ အုတ်၊ ဘိလပ်မြေ၊ သဲနှင့် ကျောက်စရစ်ဈေးများမေးသည်။

"ဘိလပ်မြေ သုံးအိတ်၊ သဲဆယ်အိတ်၊ ကျောက်စရစ်အိတ်နှစ်ဆယ်နဲ့ အုတ်နှစ်ရာလောက်ပေး"

"ဟုတ်ကဲ့ဆရာ၊ ဘယ်ကိုပို့ပေးရမလဲမသိဘူး"

"သိပ်မဝေးဘူး၊ နှစ်မှတ်တိုင်လောက်ပဲ၊ ကိုယ်အရှေ့က ဆိုင်ကယ်နဲ့ သွားမယ်လေ၊ မင်းတို့က နောက်က လိုက်ပေါ့"

"ဟုတ်ကဲ့ဆရာ ခဏလေးစောင့်ပေးပါ"

တစ်ခါတစ်ရံတွင် ဝယ်သူကသူ့ကားနှင့်သူလာဝယ်သည်လည်းရှိသလို တစ်ခါတစ်ရံတွင် ဆိုင်ကကားဖြင့် ပို့ပေးရသည်လည်းရှိသည်။

ပစ္စည်းနည်း၍ သိပ်မဝေးလျှင် ထော်လာဂျီဖြင့် ပို့ပေးရသည်။

ထော်လာဂျီပေါ်သို့ ပစ္စည်းများကို အလုပ်သမားများနှင့်အတူ တင်သည်။ ပိုက်ဆံမရှင်းရသေးသောကြောင့် ကိုယ်တိုင်ထော်လာဂျီမောင်း၍လိုက်ပို့ဖြစ်သည်။ ဌာနဆိုင်ရာတစ်ခု၏ ရုံးဌာနဖြစ်သည်။ ရုံးအဝင်လမ်းကို ကွန်ကရစ်ခင်းရန်ဖြစ်ကြောင်း သိရ၏။ ပစ္စည်းများချပေးပြီးသောအခါ ဆိုင်ကယ်ဖြင့် ရှေ့ကလမ်းပြမောင်းသူက ပိုက်ဆံထုတ်ရှင်းပေးသည်။

"လိုရင် ထပ်ယူမယ်နော်၊ ဘာမှန်းသေချာမသိသေးလို့"

"ဟုတ်ကဲ့ပါဆရာ"ဟုပြန်ဖြေလိုက်ပြီး ပိုက်ဆံကို အင်္ကျီအိတ်ကပ်ထဲသို့ထည့်ကာ ထော်လာဂျီပေါ်ပြန်တက်၍ မောင်းထွက်လာခဲ့သည်။ ၎င်းတို့၏ရုံးအဝင်အဝထိပ်သို့ရောက်သောအခါ ဆိုင်ကယ်မောင်းသူ၏ နောက်တွင် လိုက်ပါလာသူက ထော်လာဂျီပေါ်သို့ အပြေးတက်ပြီး လိုက်လာခဲ့သည်။

ဆိုင်သို့ပြန်ရောက်သောအခါ ထော်လာဂျီပေါ်သို့အပြေးတက်၍ လိုက်ပါလာသူက –

"ဘိလပ်မြေနှစ်အိတ်၊ သဲငါးအိတ်နဲ့ ကျောက်စရစ်ငါးအိတ် ထပ်တင်ကွာ"

"ထပ်ယူမှာလားဆရာ"

"အေးဟုတ်တယ်၊ မလောက်မှာစိုးလို့"ဟုပြန်ပြောသည်။

ကျွန်တော်လည်း ထော်လာဂျီပေါ်သို့ပစ္စည်းများကို အလုပ်သမားများနှင့်အတူ ထပ်တင်လိုက်သည်။ ထို့နောက် ထော်လာဂျီမောင်း၍ နောက်တစ်ခေါက် ထပ်ပို့ရ၏။ လမ်းတစ်ဝက်သို့ရောက်သောအခါ–

"ညီလေး စောစောက ကိုယ့်ဆရာရှင်းပေးလိုက်တဲ့ပိုက်ဆံတွေ ကိုယ့်ကိုပြန်ပေးအုံး၊ လိုအပ်မယ်ထင်တဲ့ပစ္စည်းလေးတွေပါ တစ်ခါတည်း ဆင်းဝယ်လိုက်အုံးမယ်၊ ပြီးမှ ကိုယ်လိုက်ခဲ့မယ်"

ပစ္စည်းဖိုးရှင်းပေးလိုက်သောပိုက်ဆံငါးသောင်းကျော်ကို ထော်လာဂျီမောင်းနေရင်း ထိုလူ့လက်ထဲသို့ ကျွန်တော်လှမ်းပေးလိုက်သည်။ ပိုက်ဆံရသောအခါ ထော်လာဂျီပေါ်မှ ခုန်ဆင်းလိုက်ပြီး ရပ်ကွက်လမ်းကြားတစ်ခုထဲသို့ ဆင်းသွားလေသည်။

ရုံးထဲသို့ ထော်လာဂျီမောင်းဝင်သွားသောအခါ ရုံးထဲမှလူတချို့ ထွက်လာကြသည်။

"ဒီပစ္စည်းတွေက . . ."

ကျွန်တော့်ကို ပထမပစ္စည်းဖိုး ပိုက်ဆံရှင်းပေးလိုက်သောသူက မေးသည်။

"ဆရာ့ဆိုင်ကယ်နဲ့ပါလာတဲ့သူက ထပ်တင်ပြီးပို့ခိုင်းလို့လာပို့တာလေ"

"ဟင် . . . ဒါဆို အဲဒီလူကော"

"သူက လိုအပ်တဲ့ပစ္စည်းတွေ တစ်ခါတည်းဝယ်ခဲ့မယ်ဆိုပြီး ဆရာရှင်းပေးလိုက်တဲ့ပိုက်ဆံတောင်းပြီး လမ်းတစ်ဝက်မှာဆင်းနေခဲ့တယ်" ဟုပြောပြီး ပစ္စည်းများအောက်ချရန်အတွက် ထော်လာဂျီပေါ်မှ ကျွန်တော်ဆင်းလိုက်သည်။

"ဟာ . . . လူလိမ်ခံရပြီထင်တယ်"

"ဘာဖြစ်လို့လဲဆရာ"

ကျွန်တော်နားမလည်၍မေးလိုက်သည်။

"အဲဒီလူက ဒီရုံးကလူမဟုတ်ဘူးကွ"

"အဲဒါဆို ဆရာ့ဆိုင်ကယ်နဲ့ ဘာလို့ပါလာတာလဲ"

"ဒီလိုဟေ့ – မနက်က အဲဒီလူက ငါတို့ရုံးထဲဝင်လာပြီး အုန်းမွှေးလုံးကားတစ်စီးစာ ဘိလပ်မြေလာစပ်တယ်၊ ငါတို့ကလဲ ဒီရုံးအဝင်လမ်းကို ကွန်ကရစ်ခင်းချင်နေကြတာကြာပြီ၊ အခု သူလာစပ်တော့ ငါတို့အတွက် အဆင်ပြေသွားတာပေါ့"

"ဒါပေမဲ့ အုန်းမွှေးလုံးထဲက ဘိလပ်မြေလက်ကျန်တွေကနည်းနေလို့တဲ့ မလောက်မှာစိုးလို့ပစ္စည်းတွေလာဝယ်တာ၊ တစ်ခါတည်း ထည့်ဖျော်ပြီးလောင်းမယ်ဆိုပြီးတော့၊ အုန်းမွှေးလုံးကားသွားခေါ်အုံးမယ်ဆိုပြီး မင်းထော်လာဂျီပေါ်ကိုပြေးတက်သွားတာပဲ၊ အခုပြန်ပါမလာဘူးဆိုတော့ ငါတို့ကိုလာလိမ်သွားတာဖြစ်မှာပေါ့"

"ဟင် . . . အဲဒါဆိုရင် ပါသွားတဲ့ ပိုက်ဆံတွေက ဘယ်လိုလုပ်မလဲ"

"ဟာ . . . အဲဒါတော့ ငါလဲ မတတ်နိုင်ဘူးနော်၊ ငါမှာတဲ့ပစ္စည်းဖိုးပိုက်ဆံက မင်းလက်ထဲကိုထည့်ပေးလိုက်ပြီးသား"

ကျွန်တော် တစ်ချက်တွေဝေသွားသည်။ ယခုထိုလူ နောက်လိုက်လျှင်လည်း မီမည်မထင်။ ပိုက်ဆံက ကျွန်တော့်လက်ထဲမှပါသွားသည်ကအမှန်။ သို့သော် ကျွန်တော်က သူတို့ကိုတစ်ဖွဲ့တည်းဟုထင်သောကြောင့်သာ ပေးလိုက်ခြင်းဖြစ်သည်။ ယခုကဲ့သို့လိမ်မည်ဟုလည်းမထင်ထားပေ။

ကျွန်တော်ဘာလုပ်ရမှန်းမသိ။ ငါးသောင်းကျော်ဆိုသည့် ပိုက်ဆံသည် အများကြီးမဟုတ်သော်လည်း ကျွန်တော့်လို နေ့စားအလုပ်သမားတစ်ဦးအတွက် ငါးရက်စာလုပ်အားခဖြစ်သည်။

ထို့ထက်ဆိုးသည်က အလုပ်ရှင် မရှိခြင်းပင်။ အလုပ်ရှင်ရှိလျှင် အကြောင်းစုံရှင်းပြ၍ ပြဿနာကိုဖြေရှင်း၍ရသည်။ အလုပ်ရှင်မရှိသည့်အချိန်တွင်ဖြစ်သောကြောင့် ကျွန်တော့်အပေါ်ထားသော အလုပ်ရှင်၏ယုံကြည်မှုသည်လည်း လျော့သွားပေလိမ့်မည်။

ထိုပြဿနာကို အကောင်းဆုံးဖြေရှင်းနိုင်ရန် ကျွန်တော် စိတ်ကိုလျှော့ထားလိုက်သည်။ ခေါင်းအေးအေးဖြင့် စဉ်းစားရပေလိမ့်မည်။

"ဘာပဲဖြစ်ဖြစ်လေ ဒီကိစ္စကို မနက်ဖြန် ကျွန်တော့်ဆရာခေါ်လာပြီး ရှင်းတာပေါ့"

"ဟ . . . ဘာမှရှင်းစရာမလိုဘူး၊ ငါ မင်းဆီမှာဝယ်တဲ့ပစ္စည်းဖိုးကို မင်းလက်ထဲ အတိအကျထည့်ပေးလိုက်ပြီးသားနော်၊ အခု ပိုက်ဆံက မင်းလက်ထဲကနေပါသွားတာ၊ ငါ့လက်ထဲကနေပါသွားတာဆို ငါ လျော်ပေးရမှာမှန်တယ်"

"ဒါကတော့ ဆရာတို့ဘက်က အမြင်လေ၊ ပိုက်ဆံက ငါးသောင်းကျော်ကျော်လေးဆိုပေမဲ့ အလုပ်ရှင်မရှိတဲ့အချိန်မှာ အလိမ်ခံလိုက်ရတယ်ဆိုတာမျိုး ကျွန်တော့်ဘက်က အဖြစ်မခံနိုင်ဘူး၊ ကျွန်တော့်အပေါ်ထားတဲ့အလုပ်ရှင်ရဲ့ယုံကြည်မှုကိုလဲ အထိခိုက်မခံနိုင်ဘူး၊ အဲဒီတော့ မနက်ဖြန် ကျွန်တော့်ဆရာကိုခေါ်လာပြီးရှင်းမယ်၊ အဲဒီလိုမှမဟုတ်ရင် နစ်ယောက်ပေါင်းပြီး ကျွန်တော့်ကိုလာလိမ်ပါတယ်လို့ ကျွန်တော်ရဲစခန်းမှာ သွားတိုင်ရလိမ့်မယ်"ဟု ပြောပြီး ကျွန်တော်ထော်လာဂျီကို မောင်းထွက်လာခဲ့သည်။

(၄)

လုပ်ငန်းခွင်ထဲပြန်ရောက်သောအခါ ထိုပြဿနာအတွက် ကျွန်တော် အမျိုးမျိုးစဉ်းစားကြည့်မိသည်။ ပိုက်ဆံကို ကျွန်တော်ကိုယ်တိုင်ပေးလိုက်မိသောကြောင့် ကျွန်တော်လည်း အပြစ်မကင်းသလို ခံစားရသည်။

ထိုနေ့အတွက် အလုပ်ထဲတွင် စိတ်မပါတော့။ ယခင်နေ့များကဲ့သို့ တစ်နေ့တာ ပစ္စည်းအဝင်အထွက်စာရင်းများနှင့် ငွေ

ကျွန်တော် တစ်ချက်တွေဝေ
သွားသည်။ ယခု ထိုလူ နောက်
လိုက်လျှင်လည်း မီမည်မထင်။
ပိုက်ဆံက ကျွန်တော့်လက်ထဲမှ
ပါသွားသည်ကအမှန်။
သို့သော်...



စာရင်းကို အလုပ်ရှင်၏ဇနီးထံ သွားမအပ်တော့ဘဲ အိမ်ကိုသာ စောစောပြန်ခဲ့သည်။

နောက်တစ်နေ့မှ အလုပ်ရှင်ဖြစ်သူထံ အကျိုးအကြောင်းကို သေချာစွာရှင်းပြရပေမည်။

အိမ်သို့ပြန်ရောက်၍ ထမင်းစားသောက်ပြီးသောအခါ မနက်က ပြဿနာအတွက် ကျွန်တော်စဉ်းစားရပြန်ချေသည်။

"ဖေဖေ သားအိပ်တော့မို့၊ သားကို ပုံပြင်ပြောပြ"

အိပ်ရာထဲရောက်နေပြီဖြစ်သောသားက ကျွန်တော့်ကိုပုံပြင်ပြောပြရန်ပူဆာနေသည်။ မွန်းကျပ်နေသောစိတ်ကိုခဏတာဖြေဖျောက်ရန် သားဖြစ်သူထံ ကျွန်တော်သွားသည်။ သားဖြစ်သူ၏ဘေးနားတွင် လှဲချလိုက်ပြီး ခြေ၊ လက်တို့ကို ဆန့်ထုတ်၍ စိတ်ကိုလျှော့ချထားလိုက်သည်။

"သားသားက ဘာပုံပြင်နားထောင်မှာလဲ"

"ဟို . . . ပုဏ္ဏားကြီးခုနစ်ယောက်"

"ကဲ – အဲဒါဆို သေသေချာချာနားထောင်နော်၊ ဟိုးရှေးရှေးတုန်းက ပုဏ္ဏားကြီးခုနစ်ယောက်ရှိတယ်တဲ့"

"ပုဏ္ဏားကြီးခုနစ်ယောက်က ဒီလောက်လောက်လားဖေဖေ" ဟုပြောပြီး သားဖြစ်သူက လက်နှစ်ဖက်ဖြင့် လက်ချောင်းလေးခုနစ်ချောင်းထောင်ပြသည်။

"အေး . . ဟုတ်တယ် အဲဒီလောက်၊ ငါ့သားက အရမ်းတော်တာပဲ"

"ဟား . . . ဟား"

'အရမ်းတော်တာပဲ'ဟု ပြောလိုက်သောကြောင့် သဘောကျသွားခြင်းဖြစ်သည်။

"တစ်နေ့မှာ အဲဒီပုဏ္ဏားကြီးခုနစ်ယောက်က သူတို့အတူတူအလုပ်လုပ်လို့ရထားတဲ့ပိုက်ဆံတွေကို အဒေါ်ကြီးတစ်ယောက်ဆီမှာ အပ်ထားလိုက်တယ်တဲ့၊ အဲဒီအဒေါ်ကြီးကိုလဲ ပိုက်ဆံကို သူတို့ခုနစ်ယောက်အတူတူလာပြန်တောင်းမှ ပြန်ထုတ်ပေးပါလို့မှာထားခဲ့ပြီး အဲဒီအဒေါ်ကြီးရဲ့အိမ်နဲ့ မနီးမဝေးမှာ ရေချိုးကြတာပေါ့သားရယ်၊ ရေချိုးရင်းနဲ့ခေါင်းလျှော်ချင်လို့ ခေါင်းလျှော်ရည်မရှိတာနဲ့ အငယ်ဆုံးပုဏ္ဏားလေးကို အဲဒီအဒေါ်ကြီးဆီမှာ သွားတောင်းခိုင်းတယ်"

"ခေါင်းလျှော်ရည်က တီဗီမှာ ဒိုလေးကြော်ငြာတဲ့ဥစ္စာလား"

"အေး . . . ဟုတ်တယ် ဒိုလေးကြော်ငြာတဲ့ခေါင်းလျှော်ရည်"

တီဗီကြည့်ရင်း ဒိုလေးခေါင်းလျှော်ရည်ကြော်ငြာလာသောအခါ သားဖြစ်သူကို ကျွန်တော်ရှင်းပြထားဖူးသောကြောင့် ခေါင်းလျှော်ရည်ဆိုလျှင် ဒိုလေးကြော်ငြာတဲ့ဥစ္စာဟု သူ သိထားခြင်းဖြစ်လေသည်။

"ဒါပေမဲ့ အငယ်ဆုံးပုဏ္ဏားလေးက ခေါင်းလျှော်ရည်မတောင်းဘဲ ပိုက်ဆံတွေပြန်တောင်းတယ်တဲ့၊ အဲဒီတော့ အဒေါ်ကြီးက ကျန်တဲ့ပုဏ္ဏားတွေကို သူလာတောင်းတာ ပေးလိုက်ရမလားလို့လှမ်းမေးတာပေါ့၊ ကျန်တဲ့ပုဏ္ဏားတွေက ခေါင်းလျှော်ရည်ထင်ပြီး ပေးလိုက်လို့ ပြန်ပြောတယ်၊ ဒါနဲ့ အဒေါ်ကြီးလည်း ပိုက်ဆံတွေကို အငယ်ဆုံးပုဏ္ဏားလေးကို ပေးလိုက်တာပေါ့သားရယ်"

"အငယ်ဆုံးပုဏ္ဏားလေးက ပိုက်ဆံတွေလည်းရရော ထွက်ပြေးသွားပါလေရော၊ ကျန်တဲ့ပုဏ္ဏားတွေက ပိုက်ဆံထုတ်ပေးလိုက်လို့ဆိုပြီး အဲဒီအဒေါ်ကြီးကို သူတို့အိမ်မှာ အိမ်ဖော်အဖြစ်လုပ်ခိုင်းတာပေါ့"

"အိမ်ဖော်ဆိုတာ ဘာလဲဖေဖေ"

"အိမ်ဖော်ဆိုတာက အိမ်မှာ ထမင်းချက်တယ်၊ ဟင်းချက်တယ်၊ အဝတ်လျှော်တယ်၊ မီးပူတိုက်တယ်၊ အဲဒါမျိုးပေါ့သားရဲ့"

"ဒါဆို မေမေ့လိုပေါ့"

"တိုးတိုးပြော၊ ဟိုကကြားလို့မင်းကို လာရိုက်လိမ့်မယ်"

"ဟား . . . ဟား"

"တစ်နေ့ကျတော့ အဲဒီအဒေါ်ကြီးက သမီးလေးတစ်ယောက်မွေးတယ်"

"သူ့ဖေဖေက ဘယ်သူလဲ"

"ဘယ်သူ့ဖေဖေလဲ"

"အဲ သမီးလေးရဲ့ဖေဖေလေ ဖေဖေရဲ့"

"အမ် သူ့ဖေဖေက ဟို. . ."

သူ့ဖေဖေက သိပြီ၊ သူ့ဖေဖေက အဲဒီအိမ်က ခြံစောင့်"

"ခြံစောင့်ဆိုတာ ဘာလဲ ဖေဖေ"

"ခြံစောင့်ဆိုတာက ညကျရင် ခြံတံခါးကိုသော့ခတ်မယ်၊ မနက်ကျရင် ခြံတံခါးကိုသော့ဖွင့်မယ်၊ ခြံထဲမှာ တံမြက်စည်းလှည်းမယ်၊ ပန်းပင်တွေရေလောင်းမယ်၊ အဲဒါတွေလုပ်တဲ့သူပေါ့ သားသားရဲ့"

"ဒါဆို ဖေဖေ့လိုပေါ့"

"အေး ဟုတ်တယ်၊ ထားပါတော့ကွာ"

သူနဲ့မှပဲ ကိုယ်တွေလင်မယားလည်း ခြံစောင့်နှင့်အိမ်ဖော်ဖြစ်ရလေပြီ။ မတတ်နိုင်။ အဓိကကတော့ သူအဆင်ပြေပြေဖြင့် အိပ်သွားဖို့ အရေးကြီးသည်။

"သူ့သမီးလေးကြီးလာတော့ သူ့အမေ အိမ်ဖော်လုပ်နေရတဲ့အကြောင်းသိလဲသိရော အဲဒီပုဏ္ဏားကြီးတွေကို အိမ်ကိုခေါ်ပြီး ရှင်တို့ပိုက်ဆံတွေပြန်လိုချင်ရင် ရှင်တို့ပြောခဲ့သလို ပုဏ္ဏားခုနစ်ဦးစလုံးစုပြီး လာပြန်ယူလို့ပြောလိုက်တာပေါ့"

ပုံပြင်လေးပြီးသွားတော့ ကျွန်တော့်စိတ်ထဲ လက်ခနဲအသိတစ်ခုရလိုက်သည်။ အတွက်ခက်လှသောပုစ္ဆာတစ်ပုဒ်၏တွက်နည်းကို ကျွန်တော် ရှာဖွေတွေ့ရှိခဲ့သလိုပင်။

အမှန်တော့ ကျွန်တော်ကြုံတွေ့ခဲ့ရသော ပြဿနာသည်လည်း ပုဏ္ဏားကြီးခုနစ်ဦးပုံပြင်နှင့် ခပ်ဆင်ဆင်ပင်မဟုတ်ပါလား။

(၅)

ကျွန်တော်ပေးချင်တဲ့ ဥပမာကတော့ အခု ကျွန်တော်ပြောပြတဲ့ ပုဏ္ဏားကြီးခုနစ်ဦးပုံပြင်လိုပါပဲ။ ကျွန်တော်က ပိုက်ဆံထုပ်သိမ်းပေးတဲ့အဒေါ်ကြီးလို နေရင်းထိုင်ရင်း စိုက်လျော်ရမဲ့ကိန်း၊ အဓိကတရားခံက အခုကျွန်တော့်ဆီကလိမ်သွားတဲ့လူကို ကျွန်တော်တို့ဆိုင်ကို ဆိုင်ကယ်နဲ့တင်ခေါ်လာတဲ့ ဒီကဆရာပါပဲ။

အဲဒီလူက လမ်းဘေးကနေ သူ့ဘာသူ ကျွန်တော့်ထော်လာဂျီပေါ်တက်လာတာဆိုရင် ကျွန်တော်စိုက်လျော်ပေးရမှာ မှန်ပါတယ်။

ဆိုင်မှာ ပစ္စည်းတွေလာဝယ်တဲ့အချိန်တုန်းကလဲ အဲဒီလူနဲ့ ဒီကဆရာနဲ့က ဘယ်ပစ္စည်းဘယ်လောက်ယူမယ်ဆိုတာ အပြန်အလှန်တိုင်ပင်နေကြတာပဲ၊ အခုလိုပြဿနာဖြစ်တော့မှ ငါတို့နဲ့ အဲဒီလူကမသိပါဘူးလို့ပြောတာလေ။ အစကတည်းက အဲဒီလူနဲ့ဆရာတို့ကမသိဘူးဆိုတာ ကျွန်တော့်ကိုပြောထားရင် တစ်မျိုးပေါ့။

အခု ပြဿနာက ဒီကဆရာဆိုင်ကယ်နဲ့ တင်ခေါ်လာတဲ့သူကဖြစ်တာမို့ ဒီပြဿနာကိုဖြေရှင်းမယ်ဆိုရင် အဲဒီလူကို ဒီကဆရာက ပြန်ခေါ်လာခဲ့ပေးပါ၊ ပြန်ခေါ်လာပေးရင် ပစ္စည်းဖိုး ကျွန်တော်တာဝန်ယူပါတယ်၊ ပြန်မခေါ်လာပေးနိုင်ဘူးဆိုရင်တော့ အဲဒီလူကိုခေါ်လာတဲ့သူမှာပဲ တာဝန်ရှိပါတယ်"

ကျွန်တော့်စကားဆုံးတွင် ကျွန်တော့်အလုပ်ရှင်က ခေါင်းတညိတ်ညိတ်ဖြင့် ပြုံးနေသည်။

ထို့နောက် –

"ကဲပါ . . . ဒီကိစ္စ ဒီမှာပဲ ထားလိုက်ပါတော့၊ သူတို့ဘက်ကလဲ ဌာနဆိုင်ရာကဝန်ထမ်းတွေ၊ လူကြီးတွေဖြစ်တဲ့အတွက် မဟုတ်တာမလုပ်ဘူးဆိုတာသိပါတယ်"

"မင်းအနေနဲ့ကလဲ အလုပ်လဲလုပ်ပေးရသေးတယ်၊ အိတ်စိုက်လျော်ပေးရမဲ့ကိန်းလဲဖြစ်နေတယ်ဆိုတော့ ကြားက ငါပဲပစ္စည်းအရှုံးခံလိုက်ပါ့မယ်၊ ဒီလောက်ပဲ အလိမ်ခံလိုက်တာ ကျေးဇူးတင်ရမယ်၊ နှစ်ဖက်စလုံးအတွက်တော့ ဒါဟာသင်ခန်းစာတစ်ခုရတာပေါ့"

ပြဿနာပြေလည်သွားသောအခါ ကျွန်တော်နှင့်ကျွန်တော့်အလုပ်ရှင်တို့ ရုံးထဲမှအတူတကွပြန်ထွက်လာခဲ့သည်။ ရုံးအပေါက်ဝသို့ရောက်သောအခါ ကျွန်တော့်အလုပ်ရှင်က ကျွန်တော့်ပခုံးကိုဖက်ရင်း –

"မင်းတော်တယ်၊ ပြဿနာတစ်ခုကို ကိုယ့်ဘက်ကမှန်နေရင် အခုလိုရဲရဲရင့်ရင့်ရင်ဆိုင်ရဲရတယ်ကွ၊ ငါ မင်းကို စိတ်ချယုံကြည်ပြီးသားပါ"ဟု တည်ကြည်လေးနက်သောလေသံဖြင့်ပြောသည်။

ကျွန်တော်အဖေ့ကို ကျေးဇူးတင်မိသည်။ ။

**တာရာတွံတေး**

# 'မြဝတီပွင့်သစ်' ကဏ္ဍအတွက်
# ကလောင်သစ်များဖိတ်ခေါ်ခြင်း

မြဝတီမဂ္ဂဇင်းသည် ခေတ်အဆက်ဆက်ကလောင်ရှင်များမွေးဖွား ပေးရာ စာပေစင်မြင့်ထက်သို့စင်တင်ပေးရာ ရေခံမြေခံကောင်းသောမဂ္ဂဇင်း ဖြစ်ခဲ့သည်နှင့်အညီ ယခုလည်း ၎င်းအစဉ်အလာကို ထိန်းသိမ်းသောအားဖြင့်လည်းကောင်း၊ ရသစာပေဖွံ့ဖြိုးရေးအစန်းကဏ္ဍအတွက်လည်းကောင်း တစ်တပ်တစ်အား ပါဝင်လိုသဖြင့် စာပေဝါသနာရှင်များ၏ ရသပေးစွမ်းနိုင်သော **ဝတ္ထုတို** များကို ပေးပို့ကလောင်သွေးနိုင်ကြပါသည်။ စာမူများကိုပေးပို့ရာတွင် အောက်ပါစည်းကမ်းချက်များကိုလိုက်နာရမည် –

(က) ပင်ကိုရေးဖြစ်ရမည်။ သူတစ်ပါး၏စာမူများအား ထပ်တူပြုခြင်း၊ ကူးယူခြင်း၊ ဆင်တူယိုးမှားရေးသားခြင်း လုံးဝမပြုလုပ်ရ။

(ခ) ကွန်ပျူတာစာစီလျှင် (A 4) ၄ မျက်နှာ၊ လက်ရေးမူဖြစ်ပါက (A 4) ၆ မျက်နှာထက် မပိုစေရ။

(ဂ) **'မြဝတီ ပွင့်သစ်'** ဟု သိသာထင်ရှားစွာဖော်ပြရမည်။

(ဃ) တိုက်ပြိုင်ပေးပို့ခြင်းမပြုရ။ စာမူပေးပို့ပြီး အနည်းဆုံး ၆ လအတွင်း တခြားတိုက်သို့ ထပ်မံပေးပို့ခြင်းမပြုရ။

(င) အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊ ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်ပြည့်စုံစွာပါရှိရမည်။



**မြဝတီမဂ္ဂဇင်း**
**မြဝတီစာပေတိုက်**
**အမှတ် (၁၅)၊ မိုးကောင်းလမ်း၊ (၁၅)ရပ်ကွက်၊**
**သာကေတ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉ ၃၀၃၆၇၅၆၂**
Email: mwdliteraturehouse@gmail.com



ရွှေတိဂုံစေတီတော်ကိုဖူးပြီးနောက် မြောက်ဘက်မုခ်မှဆင်းခဲ့သည်။ အခမ်းအနားကျင်းပမည့် အချိန်ကလိုသေး၍ စာအုပ်ဝယ်ရန် စိတ်ကူးရ၏။ သို့သော် မြောက်ဘက်စောင်းတန်းက တောင်ဘက်စောင်းတန်းလို စာအုပ်ဆိုင်ကြီးများမရှိ။ ရှားရှားပါးပါးတိုက်ကျစာအုပ်အဟောင်းများရောင်းသောဆိုင်ကလေးကိုသွားတွေ့၏။ အများစုက ပုံပြင်စာအုပ်တွေ၊ ဘာသာရေးရုပ်ပြစာအုပ်များဖြစ်သည်။ ဟိုမွှေသည်ရှာဖြင့် စာအုပ်အဟောင်းကလေးတစ်အုပ်ကို အမှတ်မထင်သွားတွေ့သည်။ ပြန်တန်ဆာ အရှင်သုန္ဒရ (ဘီအေ)၏ 'အမြတ်ဆုံးစစ်သည်နှင့်စကားစစ်ပွဲ'ပုံပြတရားတော်စာအုပ်။

'ယော သဟဿံ သဟဿေ န၊ သင်္ဂါမေ မာနုသေ ဇိနေ'

ဘိက္ခဝေ – ရဟန်းတော်များ အိုချစ်သားတို့၊ ယော – တိုက်ပွဲတိုင်း အောင်မြင်သည့်အကြင်သူရဲကောင်းစစ်သည်တော်သည်၊ သင်္ဂါမေ – သူနိုင်ကိုယ်နိုင် အသက်လုကာ တိုက်ပွဲဝင်ရသည့်စစ်မြေပြင်၌၊



# နီသင်စောက်ကျော်ဖြိုး

## တုနှိုင်းဖွယ်ရာမရှိသောဂုဏ်ခြုံ

(ပင်ကိုရေးဝတ္ထုရှည် စ / ဆုံး)

သဟ သေယန သဟာသံ – ကိန်းဂဏန်းအားဖြင့် တစ်သန်းအရေအတွက်ရှိသော၊ မာနုသေ – တစ်ဖက်ရန်သူလူအပေါင်းတို့ကို၊ ဇိနေ–ဇိနေယျအများနှင့် တစ်ယောက်ပင်ယှဉ်ပြိုင်ရသော်ငြား အောင်ပွဲဆင်နိုင်စွမ်းရာ၏။ (ဓမ္မပဒ၊ အဋ္ဌကထာ၊ သဟဿဝဂ်)

စာမြည်းကလေးဖတ်ပြီး သဘောကျသွားသည်။ စာအုပ်ဝယ်ပြီး ဆင်းခဲ့ရာ မှန်ဦးဝအရောက်မှာပင် သူ့ရဲကောင်းစစ်သည်ဗိမာန်ကို လှမ်းမြင်ရ၏။ ကားလမ်းဖြတ်ကူးပြီး လျှောက်ခဲ့သည်။ ဗိမာန်ရှေ့မှာ လူနှင့်ကားများ မနည်းလှ။ ရင်ပြင်မှာလည်း ပျားပန်းခပ်မျှလူများစည်ကားနေသည်ကို လှမ်းမြင်ရသည်။ လွယ်အိတ်ထဲမှဖိတ်စာလေးကိုထုတ်ပြီး တစ်ခေါက်ပြန်ဖတ်ဖြစ်သည်။

'ခေတ်အဆက်ဆက်က တိုင်းပြည်အတွက် အသက်စွန့်လွှတ်ခဲ့ကြသောသူ့ရဲကောင်းစစ်သည်များကို အမှတ်တရအလေးပြုခြင်းနှင့် လွမ်းသူပန်းခွေချခြင်းအခမ်းအနား' ဟု ရေးသားထားသည်။

ဆင္ဃမအကြိမ်မြောက်တိုင်ခဲ့ပြီဖြစ်သော်လည်း ယခုအကြိမ်မှ ပထမဆုံးရောက်ဖူးခြင်းပင်။

ဂိတ်အဝင်ဘေးတံတိုင်းမှာ ရေးထိုးထားသည့် 'အမှန်မြတ်ဆုံးသောစွန့်လွှတ်ခြင်း၏ တုန္နိုင်းဖွယ်ရာမရှိသောဂုဏ်ဒြပ်'ဟူသောစာသားက လူကိုကြက်သီးဖြန်းဖြန်းထသွားစေသည်။ ရင်ပြင်ထဲသို့လျှောက်လာရင်း သိဟောင်းကျွမ်းဟောင်း၊ ရဲဘော်ဟောင်းတွေများတွေ့လေမလားဟုရှာမိ၏။ မျက်နှာချင်းဆိုင်ဆုံခဲ့လျှင်ပင် ဇရာတွေထောင်း၊ ရုပ်တွေပြောင်းကုန်ကြသဖြင့် မှတ်မိနိုင်ကြပါ့မလားမသိ။ လူတွေကလည်း အများကြီး။

အများဆုံးကတော့ စစ်မှုထမ်းဟောင်းတွေ၊ စစ်သားဟောင်းတွေ၊ တပ်မတော်ကို ချစ်မြတ်နိုးကြသူတွေ၊ ရဲဘော်သုံးကျိပ်မျိုးဆက်အချို့နှင့်နိုင်ငံရေးပါတီမှ လူတွေလည်း တက်ရောက်ကြသည်ကို မြင်တွေ့ရ၏။

သူရဲကောင်းစစ်သည်ဗိမာန်မှ ဂုဏ်ပြုကျောက်တိုင်ကြီးကို ငွားငွားစွင့်စွင့်၊ ကြွားကြွားဝင့်ဝင့်မြင်ရ၏။ ကျောက်တိုင်အောက်ခြေရှိ ကြေးကမ္ပည်းပြားပေါ်တွင် 'နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးနှင့် လွတ်လပ်ရေးထိန်းသိမ်းကာကွယ်ရေးတိုက်ပွဲများတွင် အသက်စွန့်ခဲ့သောသူရဲကောင်းစစ်သည်အပေါင်းအား ဂုဏ်ပြုအပ်ပါသည်'ဟု ရေးထိုးထားသည်။

ထို့အပြင် ဘီးသုံးဘီးပါသောလျှပ်စစ်စက်ဘီး (E-Bike)ကိုယ်စီဖြင့် တန်းစီထိုင်နေကြသော မသန်စွမ်းစစ်သည်တော်ဟောင်းအချို့ကိုမြင်ရသည်။ သူတို့လက်ထဲမှာလည်း လွမ်းသူပန်းစည်းလေးများကိုင်ထားကြသည်။

"အခမ်းအနားစတင်တော့မှာဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျာ"

ထိုအသံက ရင်းနှီးသည့်အသံဖြစ်နေ၍လှည့်ကြည့်မိရာ ကျွန်တော်နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့သည့်တပ်မှာဆုံခဲ့သော တပ်ကြပ်ကြီး/ စာရေးမှ အရာရှိဖြစ်သွားသည့် ဗိုလ်ကြီးတင်ကိုဝင်းဖြစ်နေသည်။

"ဟာ ညီလေး တင်ကိုဝင်း"

"ဟာ အစ်ကိုကြီး"

သူလည်း ကျွန်တော့်ကို အတွေ့မှာ အားရဝမ်းသာလှမ်း၍ နှုတ်ဆက်ပါသည်။ ကျွန်တော့်ဆီလျှောက်အလာမှာ ဟန်ချက်နည်းနည်းယိုင်သွား၏။ ကြည့်လိုက်တော့ သူလည်း တိုင်းပြည်အတွက် ဘယ်ခြေတစ်ဖက်ကို မွန်မြတ်စွာစွန့်လွှတ်ပေးဆပ်ထားရသူပါလားဟု သိလိုက်ရသည်။

"ဝမ်းသာလိုက်တာ အစ်ကိုကြီးရာ၊ ဗိုလ်လောင်းအောင်ပြီးကတည်းက မတွေ့တော့တာနော်၊ ဒါပေမဲ့ အစ်ကိုကြီးစာတွေတော့ ဖတ်ရပါတယ်၊ ငါ့အစ်ကိုကြီးက အောင်မြင်နေပြီပေါ့လေဟုတ်လား"

"အခုထိ ကြိုးစားနေရတုန်းပါညီလေးရာ၊ မင်းနဲ့ပြန်တွေ့တာ အရမ်းဝမ်းသာတာပဲကွာ၊ တကယ်ပြောတာ"

"ကျွန်တော်လဲ အတူတူပါပဲ အစ်ကိုကြီးရာ၊ သြော် အစ်ကိုကြီး အခမ်းအနားစတော့မှာမို့ ခဏနော်၊ ကျွန်တော်က အခမ်းအနားမှူးလုပ်နေလို့၊ ပြီးမှတွေ့မယ်နော်"

"အေးပါ သွား . . . သွား၊ ရတယ်ညီလေး"

သူပြန်ထွက်သွားပြီး သိပ်မကြာခင်မှာ အခမ်းအနားစတင်၏။ အခမ်းအနားအစီအစဉ်အတိုင်း နိုင်ငံတော်အလံကို အလေးပြုပြီး ကျဆုံးလေပြီးသောတပ်မတော်သားတို့ကို အလေးပြုကြ၏။ ထို့နောက် ကျဆုံးစစ်သည်များကို ဂုဏ်ပြုအောက်မေ့ခြင်း နှစ်မိနစ်ငြိမ်သက်ကြ၏။ ငြိမ်းချမ်းရေးချိုးဖြူငှက်များလွှတ်ပေးပြီးနောက် လွမ်းသူပန်းခွေများ၊ ပန်းခြင်းများချပြီး ဂုဏ်ပြုကြသည်။

"ဟော့ မင်းက ကျော်ခန့်မဟုတ်လား"

ဖုန်းလေးဖြင့် မှတ်တမ်းဓာတ်ပုံရိုက်နေခိုက် ခါးပုတ်ပြီး အမေးခံလိုက်ရသည်။ လှည့်ကြည့်လိုက်တော့ စစ်သားဟောင်းကြီးတစ်ယောက်။ အသက်ခြောက်ဆယ်ကျော်၊ ခုနစ်ဆယ်နီးပါးခန့်တော့ရှိလိမ့်မည်။ သူ့တိုက်ပုံအဖြူပေါ်မှာ ရွှေရတုတပ်မတော်နေ့ရွှေရောင်တံဆိပ်နှင့် စွမ်းရည်ဘွဲ့ဆိုင်ရာ

ဆုတံဆိပ်တစ်ခုတပ်ထားသည်ကို မြင်ရ၏။

"ဟာ ဟော့ကောင်၊ မင်း ငါ့ကိုမမှတ်မိဘူးလား၊ ငါ ကိုယ်ပိုင်အမှတ် ( – ) ခင်မောင်ဦးလေကွာ"

"ဟာ ဆရာ၊ ကန်တော့ ကန်တော့၊ မမှတ်မိတာ ခွင့်လွှတ်ပါ ဆရာရယ်"

ဆရာ့ကို လက်အုပ်ချီပြီး ကမန်းကတန်း တောင်းပန်မိသည်။ ဆရာက ကျွန်တော် တပ်သားသစ်သင်တန်းဆင်းပြီးနောက် ပထမဆုံး တာဝန်ကျသည့် မိခင်တပ်မှဖြစ်သည်။ လက်ဦးဆရာများထဲမှ ဆရာရင်းတစ်ယောက်ဖြစ်ပါသည်။

"နေပူတယ်ကွာ၊ တို့တွေ ဟိုသစ်ပင်အောက်မှာ အေးအေးဆေးဆေးစကားပြောရအောင်ကွာ၊ လာ"

ဆရာက အရိပ်ကောင်းသောအပင်ကြီးကိုပြရင်း ရှေ့မှဦးဆောင်ထွက်သွားသည်။ ဆရာ့နောက်မှလိုက်ရင်း အတူရှိခဲ့စဉ်ကပုံရိပ်တို့ ပြန်မြင်ယောင်မိသည်။ ကျွန်တော်တို့ကျောင်းဆင်းသည်က ၁၉၈၉ ခုနှစ်။ ဆိုရသော် ၈၈ အရေးအခင်းကြီးပြီးခါစ တိုက်ပွဲတွေအရှိန်ပြင်းထန်နေချိန်ဖြစ်ပါသည်။

၈၈ အရေးအခင်းကြောင့် အုပ်ချုပ်ရေး၊ ကာကွယ်ရေးယန္တရားများယိုင်လဲနေချိန်မှာ သောင်းကျန်းသူများက တပ်မတော်၏စခန်းများကို အင်အားအလုံးအရင်းဖြင့် သိမ်းပိုက်လိုက်ကြသည်။ မော်ဖိုးကေ၊ မဲလှ၊ မဲသဝေါ စသည့်စခန်းများ ကျကုန်ကြသည်။ တပ်မတော်မှာ နိုင်ငံတော်အေးချမ်းသာယာရေး တာဝန်များကြားမှ ကျသွားသည့် မိမိစခန်းများကိုပြန်လည်သိမ်းပိုက်နေရသည်။ တပ်မအချို့က မိမိစခန်းများကိုပြန်လည်တိုက်ခိုက်နေချိန်တွင် နောက်တန်းခဏနားခွင့်ရသည့် တပ်များကလည်း ရန်ကုန်မြို့နှင့် မြို့ပြများ၌ တည်ဆောက်ရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အင်နှင့်အားနှင့် ပါဝင်လုပ်ကြရသည်။ ထိုစဉ်က တပ်မတော်သားတို့မှာ လမ်းဘေးမြောင်းပုပ်မှအစ နောက်ဖေးလမ်းကြားအဆုံး သန့်ရှင်းသာယာလှပရေး အတွက် မရှုံမရှာဆောင်ရွက်ကြရသည်။

သေနတ်ကိုင်ပြီး ကာကွယ်ရေးတာဝန်ထမ်းဆောင်နေကြရသောစစ်သည်တို့မှာ ပေါက်ပြားကိုင်၊ တံမြက်စည်းကိုင်လျက် မြို့ပြသာယာလှပရေးအတွက် လုပ်ခဲ့ကြသည်။ ရင်ထဲရှိသည့်အတိုင်းပြောရလျှင် စိတ်ထဲမှာ ကသိကအောက်ဖြစ်ရပေမဲ့ တာဝန်မကျေခဲ့သူမရှိပါ။ ကျွန်တော့်သူငယ်ချင်းမုန်းအောင်ချစ်၏ စကားအတိုင်းပြောရလျှင် ရဲဘော်ဆိုတာ မြတ်နိုးဖွယ်ရာပင်။

ပြန်တွေးမိမှ မုန်းအောင်ချစ်နှင့် ချစ်ရသောသူငယ်ချင်းရဲဘော်များကို လွမ်းတသသဖြစ်လာလေသည်။

× × ×

သူ့အမည်က 'မုန်းအောင်ချစ်'။

အာမီရမ်လေးထွေလာသည်နှင့် စာသံပေသံဖြင့် ပြောတတ်သည်။ သူ့ထူးခြားချက်က ရှေ့တန်းမှာ လုံးဝမသောက်။ နောက်တန်းရောက်လျှင်တော့ အမူးသောက်တော့သည်။ အာမီရမ်ထုတ်ပေးသည့် ရက်မျိုးမှာတော့ အမုန်းသောက်ပြီး မုန်းလောက်အောင်ကို ရစ်တတ်သည်။

"ရဲဘော်ဆိုတာဘာလဲ မင်းတို့သိကြလား"

ရီဝေနေသောမျက်လုံးကို မှေးလျက် မေးတတ်သည်။ ဘယ်သူမှ သူ့ကိုပြန်မပြောကြ။ စကားထောက်သူက သူ့စကားလုံးတွေထဲမှာ ညအိပ်သွားရမည်လေ။ တစ်ယောက်မှပြန်မပြောဘဲ ငြိမ်နေတော့ သူ့စကားသူဆက်သည်။

"အဲဒါပဲ လေ့လာပါ၊ မှတ်သားပါဆိုတော့ အိပ်ငိုက်နေတယ်၊ စာဖတ်ပါဆိုတော့ အရုပ်နည်းသလေးစာများသလေးနဲ့၊ ဘာမေးစရာရှိလဲဆိုတော့ ပဲဟင်းဒုတိယအကြိမ်မရဘူးလို့ သတင်းပို့တဲ့ကောင်တွေ၊ ဒီမှာမှတ်ထား၊ ရဲဘော်ဆိုတာ စစ်ပွဲဆင်နွှဲတဲ့အခါမှာ တစ်နည်းပြောရရင်တော့ တိုင်းပြည်အတွက်ရဲဝံ့စွာ အတူဆောင်ရွက်ကြရတဲ့အပေါင်းအဖော်ကို ရဲဘော်လို့ခေါ်တယ်၊ အေး အဲဒါ ငါ့ရဲ့ဒဿနမဟုတ်ဘူးနော်၊ မတစ်လုံးကြေ အတုလဆရာတော်ခင်ကြီးဖျော် ရေးထားခဲ့တဲ့စာကွ၊ တပ်မတော်အားဆယ်ပါးစာအုပ်ထဲမှာလဲပါတယ်၊ ဒါပေမဲ့ မင်းတို့

ကောင်တွေက ဖတ်မဲ့အကောင်တွေမဟုတ်ပါဘူး၊ ဒီမှာ ရဲဘော်ဆိုတဲ့ ဝေါဟာရက မြတ်နိုးဖွယ်ရာတဲ့၊ အင်း မင်းတို့လိုရဲဘော်စိတ်နည်းတဲ့ ကောင်တွေနဲ့ ဒီစကားက လားလားမှမတန်ပါဘူးကွာ"

"ဟော့ကောင် ဘာမှမဆိုင်ဘူး၊ မူးရင်လဲ အိပ်တော့၊ ရစ်မနေနဲ့"

အိပ်ရာချင်းကပ်နေသော ကျွန်တော်က မနေနိုင်တော့၍ စကားဝင်ထောက်မိ၏။

"ရစ်နေတာမဟုတ်ဘူးကွ၊ အမှန်ပြောတာ၊ တောက် – ရှေ့တန်းမှာတုန်းကတော့ ငါတို့က သေတူရှင်ဖက် အသက်ချင်းအပ်ထားကြတဲ့ သိပ်ချစ်ကြတဲ့သူငယ်ချင်းတွေပါ၊ ညီအစ်ကိုတွေပါတဲ့၊ အခုကြည့် နောက်တန်းလဲရောက်ရော ပိုက်ဆံ ကလေးချေးဖို့မပြောနဲ့၊ အကျီကလေးတစ်ထည်တောင်မှ ငှားဝတ်လို့မရဘူး၊ မင်းတို့ကောင်တွေဟာ ချစ်စရာအကောင်းဆုံးနဲ့ အမုန်းဆုံးလူသားတွေကွ၊ သိရဲ့လား"

ဪ် အခုမှသဘောပေါက်တော့သည်။ မနက်က သူငွေချေးတာလည်းမရ။ အပြင်သွားရန် အကျီအသစ်ငှားတာလဲမရခဲ့သည်ကို ရစ်နေပေခြင်းကိုး။ နေရင်းထိုင်ရင်း ကျွန်တော်တို့မှာ ချစ်စရာအကောင်းဆုံးနှင့် အမုန်းဆုံးလူသားများဖြစ်သွားရသည်။

"မင်းကလဲ ငါလဲအပြင်သွားစရာရှိလို့ မပေးတာပါ၊ စိတ်မဆိုးပါနဲ့ကွာ"

သူ့စိတ်သက်သာရအောင် ကျွန်တော်လေပြေလေး ပြန်ထိုးလိုက်သည်။ ချစ်ထူးကတော့ပြတ်၏။ လုံးဝမချေးနိုင်၊ မပေးနိုင်ပါတဲ့။

"မင်းအတွက်ရတဲ့လစာကျတော့ ဝေသဿန္တရာလုပ်ပြီး ကုန်မှ ငါတို့ကိုလာမရစ်နဲ့၊ ငါကတော့ လုံးဝပဲ"

ချစ်ထူးပြောသည်ကလည်း မလွန်။ မုန်းအောင်ချစ်က လစာထုတ်သည်နှင့် တွေ့သမျှလူကို မုန့်ဝယ်ကျွေးသည်။ လစာထုတ်ရက်ဆိုလျှင် လိုင်းထဲမှကလေးတွေ မုန်းအောင်ချစ်အနားမှာ ဝိုင်းဝိုင်းလည်နေ၏။ အဝတ်အစားအသစ်ဝယ်လည်း ခဏပင်။ လိုချင်သူရှိလျှင် ပေးလိုက်သည်သာ။ သူ့မှာ ဘာမှမရှိတာကိုပင် အခုလို ဂုဏ်ယူပြောတတ်ပြန်၏။

"ဒီမှာ ဟော့ကောင်တွေ မသေမချင်းမှတ်ထား၊ ဘာမှမရှိတာကိုမှ လူပျိုစစ်တယ်လို့ခေါ်တယ်ကွ၊ ငါ့ကိုကြည့်၊ အရပ်ဝတ်ဆိုရင် အေးဆေးပဲ၊ ဟော ဒီမှာကြည့်ဝတ်ထားတာက တစ်ထည်၊ အမယ် အခုလိုချွတ်လိုက်ရင် တစ်ထည်တောင်ပိုသေးတယ်ကွ၊ ဟား . . . ဟား . . . ဟား"

"အေး . . . အဲဒါကြောင့် မင်းကို ဘယ်ကောင်မလေးကမှ မကြိုက်တာကွ"

"သူတို့မကြိုက်လေလေ ငါက ကြိုက်လေလေပဲကွ၊ အိမ်ထောင်ကျသွားတဲ့သူတွေကို ကြည့်စမ်းပါ၊ စားပြီးသောက်ပြီး ခြေသလုံးကြီး၊ အိမ်ပြန်လက်ဆောင် ပခုံးရောင်တဲ့ဘဝတွေကွ၊ ဆရာစန်းလွင်ကိုပဲ ကြည့်၊ တစ်နေ့တစ်နေ့ ထမ်းလိုက်ရတဲ့ရေ၊ ထမ်းလိုက်ရတဲ့ဝက်စာ ပခုံးကို ရောင်နေရောပဲဟော့၊ အစ်မတူးမာကတောင် ဆရာ့ကို နာမည်အသစ်ပေးလိုက်ပြီကွ၊ ကိုရဲဆွေတဲ့"

အိမ်ထောင်ရေးစကားပြောတိုင်း သူက ကျွန်တော်တို့ဆရာ တပ်ကြပ်စန်းလွင်ကို သက်သေထူလေ့ရှိသည်။ ဆရာစန်းလွင်က မိန်းမအလွန်ကြောက်ရသူဖြစ်သည်။ အမှန်တော့ ဆရာစန်းလွင်နှင့် မုန်းအောင်ချစ်က ဆရာတပည့်လိုရော၊ သားအဖလိုပါ ချစ်ကြသူတွေ။ သို့သော် မုန်းအောင်ချစ်ကြောင့် ဆရာစန်းလွင်ချိုစောင်းမှာ ပန်းကန်လုံးစာမိခဲ့ဖူးသည်။

ဖြစ်ပုံက သည်လို။

အာမီရမ်ထုတ်ပေးသောနေ့တစ်နေ့ကဖြစ်သည်။ ဆရာချစ်၊ ဆရာခင်မောင်ဦးတို့နှင့်အတူ ဆရာစန်းလွင်မှာ အာမီရမ်ထုတ် အမှတ်တရပွဲလေးကျင်းပလိုက်တာ ညနေညနေစည်တယ်လေ့အချိန်ထိ ရောက်သွားသည်။ ဆရာ့ဇနီး ဒေါ်တူးမာမှာတော့ ဆရာ့အလာကို တမျှော်မျှော်။ ဗိုက်ကြီးက တစ်ဖက်၊ ဝက်တွေ၊ ကြက်တွေကတစ်ဖက်ဖြင့် မနိုင်မနင်းဖြစ်ကာ ဒေါကန်နေသည်။ ဗိုက်ခင်းက ရေမလောင်းရသေး။ ဝက်တွေကလည်း အစာတောင်းနေသည်မှာ ဆူညံနေ၏။ ထိုအချိန်မှာ

မုန်းအောင်ချစ်က ဆရာစန်းလွင်၏ဇနီးဆီမှာ ငွေသွားချေးလေသည်။

"အရေးထဲ နင်က တစ်မျိုး၊ ဒီမှာ နင်တို့ဆရာက ခွဲရုံးခဏဆိုပြီး နေ့လယ်ကတည်းကထွက်သွားလိုက်တာ အခုထိကို ပေါ်မလာဘူး၊ နင် ဘယ်မှာတွေ့ခဲ့လဲ မုန်းအောင်ချစ်"

"ဆရာလား၊ အဲ . . . ဟိုလေ . . . ဟို"

မုန်းအောင်ချစ် ဘယ်လိုဖြေရမှန်းမသိ၍ မယုတ်မလွန်ကလေး ဖြေမိသည်။ သူ့မယုတ်မလွန်ကို ဆရာ့ဇနီးကအစ်လိုက်ရာ တပ်တည် (အခြေပြုသည့်နေရာ)ရော ဖြစ်စဉ်အကြောင်းအရာအဖွင့်ပါအကုန်ပါသွားသည်။ မြေပုံညွှန်းကလေးပင် အဆစ်ပါလိုက်သေးသည်။ အစ်မကထဘီစွန်တောင်ဆွဲပြီး လိုက်သွားသည်။ ပြန်မလာရသည့်အထဲ အရက်သောက်နေသည်ဆိုတော့ ပေါက်ကွဲပြီလေ။

စစ်မြေပြင်မှာ ရန်သူအပေါ် လက်ဦးမှုနှင့် ပစ်ခတ်မှုအသာစီးယူခဲ့သောဆရာ့ခမျာ အိမ်တွင်းတိုက်ပွဲမှာတော့ ချိုစောင်းမှာ ပန်းကန်လုံးစောင်းစာမိသွားသည်။ တပ်ရင်းဆေးခန်းမှ နှစ်ချက်ချုပ်ပေးလိုက်ရသည်။ မုန်းအောင်ချစ်လည်း သူ့ဆရာကို လေးရက်လောက် ရှောင်ပြေးခဲ့ရသည်။ ဆရာ့မှာတော့ အခဲမကျေစွာ မျက်မှောင်တကုပ်ကုပ်။ သို့သော် အံကြိတ်ပြရုံသာတတ်နိုင်၏။ လက်ဖျားနှင့်တောင် မတို့ရဲ။ ဆရာ့ဇနီးက မုန်းအောင်ချစ်ကို ထိရဲရင်ထိကြည့်ဟု ကြိမ်းဝါးထားသည် မဟုတ်ပါလား။

ဩော် . . . မုန်းအောင်ချစ်ဆိုတာ ဤသို့ပါတည်း။

× × ×

မုန်းအောင်ချစ်ကဲ့သို့ပင် နောက်တစ်ယောက်ရှိသေး၏။ သူက ဂေါ်ရခါးလူမျိုးဖြစ်သည်။

ကျွန်တော်တို့တပ်ကို ဗျူဟာမှူးနှင့်အဖွဲ့ လာစစ်မည်ဆို၍ တစ်တပ်လုံး အလုပ်များရှုပ်နေကြလေသည်။ ဗျူဟာမှူးလာစစ်မည့်နေ့မှာလည်း နံနက် ၇ နာရီကတည်းက စစ်ရေးပြကွင်းမှာ စစ်ထွက်ဝတ်စုံအပြည့်ဖြင့် တန်းစီ၊ လူစစ်ပြီး အသင့်။ နံနက် ၉ နာရီကျော်အထိ ဗျူဟာမှူး မရောက်လာသေး။ ထိုအချိန်မှာပင် တာဝန်မှူးရုံးခန်းထဲမှ ဖုန်းပြောသံကြားရသည်။

ဖုန်းကိုင်သူမှာ ဆက်သွယ်ရေးက ဆရာကျော်ညွှန့်။

"ဟုတ်ကဲ့ ဗျူဟာမှူးကြီး၊ ရထားဖြစ်ပါတယ်ခင်ဗျ၊ ရထား ရထားပါ၊ ဘူတာမှာ သုံးငါးလုပ်ထားပေးပါခင်ဗျ"

ဆရာကျော်ညွှန့်အသံကို တန်းစီကွင်းထဲမှ အတိုင်းသားကြားရသည်။ (ထိုစဉ်က ဆက်သွယ်ရေးဖုန်းလိုင်းများမှာ မကောင်းသဖြင့် ဆက်သွယ်ရေးသမားများ လိပ်ခေါင်းထွက်အောင် အော်ပြောကြရပါသည်။)

"ဗျူဟာမှူး ဘူတာကိုရောက်နေပြီတဲ့ဟေ့၊ ကဲ ကဲ အသင့်ပြင်ထား"

တပ်ရင်းမှူးက တပ်ခွဲမှူးများကို အသင့်ပြင်နိုင်းရင်း ဗျူဟာမှူးကို ကြိုရန် ကားဖြင့်ထွက်သွားသည်။ ဗျူဟာမှူးက ကားဖြင့်မလာဘဲ ရထားဖြင့်လာသတဲ့။ ရထားလမ်းလုံခြုံရေးအခြေအနေကိုစစ်ရင်း တပ်စစ်လာဟန်တူပေသည်။ နာရီဝက်ခန့်ကြာတော့ ဂိတ်ကြီးမှ ခရာရှည်မှုတ်သံကြားရသည်။ ဗျူဟာမှူးလာပြီဟု အချက်ပေးခြင်းပင်။ ဗဟိုကင်းအဖွဲ့က အလေးပြုရန်အသင့်။

တပ်ရင်းမှူး၏ကား ဝင်လာပြီ။

"ကင်းအဖွဲ့ ဗျူဟာမှူးကြီးအား အလေးပြု"

ကင်းမှူး၏အမိန့်သံအဆုံးမှာ သေနတ်ဒင်ရိုက် အလေးပြုသံက တစ်သံတည်း။ အလေးပြုစစ်ခရာသံက ထက်ကြပ်မကွာ။

"ကင်းအဖွဲ့ သက်သာ"

ရုံးရှေ့မှာ ကားရပ်ပြီ။ ဗျူဟာမှူးတော့ ဆင်းမလာသေး။ ကားနောက်မှာတော့ လက်ဖြောင့်အဖွဲ့က သေတ္တာတစ်လုံးကို သယ်ချနေသည်။ တပ်ရင်းမှူးက ကားပေါ်မှ ရယ်ရင်း ဆင်းလာသည်။

"အမှားပြင်ဟေ့ အမှားပြင်၊ ဗျူဟာမှူးနဲ့ဗဟာဒူး မှားတာဟေ့၊ မှားတာဟ၊ ဟား . . . ဟား . . .ဟား"

တပ်ရင်းမှူးကပြောနေရင်း အားပါးတရရယ်သည်။ တပ်ရင်းမှူးနှင့် ခပ်လှမ်းလှမ်းမှာတော့ ဒုတိယ

တပ်ကြပ်တစ်ယောက် သေတ္တာကြီးဘေးမှာ ကြောင်တောင်တောင်မျက်နှာလေးဖြင့် ရပ်နေ၏။

"တပ်ပြောင်းလာတဲ့ ဆရာဗဟာဒူးက သူ့ကို ဘူတာမှာ လာကြိုပါလို့ပြောတာကို ဟိုနားထိုင်းဆက်သွယ်ရေးသမားကျော်ညွန့်က ဗျူဟာမှူးဆိုပြီး နားကြားလွဲတာဟော့၊ ဟား . . . ဟား မှားလဲမှားတတ်ပါပေ့ရဲ့ကွာ"

တပ်ရင်းမှူးမှာ ပြောရင်းရယ်၍မဆုံးတော့။

သြော် . . . ကြုံလည်းကြုံတတ်ပါပေရဲ့။

× × ×

နောက်တစ်ယောက်ကလည်း 'အီဖေကိုယ်ခေသူမဟုတ်'ထဲကလူ။ သည်ပွဲကတော့ ဆရာခင်မောင်ဦး ခံရသောပွဲဖြစ်သည်။

ကျွန်တော်တို့တပ်ခွဲကို တပ်စုမှူးတစ်ဦးပြောင်းလာမည်ဟု တပ်ခွဲမှူးကပြောပြီးနောက်တစ်နေ့တွင် ဖြစ်သည်။ တာဝန်ကြပ်ကျနေသော ဆရာခင်မောင်ဦးမှာ နေ့လယ်စာစားပြီး တပ်ခွဲရုံးခန်းထဲတွင် တစ်မှေးအိပ်ရန်ပြင်နေခိုက် တာဝန်ကြပ်ကြီးက လှမ်းပြော၏။

"ဟေ့ ကိုခင်မောင်ဦး၊ ခင်ဗျားတို့တပ်ခွဲကိုပြောင်းလာတဲ့အရာရှိထင်တယ်၊ ဖုန်း . . . ဖုန်း . . . ဖုန်းလာနေတယ်"

"ဟုတ်ကဲ့"ဆိုပြီး ဆရာခင်မောင်ဦး အပြေးအလွှားဖုန်းသွားကိုင်လိုက်သည်။

"ဟဲလို . . . အမိန့်ရှိပါခင်ဗျား၊ ကျွန်တော် တာဝန်ကြပ်တပ်ကြပ်ခင်မောင်ဦးပါခင်ဗျ"

"ဆရာ ကျွန်တော်ဗိုလ်ရန်နိုင်ပါ၊ ဆရာတို့တပ်ကို ပြောင်းလာတာပါ၊ အခုဘူတာကို ရောက်နေပြီ၊ ကားလာကြိုဖို့ အစီအစဉ် ရှိ၊ မရှိ သိချင်လို့ပါ"

"ဟုတ်ကဲ့ပါဗိုလ်ကြီး၊ တပ်ခွဲမှူးကိုသတင်းပို့ပြီး ကျွန်တော်တို့ ခဏနေရင် ထွက်လာခဲ့ပါမယ်၊ ခဏပဲစောင့်ပါခင်ဗျ"

ဆရာခင်မောင်ဦးက တပ်ခွဲမှူးကို သတင်းပို့၏။ ထို့နောက် ကျွန်တော်နှင့်မှန်းအောင်ချစ်ကို ပစ္စည်းများသယ်ရန်ဝင်ခေါ်ပြီး ကားဖြင့် ဘူတာသို့ ချီတက်ခဲ့ကြသည်။

ဘူတာရောက်တော့ တပ်ပြောင်းလာသည့် အရာရှိဆိုတာကို မတွေ့ရ။ ကျွန်းသေတ္တာတစ်လုံးပေါ်တွင် ငေါင်တောင်တောင်လေး ထိုင်နေသော စစ်သည်တစ်ဦးကိုသာတွေ့ရသည်။ သူက ကျွန်တော်တို့ကိုအတွေ့မှာ ဝမ်းသာအားရမတ်တတ်ထရပ်ပြီး မရဲတရဲမေး၏။

"ဟို ကျွန်တော့်ကို လာကြိုတာလား မသိဘူးခင်ဗျ၊ ကျွန်တော်က ခလရ(–)ကို တပ်ပြောင်းလာတဲ့ ဘိုရန်နိုင်ပါ"

"ဘိုရန်နိုင်ဟုတ်လား၊ ဒါဆို ဗိုလ်ကြီးရန်နိုင်မဟုတ်ဘူးပေါ့"

"မဟုတ်ပါဘူး၊ ဘကုန်းနဲ့ ဘိုတဲ့ ဘိုရန်နိုင်ပါဆရာ"

"ဟေ့ကောင် အဆင့်ထည့်ပြောကွ၊ အဆင့်ထည့်ပြော အရပ်သားလို မပြောနဲ့၊ စစ်သားလို သတင်းပို့"

"ဟုတ် ကျွန်တော်ကိုယ်ပိုင်အမှတ်(–) တပ်သားဘိုရန်နိုင်၊ အမှတ်(–)ခြေလျင်တပ်ရင်းကို ပြောင်းလာတာပါခင်ဗျ"

"တောက် – ဘယ်လိုကောင်တွေနဲ့ လာတွေ့နေမှန်းကိုမသိဘူး၊ ကဲ ကားပေါ်ကိုတက်တော့"

ဆရာခင်မောင်ဦး အောင့်သက်သက်ဖြင့် ကားခေါင်းခန်းတံခါးကို ဂျိမ်းခနဲဆောင့်ပိတ်သွားသည်။ မခံချိမခံသာ တောက်တခေါက်ခေါက်ဖြစ်နေသော ဆရာ့ကိုကြည့်ပြီး ကျွန်တော်တို့ကြိတ်ပြီး ရယ်ကြသည်။ အသံတော့မထွက်ရဲ။ ဆရာဒေါကန်နေသည်လေ။

× × ×

သည်လိုနှင့် ရှေ့တန်းထွက်လိုက်၊ နောက်တန်းပြန်ဝင်လိုက်၊ ကားလမ်းဖောက်လုပ်ရေးတွင် လုပ်လိုက်ဖြင့် အချိန်ရာသီတို့ကုန်မြန်ခဲ့သည်။ ရန်ကုန်ရှိ လက်ရုံးတပ်တစ်တပ်သို့ ကျွန်တော်မပြောင်းမီ နောက်ဆုံးထွက်ခဲ့ရသောရှေ့တန်းကတော့ အမှတ်တရများစွာ ကျန်နေခဲ့လေသည်။ ထိုရှေ့တန်းစစ်ဆင်ရေးက စခန်းထိုင်ရတာများ၏။ အလှည့်ကျတိုက်ကင်းထွက်လိုက်၊ နယ်မြေစိုးမိုးရေးလှုပ်ရှားလိုက်၊ စခန်းပြန်ထိုင်လိုက်၊ ခံစစ်ပြင်လိုက်ဖြင့် စစ်မြေပြင်မှာ ကြာညောင်းရက်ရှည်ဖြစ်လာသည်။

သည်တစ်ပတ် ကျွန်တော်တို့တပ်စိတ်တိုက်ကင်းထွက်ရမည့်အလှည့်။ သို့သော် ထူးခြားသည်က ကျွန်တော်တို့တပ်စိတ်နှင့်အတူ ဆရာစန်းလွင်တို့တပ်စိတ်လည်းပါသည်။ တပ်စုတပ်ကြပ်ကြီးလှထွေးက ကျွန်တော်တို့ကို ခေါင်းဆောင်မည်တဲ့။ ကျွန်တော်တို့နားမလည်နိုင်မှုက တန်းစီကွင်းမှာ တပ်ခွဲမှူးစကားနားထောင်မှ ရှင်းတော့သည်။

"မနက်ဖြန် ဆရာကြီးလှထွေးဦးစီးနှစ်စိတ်က နယ်မြေစိုးမိုးရေးထွက်ရမယ်၊ ရိက္ခာတစ်ရက်စာပါမယ်၊ မနက်စာကိုတော့ စခန်းကချက်ပေးလိုက်မယ်၊ အဓိကတာဝန်က ရွာပုန်းတွေကိုရှာပြီး ရှင်းလင်းဖို့ပဲ၊ စစ်ကြောင်း(၁)ကပို့တဲ့ကြေးနန်းတွေအရ သောင်းကျန်းသူတွေက ရွာပုန်းတွေတည်ဆောက်ပြီး တပ်ရဲ့လှုပ်ရှားမှုတွေကို စောင့်ကြည့်နေတယ်လို့သိရတယ်၊ ဒါကြောင့် ဆရာကြီးတို့လှုပ်ရှားစစ်ဆင်မှုကို ရန်သူတွေမသိအောင် အတတ်နိုင်ဆုံး လုံခြုံရေးနဲ့ဖုံးကွယ်မှုကိုဦးစားပေးပြီး လျင်လျင်မြန်မြန်လှုပ်ရှားပါ၊ လျင်မြန်မှုကိုဦးစားပေးရင် လုံခြုံမှုက အားနည်းတတ်တယ်၊ လုံခြုံမှုကို ဦးစားပေးရင်လဲ လျင်မြန်မှုက အားနည်းလိမ့်မယ်၊ ဒါကြောင့် မှာချင်တာက မြေပြင်နဲ့ ရန်သူ့အခြေအနေအပေါ်မူတည်ပြီး လှုပ်ရှားစစ်ဆင်ပါ၊ ဖိုးတီးတစ်လက်ထည့်ပေးမယ်၊ မနက်ဖြန်ညနေ နေမဝင်မီ စခန်းပြန်ဝင်ရမယ်၊ ရှင်းလား"

"ရှင်းပါတယ်"

တန်းဖြုတ်ပေးပြီးနောက် စစ်ဆင်ရေးခရီးအတွက် လိုအပ်တာတွေပြင်ကြသည်။ သေနတ်၊ ကျည်ဆန်တွေ ပြန်တိုက်ချွတ်ကြသည်။ တပ်ခွဲမှူးက ဆရာကြီးလှထွေးနှင့် ဆရာများကိုခေါ်ပြီး အသေးစိတ်ထပ်ပြီးညွှန်ကြားသည်။ နောက်တစ်နေ့ ၄ နာရီအချိန်မှာ ကျွန်တော်တို့အဖွဲ့စခန်းမှထွက်ခဲ့ကြသည်။ မိုးမသုံးရ။ လဆုတ်ရက်လတစ်ခြမ်းပဲ့ကလေး၏ အလင်းရောင်မှုန်မှုန်ရေးရေးအောက်မှာ ချီတက်ခဲ့ကြသည်။ တစ်တောရှင်းလိုက်၊ ကွင်းဖြတ်လိုက်၊ ချောင်းကူးလိုက်၊ တောင်ကျော်လိုက်ဖြင့် ဘာမှမထူး။ ရွာပုန်းတွေလည်း ရှာမတွေ့။

နေကျလာချိန်လောက်မှ တောင်နှစ်ခုကြားတွင် ရွာပုန်းတစ်ခုကို ဘွားခနဲမြင်လိုက်ရသည်။

"ကျွန်တော်နဲ့ဆရာစန်းလွင်ရဲ့တပ်စိတ်က ရွာကိုဖြန့်ပြီးရှင်းမယ်၊ ဆရာခင်မောင်ဦးတပ်စိတ်က ရွာတောင်ဘက်ကြောကို တက်ရှင်းမယ်၊ ရှင်းပြီးရင် ရွာထိပ်မှာနေရာပြန်ယူထားမယ်၊ ကဲ စမယ် ထွက်တော့"

ဆရာကြီး၏အမိန့်ကိုလက်ခံရရှိပြီးနောက် ကျွန်တော်တို့တပ်စိတ်သည် တောင်ကြောကိုတက်ရှင်းကြသည်။ ဘာကသိပ်မထူး။ မြင်ကွင်းက အတော်အသင့်ရှင်းသည်။

မိမိတပ်လှုပ်ရှားမှုကိုရောရွာကိုပါ ကောင်းစွာမြင်ရသည်။ ကျွန်တော်နှင့် မုန်းအောင်ချစ်တို့ သေနတ်အသင့်ဖြင့် တဖြည်းဖြည်းရှင်းခဲ့သည်။ လျှိုအစပ်တစ်ခုကိုဖြတ်အရှင်းမှာ တောတိုးသံနှင့် သစ်ရွက်ခြောက်နင်းသံများကြားလိုက်ရ၏။ ကျွန်တော်သေနတ်ထိုးချိန်လိုက်သည်။

"ဟာ"

အံ့သြမှင်တက်မှုနှင့်အတူ ရင်ခုန်စိတ်လှုပ်ရှားသွားလေသည်။ ပစ်ရန်ထိုးချိန်ထားသော သေနတ်ပြောင်းဝကိုလည်း အလိုအလျောက်ဖယ်ရှားမိပြီးသားဖြစ်သွားသည်။ အမျိုးသမီးတချို့နှင့်ကလေးများက ကြောက်ရွံ့ထိတ်လန့်နေသော မျက်နှာကလေးများဖြင့် ကြည့်နေကြသည်။

"ကျွန်မတို့ကိုမပစ်ပါနဲ့၊ မပစ်ပါနဲ့၊ ရန်သူမဟုတ်ပါဘူး"

"မကြောက်နဲ့၊ မကြောက်နဲ့၊ ဘာမှမလုပ်ဘူး၊ အဲဒီအတိုင်းနေကြ၊ မပြေးကြနဲ့"

ထိုအခိုက် ရွာထဲမှသေနတ်သံများကြားလိုက်ရသည်။ ဖိုးတီးကျည်ပေါက်ကွဲသံလည်းကြားလိုက်ရ၏။ ကြည့်လိုက်တော့ တောင်ခြေကတဲတန်းလျားကြီးက မီးဟုန်းဟုန်းတောက်နေပြီ။ သေနတ်သံများကြောင့် ကလေးများလန့်ပြီးထငိုကြသည်။ အချို့က ထပြေးရန်ပြင်သည်။

"ဟေ့ – မပြေးနဲ့၊ မပြေးကြနဲ့၊ ထိုင်နေ ထိုင်နေ၊ ကျော်ခန့်နဲ့ မုန်းအောင်ချစ် သူတို့ကိုကြည့်ထား၊ ဘယ်မှမသွားစေနဲ့"

ဆရာက ပြောပြီးသည်နှင့် ရှေ့ကိုဆက်ပြေးသွားသည်။ ဆရာတို့ထွက်သွားပြီး သိပ်မကြာလိုက် တိုက်ပွဲဖြစ်သံတွေက ပို၍ဆူညံသွားသည်။ အထူးသဖြင့် မိမိဘက်မှ ပစ်ခတ်သံများက လွှမ်းမိုးထား၏။ တိုက်ပွဲက သိပ်မကြာလိုက်ပါ။

"ကျော်ခန့် ရွာထိပ်ကိုသွားမယ်၊ ခင်ဗျားတို့ပါလိုက်ခဲ့ကြ၊ ဘာမှမဖြစ်ဘူး၊ စိတ်ချလက်ချလိုက်ခဲ့ကြပါ"

ဆရာခင်မောင်ဦးရောက်လာပြီးပြော၏။ 'မပစ်ပါနဲ့'ဟုတားသောအမျိုးသမီးကဦးဆောင်ပြီး သူ့လူများကို ခေါ်လာ၏။ သူ့ကြည့်ရတာ အခြားသူများထက် ထူးခြား၏။ ကျောင်းဆရာမလား၊ သားဖွားဆရာမလား တစ်ခုခုပင်။ ကျွန်တော်ထင်တာ မှန်သွား၏။

"ဆရာတို့ ဘာမှမဖြစ်ဘူးနော်၊ ဝမ်းသာလိုက်တာဆရာရယ်"

ဆရာကြီးလှထွေးအနားမှာရပ်နေသော လူတစ်ယောက်ဆီ အပြေးသွားပြီး ထိုအမျိုးသမီးက အားရဝမ်းသာပြောသည်။ ရွာမှတွေ့သည့်လူအားလုံးထဲမှာ အမျိုးသားလူကြီးဆို၍ ကျောင်းဆရာဆိုသူတစ်ယောက်သာပါ၏။

"ဆရာမ ကျွန်တော်တို့တော့ ဒီဆရာတွေနဲ့ တစ်ခါတည်းလိုက်သွားတော့မယ်၊ ဆရာမကော လိုက်မှာလား"

"လိုက်မှာပေါ့၊ မနေခဲ့ရဲပါဘူး"

ကျောင်းဆရာနှင့်ဆရာမမှာ နန်းဟုတ်ရွာမှဖြစ်သည်။ ကျောင်းဆရာမိသားစုနှင့်အတူ အဖမ်းခံခဲ့ရခြင်းဖြစ်ပြီး နောက်ထပ်အဖမ်းခံရသူသားဖွားဆရာမဖြစ်သည်။ ရွာသူရွာသားများမှာလည်း ခြိမ်းခြောက်ပြီးအခေါ်ခံခဲ့ရသည့်ဘိန်းစိုက်တောင်သူများဖြစ်သည်။ အမျိုးသားများကို စစ်သင်တန်းပေးထားသည်။ မီးလောင်နေဆဲ တဲတန်းလျားကြီးမှာ ဘိန်းသိုလှောင်ရုံဟုဆိုပါသည်။

"ကဲ အချိန်မရှိဘူး၊ ခင်ဗျားတို့ကောလိုက်ခဲ့မှာလား၊ ပြောပါ"

ရွာသူများငိုင်ကျသွားသည်။ လိုက်ချင်ပေမဲ့ သူတို့၏ ခင်ပွန်း၊ ဖခင်နှင့် အစ်ကို၊ မောင်များမှာ စိတ်မပါဘဲ လက်နက်ကိုင်လိုလို၊ ဘိန်းစိုက်တောင်သူအလုပ်သမားလိုလို ဖြစ်နေကြသည်လေ။ သူတို့လိုက်ခဲ့လျှင် ကျန်ခဲ့သူတွေမှာ ဘယ်လိုဆိုးကျိုးများနှင့်ရင်ဆိုင်ရမည်မသိနိုင်။ သူတို့မှာလည်း နောက်တစ်ကြိမ်ပြန်ပြီး ဖမ်းခေါ်ခြင်းခံရနိုင်သည်။ ထို့ကြောင့်ပင် 'မလိုက်တော့ပါ'ဟု မျက်နှာငယ်လေးများဖြင့် ပြောရှာသည်။ ဆရာကြီးလှထွေးလည်း သက်ပြင်းချရုံမှအပ ဘာမျှမတတ်သာလေပြီ။

ကျွန်တော်တို့ ထိုရွာပုန်းလေးမှ ပြန်လည်ထွက်ခွာခဲ့သည်။ သားဖွားဆရာမမှာ ကျန်းမာရေးမကောင်း၍ လမ်းကောင်းကောင်းမလျှောက်နိုင်။ ကျောင်းဆရာမှာလည်း အနှိပ်စက်ခံထားရသဖြင့် သိပ်မလျှောက်နိုင်။ သူ့ခမျာ အားတင်းလျှောက်နေရသည်။ အပြန်လမ်းမှာ ဆရာစန်းလွင် တပ်စိတ်က ပွိုင့်တာဝန်ယူသည်။

ကျွန်တော်တို့ ထိုရွာမှထွက်တော့ နေဝင်တော့မည်။ အချိန်ကအသက်ဖြစ်နေသဖြင့် လမ်းကိုပင် အသုံးပြုရသည်။ ဤသည်ပင်လျှင် ခရီးကထင်တိုင်းမပေါက်။ သွားရင်းမှောင်သွားသည်။ လဆုတ်ရက်ဖြစ်၍ လကမထွက်သေးပေ။ ထို့ကြောင့် အမှောင်ပျောက်သွားသောအခါ လျှိုများ၊ သစ်တောကြီးများကို ဖြတ်ရချိန်မှာ ဓာတ်မီးကို အဝတ်စအုပ်ပြီး ခရီးဆက်ရသည်။ ချီတက်မှုကြာလာသည်နှင့်အမျှ ကျောင်းဆရာမှာ လမ်းမလျှောက်နိုင်တော့။ သူ့ကိုဖေးမပြီး တွဲခေါ်ခဲ့ရသည်။

ဆရာကြီးလှထွေးက –

"လုံခြုံစွာစခန်းချနိုင်မဲ့နေရာကိုရောက်တဲ့အထိ အားတင်းလျှောက်ပါ"ဟု သူ့ကို အားပေးရှင်းပြသည်။

"ဖောင်း . . . ဖောင်း"

"ဟာ ဆော်ပြီဟေ့၊ ဝပ် ဝပ်"

ယာခင်းဟောင်းတစ်ခုကို အဖြတ်မှာပင် ရန်သူကင်းပုန်းအဖွဲ့၏ ဆီးကြိုတိုက်ခိုက်ခြင်းကို အလူးအလဲခံလိုက်ရသည်။ အားလုံးဖရိုဖရဲဖြစ်ကုန်ကြသည်။ ပွိုင့်အဖွဲ့ကသာ တန်ပြန်ပစ်ခတ်မှုကိုလုပ်နိုင်ပြီး ကျန်အဖွဲ့များမှာ ကျောင်းဆရာနှင့်အဖွဲ့ကို ကျည်ကွယ်၊ မျက်ကွယ်သို့ ပို့ပြီးချိန်မှသာ တန်ပြန်ပစ်ခတ်နိုင်ကြသည်။ ရန်သူဘက်က ပစ်အားတွေ ပိုများလာသည်။

ထို့ကြောင့် ဆရာကြီးလှထွေး

က ညာဘက်လျှိုထဲသို့ ဆင်းရန် အမိန့်ပေးလိုက်သည်။ ပို့ဂ္ဂင်တပ်စိတ်က ရန်သူကိုပစ်အားဖြင့် ပစ်ခတ်ဦးနှိမ်ထားချိန်မှာ ကျွန်တော်တို့က ကျောင်းဆရာအဖွဲ့ကိုခေါ်ပြီး လျှိုထဲသို့ဆုတ်ကြသည်။ ကျောင်းဆရာ၏ ကလေးငယ်လေးမှာ လန့်ပြီးငိုနေ၏။ ဆရာခင်မောင်ဦးက ကလေးအသံကြောင့် ရန်သူများခြေရာခံမိသွားနိုင်၍ အတတ်နိုင်ဆုံးထိန်းပေးပါဟုပြော၏။ ကလေးအမေမှာ ပြေးရင်းလွှားရင်း ကလေးကို နို့တိုက်ချော့သွားရသည်။

လူစုံသည်နှင့် လျှိုအတိုင်း မီးထိုးပြီး ဆက်ထွက်ခဲ့ကြသည်။ လျှိုကြီးက သစ်ရိုပ်ဝါးရိပ်တို့ကြောင့် မှောင်နှင့်မည်းမည်း။ ကြယ်ရောင်ကိုပင်မမြင်ရ။ ရန်သူတွေက ကျွန်တော်တို့ဆင်းခဲ့သည့်လျှိုဘက်ကို ရမ်းသန်းပြီး လှမ်းပစ်ကြသည်။ သို့သော် ကျည်ဆန်များက ကျွန်တော့်ဆီရောက်မလာနိုင်တော့ပြီ။ သူတို့လည်း လျှိုထဲသို့ ဆင်းလိုက်မလာကြ။

ထိုညက လုံခြုံစိတ်ချရသည်ဟုထင်ရသောကျောက်ကမ်းပါးမှ လိုဏ်ဂူလိုဖြစ်နေသောနေရာမှာ စခန်းချလိုက်ကြသည်။ ရှေ့ဆက်တိုး၍မဖြစ်တော့။ အမှောင်ထဲမှာ ရမ်းသန်းသွားနေလျှင် ပိုပြီးလမ်းမှားသွားနိုင်သလို ရန်သူ့ကင်းပုန်းအဖွဲ့များနှင့်လည်း တိုးနိုင်သည်။ ထို့ကြောင့် ဆရာကြီးလှထွေးက စခန်းချရန်အမိန့်ပေးလိုက်ခြင်းပင်။

× × ×



**လျှိုကြီးမှတက်ခဲ့ပြီးနောက်**
**တောင်ကြောတစ်ခုကိုအရောက်မှာ**
**နေရောင်ခြည်က အားကောင်းနေပြီ။**
**နာရီကိုကြည့်တော့**
**မနက်ရှစ်နာရီခွဲကျော်ပြီ။ အဝေးဆီမှ**
**သေနတ်သံအချို့ကြားရသည်။**
**မိမိဘက်မှသေနတ်သံလား . . .**

လျှိုကြီးမှတက်ခဲ့ပြီးနောက် တောင်ကြောတစ်ခုကိုအရောက်မှာ နေရောင်ခြည်က အားကောင်းနေပြီ။ နာရီကိုကြည့်တော့ မနက်ရှစ်နာရီခွဲကျော်ပြီ။ အဝေးဆီမှ သေနတ်သံအချို့ကြားရသည်။ မိမိဘက်မှ သေနတ်သံလား၊ ရန်သူ့ဘက်မှ သေနတ်သံလား မဝေခွဲနိုင်ချေပြီ။

စခန်းချနေရာမှ မိုးမလင်းမီထွက်ခဲ့သော်လည်း လမ်းစမတွေ့၍ အချိန်တွေလင့်ခဲ့ရသည်။ မုဆိုးလမ်းဟုခေါ်ရမလား၊ တောကောင်တို့၏ ရေဆင်းသောက်သည့်လမ်းလား မသိနိုင်သောလမ်းလိုလိုနေရာကိုတွေ့ပြီးမှ တောင်ပေါ်ကိုတက်နိုင်ခဲ့ကြသည်။

"ဆရာမ ဒီနေရာကိုသိလား၊ ဘယ်နေရာလဲ"

လျှိုထဲမှတက်လာပြီး တောင်ပေါ်အရောက်ခဏနားနေခိုက်မှာ ဆရာကြီးလှထွေးက သားဖွားဆရာမကိုမေး၏။ သားဖွားဆရာမက တောင်ကြောပေါ်မှ ဝန်းကျင်ကိုအကဲခတ်ရင်း မျက်မှောင်ကြုတ်စဉ်းစားနေသည်။

"ဒီဝန်းကျင်ကို ရောက်ဖူးသလိုလို ဘာလိုလိုတော့ ခံစားရတယ်၊ ဒါပေမဲ့ သေချာမသိဘူး

ဖြစ်နေတယ်၊ နောက်တစ်နေရာ ရောက်ရင်တော့ ပြောပြနိုင်မယ်ထင်ပါတယ် ဆရာလုံ"

"သိတာနဲ့ချက်ချင်း ပြောပြပါ ဆရာမ၊ အဲဒါမှ ကျွန်တော်တို့ဘယ်လိုသွားရမယ်ဆိုတာ ရွေးလို့ရမှာ"

ဆရာကြီးလှထွေးက တပ်စိတ်မှူး၊ ဒုတိယတပ်စိတ်မှူးများနှင့် တစ်နေရာမှာ ခေါင်းချင်းဆိုင်၍ တိုင်ပင်နေကြသည်ကို မြင်ရ၏။ ချီတက်ရာလမ်းကြောင်း ရွေးချယ်နေခြင်းဖြစ်ပေလိမ့်မည်။ ကျွန်တော်တို့မှာမြေပုံမပါ။ လမ်းပြမပါ။ ပါလာသည့်ဒေသခံ ဆရာ၊ ဆရာမများမှာလည်း ရောက်သည့်နေရာကို ဘယ်နေရာပါဟု မမှန်းဆနိုင်သေး။

"ဆရာလုံတို့လဲ ကျွန်တော်တို့ကြောင့် ဝန်ထုပ်ဝန်ပိုးဖြစ်နေပြီနော်၊ အားနာလိုက်တာ"

ကျောင်းဆရာက အားနာစကားဆို၏။ အသက်ကလေးရ၊ ရန်သူကလည်း ညှဉ်းပန်းနှိပ်စက်ထားသဖြင့် အားနည်းနေသောသူ့ခမျာ နေရင်းထိုင်ရင်းမောမောနေ၏။ သည်မနက်မှာတော့ သူလမ်းသိပ်မလျှောက်နိုင်တော့၍ စောင်ကျားပုခက်ဖြင့်သယ်ခဲ့ရသည်။ တစ်ခုက်ကောင်းသွားသည်က ဖျားနေသောသားဖွားဆရာမမှာ ဤနံနက်တွင် လူကောင်းတစ်ယောက်လိုဖြစ်နေပါပြီ။

ညက ရန်သူ့အတိုက်ခံရသည့်အချိန်တွင် ကြောက်အားလန့်အားပြေးရင်း အဖျားလည်း လန့်ပြီးထွက်ပြေးသွားလေသလားမသိ။ ညက စခန်းချချိန်မှာ ဆရာကြီးလှထွေးတိုက်ခဲ့သော ဘီဘီအိုင်ဆေးအစွမ်းများကြောင့်လည်း ပါမည်ထင်ပါသည်။ သူ့မှာ အားနည်းပြီး မောနေတာကလွဲ၍ လမ်းကောင်းကောင်းလျှောက်နိုင်၏။ သူက မိန်းမသားပေမဲ့ တိုင်းရင်းသူပီပီ စိတ်ဓာတ်မာကျော၏။ ခံနိုင်ရည်လည်းရှိသည်။

"ဆက်ထွက်မယ်"

ကျွန်တော်တို့ဆက်ထွက်ခဲ့ကြသည်။ သွားရင်းသွားရင်း လူအသွားအလာများသော လမ်းကလေးနှင့်သွားဆုံသည်။ ဖွို့င်ကတော့ မျက်စိရှင်ရှင်ဖြင့် သတိထားသွားနေရသည်။ ဖွို့င်တာဝန်ကိုတော့ အလှည့်ကျယူကြသည်။ ဆယ်နာရီကျော်လောက်မှာ တောင်ယာအသစ်တစ်ခုကိုတွေ့ရပြီး နေရာယူဖုံးကွယ်နေလိုက်ကြသည်။ တောင်ယာရှင်းနေသောဒေသခံအမျိုးသမီးနှစ်ယောက်ကိုညွှန်ပြပြီး ဆရာကြီးက ဆရာမနှစ်ယောက်ကို အကူအညီတောင်းသည်။

"ဆရာမတို့ တစ်ခုကူညီပေးပါလား၊ ကျွန်တော်တို့ ရောက်နေတဲ့နေရာက ဘယ်ရွာနဲ့နီးလဲလို့ မေးပေးပါလား၊ ပြီးတော့ ရန်သူ့သတင်းလဲ မသိမသာစုံစမ်းပေးခဲ့ပါ"

"ကျွန်မလုပ်ပေးမယ် ဆရာလုံ၊ ဆရာမနန်းနေခဲ့ပါ၊ ကျွန်မတို့အဖမ်းခံရတာ သူတို့လဲ သိချင်သိနိုင်တယ်လေ၊ နှစ်ယောက်စလုံးသွားရင် ထွက်ပြေးလာတာလို့ ရိပ်မိသွားလိမ့်မယ်၊ ကျွန်မပဲသွားမယ်"

သားဖွားဆရာမ၏ စစ်ရေးသုံးသပ်ချက်ကို ကျွန်တော်လေးစားသွားသည်။ အင်းလေ – မငြိမ်းချမ်းသောဒေသမှ ဆရာမတွေဆိုတော့လည်း အတွေ့အကြုံက ရင့်ကျက်နေခဲ့ပြီ။ သားဖွားဆရာမဖြစ်၍လည်း လူစုံနှင့်ဆက်ဆံဖူးပြီး နေရာအတော်များများကို ရောက်ဖူးပေလိမ့်မည်။ မေတ္တာစေတနာအားများဖြင့် သူမွေးပေးခဲ့သော သောင်းကျန်းသူတို့၏ ရင်သွေးလေးများပင် အဘယ်မျှရှိပြီမသိနိုင်ပေ။

သိပ်မကြာပါ။ သားဖွားဆရာမ ဝမ်းသာနေဟန်ဖြင့်ပြန်ရောက်လာသည်။ မျက်နှာကလေး လန်းလို့။

"ဆရာလုံ ကျွန်မလမ်းသိပြီ၊ ရွေ့ကရွာနာမည်ကိုလဲ သိပြီ၊ အဲ–ဒါပေမဲ့ ဆရာလုံတို့စခန်းရောက်ဖို့ကတော့ အရှေ့တောင်စူးစူးဘက်ကို သွားရလိမ့်မယ်"

"ကျေးဇူးပဲဆရာမ၊ သတင်းကော ဘာရခဲ့သေးလဲ"

"သူတို့ပြောတာက အစိုးရတပ်တွေတော့မလာဘူး၊ ညကတော့ တောထဲကအဖွဲ့တွေ လာသွားတယ်တဲ့၊ ကျွန်မအထင်တော့ ကျွန်မတို့ကို လိုက်ရှာနေတာလို့ထင်တာပဲ"

ဆရာကြီးက ခေါင်းညိတ်ထောက်ခံ၏။ ဆရာမကို ရွာနာမည်များနှင့် သူသိချင်တာတွေ ထပ်မေးလိုက်၏။

"ဆရာခင်မောင်ဦးနဲ့ဆရာစန်းလွင်ရေ နယ်မြေတော့မကျွံသေးဘူး၊ ကျွန်တော်တို့ နယ်မြေပဲဗျ၊ ဒါပေမဲ့ အခြားတပ်တွေရဲ့နယ်နိမိတ်ချင်းနဲ့က ကပ်နေတယ်၊ ရန်သူအလစ်အငိုက်အတိုက်မခံရအောင် ဂရုစိုက်ဖို့လိုသလို တပ်ချင်းမမှားဖို့လဲ သတိထားသွားရမယ်၊ ပြန်ထွက်ရင် ဆရာခင်မောင်ဦး တပ်စိတ်ကပွိုင့်တာဝန်ယူမယ်၊ ခင်ဗျားတို့နဲ့အတူ ကျွန်တော်လိုက်မယ်၊ ဆရာစန်းလွင်တို့က သူတို့ကို ထိန်းခေါ်ပြီး နောက်ချန်အနေနဲ့လိုက်ခဲ့ပါ၊ မပေါ့နဲ့၊ သတိထား၊ ကျွန်တော်ပြောတာ နားလည်တယ်နော် ဆရာစန်းလွင်"

"ဟုတ် – နားလည်ပါတယ် ဆရာကြီး"

"အရေးကြီးတာက ကျည်ကိုအတတ်နိုင်ဆုံး အကျိုးရှိအောင်သုံးဖို့ ရဲဘော်တွေကို မှာပါ၊ ရှေ့မှာဒီကောင်တွေနဲ့ဘယ်လောက်အထိရင်ဆိုင်ရမယ်ဆိုတာမသိနိုင်ဘူး၊ မလိုအပ်ရင် မပစ်ခိုင်းနဲ့၊ ဆရာတို့နားလည်တယ်နော်"

"နားလည်ပါတယ်ဆရာကြီး"

"ကဲ ဒါဆို ဆက်ထွက်မယ်"

× × ×

"အုန်း . . . ဂျိမ်း"

ရှေ့မလှမ်းမကမ်းလေးမှာ ရန်သူ့လက်နက်ကြီး ကျရောက်ပေါက်ကွဲသွား၏။

"ဟာ အကြီးနဲ့ဆော်ပြီဟ၊ မကောင်းသူထိပ် ကောင်းသူထိပ် ရမ်းပစ်တာဟော့၊ သွား သွား အမြန်သွားဟော့"

အမိန့်သံအဆုံးမှာ သုတ်ခြေတင်ခဲ့ကြသည်။ သို့သော် ကျွန်တော်တို့ ဆုတ်ခွာရာလမ်းဘက်ဆီသို့ ရန်သူများက လက်နက်ကြီးများဖြင့် မှန်းပြီး လှမ်းပစ်နေ၏။ ယခုအထိတော့ ကံကောင်းနေသေး၏။ ရန်သူ့လက်နက်ကြီးများက ရှေ့ကျော်ကျသွားလိုက်၊ အနောက်မှာကျလိုက်ပင်။ သူတို့အဖွဲ့တစ်ဖွဲ့ အထိနာသွားသောကြောင့် သောင်းကျန်းသူများက နောက်မှတရစပ်လိုက်လံတိုက်ခိုက်နေခြင်းဖြစ်သည်။ လမ်းမှဖြတ်တိုက်မည့်အဖွဲ့များကို ဘယ်လောက်ရင်ဆိုင်ရဦးမည်မသိချေ။

လွန်ခဲ့သည့် သုံးနာရီလောက်ကဖြစ်သည်။ တောင်ကြားလမ်းအကွေ့ချိုးမှာ ရန်သူတိုက်ကင်းအဖွဲ့နှင့် ပွိုင့်တို့ ဘွားခနဲသွားဆုံသည်။ ပွိုင့်အဖွဲ့က လက်ဦးမှုယူကာပစ်ချလိုက်ကြသည်။ ရန်သူများလျှိုထဲသို့ ဒရောသောပါးဆုတ်ပြေးသွားကြသည်။ သုံးလောင်း၊ သုံးလက်နှင့် လမ်းလျှောက်စကားပြောစက်တစ်လုံးရလိုက်သည်။ ထိုထိတွေ့မှုနောက်ပိုင်းမှစကာ ရန်သူနောက်မှလိုက်လံတိုက်ခိုက်ခြင်းကိုခံရတော့သည်။ ရလိုက်သောလမ်းလျှောက်စကားပြောစက်ထဲမှ သူတို့အချင်းချင်းဆဲသံများ၊ ကြိမ်းမောင်းသံများနှင့် ကျွန်တော်တို့ကို အလွတ်မပေးရန်စသည်ဖြင့် ရှမ်းလိုရော၊ ဗမာလိုပါ ပြောသံတွေကြားရသည်။

သားဖွားဆရာမက လမ်းကျွမ်း၊ နယ်ကျွမ်း၍သာ နောက်မှလိုက်လာသူတွေကို အတန်အတင့်မျက်ခြည်ပြတ်နိုင်ခဲ့သည်။ သို့သော် သောင်းကျန်းသူကလည်း သည်နယ်မြေမှ တောကြောင်တွေမို့ ဘယ်ကသွားလျှင် ဘယ်ကိုရောက်မည်ကို သိနေကြသည်လေ။ ထို့ကြောင့်လည်း –

"ဂျိမ်း"

လောင်ချာတစ်လုံး ရှေ့မှာကျပြီး ပေါက်ကွဲသွားရာ မြေမှုန့်တွေ၊ မီးခိုးတွေ၊ ယမ်းခိုးတွေဖွားခနဲ –

"ဆော်ပြန်ပြီဟေ့၊ ဟာ ရှေ့ကဆော်တာဟော့၊ ရှေ့ကဆော်တာ"

ဆရာခင်မောင်ဦးက ဝပ်နေရင်းမှ လှမ်းအော်၏။

လမ်းရှေ့တောင်ကြောဘက်မှ ရန်သူတစ်ဖွဲ့ပြေးဆင်းလာတာ လှမ်းမြင်လိုက်ရသည်။ လက်နက်ကြီးတွေလည်း တစ်လုံးပြီးတစ်လုံးကျရောက်ပေါက်ကွဲလာခဲ့သလို အနောက်ဘက်ကလည်း လှမ်းပစ်ကြသည်။ လက်နက်ကြီးကျည်စတစ်ခု သားဖွားဆရာမ၏ပေါင်ကိုမှန်သွား၏။ သွေးတွေ ဖြာခနဲ။ ဆရာဗဟာဒူးက သွေးဆေးပတ်တီးကိုပေး၏။ ဆရာမကို ဂရုမစိုက်နိုင်၊ ဝိုင်းပတ်ချေမှုန်းရန်တက်လာသောရန်သူတွေကို လက်မလည်အောင်ပစ်နေရသည်။

"ဆရာခင်မောင်ဦး အတင်းဖောက်ထွက်တော့၊ ထွက်တော့"

"ချစ်ထူး ရှေ့ကကောင်တွေဆီ ဖိုးတီးသုံးလုံးလောက်ဆော်စမ်း"

ချစ်ထူးက ရှေ့မှပိတ်ဆို့ပစ်နေသောရန်သူများကို အမ် ၇၉ လောင်ချာဖြင့် သုံးလုံးဆက်တိုက်ပစ်၏။ လောင်ချာဗုံးသီးများ တဝုန်းဝုန်းပေါက်ကွဲသွားပြီး ရန်သူ့ဘက်မှ ပစ်အား ကျသွားသည်။ ထိုအခွင့်အရေးတဒင်္ဂကို အသုံးချလိုက်သည်။ ကျွန်တော်တို့အမြန်ဆုံး ပစ်ဆုတ်ဆုတ်ကြသည်။

"အ"

"ဟာ ဘိုရန်နိုင်"

ဘိုရန်နိုင် ခွေကျသွား၏။ သို့သော် လဲကျသွားရာမှပြန်ထပြီး ရန်သူများကိုပစ်သည်။ ထို့နောက် ခြေထောက်ကြီးတရွတ်တိုက်ဆွဲကာ ထော့နဲ့ထော့နဲ့ဖြင့် နောက်မှပြေးလိုက်လာသည်။

"ကျော်ခန့် ငါ့ကို ကာပစ်ပစ်ပေး၊ ငါ ဘိုရန်နိုင်ကို သွားခေါ်မယ်"

မုန်းအောင်ချစ်က ဘိုရန်နိုင်ဆီပြေးသွားကာ တွဲခေါ်လာခဲ့သည်။ ကျွန်တော်တို့ ပစ်အားဖြင့်ဖောက်ထွက်ပြီးနောက် ဆရာစန်းလွင်တို့အဖွဲ့တွေ့ဆုတ်နိုင်ရန် ကာပစ်ပစ်ပေးကြသည်။ သားဖွားဆရာမကို ဆရာဗဟာဒူးက ကုန်းပိုးခေါ်လာသည်။ သေနတ်သံတွေကြားမှာ ကလေးငယ်၏ လန့်အော်ငိုသံတွေက စူးစူးရှရှ။

ရန်သူကို ပစ်အားဖြင့် ထိုးဖောက်နိုင်ခဲ့သည်။ ရန်သူ့ပစ်အားတွေကျသွားခိုက် တုံ့ဆိုင်းမနေဘဲ လမ်းအတိုင်း အမြန်ဆုံးဆက်ထွက်ခဲ့ကြသည်။ နောက်မှာတော့ ရန်သူက ထက်ကြပ်မကွာ။

နေဝင်သွားပြီ။ ကြီးစိုးလာသောအမှောင်ထုက ကျွန်တော်တို့ကို သက်သာရာရစေခဲ့သည်။ ကျွန်တော်နှင့် ဗဟာဒူးက ဘိုရန်နိုင်ကို တွဲခေါ်ခဲ့ကြသည်။ ပုခက်လုပ်ချိန်မရ။ ဤအချိန်မှာတော့ အချိန်က အသက်ဖြစ်သည်။ ချောင်းကို အမြန်ရောက်ရန်လိုသည်။ ကျိုင်းတောင်းရေတံခွန်ဘက်မှ ရေကျသံတွေ ကြားနေရပြီ။ နမ့်တိန်ချောင်းနှင့် သိပ်မဝေးတော့။

မူလစီမံချက်အတိုင်းဆိုပါက တပ်ခွဲမှူးတို့ စစ်ကူအဖွဲ့ရောက်နေလောက်ပြီ။ သို့သော် ကျွန်တော်တို့ချီတက်မှုမှာ လူနာများနှင့် ကယ်ထုတ်ခဲ့သောသူများပါသဖြင့် စိတ်ထင်တိုင်း ခရီးမပေါက်။ ရန်သူကလည်း နောက်မှထက်ကြပ်မကွာလိုက်တိုက်နေသဖြင့် မကြာခဏထိတွေ့မှုဖြစ်ကြသည်။ ကျွန်တော်တို့မှာ ပစ်အားဖြင့် အမြန်ပစ်၊ အမြန်ဆုတ်ကြရသည်။ ရန်သူကို ဘယ်မမှုသော်လည်း ကယ်ထုတ်လာသည့်လူများအတွက် ငဲ့ကွက်ရသည်။ ကျည်မသင့်၊ ဘေးမသင့်ဘဲ သူတို့ရွာများသို့ ပြန်ရောက်နိုင်ရမည်။ ကျွန်တော်တို့၏မူလတာဝန်ထဲတွင် မပါသော်လည်း မလွှဲမသွေထမ်းဆောင်ရမည့်တာဝန်ဟု အားလုံးက အလိုလိုခံယူထားပြီးဖြစ်သည်။

"အရေးထဲမှာ ဒဏ်ရာက ရသေးတယ်၊ တော်တော်ဒုက္ခပေးတဲ့ လူယုတ်မာတွေ၊ လူကို ဖမ်းလဲခေါ်သွားသေး၊ ဟိုကျတော့ သူတို့ကလေးသေလို့ဆိုပြီး ကျွန်မကို သတ်ဖို့လုပ်သေးတာ သိလား"

သားဖွားဆရာမက သူ့အဖမ်းခံရသည့်အကြောင်း ဆရာမနန်းကို ပြောနေသံဖြစ်သည်။

"ကလေးက ဘာလို့သေသွားရတာလဲ"

"ရေမြွာပေါက်ပြီး ရေမွန်းသေတာ၊ အဲဒါ သူတို့ခေါ်တာကို ချက်ချင်းမလိုက်လို့ သေရတာဆိုပြီး ကျွန်မကိုပုံချတာ၊ ကလေးက စခန်းတာဝန်ခံရဲ့ကလေးလေ"

"ရှူး စကားမပြောနဲ့၊ ပြောချင်ရင် လေသံနဲ့ပြော"

ဆရာမတို့ကို သတိပေးလိုက်ရသည်။ ရန်သူက ကိုယ့်ဝန်းကျင်အမှောင်ထဲမှာမို့ စကားပြောသံကြားပြီး ပစ်ခတ်နိုင်သောကြောင့် စကားမပြောရန် တားလိုက်ရခြင်းပင်။ ထိုအခိုက် ချောင်းဘက်ဆီမှ မိမိတပ်၏လက်နက်ငယ်သံများကို ကြားလိုက်ရသည်။ ယောင်ပြပစ်ခတ်မှုလည်းဖြစ်နိုင်သလို စစ်ကူအဖွဲ့၏အချက်ပေးပစ်ခတ်မှုလည်းဖြစ်နိုင်ပါသည်။

တောတန်းညို့ညို့ကို ကြယ်ရောင်ဖြင့် ခပ်မှုန်မှုန်မြင်ရသည်။ ထိုတောတန်းသည် နမ့်တိန်ချောင်းဖြစ်နိုင်သည်။ နောက်ကျသွား၏။ ရှေ့မှာ မီးရောင်က ဝင်းခနဲ။ ထို

မီးရောင်လွတ်အောင် အမြန်ဆုံးဝပ်ချလိုက်ကြသည်။ သို့သော် လူနာနှင့် အဖွဲ့ကနေရာယူရန် နောက်ကျသွား၏။ ရန်သူ့ပစ်ခတ်မှုတွေ ပြိုဆင်းကျလာ၏။ အပြန်အလှန်ပစ်ခတ်သံများ ဆူညံသွားလေသည်။ အမှောင်ထဲမှာ သူ့လူ၊ ကိုယ့်လူသိပ်မကွဲချင်တော့။

"ပစ်အားနဲ့ ရအောင်ဖောက်ထွက်၊ လူမကွဲစေနဲ့ သတိထား"

အချိန်ဆွဲ၍မဖြစ်တော့ပေ။ ရန်သူတို့က ရှေ့၊ နောက်ညှပ်ပြီး တိုက်နေကြပြီ။ ထို့ကြောင့် ဆရာကြီးက ပစ်အားဖြင့်ဖိပြီး အတင်းဆုတ်ခိုင်းသည်။ အမှောင်ထဲမှာ လူကွဲမသွားရန်လည်း ဂရုစိုက်ရသည်။ လက်တစ်ကမ်းရှိ ချောင်းရောက်အောင် မနည်းတိုးဖောက်ထွက်နေရသည်။ ကျွန်တော်တို့ လက်ကျန်ခဲယမ်းများဖြင့် မီးကုန်ယမ်းကုန်ပစ်ပြီး ဖောက်ထွက်ကြရသည်။ ရန်သူနှင့် အနီးကပ်လုံးထွေးပစ်ခတ်ရသည်။

ကျောင်းဆရာတို့မှာ ကြောက်ပြီး မြေမှာ ပြားပြားမှောက်ဝပ်နေသည်။ အမျိုးသမီးများနှင့် ကလေးက လန့်ငိုငိုကြသည်။ ဆွဲခေါ်သော်လည်း ထမလိုက်ရဲကြ။ ရန်သူကလည်း အမှောင်ထဲမှ အနီးကပ်ပေါ်ပေါ်လာတတ်၏။

လုံးထွေးတိုက်ခိုက်ရသည့် ညတိုက်ပွဲ။ ကျည်ဆန်က နည်းလာပြီ။ ချောင်းကိုမကူးနိုင်သေး။ ထိုအခိုက် ချောင်းဘက်ဆီမှ တိုက်ပွဲဖြစ်သံများကို ကြားလိုက်ရသည်။ ရှေ့မှပိတ်ဆို့တိုက်ခိုက်နေသော ရန်သူ့ပစ်အားလည်း ရုတ်ခြည်းကျသွားသည်။

"စစ်ကူအဖွဲ့ရောက်လာပြီဟေ့၊ ပစ် ပစ်"

စစ်ကူတွေရောက်လာသဖြင့် ကျွန်တော်တို့ အားတက်သွားကြသည်။ ပစ်အားက ချက်ချင်းပြောင်းလဲသွား၏။ အနောက်က ရန်သူ့နေရာတွေမှာ စစ်ကူအဖွဲ့မော်တာဗုံးသီးများ တဝုန်းဝုန်းကျရောက်ပေါက်ကွဲကုန်သည်။

"လာ လာ ကိုယ်ကိုဝပ်ပြီးလာကြ၊ ချောင်းစပ်ကိုသွား၊ ဟေ့ – သူတို့ကို တွဲခေါ်သွားကြ၊ မြန်မြန်လုပ်"

စစ်ကူအဖွဲ့မှ ဆရာကြီးချစ်ကြည်က ဦးနှိမ်ပစ်ခတ်ပေးရင်း လှမ်းပြောပေးနေသည်။ ကယ်ခဲ့သောလူများကို စစ်ကူအဖွဲ့မှခေါ်သွားကြသည်။ ကျွန်တော်တို့လည်း ရန်သူကို ဦးနှိမ်ပစ်ခတ်ရင်း ချောင်းဆီသို့ အမြန်ဆုတ်ကြသည်။

"ကျော်ခန့် ဘိုရန်နိုင် မတွေ့တော့ဘူးကွ၊ ငါ ဟိုကောင်တွေကို မဲပစ်နေတုန်းပျောက်သွားတာ"

ဆရာဗဟာဒူးက အော်ပြော၏။ ဘိုရန်နိုင်မှ မဟုတ်၊ မုန်းအောင်ချစ်လည်း မတွေ့။

"သွားကြတော့ သွား သွား၊ ငါတို့ ကာပစ် ပစ်ပေးထားမယ်"

"လူမစုံသေးဘူးဆရာကြီးချစ်၊ မုန်းအောင်ချစ်တို့ ကျန်သေးတယ်၊ ကျော်ခန့်နဲ့ဗဟာဒူး ငါနောက်လိုက်ခဲ့"

ဆရာခင်မောင်ဦးက ကျွန်တော်တို့ကိုခေါ်ပြီး နောက်ပြန်လှည့်ကာ လူရှာကြသည်။ တွေ့ပါပြီ။ ရှေ့မှာ မုန်းအောင်ချစ်၊ ချစ်ထူးနှင့် ဘိုရန်နိုင်တို့ ရန်သူနှင့် အနီးကပ်လုံးထွေးနေပစ်ခတ်နေကြသည်။ ကျွန်တော်တို့အတင်းပစ်ပြီး သူတို့ကို ဆွဲထုတ်ရသည်။

"ဘိုရန်နိုင်ကို ခေါ်သွားတော့၊ သွား သွား"

ဆရာကြီးချစ်ကြည်နှင့် ဆရာကြီးလှထွေးတို့ရောက်လာ၏။ ပစ်ကူပေးပြီးနောက် ကာပစ်ပစ်ပေးထားသည်။

"ဂျိမ်း"

ပေါက်ကွဲသံကြီးက နားကွဲလုမတတ်၊ ချစ်ထူးမှာ နားကြီးအုပ်ကာ မြေမှာလူးလိမ့်နေသည်။ ဆရာခင်မောင်ဦးလည်း ဒဏ်ရာရပြီး မထနိုင်တော့။ တောက်ခေါက်ရင်း အနားကပ်လာသောရန်သူများကို အတွဲလိုက်ပစ်ချလိုက်သည်။ ထို့နောက် မုန်းအောင်ချစ်က ဘိုရန်နိုင်ကို ကျောပိုးခေါ်၊ ကျွန်တော်က ဆရာခင်မောင်ဦးကိုထမ်း၊ ဆရာဗဟာဒူးက ချစ်ထူးကိုတွဲပြီး ဆုတ်ပြေးပြေးကြလေသည်။ တပ်ခွဲအရာခံဗိုလ်ဆရာကြီးချစ်ကြည်တို့က နောက်မှ ကာပစ်ပစ်ပေးရင်းလိုက်လာသည်။

အဆေးမှလှမ်းပစ်သော ရန်သူ့လက်နက်ကြီးများ တဝုန်းဝုန်းကျရောက်ပေါက်ကွဲလာပြန်၏။

"ကဲ – ကူးတော့၊ မြန်မြန်ကူးကြ၊ ကူး"

ကျွန်တော်တို့ အမြန်ဆုံးဖြတ်ကူးကြသည်။ ရေက ခါးနီးပါးရှိ၏။ ချောင်းကိုဖြတ်နေခိုက်မှာပင် လက်နက်ငယ်ကျည်တွေ၊ လက်နက်ကြီးကျည်များ စုပြုံကျလာသည်။ မိမိတပ်ဘက်မှ လက်နက်ကြီးစိန်ပြောင်းအဖွဲ့များကလည်း တဂျိမ်းဂျိမ်းပြန်ပစ်ကြ၏။ ကာပစ်ပစ်ရင်း ကျန်ခဲ့သောစစ်ကူအဖွဲ့တွေ ချောင်းကိုဖြတ်ကူးလာကြပြီ။

"ဆက်သွား – ဆက်သွား၊ မနားနဲ့၊ စုရပ်ရောက်မှ နား၊ သွားကြ၊ သွား သွား"

တပ်ခွဲမှူးက ကျွန်တော်တို့ကို စုရပ်သို့အမြန်ဆက်ဆုတ်ခိုင်းသည်။ လူစစ်တော့ တစ်ယောက်လျော့နေသည်။ မုန်းအောင်ချစ်။ ချောင်းကိုစကူးစဉ်က အတူတူဖြစ်သည်။ အဘယ်ကြောင့် ကျန်ခဲ့ပါသနည်း။ ရန်သူ့ကျည်သင့်ပြီး ရေထဲများပါသွားလေသလား။

"ချောင်းစပ်မှာ သူပစ်ရင်းကျန်နေခဲ့တာ၊ ကျွန်တော်ခေါ်တာမရဘူး၊ ပစ်ရင်းကျန်နေခဲ့တာ"

စစ်ကူအဖွဲ့မှ အေးလွင်က ပြောပြသည်။ ထိုအခိုက် ဆရာကြီးချစ်ကြည်တို့ ချောင်းကူးပြီးရောက်လာကြသည်။

"မုန်းအောင်ချစ်ကို ငါတို့ခေါ်လာတယ်ဟေ့၊ ပါလာပြီ"

"ကဲ ကဲ စုရပ်ရောက်အောင် အမြန်ဆုတ်ကြ၊ ဒီနေရာက အန္တရာယ်များတယ်၊ လက်နက်ကြီးကျည်မလွတ်ဘူး၊ ဆုတ်ကြ ဆုတ်ကြ"

တပ်ခွဲမှူးက ထိုနေရာမှ အမြန်ဆုတ်ခွာစေသည်။ ရန်သူတို့က လက်နက်ကြီးများဖြင့် အဝေးမှ ရမ်းသန်းပြီးလှမ်းပစ်ကြသည်။ စုရပ်ရောက်တော့ လူစစ်ပြီး လူနာများကို အရေးပေါ်ကုသမှုများလုပ်ကြသည်။ ဘိုရန်နိုင်က ပေါင်မှာဒဏ်ရာရ၏။ ဆရာကြီးလှဝေးက ညာလက်မောင်းရှပ်မှန်သည်။ ချစ်ထူးမျက်နှာတစ်ခြမ်းကလည်း စုတ်ပြတ်နေ၏။ နားတွေမကြားရတော့။

အဆိုးဆုံးက မုန်းအောင်ချစ်နှင့် ဆရာခင်မောင်ဦး။ လက်နက်ကြီးစများမှန်ထားသော ဆရာခင်မောင်ဦး၏ခါးအောက်ပိုင်းမှာ သွေးတွေမြင်မကောင်း။ မုန်းအောင်ချစ်မှာလည်း ရင်ဘတ်ကြီးတစ်ခုလုံး သွေးများရဲရဲနီနေသည်။ အသက်ကတော့ ရှူနေသေးသည်။ ဆေးတပ်သား သန်းဝင်းထွန်းကုပေးတာကိုလည်းလက်မခံတော့။

"လုပ်မနေနဲ့တော့ ဒေါက်တာပေါက်တူးရာ၊ ဆေးကုန်ပါတယ်၊ ဟောကောင်တွေ ငါသေရင်ငါ့အကြွေးတွေ ဝိုင်းဆပ်ပေးအုံးနော်"

ဝေဒနာများကြားမှပင် စကားတွေပြောနေသေးသည်။ ကျွန်တော်တို့ သူ့ကိုကြည့်ပြီး မျက်နှာလွှဲကြ၊ အံကြိတ်ကြသည်။ တုံ့ပြန်အားပေးစကားပင် ပြောမထွက်ကြတော့။ ဆရာစန်းလွင်တော့ မုန်းအောင်ချစ်ကိုပွေ့ထားပြီး အံကိုတင်းတင်းကြိတ်ကာ မျက်ရည်မကျအောင်ထိန်းနေရရှာသည်။

"တပည့်ရာ ခရီးဆုံးရောက်မှ ဖြစ်ရတယ်လို့ကွာ"ဟု ကြေကွဲသံကြီးဖြင့် ပြောရှာသည်။

"မုန်းအောင်ချစ်သတ္တိကတော့ အံ့မခန်းပဲ၊ ချောင်းကူးနေတဲ့သူတွေကို အပိုင်တွယ်ဖို့လုပ်နေတဲ့ ရန်သူနောက်ပွင့်သမားနဲ့ ဒီကောင်ပက်ပင်းတိုးပြီး ဒီကောင်က လက်ပစ်ဗုံးနဲ့ ဝင်လုံးတာကွ၊ ကြည့်ရတာ ဒီကောင့်မှာ ကျည်ကုန်သွားပြီနဲ့တူတယ်"

မုန်းအောင်ချစ်၏စွန့်စားမှုကို ဆရာကြီးချစ်ကြည်က ပြောပြသည်။ မုန်းအောင်ချစ် သေနတ်ကျည်ကုန်ချိန်နှင့် သွားကြုံခြင်းဖြစ်နိုင်သည်။

ထို့ကြောင့် မုန်းအောင်ချစ်က လက်ပစ်ဗုံးဖြင့် ရန်သူကို အသေခံလုံးထွေးသတ်ပုတ်သွားခြင်းပင်။ ဒဏ်ရာတွေ ပြင်းပြင်းထန်ထန်ရထားသည့်ကြားမှ မုန်းအောင်ချစ်က သူ့သူငယ်ချင်း ကျွန်တော်တို့ကို စကားတွေ ကြိုးစားပြောနေသည်။ မပြောပါနှင့်ဆိုတာလည်း မရ။

"ဟောကောင်တွေ မင်းတို့မသေရအောင် ငါ ဟိုကောင်ကို အပြတ်ရှင်းလိုက်တာနော်၊ အဲဒီအတွက် ငါသေရင် မင်းတို့မငိုဘဲမနေကြနဲ့၊ ငါ့အသုဘ ခြောက်ကပ်ကပ်ကြီးဖြစ်နေလိမ့်မယ်"တဲ့။

အဲသည်နောက်တော့ မောပြီးသူစကားမပြောနိုင်တော့ပေ။ ဆက်ထွက်ပြီး လမ်းတစ်ဝက်အရောက်

မှာပင် မုန်းအောင်ချစ်ကျဆုံးသွားသည်။

ဆရာမနှစ်ယောက်နှင့် ကျောင်းဆရာဇနီးတို့က အသံထွက်ငိုကြသည်။ ကျွန်တော်တို့ကတော့ အသံမဲ့ငိုကြသည်။ သူ့အသုဘမှာ ငိုကြနော်တဲ့။ သူ မငိုခိုင်းလျှင်သော်မှ သူ မကျဆုံးမီကတည်းက ကျွန်တော်တို့ပါးပြင်ပေါ်က မျက်ရည်များကို လရောင်မဲ့သောညမှာ မုန်းအောင်ချစ်တစ်ယောက် မြင်သွားလိမ့်မည် မဟုတ်ပါချေ။

ထိုညက ဟိုးအရင်ညများက ထက် ကြယ်တွေပိုပြီးကြွေနေသလို ခံစားခဲ့ရလေသည်။

× × ×

အတိတ်တို့က ပုံရိပ်ထင်လာသောအခါ ရင်မှာ အလွမ်းတို့ဖြင့် ဆွေးဆွေးနင့်နင့်ဖြစ်ရ၏။ သက်ပြင်းရှည်ကြီးကိုလည်း ချမိသည်။

'မင်းက နာမည်နဲ့လိုက်အောင် တကယ်ကို မုန်းလောက်အောင်ကိုချစ်ရတဲ့ သူငယ်ချင်းပါကွာ'

ရင်ထဲမှပြောရင်း ဆရာခင်မောင်ဦးကို လှည့်ကြည့်မိသည်။ သူလည်း ကျွန်တော့်လိုပင် အတွေးများဖြင့် အဝေးကိုငေးကာ ငြိမ်သက်နေလေသည်။ သူ့ရဲကောင်းဗိမာန်အတွင်းသို့ လှမ်းကြည့်မိသည်။ လူအချို့သွားလာနေကြသော်လည်း ခုနကလောက် လူမများတော့ပေ။ စစ်သီချင်းဖွင့်သံများလည်း မကြားရတော့။ ပန္နည်းတွေပင် အတော်များများ သိမ်းဆည်းပြီးဖြစ်နေသည်ကို မြင်ရ၏။ အခမ်းအနားမှူးညီလေး ဗိုလ်ကြီးတင်ကိုဝင်းလည်း မတွေ့ရတော့။ အထိမ်းအမှတ်ကျောက်တိုင်ရှေ့မှာတော့ ဂုဏ်ပြုချထားသည့် အရောင်အသွေးစုံဖြင့် ပန်းမျိုးစုံတို့ အလှသွေးကြွယ်ကာ ခေါင်းထောင်မာန်ဝင့်နေ၏။

လွမ်းသူ့ပန်းခွေများနှင့် ပန်းခြင်းများကလည်း ရန်ကုန်ဒီဇင်ဘာလ၏ နေရောင်တောက်တောက်အောက်မှာ မကြွေသေးဘူး၊ ပွင့်ဖူးတွေ စိန်ခေါ်ရဲသည့်သို့ လန်းလန်းဆန်းဆန်းရှိနေလျက်ပင်။

"သွားကြရအောင်ဟေ့၊ ငါက မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့က စီစဉ်ပေးတဲ့ကားနဲ့လာတာဆိုတော့ သူတို့စောင့်နေရမှာ အားနာတယ်"

ဟုပြောရင်း ဆရာက ဗိုးချဲကိုလှည့်လိုက်သည်။ ဒူးဆစ်အောက်မှဖြတ်လိုက်ရသော ဆရာ့ခြေထောက်နှစ်ချောင်းကိုငေးကြည့်ရင်း ရင်ထဲမှာ နင့်ခနဲခံစားလိုက်ရသည်။

"ဘာလဲ မင်းက ငါ့ကိုသနားနေတာလား၊ ငါကိုယ်ငါတောင် ခြေထောက်နှစ်ဖက်စလုံးမရှိတော့တာကို ဝမ်းနည်းအားငယ်တာမျိုး တစ်ခါမှမခံစားခဲ့ရဖူးဘူး၊ တိုင်းပြည်အတွက်ပေးဆပ်ခဲ့ရတာမို့လို့ ဂုဏ်ယူရတဲ့စိတ်ပဲရှိတယ်၊ သူ့ရဲကောင်းစစ်သည်ဗိမာန်အဝင်မှာ ရေးထိုးထားတဲ့စာသားအတိုင်းပြောရရင် အမွန်မြတ်ဆုံးသောစွန့်လွှတ်ခြင်း၏ တုနှိုင်းဖွယ်ရာမရှိသောဂုဏ်ဒြပ်ပေါ့ကွာ"

ဆရာ့လေသံနှင့်ဟန်က ဟိုးအရင်ကအတိုင်း စစ်သားမာန်အပြည့်။ အခမ်းအနားမစတင်မီက တွေ့ခဲ့ရသော သုံးဘီးလျှပ်စစ်စက်ဘီးများနှင့် တန်းစီထိုင်နေကြသော မသန်စွမ်းစစ်သားဟောင်းကြီးတို့၏ မျက်နှာပေါ်တွင်လည်း ဆရာ့လိုမာန်မျိုးတွေ့ခဲ့ရသည်။


ဆရာ့ဗိုးချဲလေးကိုတွန်းပေးရင်း ဆရာတပည့်နှစ်ယောက် သူ့ရဲကောင်းစစ်သည်ဗိမာန်ထဲမှ တဖြည်းဖြည်းထွက်လာခဲ့ကြပါသည်။ ဂိတ်ပေါက်ကိုလွန်ပြီးစမှာပင် နှစ်ယောက်သားပြိုင်တူလှည့်ကြည့်မိကြသည်။

ထို့နောက် မုခ်ဦးဂိတ်ဝဘေး အုတ်တံတိုင်းတွင် ရေးထိုးထားသောကမ္ပည်းစာသားကို ပြိုင်တူလိုလို အသံထွက်ဖတ်မိလိုက်ကြသည်။

**'အမွန်မြတ်ဆုံးသော စွန့်လွှတ်ခြင်း၏ တုနှိုင်းဖွယ်ရာမရှိသောဂုဏ်ဒြပ်'။ ။**

**နီသင်အောင်ကျော်မိုး**

(ကျဆုံးလေပြီးသော တပ်မတော်သားအပေါင်းနှင့် သူ့ရဲကောင်းစစ်သည်များကို ဦးညွှတ်လျက်)





(မြဝတီပွင့်သစ်)

# လူနှင့်မှန်

ဒီနေ

သူ့အိမ်ထဲတွင် မှန်တစ်ချပ်ရှိပါသည်။ မှန်တစ်ချပ်သည် လူသား၏အလုံးစုံသော ပကတိအစစ်အမှန်တရားကို မဖော်ပြနိုင်ချေ။ သို့သော် ပြင်ပ ရုပ်ပိုင်းဆိုင်ရာ ဗဟိဒ္ဓအသွင်အပြင်လက္ခဏာကိုတော့ အတော်များများဖော်ပြနိုင်ပါသည်။ သင်ပြုံးနေလျှင် ပြုံးနေသောသင့်မျက်နှာ မှန်ထဲတွင်မြင်ရပေလိမ့်မည်။ မဲ့နေလျှင် မဲ့နေသောမျက်နှာ မှန်ထဲတွင်မြင်ရမည်။

ထို့ကြောင့် ဘိုးဘွားလူကြီးများက လူမှုဆက်ဆံရေးကို မှန်တစ်ချပ်ဖြင့် နှိုင်းနှိုင်းတင်စားခဲ့သည်။ ကိုယ်နှင့်ပေါင်းသင်းဆက်ဆံရသောလူများကို မေတ္တာထားပြီးဆက်ဆံလျှင် မေတ္တာပြန်ရမည်ဖြစ်သည်။ မကောင်းမှုဖြင့်ဆက်ဆံလျှင် မကောင်းမှုပဲပြန်လာမည်။ သက်ရောက်မှုတိုင်းတွင် တန်ပြန်သက်ရောက်မှုရှိသည်ဟုဆိုသောသဘောတရားပင်ဖြစ်သည်။ ထို့ပြင် မှန်သည် လူသား၏အသိတရား၊ နောင်တတရားကိုသိမြင်လာအောင်ဖော်ပြနိုင်စွမ်းရှိသည်ဟုဆိုပါမူ . . .။

သူ့အိမ်ထဲတွင် မှန်တစ်ချပ်ရှိပါသည်။ ထိုမှန်သည် အိမ်၏အနောက်ခန်းထဲတွင် နှစ်ကာလကြာရှည်စွာမှောက်ထားခြင်းခံခဲ့ရသည်။ သူ့အိမ်သည် အခန်းသုံးခန်း

ဖြင့် ဖွဲ့စည်းထားသည်။ အိမ်၏ အလယ်ခန်းသည် ဧည့်ခန်းဖြစ်သည်။ အရှေ့ခန်းသည် သူအိပ်သောအခန်းဖြစ်သည်။ အိမ်အနောက်ခန်းမှာ ပစ္စည်းအတိုအစထားသောအခန်းဖြစ်ပြီး သူ့မိန်းမသနပ်ခါးလိမ်းခဲ့သောအခန်းလည်းဖြစ်သည်။ သူ့မိန်းမဆုံးသွားသည်မှာ ဆယ်စုနှစ်တစ်စုခန့်ကြာခဲ့ပြီဖြစ်သည်။ မှန်သည် သနပ်ခါးကျောက်ပျဉ်၏ ဘေးတွင်မှောက်ထားလျက်ရှိသည်။

ထိုမှန်တစ်ချပ်၏ရာဇဝင်မှာ သိပ်ပြောပြလောက်အောင်မရှိ။ နှစ်စဉ်အမြဲကျင်းပသော ဘုရားပွဲဈေးမှ ထိုမှန်ကို သူ့မိန်းမအတွက် လက်ဆောင်ဝယ်ပေးခဲ့ ခြင်းဖြစ်သည်။ သူ့မိန်းမကတော့ ရေချိုးပြီးတိုင်း မှန်လေးကြည့်ကာ သနပ်ခါးလိမ်းခဲ့သည်။ မှန်ကလေး၏ သက်တမ်းမှာ နှစ်ပေါင်းမနည်းတော့။

"ရှင် ဒီမှန်ကလေး ကျွန်မအတွက် လက်ဆောင်ဝယ်ပေးတာ ကျွန်မသဘောကျတယ်၊ မှန်ကြည့်တိုင်း ရှင့်ကိုသတိရနေမိတယ်"

ဤမှန်နှင့်ပတ်သက်၍ သူ့မိန်းမပြောသောစကားဖြစ်သည်။ မိန်းမသားဆိုသည်မှာ အလှအပ အလွန်ကြိုက်တတ်သည် မဟုတ်လား။ တစ်နေ့ကို တစ်ခါတော့ အနည်းဆုံး သူတို့ မှန်ကြည့်ဖြစ်ကြသည်။ မှန်ကြည့်တိုင်း သူ့ကိုသတိရနေစေဖို့ စိတ်ကူးဖြင့် သူဝယ်ပေးခဲ့ခြင်းမဟုတ်ပါ။ မိန်းမသားတွေအတွက် လိုအပ်သောပစ္စည်းတစ်ခုအနေဖြင့်သာ ဝယ်ပေးခဲ့ခြင်းဖြစ်သည်။

ယနေ့တော့ သူ ဘာစိတ်ကူးပေါက်မိသည်မသိ။ အနောက်ခန်းထဲသို့ဝင်ကာ သူ့မိန်းမသနပ်ခါးလိမ်းခဲ့သည့်ကျောက်ပျဉ်ဘေးတွင်ထိုင်နေမိသည်။ ကျောက်ပျဉ်ပေါ်တွင် ဖုန်များအလိမ်းလိမ်းကပ်နေသည်။ အသုံးမပြုခဲ့တာကြာပြီဖြစ်သောကြောင့် ကျောက်ပျဉ်ဘေးရှိသနပ်ခါးအပေအကျံများသည် ဖုန်များနှင့်ရောနှောကာ မြေမှုန့်များအဖြစ်ကူးပြောင်းသွားပြီလားဟု ထင်ရသည်။ မှန်တင်ခုံသည်လည်း ပင့်ကူအိမ်များစွဲနေသည်။ ပင့်ကူအိမ်ဟောင်းများကို သူ့လက်ဖြင့် ထိုးဖြတ်ကြည့်သည်။ သူ့လက်ချောင်းများပေါ်တွင် ပင့်ကူအိမ်ဟောင်းများ ရစ်ထွေး၍ပါလာသည်။

သူမှန်မကြည့်ဖြစ်သည်မှာ နှစ်အတော်ကြာခဲ့ပြီဖြစ်သည်။ သူ မှန်အများဆုံးကြည့်ဖြစ်သည့်ကာလမှာ လူပျိုဘဝပင်ဖြစ်သည်။ လူတိုင်းလည်း ဤကာလသည် မှန်အများဆုံးကြည့်ဖြစ်မည်ဟု သူထင်သည်။ ညအိပ်ရာမဝင်ခင်လည်း မှန်ကြည့်သည်။ မနက်အိပ်ရာထလည်း မှန်ကြည့်သည်။ မျက်နှာသစ်ပြီး အလှကုန်ပစ္စည်းတစ်ခုခုလိမ်းသည့်အခါတွင်လည်း မှန်ကြည့်သည်။ လူပျိုဘဝကျော်လွန်၍ အိမ်ထောင်သည်ဘဝရောက်သောအခါတွင်တော့ မှန်ကြည့်ခြင်း ဖြည်းဖြည်းချင်းနည်းသွားခဲ့သည်။ ယခု သူ့အသက်အရွယ် ၅၀ ကျော်နှစ်အတော်စွန်းသွားခဲ့ပြီဖြစ်သည်။ သူ လုံးဝမှန်မကြည့်ဖြစ်တော့။

ယနေ့တော့ သူ မှန်ကြည့်ချင်စိတ်ပေါ်လာသည်။ သူ့ရုပ်သည် ဘယ်လောက်များပြောင်းလဲသွားခဲ့ပြီလဲ။ အတော်များများပြောင်းလဲသွားမည်ကတော့ သေချာပါသည်။ ကျောက်ပျဉ်ဘေးတွင် မှောက်ထားသောမှန်ကလေးကို သူတစ်ချက်ကြည့်မိသည်။ မှန်ကလေး၏ကျောဘက်မျက်နှာပြင်တွင် သနပ်ခါးအပြောက်အစက်များစွန်းထင်းနေသည်။ ထိုသနပ်ခါးအစက်လေးများသည် သူ့မိန်းမကျောက်ပျဉ်ပေါ်သွေးခဲ့သော သနပ်ခါးအစက်များဖြစ်မည်။

သူ့ညာဘက်လက်ဖြင့် မှန်ကိုကောက်ယူလိုက်သည်။ မှန်၏နောက်ကျောမျက်နှာပြင် ဘေးပတ်လည်ကို သစ်သားဘောင်ဖြင့်ကွပ်ထားသည်။ မှန်၏နောက်မျက်နှာပြင်သစ်သားပြားပေါ်တွင် နှစ်ပေါင်းများစွာတင်ကျန်နေသောဖုန်မှုန့်များက သူ့လက်ကို စွန်းထင်းပေကျံကုန်တော့သည်။ မှန်ကို သူ့မျက်နှာပြင်တည့်တည့်ဆီကို ဆွဲယူလိုက်သည်။ မှန်ကလေးသည် ယခုထိကြည်လင်နေတုန်းရှိသေးသည်။ မှန်ပေါ်တွင် သူ့မျက်နှာအထင်းသားမြင်နေရသည်။

မှန်ထဲက သူ့မျက်နှာကို ပြန်မြင်မိသည့်အခါ သူအနည်းငယ် ထိတ်လန့်သွားမိခဲ့သည်။ သူ့မျက်နှာ

သည် တော်တော်အိုစာသွားပြီဖြစ်သည်။ အထူးသဖြင့် ခေါင်းပေါ်မှ ဆံပင်သည် အတော်များများဖြူဖွေးသည်။ မျက်နှာပေါ်ရှိအရေးအကြောင်းများသည်လည်း အနည်းငယ်ပီပြင်စဖြစ်လာသည်။ မျက်နှာသည် အတော်မည်းနေလေသည်။ မျက်နှာ၏ အသားအရေများသည် ပြည့်တင်းခြင်းမရှိတော့ဘဲ လျော့ရဲလာသည်။ သူ့မျက်နှာပေါ်တွင် ပျိုရွယ်သည်ဟုထင်ရသောအရာမှာ တောက်ပသောမျက်လုံးတစ်စုံသာဖြစ်သည်။ ထိုမျက်လုံးများသည်ကား သူငယ်ငယ်က အတိုင်းဖြစ်သည်ဟု သူထင်သည်။

သူ၏သွားများကို စေ့ကြည့်သောအခါ သွားများသည်လည်း မည်းနေသည်။ သွားတစ်ချောင်းနှင့်တစ်ချောင်းအဆက်နေရာများသည် ပို၍မည်းနေသည်။ သူ့သွားအတော်များများသည် ဝါညစ်ညစ်အရောင်သာရှိနေတော့သည်။ ဖြူဖွေးသောသွားတစ်ချောင်းမျှမတွေ့ရတော့။ ထိုကဲ့သို့ သွားများမည်းဝါလာခဲ့ခြင်းမှာ သူဆေးလိပ်သောက်သောကြောင့်ဖြစ်သည်။ ဆေးလိပ်ကို သူအလွန်ကြိုက်သည်။ လူပျိုဘဝကတည်းက ဆေးလိပ်သောက်ခဲ့ခြင်းဖြစ်သည်။ သူ့လက်သည်းများသည်လည်း ဝါထိန်နေသည်။ ယခုထိ သူဆေးလိပ်သောက်တာ မလျှော့သေး။ သူ့မိန်းမကတော့ –

"ရှင် ဒီဆေးလိပ်ကြီးကိုဖြတ်စမ်းပါတော်၊ ဆေးလိပ်သောက်နေရင် တစ်ခန်းလုံး ဆေးလိပ်ငွေ့တွေနဲ့ မွန်းနေတာပဲ၊ အသက်ရှူကျပ်တယ်၊ ပါးစပ်ကလဲ ဆေးကြေးစော်တွေနံနေသေးတယ်၊ ကျန်းမာရေးလဲ ထိခိုက်တယ်၊ ဘယ်ဟာမှကောင်းတာမရှိဘူး"ဟု ဆေးလိပ်အနံ့မခံနိုင်သည့်အခါတိုင်း ပြောလေသည်။ သို့သော် သူကတော့ လုံးဝဆေးလိပ်မဖြတ်မိခဲ့။

သူအိမ်ထောင်ကျပြီး သားသမီးတွေရလာသောအခါ မိသားစုအတွက် ဆေးလိပ်ဖြတ်ဖို့ကြိုးစားခဲ့ပါသေးသည်။ သို့သော် မအောင်မြင်။ ဆေးလိပ်မသောက်ရသောရက်များတွင် သူ နေမထိထိုင်မသာဖြစ်နေသည်။ စိတ်ထဲမှာ တစ်ခုခုလိုသလို ခံစားရသည်။ ညတွင်လည်း အိပ်မပျော်။ သူ့ခန္ဓာကိုယ်ပေါ်သို့ အကောင်များတက်လာသလို ရွစိရွစိဖြစ်နေသည်ဟုထင်သည်။ သူ့သူငယ်ချင်းများကတော့ "ဆေးလိပ်ဖြတ်ချင်ရင် လုံးဝမသောက်ဘဲတော့မနေနဲ့၊ နည်းနည်းချင်းလျှော့သောက်"ဟု အကြံပေးသည်။

သူငယ်ချင်းများ အကြံပေးသည့်အတိုင်း သူလျှော့သောက်သည်။ လျှော့သောက်တော့လည်း လျှော့သောက်သည့်အလျောက်ပေါ့။ သို့သော် သူတစ်လိပ်ထက်ပို၍ လျှော့မရသည်က ခက်သည်။ ထို့ကြောင့် ဆေးလိပ်ဖြတ်သည့်စီမံကိန်းကြီးလည်း ပျက်စီးသွားရတော့သည်။ ဆေးလိပ်၏အရသာ၊ ခံစားမှုကို သူကောင်းကောင်းကြီးသိသည်။ ထိုခံစားမှုအရသာမျိုးသည် ဆေးလိပ်သောက်သူမှသာ နားလည်ပေမည်။ မိုးအေးအေးဆေးလိပ်ကလေးမှိန်းပြီးတွေးနေရသည်မှာ အလွန်အရသာရှိသည်။ ထမင်းစားပြီး ဆေးလိပ်ကလေးခဲရသည်က တစ်မျိုးပြည့်စုံသွားသလိုခံစားရသည်။ မိန်းမသေဆုံးပြီး သားသမီးများ အိမ်ထောင်ကျသွား၍ သူတစ်ယောက်တည်းဖြစ်နေချိန်တွင် ဆေးလိပ်က သူ့အတွက် အဖော်ကောင်းကောင်းလုပ်ပေးသည်။

နောက်ထပ်သွားတွေ အညိုအမည်းစွဲထင်ခဲ့ရသောအကြောင်းတစ်ရပ်လည်းရှိသေးသည်။ ဆေးရွက်ကြီးနှင့်ကွမ်းဖြစ်သည်။ အရင်ကတော့ သူဆေးရွက်ကြီးငုံဖြစ်သည်။ သူလုပ်ကိုင်နိုင်စွမ်းရှိစဉ်အခါက လက်သမား၊ ပန်းရန်အလုပ်လုပ်ခဲ့သည်။ အလုပ်လုပ်ရင်း ဆေးရွက်ကြီးငုံကာလုပ်ရခြင်းက သူ့အတွက် ပို၍အလုပ်တွင်သည်ဟုထင်သည်။ ယခုတော့ ဆေးရွက်ကြီး မငုံဖြစ်တော့ပါ။ ကွမ်းကိုတော့ ပိုဝါးဖြစ်လာသည်။ တစ်ရက် ကွမ်းနှစ်ယာ၊ သုံးယာလောက်တော့ ဝါးဖြစ်သည်။ များများစားစားလည်း မဝါးနိုင်။ ဆေးလိပ်သောက်ဖို့လည်းအချိန်ပေးရသည်မဟုတ်လား။ အခုတော့ သွားများသည် ကွမ်းဝါး၍ ကွမ်းချိုးကပ်လာသည်ဟုထင်သည်။

ပါးစပ်ကိုဟကာ မှန်ထဲကြည့်ဖြစ်သည်။ ခံတွင်းတစ်ခုလုံး

သည် ငယ်ငယ်တုန်းကလို ပန်းနုရောင်သွေးမဟုတ်တော့။ ခံတွင်းနံရံများသည်လည်း အညိုစွဲနေပြန်သည်။ လျှာမျက်နှာပြင်သည် အရင်အတိုင်းမဟုတ်တော့ဟုထင်သည်။ လျှာက အငန်အရသာကို ခံနိုင်စွမ်းနည်းလာသည်။ နောက်ထပ်သူတွေ့မြင်ရသည်က အံသွားများဖြစ်သည်။ အံသွားများသည် အောက်ဘက်အံနှစ်ဖက်စလုံးတွင် တုံးတိတိငုတ်သာကျန်တော့သည်။ အံသွားများကုန်သွားခြင်းမှာ ပိုးစားခြင်းကြောင့်ဖြစ်သည်။

သူ့အသက်အရွယ် ၂၀ ကျော်၊ ၃၀ ကတည်းက သွားကိုက်ခြင်းဝေဒနာကို အပြင်းအထန်ခံစားခဲ့ရသည်။ ဘာမှမစားနိုင်၊ သွားဖုံးတစ်ခုလုံးရောင်နေသည်။ နားကျင်မှုမှာလည်း အတော်ဆိုးသည်။ မျက်ရည်ကျလောက်အောင်နာကျင်သည်။ သွားကိုက်သည့်ဝေဒနာပြင်းထန်နေသည့်အချိန်များတွင် ထိုကိုက်သောသွားကို ရဲရဲနီအောင်မီးဖုတ်ထားသည့်သံချောင်းဖြင့် ထိုးပစ်ချင်သည်။ သွားကိုက်ခဲ့သည့်ဒဏ်ကြောင့် အောက်ဘက်သွားဖုံးနှစ်ခုစလုံးပေါ်တွင် အံသွားတွေမရှိတော့ပါ။

မှန်ထဲမှ သူ့မျက်နှာမှာ သူ့အသက်အရွယ်ထက်ပင် ပို၍အိုစာနေပါသည်။ အသက် ၆၀ ကျော် ၇၀ နီးပါး အဘိုးအိုပေါက်စနှင့်သွားတူနေသည်။ အသက်ထက်အရွယ်က ပိုကျနေသည်။ သူ ဘာကြောင့်အိုစာနေသလဲဆိုတာသူသိသည်။ မျက်နှာက ပို၍အသက်ကြီးပြီးရင့်ရော်နေသည်။

**မှန်ထဲမှ သူ့မျက်နှာမှာ သူ့အသက်အရွယ်ထက်ပင် ပို၍အိုစာနေပါသည်။ အသက် ၆၀ ကျော် ၇၀ နီးပါး အဘိုးအိုပေါက်စနှင့် သွားတူနေသည်။ အသက်ထက် အရွယ်က ပိုကျနေသည်။ သူ ဘာကြောင့်အိုစာနေ သလဲဆိုတာ သူသိသည်။**

အမှန်တိုင်း သူဝန်ခံရလျှင် အရွယ်ကောင်းစဉ်အခါက သူအရက်တွေ တော်တော်များများသောက်ဖြစ်ခဲ့သည်။ အမှန်မှာ သူသည် အရက်သမားတစ်ယောက်ဖြစ်ခဲ့ပါသည်။ အရက်ကြောင့် သူ့မိသားစုမှာ စိတ်ဆင်းရဲခဲ့ရသည်။ သူအရက်သောက်သောကြောင့် သူ့မိန်းမသေရသည်ဟု ပတ်ဝန်းကျင်က မသိမသာစောင်းပါးရိပ်ခြည်ပြောကြသည်။ ထိုအချက်ကို သူလုံးဝလက်မခံနိုင်ပါ။ သူသည် သူ့မိန်းမကိုချစ်သည်။ သူ့မိန်းမကလည်း သူ့ကိုချစ်သည်။ အရက်သမားမယားဆိုတာ တစ်ခါတလေတော့ စိတ်ဆင်းရဲစရာရှိမည်။ သို့သော် သေလောက်သည့်စိတ်ရောဂါဝေဒနာရလောက်အောင်ထိတော့ သူ့မိန်းမအပေါ် ဆူဆူပူပူမလုပ်ခဲ့။ သူ့မိန်းမမှာ နှလုံးရောဂါနှင့် သွေးတိုးရောဂါရှိသည်။ ထိုရောဂါကြောင့်ပင် သူ့မိန်းမသေဆုံးခဲ့ရခြင်းဖြစ်သည်။

သူ အရက်စသောက်တတ်လာခြင်းသည် မိန်းမရပြီးမှဖြစ်လေသည်။ လူပျိုဘဝက သူ အရက်မသောက်တတ်ခဲ့။ မြို့ပေါ်တွင် ပန်းရန်အလုပ်လုပ်ခဲ့ရစဉ်ကဖြစ်သည်။ ထိုအချိန်တုန်းက သူသည် ပန်းရန်ဆရာတစ်ဦးတော့ မဖြစ်သေးပါ။ ပန်းရန်ဆရာ၏လက်ထောက်အဆင့်တော့ရောက်နေပြီဖြစ်သည်။

အစိုးရရုံးကြီးတစ်ရုံးကို သူတို့ဆောက်လုပ်ခွင့်ရသည်။ လုပ်ငန်းမှငွေဖောဖောသီသီရ၍ သူ့လိုကိုယ်လိုပန်းရန်သမားများသည် အလုပ်သိမ်းပြီး ညနေစောင်းသောအခါ အရက်ဆိုင်သို့သွားကြသည်။

သူလည်း အလုပ်သမားများအိပ်ရာတန်းလျားတွင် တစ်ယောက်တည်းကျန်ခဲ့သည်က ပျင်းလှသည်။ စကားပြောဖော်မရှိ။ ညနေစောင်း၍ အပေါင်းအဖော်များနှင့် အရက်ဆိုင်သို့လိုက်သွားရင်းက တစ်စတစ်စဖြင့် သောက်တတ်လာသည်။ တစ်နေကုန် အလုပ်လုပ်ရသောပင်ပန်းမှုဒဏ်ကို အရက်ကလေးသောက်၊ အပေါင်းအသင်းများနှင့် စိတ်ထဲရှိရာတွေဖွင့်ဟပြောခိုသော

အခါ ခန္ဓာကိုယ်ပေါ့ပါးသွားသလို ခံစားရသည်။ အရက်ဆိုင်ကအပြန် အိပ်ရာထဲရောက်တော့ သစ်တုံးကြီးတစ်တုံးလို အိပ်ပျော်သွားသည်။ မရှိတာလည်း မတွေးဖြစ်၊ ရှိတာလည်း မတွေးဖြစ်။ ပင်ပန်းဆင်းရဲမှုဆိုတာလည်း မသိတော့။

အရက်သောက်တတ်အောင် အပေါင်းအသင်းကပဲ သင်ပေးလိုက်သလား၊ သူကိုယ်တိုင်ကပဲ ချိုကုပ်ရှိရာ ချိုကုပ်လာခဲ့သည်လားမပြောတတ်။ သူအရက်သမားတစ်ယောက်တော့ဖြစ်လာခဲ့သည်။ အရက်ကို မသောက်ရလျှင် မနေနိုင်သည့် အဆင့်တွင် သူအလုပ်အကိုင်တွေပျက်လာသည်။ မိသားစုကိုရှာဖွေကျွေးမွေးရမည့်ဝတ္တရားတွေပျက်လာသည်။ အလုပ်မလုပ်နိုင်တော့။ တစ်နေကုန် အရက်ကို ဖိသောက်ခဲ့သည်။ သူက အလုပ်မလုပ်တော့ မိန်းမဖြစ်သူ ပင်ပန်းဆင်းရဲခဲ့ရသည်။ သားသမီးတွေက ပညာတစ်ပိုင်းတစ်စ။ ထိုအခက်အခဲများကြားတွင် သူ့မိန်းမရုန်းကန်ခဲ့ရသည်။

သူ့မိန်းမသည် ရပ်ကွက်လမ်းဘေးတစ်နေရာတွင် ခေါက်ဆွဲ၊ မုန့်ဟင်းခါးနှင့်အသုပ်ဆိုင်ကလေးဖွင့်ကာ မိသားစုစားဝတ်နေရေးအတွက် ရှာဖွေခဲ့ရသည်။ သူ့အတွက်ဆေးလိပ်၊ အရက်ဖိုးကလည်း နေ့တိုင်းကုန်နေသည်။ ယခုစဉ်းစားကြည့်လိုက်တော့ သူ့မိန်းမနှင့်ကလေးများကို သူတော်တော်ဒုက္ခပေးခဲ့သည်။ သူကိုယ်တိုင်စဉ်းစားဆင်ခြင်ခြင်းမရှိခဲ့သည်ကို နောင်တရသည်။

အရက်ကြောင့် သူ သေလုနီးပါးဖြစ်ခဲ့သည်။ အစာမစားဘဲ အရက်တွေဖိသောက်ခဲ့သောကြောင့် ခန္ဓာကိုယ်သည် အရိုးပေါ်အရေတင်သာကျန်တော့သည်။ ခြေဖမိုးတွေ ရောင်ကိုင်းလာသည်။ လမ်းမလျှောက်နိုင်တော့။ ချေး၊ သေးကိစ္စအားလုံးကို သူ့မိန်းမကပင် လုပ်ကိုင်ပေးခဲ့သည်။ သူ့အပေါ်ဒီလောက်ကောင်းသည့်မိန်းမကို နောက်ထပ်လည်းရှာတွေ့မည်မဟုတ်တော့ပေ။

အဖေအရက်သမားဖြစ်သောကြောင့် သားသမီးများက သူ့ကိုမုန်းတီးနေသလားမသိ။ သူ့အနားပင် မကပ်ကြ။ ပတ်ဝန်းကျင်ရှိလူများနှင့် အိမ်နီးနားချင်းများကပါ ဒီတစ်ခါတော့ သူသေပြီဟုတွက်ထားကြသည်။ သူတို့တွက်ထားမည်ဆိုလျှင်လည်း တွက်ထားချင်စရာ။ ရင်ဘတ်မှနံရိုးများသည်လည်း အထင်းသားပေါ်နေလေပြီ။ ခြေသလုံးရိုးသည်လည်း ပလွေရိုးလောက်သာကျန်တော့သည်။ ပါးရိုးတွေက ထိုးထောင်နေသည်။ အရက်မှလွဲ၍ အစာမဝင်တော့။ 'သေကံမရောက် သက်မပျောက်'ဟူသောဆိုရိုးစကားရှိပါသည်။ သူသည်သေချိန်မတန်သောကြောင့် မသေခဲ့ပါ။

ထိုအချိန်မှာပင် ရပ်ကွက်ထဲမှ ဆရာဝန်လေး၏ကယ်ဆယ်မစမှုကြောင့် သူအသက်မသေခဲ့ပါ။ ထိုဆရာဝန်လေးသည် သူ၏အသက်သခင်ကျေးဇူးရှင်ဖြစ်သည်။ သူထမင်းစားလာနိုင်ခဲ့သည်။ အရက်မသောက်တော့ ဗိုက်က အရက်ကိုလုံးဝလက်မခံနိုင်တော့ပေ။ သည်တစ်ခါ အရက်သောက်မိလျှင် သေရုံသာကျန်တော့မည်။ သူအနည်းငယ်လမ်းလျှောက်လာနိုင်ခဲ့သည်။ ခြေဖမိုးအရောင်တွေလည်းကျလာသည်။ ဆရာဝန်လေးကလည်း နေ့စဉ်မပြတ်လာရောက်ကြည့်ရှုပေးသည်။

သေရွာပြန်လူတစ်ယောက်လို အရက်ကို သူအလွန်ကြောက်သွားခဲ့သည်။ ထိုအချိန်မှစ၍ သူဘယ်တော့မှ အရက်မသောက်တော့ဟု ဆုံးဖြတ်ခဲ့သည်။ သူ့မိန်းမဆိုင်

**ပတ်ဝန်းကျင်ရှိလူများနှင့်**
**အိမ်နီးနားချင်းများကပါ**
**ဒီတစ်ခါတော့ သူသေ**
**ပြီဟု တွက်ထားကြသည်။**
**သူတို့တွက်ထားမည်ဆိုလျှင်**
**လည်း တွက်ထားချင်စရာ။**
**ရင်ဘတ်မှနံရိုးများသည်လည်း**
**အထင်းသားပေါ်နေလေပြီ။**
**ခြေသလုံးရိုးသည်လည်း . . .**

ကလေးကို သူ တတ်နိုင်သလောက် ကူညီခဲ့သည်။ ကြက်သွန်လှီး၊ ဂေါ်ဖီ ထုပ်၊ ခါကြက်ဥလှီးလောက်တော့ သူလုပ်နိုင်သေးသည်။ ထို့ပြင် ဆိုင်မှာ ရေနွေးအိုးတည်၊ ရေနွေးခွက်ဘူးဖြည့်သည့်အလုပ်သည်လည်း သူ့အလုပ်ဖြစ်လာသည်။ သားသမီးများကလည်း သူ့ကို ကြည်ကြည်ဖြူဖြူ၊ လေးလေးစားစားဆက်ဆံလာသည်။

မိသားစုလေးဆီသို့ ပျော်ရွှင်စရာတွေဆောင်ကြဉ်းလာခဲ့ပြီဖြစ်သည်။ သူအရက်သောက်ပြီး မိသားစုကို ဒုက္ခပေးခဲ့သည့်အချိန်များကို နောင်တရခဲ့သည်။

ဘဝသည် ပျော်ရွှင်စရာတွေချည်း အမြဲတမ်းဖြစ်မနေ။ ပျော်ရွှင်မှုကို ဖျက်ဆီးပစ်သည့်အရာအဆိုးတစ်ခုသည် ထိုပျော်ရွှင်စရာအချိန်များတွင် ရောက်လာတတ်သည်။ သူသည် အရက်ဒဏ်ကြောင့်ဖြစ်သောရောဂါမှအနည်းငယ်သက်သာလာသည်။ အသက်အရွယ်ကလည်း ကြီးလာသောကြောင့် သူဘာသာရေးဘက်သို့ ကိုင်းညွတ်လာသည်။ ရေဒီယိုမှ မနက်စောစောလွှင့်သောတရားတော်ကို နာကြားဖြစ်သည်။ ညဉ့်နက်မှလွှင့်သောတရားတော်ကိုလည်း နာကြားဖြစ်သည်။ ညအိပ်ရာဝင်တိုင်း ဘုရားရှိခိုးဖြစ်လာသည်။ မနက်ခင်းတိုင်း သူ့မိန်းမဖြစ်သူမအားလျှင် သူကိုယ်တိုင် ဘုရားဆွမ်းတော်နှင့် သောက်တော်ရေကပ်ပေးသည်။

ထိုနေ့ညတွင် သူ့ဘဝ၏အကြီးမားဆုံးဆုံးရှုံးမှုတစ်ခု၊ စိတ်အဆင်းရဲဆုံးတစ်ခုဖြစ်ပျက်ခဲ့သည်။ ထိုညက သူ့မိန်းမနှင့်သူသည် အိမ်ရှေ့ခန်းခုတင်ပေါ်တွင် နှစ်ယောက်အတူတူအိပ်ကာရေဒီယိုမှလာသောတရားကို ညဉ့်နက်သည်အထိ နာကြားခဲ့သည်။ တရားတော်ပြီးသွားသည့်အခါတွင် တရားနှင့်ပတ်သက်၍ အတော်အကြာနှစ်ဦးသားဆွေးနွေးခဲ့ကြသည်။


ယခုတလော သူ့မိန်းမ ခဏခဏဖျားသည်။ ခေါင်းလည်းမူးသည်ဟုပြောသည်။ သူလည်း စကားပြောရင်း နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားခဲ့သည်။

မနက်မိုးလင်း၍ သူအိပ်ရာမှနိုးလာသောအခါ သူ့မိန်းမကို နိုးမရတော့ပေ။ သူ့မိန်းမ ငြိမ်သက်စွာသေဆုံးခဲ့လေပြီ။ သူအကြီးအကျယ်ယူကျုံးမရဖြစ်ခဲ့ရသည်။ သူဆိုးသမျှ အန္တတာခံခဲ့သောမိန်းမ။

သူ့အပေါ်တွင် မိတ်ဆွေတစ်ယောက်လို၊ ဇနီးတစ်ယောက်လို၊ မိခင်တစ်ယောက်လို ပြုစုစောင့်ရှောက်ခဲ့သည့်မိန်းမ။

ယခုတော့ သူ့ဘဝမှ အပြီးအပိုင် ထွက်ခွာသွားပြီဖြစ်သည်။ ဆရာဝန်လေးကတော့ ညတုန်းကဦးနှောက်ထဲ သွေးဆောင့်တိုးပြီး ဦးနှောက်ဆံခြည်မျှင်သွေးကြောများပြတ်ကာ သေဆုံးသွားသည်ဟု ပြောသည်။

သူ့မိန်းမသေဆုံးပြီးသည့်နောက်တွင် သူအကြီးအကျယ်စိတ်ခတ်ကျကာ အရက်ပြန်သောက်မိခဲ့သည်။ တစ်လလောက်ကြာသောအခါ သူ့ခန္ဓာကိုယ်သည် ယခင်



တုန်းကလို သေလုမြောပါးအခြေအနေပြန်ရောက်ခဲ့သည်။ သားသမီးများလည်း အတော်စိတ်ဆင်းရဲသွားကြသည်။

ဆရာဝန်လေးကတော့ သူ့အပေါ် အတော်စိတ်ဆိုးသွားပြီး –

"ခင်ဗျား နောက်တစ်ခါ အရက်တွေပြန်သောက်နေမယ်ဆိုရင် ကျွန်တော် ဆေးမကုပေးတော့ဘူး၊ နောက်တစ်ခါပြန်သောက်ရင်တော့ အသက်ရှင်မှာမဟုတ်ဘူး"ဟု ကရုဏာဒေါသဖြင့် ပြောသည်။

သည်တစ်ကြိမ်တွင်လည်း သူမသေပါ။ မကောင်းသော လူတစ်ယောက်အတွက် သက်ဆိုးရှည်နေသလားမပြောတတ်ပါ။ သူ့မိန်းမမရှိတော့သည့်နောက်တွင် သူအသက်ရှင်သန်နေရသည်ကလည်း အဓိပ္ပာယ်ရှိတော့မည်မဟုတ်ချေ။ သေမင်းက မျက်စိလည်နေသလားမသိ။ သူ့ကို ဘာကြောင့်မခေါ်သနည်း။ တွေ့ဆုံခြင်းအစ ကွေကွင်းခြင်းအဆုံးရှိသောလောကကြီးတွင် သူတစ်ယောက်တည်း ချာချာလည်ကျန်ရစ်တော့သည်။

ယခုတော့ သားသမီးတွေလည်း အိမ်ထောင်ကိုယ်စီကျကုန်ပြီဖြစ်သည်။ အကြီးဆုံးသားနှစ်ယောက်ကတော့ ဤရပ်ကွက်အတွင်းမှာပင် အိမ်ထောင်ကျခဲ့သည်။ အငယ်ဆုံးသမီးကတော့ ဝေးလံသော တောမြို့လေးတစ်မြို့မှာ အိမ်ထောင်ကျသည်။ 'သျှောင်နောက်ဆံထုံးပါ' ဆိုသလို လင်ယောကျ်ားရှိရာသို့ သမီးက လိုက်သွားရသည်ပေါ့။ ဘယ်သားသမီးမှ သူနှင့်အတူနေထိုင်သူမရှိပါ။ အလုပ်အားလျှင် သားကြီးနှစ်ယောက်က ကလေးများနှင့် အလည်လာတတ်သည်။ မြေးတွေကို ချီပွေ့ချော့မြှူရတော့လည်း သူပျော်မိသည်။

မှန်ထဲမှမြင်ရသော သူ့မျက်ဝန်းအိမ်တွင် မျက်ရည်များတွဲခိုလာသည်ကိုသတိထားမိသည်။ သူ့မိန်းမအကြောင်းစဥ်းစားမိတိုင်း ဘယ်တော့မှ စိတ်မခိုင်ခဲ့ပါ။ ဝမ်းနည်းမှုနှင့်နောင်တရမှုရောထွေးကာ သူခံစားရစမြဲဖြစ်သည်။

ဤမှန်လေးကိုကြည့်ဖြစ်မှ သူ့မျက်နှာကို ကိုယ်တိုင်မြင်မိ၊ သုံးသပ်မိဖြစ်ကာ ဘဝကို နောင်တရသလိုဖြစ်လာသည်။ ကုန်လွန်ခဲ့သည့်နှစ်အတော်များများ သူဆိုးခဲ့သည်။ မိုက်ခဲ့သည်ဟုပြောရပေမည်။ သောက်စားမူးယစ်ခြင်းများဖြင့် အချိန်ကုန်ခဲ့သည်။ သားသမီးတို့အပေါ် ကြည့်ရှုစောင့်ရှောက်မှု၊ ရှာဖွေကျွေးမွေးမှုများ လစ်ဟင်းခဲ့သည်။

အဆိုးဆုံးက သူ့အပေါ်တွင် အလွန်ကောင်းခဲ့သည့် သူ့မိန်းမကို ဘာမှမလုပ်ပေးနိုင်ခဲ့ခြင်းပင်ဖြစ်သည်။

မှန်ထဲမှ သူ့မျက်နှာသည် အတော်အိုနေပြီဖြစ်သည်။ အသက်အရွယ်ကြီးပြီမှန်သော်လည်း သူ့အသက်အရွယ်ဖြင့် ဤလောက်တော့ သူမအိုသင့်သေးပါ။ သို့သော် ဆေးလိပ်နှင့်အရက်က သူ၏ဇီဝိန်အသက်ထဲမှ နှစ်အတော်များများကို နုတ်သွားပြီဖြစ်သည်။ သူ့ဘဝသက်တမ်းသည် ဘယ်လောက်မှမရှိတော့ပါ။ နှစ်အနည်းငယ်သာကျန်တော့သည်။

ယခုအချိန်အထိ သူ့ဘဝသည် ကောင်းမှုကုသိုလ် မည်မည်ရရမလုပ်ဖြစ်ခဲ့။ မကောင်းတာတွေသာ အများဆုံးကျူးလွန်ခဲ့သည်။ အသိတရားဝင်ကာ နောင်တရလာသည့်အချိန်မှာ သူနေရမည့်သက်တမ်းက ဘာမှမကျန်တော့ပါ။ သို့သော် ကျန်ရှိနေသေးသည့်သက်တမ်းလေးမှာတော့ ကောင်းရာမွန်ရာတွေပဲ လုပ်သွားမည်ဟု သူဆုံးဖြတ်မိသည်။

သူ မူးယစ်သောက်စားနေသောအချိန်ကာလက မှန်ကြည့်ဖို့လုံးဝသတိမရခဲ့။ အသောက်သမားအတွက် မှန်သည် ဘုန်းကြီးနှင့်ဘီးလိုဘယ်လိုမှဆက်စပ်၍မရသည့်အရာဖြစ်နေခဲ့သည်။ ထိုအချိန်ကများ သူ့မျက်နှာကို မှန်ထဲမှာ တစ်ကြိမ်လောက်သာကြည့်ခဲ့ပါလျှင်မူ . . .။

သူ့မိန်းမသနပ်ခါးလိမ်းသည့် ကျောက်ပျဉ်ဘေးတွင်ရှိသော မှန်ကလေးကို သူအိပ်သည့်အခန်းထဲသို့ ယူလာခဲ့ပါသည်။ ထိုနေ့မှစ၍ သူနေ့တိုင်း မှန်ကြည့်ခဲ့သည်။ ။

ဒီနေ




(၁)

"အဖေ . . . အဖေ ဘာလုပ်နေတာတုံးဟင်"

ဖေဖေ့အော်သံကြောင့် ကျွန်မစာကျက်နေရာက အဘိုးရှိရာလှမ်းကြည့်လိုက်မိပါတယ်။ အိမ်နံရံပေါ် ကုပ်ကပ်တွယ်တက်နေတဲ့ အဘိုးကိုလှမ်းတွေ့လိုက်ရင်ပဲ ကျွန်မရဲ့မျက်လုံးတွေပြူးထွက်၊ ခဏချင်းသွေးတွေဆူပွက်သွားသလို ခံစားလိုက်ရပါတယ်။

အဘိုးရယ် အိမ်နံရံရဲ့ဘေးထုပ်တန်းပထမအဆင့်မှာ ခြေထောက်က ကားကားကြီးရပ်လို့၊ ဒုတိယအဆင့်ထုပ်တန်းကို လက်နှစ်ဖက်နဲ့ တွယ်ကပ်ထားလိုက်



(မြဝတီပွင့်သစ်)

# မယ်စ ကြော့ချ

## ဆည်းဆာအိုပြုံပါနဲ့လား

သေးတယ်။ ညာဘက်လက်မှာလဲ တောင်ဝှေးကိုမလွှတ်ဘဲ ရောပြီး ဆုပ်ကိုင်ထားသေးတာ။

ဘာနဲ့တူသလဲဆိုတာ ပြေး မြင်ကြည့်လိုက်ရင် ကျွန်မတို့ငယ်ငယ်က ကြည့်ခဲ့ရတဲ့စပိုက်ဒါမန်း ဇာတ်ကားထဲက စပိုက်ဒါမန်းကြီး နံရံပေါ်တွယ်တက်နေတဲ့အတိုင်း ပါပဲ။

ကျွန်မနဲ့ဖေဖေလဲ အဘိုးရှိရာ ကိုပြိုင်တူဆိုသလို အပြေးရောက် သွားကြပါတယ်။ နှစ်ယောက်သား အဘိုးကိုတွဲပြီး ဖြည်းဖြည်းချင်း ထုပ်တန်းပေါ်က ခက်ခက်ခဲခဲချပေး လိုက်ရပါတယ်။

"ဟင် . . . အဖေ၊ ဘယ်သွား မယ်စိတ်ကူးပြီး အဲဒီအပေါ်တွယ် တက်နေတာလဲလို့"

"ငါ အိမ်သာသွားမလို့လေ ကွာ"

"အိမ်သာက တည့်တည့်သွား ရမှာလေအဖေရဲ့၊ အခုအဖေက နံရံ ပေါ်တွယ်တက်နေတာ ဘေးထုပ် တန်းပေါ်တောင်ရောက်နေပြီ၊ ကံ ကောင်းလို့ ပြုတ်မကျတယ်"

အိမ်ပါလာတဲ့ရုံးအလုပ်တွေနဲ့ ပင်ပန်းနေတဲ့ဖေဖေ့မျက်နှာမှာ သူ့ရဲ့ယောက္ခမအဖြစ်ကိုကြည့်ရင်း ပိုစိတ်ရှုပ်သွားတယ်ထင်ပါရဲ့။ ဖေဖေ့ကိုချစ်တဲ့ကျွန်မ ဖေဖေဝန်ပေါ့သွားအောင်လို့ အဘိုးကိုတွဲထူလိုက်ရင်း–

"လာ . . . လာ အဘိုး၊ မြေးလိုက်ပို့မယ်နော်၊ ဖေဖေ သမီးတွဲပို့လိုက်မယ်၊ ဖေဖေအလုပ်သွားလုပ်တော့လေ၊ လာ . . . အဘိုးလာလာနော်၊ ဖြည်းဖြည်းချင်းလျှောက်နော်အဘိုး"

"အိမ်း . . . အိမ်း ငါ့မြေးမလေးကျန်းမာပါစေ၊ ချမ်းသာပါစေ"

အဘိုးနဲ့မြေး သူကိုယ့်မှီ၊ ကိုယ်သူ့မှီနဲ့ ခြေလှမ်းခုနစ်လှမ်းလောက်သာရှိတဲ့အိမ်သာဆီသို့ ဒယိမ်းဒယိုင်နဲ့ချီတက်ရပါတော့တယ်။

အခုဆိုရင် အဘိုးအသက်က ခုနစ်ဆယ်။ မျက်စိက မကောင်းတော့ တောင်ဝှေးလေးနဲ့ စမ်းစမ်းပြီးသွားရရှာတယ်။ ကျန်းမာရေးက မဆိုးပေမဲ့ မျက်စိကြောင့် စိတ်သွားတိုင်း ကိုယ်ကမပါနိုင်ရှာတော့ဘူးပေါ့။

ကျွန်မတို့အိမ်ခန်းလေးက ပေနှစ်ဆယ်၊ ပေငါးဆယ်လောက်သာကျယ်တဲ့ အိမ်ခန်းလေးပါ။ ဧည့်ခန်းနဲ့အတွင်းခန်းကို ငါးထပ်သားနဲ့ကာထားပြီး အတွင်းခန်းမှာ အဘိုးခုတင်နဲ့ ဖေဖေ၊ မေမေတို့ခုတင်ကိုအနည်းငယ်ခြားပြီး နေရာချထားပါတယ်။ ပြီးရင်တော့ ထမင်းဟင်းချက်တဲ့နေရာအထိ အကာမရှိ။ တစ်ဆက်တည်းရှိနေတာပါ။ မီးဖိုချောင်ဘေးကပ်လျက်မှာ အိမ်သာရှိတယ်လေ။ ဘယ်လေ့ကား၊ ဘယ်အပေါ်မှတက်စရာမလိုဘဲ အိမ်သာကိုရောက်တယ်ဆိုတာ အနှစ် ၂၀ လောက် ဒီအိမ်မှာနေခဲ့တဲ့ အဘိုးဘာများမှားစရာလိုလို့လဲ။

ဒါပေမဲ့ အခုတလော အဘိုးတစ်ယောက် အိမ်သာသွားမယ်ဆိုပြီး အိမ်ဘေးထုပ်တန်းပေါ်တွယ်တွယ်တက်နေတာအကြိမ်တိုင်းဖြစ်နေပြီမို့ တစ်အိမ်သားလုံး သူ့ကိုပဲအရိပ်တကြည့်ကြည့်နေကြရတာ အချိန်နဲ့အမျှပါပဲ။

တစ်ရက်တော့ မေမေကဈေးသွားနေချိန်၊ ဖေဖေကရုံးသွားဖို့ ဖိနပ်လေးစီးပြီး အိမ်ကထွက်မယ်ကြံကာရှိသေးတဲ့အချိန်၊ တက္ကသိုလ်နောက်ဆုံးနှစ်ကျောင်းသူ ကျွန်မလဲ ကျောင်းသွားဖို့ မေမေပြန်အလာကို ထိုင်စောင့်နေတုန်းမှာ –

"ဗုန်း . . . အား"

"ဟင် . . . ဖေဖေ၊ အဘိုးကျပြီထင်တယ်"

သားအဖနှစ်ယောက် အိမ်နောက်ဖေးကို အပြေးအလွှားသွားကြည့်မိတော့ ထပ်ခိုးပေါ်တက်တဲ့လှေကားရင်းမှာ ခွေခွေလေးလဲကျနေပြီး ခေါင်းကနေသွေးတွေစီးကျနေတာ တွေ့လိုက်ရပါတယ်။

ကျွန်မတို့သားအဖလဲ အဘိုးကိုတစ်ဖက်စီထူလို့ သွေးတွေသန့်စင်ပေးပြီး ဒဏ်ရာကိုကြည့်၊ သိပ်မနက်တာနဲ့ ဆေးထည့်ပြီး ပလတ်စတာကပ်ပေးလိုက်ကြတယ်။

"ဟင် . . . ကိုဝေ အဖေဘာဖြစ်လို့လဲ၊ မြရေ သမီးရော့၊ ဈေးခြင်းတောင်း စားပွဲပေါ်တင်ထားလိုက်စမ်း"

ဈေးကပြန်လာတဲ့မေမေက အဘိုးကိုကြည့်ပြီး အလောတကြီးမေးလိုက်တယ်။

"မပြောချင်တော့ပါဘူး အရီရာ၊ မင့်အဖေသာ မေးကြည့်ပါတော့၊ အိမ်သာသွားတာ ထပ်ခိုးလှေကားပေါ်တက်သတဲ့လေ"

စောစောတုန်းက ထူပူပြီးစိတ်ပူနေတဲ့ဖေဖေဟာ အခုမှစိတ်တိုလာပုံရပါတယ်။

"နေပါအုံးအဖေ၊ အိမ်သာသွားတာ အပေါ်တက်စရာမလိုဘူးဆိုတာ အဖေမသိတော့ဘူးလား၊ တစ်ခါလဲမဟုတ်၊ နှစ်ခါလဲမဟုတ်နဲ့၊ ကျွန်တော် နားကိုမလည်တော့ဘူး၊ အခုတော့ အနာတရဖြစ်ရပြီ၊ သတိလေးထားပါအုံးဗျာ၊ တစ်နေရာရာသွားတော့မယ်၊ ထတော့မယ်ဆို ကျွန်တော်တို့ကို လှမ်းခေါ်လိုက်ပါလို့ ပြောထားတယ်မဟုတ်လား"

"အေးပါသားရယ် အဖေလဲ အိမ်သာကိုပဲ သွားတာပါပဲ၊ ဘာကြောင့် အပေါ်တွေတက်နေမိလဲ မသိတော့ပါဘူး၊ အဖေ့ကြောင့် သားတို့အလုပ်ရှုပ်မှာစိုးလို့ မခေါ်တာပါ"

အဘိုးရဲ့တောင်းပန်တဲ့အရိပ်လွှမ်းနေတဲ့တုံ့ပြန်စကားတိုးတိုးလေး

အဆုံးမှာ မေမေက အဘိုးကိုအားပေး စကားဝင်ပြောလိုက်တယ်။

"ရတယ်အဖေ၊ အခုဘာမှ မဖြစ်တော့ဘူးနော်၊ အဖေသက်သာ သလို ငြိမ်ငြိမ်လေးနေလိုက်အုံးနော်၊ တော်ကြာ ခေါင်းတွေဘာတွေမူးနေမှာစိုးလို့"

အဲဒီနောက် မေမေက ဖေဖေ့ကိုအိမ်ရှေ့ဆွဲခေါ်သွားပြီး အဘိုးမကြားအောင်စကားကို ခပ်အုပ်အုပ် ပြောလိုက်တယ်။

"ကိုဝေကလဲကွယ်၊ အဖေက မျက်စိမမြင်တော့ သတိတွေပါ ချို့ယွင်းလာတာပေါ့၊ သူ့ခမျာ နာနေရတဲ့ကြားထဲ အရမ်းမပြောပါနဲ့တော်"

"ဩော် . . . အရီရယ်၊ ငါလဲ ဘယ်ပြောချင်ပါ့မလဲ၊ မင့်အဖေ အခုလိုအနာတရဖြစ်မှာစိုးလို့ အမြဲ သတိပေးနေတာပါကွ၊ ငါပြောမိ တယ်ဆိုတာကလဲ ကရုဏာဒေါသနဲ့မို့ပါကွာ"

"ဒါကို ကျွန်မလဲသိပါတယ် ကိုဝေရယ်၊ ရှင့်မိဘ၊ ကျွန်မမိဘ မခွဲခြားဘဲ ကျွန်မတို့နှစ်ယောက်စလုံး စိတ်တူကိုယ်တူပြုစုခဲ့ကြတာပဲဟာ၊ အခုအဖေက သတိတွေမကောင်းတော့ဘူးလေ၊ အဲဒါလေးကို နားလည်စိတ်ရှည်ပေးဖို့ပြောတာပါ"

"ငါ နားလည်ပါတယ်အရီ၊ မင်းအဖေက ထမယ်ဆို၊ သွားမယ်ဆို တစ်ယောက်ယောက်ကိုခေါ်ဖို့ ပြောတာ ဘယ်တော့မှနားမထောင်ဘူး၊ အခုတော့ ဖြစ်ပြီ၊ ကဲ – ကဲ ငါ ရုံးသွားတော့မယ်အရီ၊ ရုံးနောက်ကျနေပြီ"

စိတ်မောလူမောနဲ့ လေးကန်တဲ့ခြေလှမ်းတွေကိုသယ်ရင်း လှမ်းထွက်သွားတဲ့ ဖေဖေ့ကိုကြည့်ကာ ကျွန်မ အဘိုးကို ဒေါသထွက်မိပါတယ်။

ကျွန်မကိုယ်တိုင်လဲ ကျောင်းနောက်ကျရပြီလေ။ မေဂျာချိန် တစ်ချိန် လွတ်မှာသေချာနေပြီမို့ ဒေါသစိတ်တစ်ချက်ထွက်မိလိုက်ပါတယ်။

"ဟုတ်ပါ့၊ အဘိုးကလဲ ဘယ်လောက်ပြောပြော နားမထောင်ဘူး၊ တစ်အိမ်လုံး အကောင်းမနေရဘူး၊ အကုန်လုံး အလုပ်ပျက်၊ အကိုင်ပျက်နဲ့"

အဘိုးဟာ အဲဒီနေ့ကစပြီး အိပ်ရာပေါ်က မထတော့ပါဘူး။ မေးရင်ထူးပြီး ကျွေးရင်စားပါတယ်။ နေကောင်းလားမေးရင် 'ငါနေကောင်းပါတယ်'တဲ့။

မေမေကစိတ်ပူလို့ ဆေးခန်းခေါ်သွားပြီး ဆေးစစ်ကြည့်ပေမဲ့လဲ ကြီးကြီးမားမား ဘာရောဂါ၊ ဘာဒဏ်ရာမှမရှိပါဘူး။

တကယ်တော့ အဘိုးဟာ သူ့စိတ်ကို တုံးတုံးချပစ်လိုက်တယ် ထင်ပါတယ်။ ဒါပေမဲ့ ကျွန်မတို့ တစ်ယောက်မှ အဘိုးရင်ထဲကို ယောင်လို့တောင်ဝင်ပြီး မြင်အောင် မကြည့်ခဲ့မိကြပါဘူး။

နေရာလေးမှာပဲ ငြိမ်ငြိမ်နေစေချင်တဲ့ ကျွန်မတို့မိသားစုတွေ အားလုံးဟာ အဘိုးရဲ့အညစ်အကြေး ဒုက္ခတွေကို သည်းခံလုပ်ပေးကြရပါတယ်။

ဒီလိုနဲ့ပဲ အဘိုးဟာ ၃ လ လောက်အတွင်းမှာပဲ သူ့မိသားစုကိုရော၊ လောကကြီးကိုရော ကျောခိုင်းထွက်ခွာသွားခဲ့ပါတော့တယ်။

ငယ်ရွယ်သူကျွန်မအဖို့ အဘိုးဆုံးသွားတာကို သိပ်မခံစားမိတဲ့ အပြင် အဘိုးကယိုကထတွေမခံရ တော့ဘူးဆိုပြီး ရင်ထဲပေါ့သွားတယ်လို့တောင်ထင်မိပါသေးတယ်။ အဲဒီ အချိန်တုန်းက အဘိုးရဲ့ဘဝနေဝင်ချိန်လေးကို ပျို့ရွယ်နေဆဲ ကျွန်မ မြင်အောင်မကြည့်တတ်ခဲ့တာ အမှန်ပါပဲ။

(၂)

နှစ်တွေညောင်းလို့ ရာသီတွေလဲ အလီလီပြောင်းခဲ့ပြီ။ အိမ်ဟောင်းလေးကိုပစ်လို့ နေရာသစ်၊ အိမ်သစ်မှာ ကျွန်မတို့အခြေချနေထိုင်လာခဲ့ကြတာတောင် အနှစ် သုံးဆယ်နားကပ်လာခဲ့ပြီပေါ့။

"မြ . . . မေမေ ဈေးသွားလိုက်အုံးမယ်"

အိမ်ရှေ့ခြံဝင်းလေးကိုတံမြက်စည်းလှည်းနေတဲ့ ကျွန်မနားကပ်ပြီး မေမေပြောသွားတော့ ကျွန်မအသာ ခေါင်းညိတ်ပြလိုက်တယ်။ အသက် ၇၅ နှစ်ရှိနေပေမဲ့ သွက်လက်နေဆဲ မေမေ့ကို နောက်ကနေရပ်ကြည့်နေမိပါတယ်။

'ငါ့အမေ သတိလဲကောင်း၊ ကျန်းမာရေးလဲ ကောင်းနေတာ

တော်ပါသေးရဲ့'လို့ အတွေးနဲ့အတူ တံမြက်စည်းလေးကို ခြစ်စည်းရိုးနား အသာထောင်ပြီး အိမ်ထဲဝင်မယ် အလုပ်မှာ အိမ်တံခါးကြီးကို သော့ တန့်လန်းနဲ့တွေ့လိုက်တယ်။

'ဟင် . . . အိမ်တံခါးကို ဘယ်သူသော့ခတ်လိုက်တာလဲမသိဘူး၊ ကလေးတွေလဲ အကုန်ရုံးသွား၊ ကျောင်းသွားကြတာ ဘယ်သူမှမရှိပါဘူး'

"ဖေဖေ . . . ဖေဖေ တံခါးဖွင့်ပါအုံး"

အထဲမှာ ချောက်ချောက်၊ ချောက်ချောက်နဲ့တစ်ခုခုလုပ်နေတဲ့ အသံကိုကြားနေရပေမဲ့ အိမ်တံခါးကတော့ ပွင့်မလာပါဘူး။

ဖေဖေ့အကြောင်းသိနေတဲ့ ကျွန်မ တံခါးဆက်မခေါက်တော့ဘဲ အိမ်ရှေ့ကအုတ်ခုံလေးမှာပဲထိုင်နေရင်း မေတ္တာသုတ်ရွတ်နေလိုက်တော့တယ်။

ဖေဖေက သူ့သေတ္တာနီနီကြီးကိုဖွင့်တိုင်း မေမေအပါအဝင် ကျွန်မတို့အားလုံး အနားမှာမရှိစေချင်တာမို့ သူ့အခန်းတံခါးကိုချက်ချပြီးမှ ဖွင့်လေ့ရှိတယ်။ သူပိုင်သမျှ အဲဒီသေတ္တာထဲမှာ ထည့်ထားတာကိုး။ အခုတော့ ကျွန်မကို အိမ်တံခါးပါ သော့ခတ်ထားလေရဲ့။

"ဩော် . . . ဖေဖေ ဖေဖေ၊ အသက်ကြီးမှ အစွဲအလမ်းတွေ ပိုကြီးလာပါလား၊ ဖေဖေက မေမေ့ထက် ၅ နှစ်ကြီးတာဆိုတော့ ၈၀ ရှိပြီလေ၊ ဒါကြောင့် စိတ်တွေ



အချိန်က
ညဥ့်နက်သန်းခေါင်ကျော်
၁၂ နာရီခွဲလောက်ရှိပြီ။
မေမေ့အော်သံကြောင့်
အိပ်မောကျနေတဲ့ ကျွန်မ
လန့်နိုးသွားရတယ်။

ကမောက်ကမဖြစ်လာတာနေမှာပေါ့"

ကျွန်မတောင် ဒုတိယအရွယ်ကုန်ခါနီးအချိန်ကိုရောက်နေပြီပဲဟာ။ အချိန်တွေက အကုန်မြန်လိုက်တာလို့တွေးမိတယ်။

(၃)

"ကိုဝေ ကိုဝေ၊ ရှင်ဘာတွေလုပ်နေတာလဲ"

အချိန်က ညဥ့်နက်သန်းခေါင်ကျော် ၁၂ နာရီခွဲလောက်ရှိပြီ။ မေမေ့အော်သံကြောင့် အိပ်မောကျနေတဲ့ ကျွန်မ လန့်နိုးသွားပါတယ်။

"ဟင် . . . ကိုဝေ၊ တစ်အိမ်လုံးလဲ မီးတွေဖွင့်ထားလိုက်တာ၊ ဘာတွေလုပ်နေလဲလို့"

နောက်ဆက်တွဲထွက်ပေါ်လာတဲ့မေမေ့အသံကြောင့် မနေသာတော့ဘဲ အခန်းတံခါးဖွင့်ထွက်ရင်း –

"ဖေဖေက ဘယ်မှာလဲမေမေ"

"ထုံးစံအတိုင်း နောက်ဖေးမှာပေါ့အေ"

သားအမိနှစ်ယောက် အတူတူ နောက်ဖေးခန်းကူးသွားတော့ မီးဖိုချောင်ထဲမှာ မျက်နှာကြက်ကို ငူငူကြီးငေးကြည့်နေတဲ့ဖေဖေ့ကို တွေ့လိုက်ရပါတယ်။

"ဖေဖေ . . . ဘာဖြစ်လို့လဲဟင်၊ ဘာတွေ့လို့လဲ"

"ဟိုမှာလေသမီးရဲ့၊ လူတွေမှအများကြီးပဲ ချည်သည်တွေနဲ့တူတယ်"

ကျွန်မနဲ့မေမေ တစ်ယောက်မျက်နှာတစ်ယောက်အဓိပ္ပာယ်ပါတဲ့မျက်လုံးတွေနဲ့ ပြိုင်တူကြည့်မိကြတယ်။

"ဘာမှမရှိဘူးလေဖေဖေရဲ့၊ ဒါ နောက်ဖေးမီးဖိုချောင်လေ၊ ဟိုမှာကြည့် . . . မီးပလတ်ခုံတွေ၊ အိုးတွေ၊ ပန်းကန်စင်တွေတွေ့လား"

ဖေဖေ့ကိုဆူဖို့ ပါးစပ်ပြင်နေတဲ့မေမေ့ကို ကျွန်မအသာခေါင်းယမ်းပြလိုက်တယ်။

"လာ လာ ပြန်အိပ်ရအောင်နော်ဖေဖေ"

ကျွန်မ ဖေဖေ့လက်လေးဆွဲခေါ်လိုက်တယ်။ အဲဒီတော့မှ 'အင်း' ခနဲ သက်ပြင်းရှည်ချပြီး အသာလေးလိုက်ခဲ့တော့တာ ကလေးလေးအတိုင်းပါပဲ။ အသက် ၈၀ ထဲကိုဝင်လာပြီဖြစ်တဲ့ဖေဖေဟာ နေ့ခင်းပိုင်းတွေဆို အကောင်းပကတိဖြစ်နေတတ်ပြီး ညအိပ်ချိန်တွေတိုင်း ထထယောင်တတ်လာလို့ အခုဆို အမြဲသတိထားပြီးနေကြရပါတယ်။

ဖေဖေအိပ်ရာမှထပြီး မီးဖွင့်သံကြားတိုင်း နိုးတဲ့သူကနောက်ကနေအသာလိုက်ကြည့်ပြီး သူပြန်အိပ်မှ လိုက်ကြည့်တဲ့သူလဲပြန်အိပ်ကြရပါတယ်။ တစ်ညမှာတော့ ညနာရီပြန် ၂ ချက်တီးပဲရှိသေးတယ်ထပြီး အိမ်တံခါးတွေ ဖွင့်၊ ခြံတံခါးတွေဖွင့်ပြီးထွက်မယ်လုပ်တာ။ ကျွန်မတို့လဲ အိပ်မောကျနေလို့ မနိုးကြဘူးပေါ့။ အိမ်အပေါ်ထပ်အရှေ့ခန်းမှာအိပ်တဲ့ကျွန်မသားကြီးက တံခါးဖွင့်သံကြားလို့ ပြတင်းပေါက်ကနေထကြည့်တော့ သူ့အဘိုးကိုတွေ့လိုက်တယ်။ ဒါနဲ့ အိမ်ပေါ်ကနေ တဒုန်းဒုန်းနဲ့ပြေးဆင်းလာပြီး –

"မေမေ မေမေ၊ အဘိုး . . . အဘိုး"

"ဟဲ့ . . . ဟဲ့ ဘာဖြစ်လို့တုံး"

ကျွန်မသားရဲ့အော်ရင်းပြေးဆင်းသွားတဲ့အသံ၊ ကျွန်မမေမေရဲ့အော်သံတွေနဲ့ မရှေးမနှောင်းမှာပဲ ကျွန်မတို့တစ်အိမ်သားလုံး အိမ်ရှေ့ရောက်သွားကြပါတယ်။ သူ့အဘိုးကိုတွဲခေါ်ရင်းပြန်ဝင်လာတဲ့ ကျွန်မသားကြီးက –

"အဘိုးလေ ခြံအပြင်ထွက်သွားလို့"

"ကိုဝေ – ဒီအချိန်ကြီး ဘာကြောင့် ခြံပြင်ထွက်ချင်တာတုံးဟင်၊ ရှင်သေချင်လို့လား၊ တစ်ယောက်ယောက်က ရှင့်ရိုက်သွားရင် မခက်လားတော်၊ မသမာသူတွေအိမ်ထဲဝင်လာမှဖြင့် အကုန်မသာပေါ်ကုန်တော့မယ်၊ ရှင်အခုတလော တော်တော်မွေတယ်နော်၊ တစ်အိမ်လုံး အိပ်ကောင်းခြင်းကို မအိပ်ရဘူး၊ သတိလေးဘာလေးထားစမ်းပါအုံး ကိုဝေရဲ့"

မေမေ့ရဲ့တရစပ်အပြစ်တင်တဲ့စကားအဆုံးမှာ အံ့သြတဲ့မျက်နှာလေးနဲ့ မေမေ့ကိုလှမ်းကြည့်တဲ့ ဖေဖေ့မျက်ဝန်းတွေဟာ တဖြည်းဖြည်းညှိုးငယ်ရိပ်သန်းလို့ ဝေဝါးသွားပါလား။

"ငါ ဘုန်းကြီးဆွမ်းတန်းလောင်းမလို့ပါအရီရယ်"

"ဒီနေ့က အင်္ဂါနေ့လေဖေဖေ၊ မနက်ဖြန်မနက်မှ ဆွမ်းထလောင်းရမှာ၊ ဖေဖေနဲ့တူတူ မေမေပါလောင်းနေကျပဲဟာ၊ မနက်ဖြန်မှ တူတူထနော်၊ အခုတော့ အိပ်ရေးဝအောင်ပြန်အိပ်လိုက်ပါ၊ ဒါမှ အားရှိပြီး မနက်ဖြန်မနက် စောစောထပြီး ဆွမ်းထလောင်းနိုင်မှာ"

ဖေဖေ့မျက်ဝန်းစကားကို ဖတ်မိတဲ့ခဏ ဖေဖေ အားငယ်သွားမှာစိုးလို့ ကျွန်မ ကမန်းကတန်းဝင်ပြောလိုက်မိပါတယ်။ ကျွန်မတို့ကို ဘာမှပြန်မပြောတော့ဘဲ ဖေဖေတစ်ယောက် အိပ်ရာထဲပြန်ဝင်သွားပါတော့တယ်။ ပွစိပွစိလုပ်နေတဲ့ မေမေ့ကို ခပ်တိုးတိုးသတိပေးရင်း ကျွန်မတို့လဲ ကိုယ့်အိပ်ရာကို ကိုယ်စီဝင်ခဲ့ကြတယ်။

ဒါပေမဲ့ ကျွန်မ ပြန်အိပ်ပျော်မှာမဟုတ်ဘူးဆိုတာတော့ ကိုယ့်ကိုယ်ကိုယ်သိနေခဲ့တယ်လေ။

(၄)

အိပ်ရာပေါ်လှဲအိပ်လိုက်တဲ့တိုင် မျက်လုံးများက ပိတ်လို့မရသေးပါဘူး။ ဖေဖေတို့ဘက်အခန်းကို အသာနားစွင့်မိတော့ တစ်ခဏချင်း အိပ်ပျော်သွားကြတဲ့ ဖေဖေနဲ့မေမေတို့ရဲ့ သံပြိုင်ဟောက်သံခပ်သဲ့သဲ့ကို ကြားနေရပါတယ်။

"ဩော် . . . ဖေဖေရယ်၊ ညတိုင်းညတိုင်း အခုလိုပဲ စိတ်ချလက်ချအိပ်ပျော်ပါတော့လား၊ အဲဒါဆိုရင် ဖေဖေ့ရဲ့ဟောက်သံကျယ်ကျယ်ဟာ သမီးမြအတွက်တော့ ချိုမြလှတဲ့ဂီတသံဖြစ်လို့နေမှာပါ ဖေဖေ"

ကျွန်မ လေးစားရသော၊ သိပ်ချစ်ရသောဖေဖေ။ ဟိုးအတိတ်က သန်မာခဲ့တဲ့ဖေဖေ။ မိသားစုအတွက် အားတွေဖြစ်ခဲ့တဲ့ဖေဖေ။ သတိတွေကောင်းပြီး အရာရှိကြီးဖြစ်ခဲ့တဲ့ဖေဖေ။ အခုတော့ မစွမ်းနိုင်တဲ့အရွယ်ကို ရောက်ခဲ့ပြီပေါ့။ ဖေဖေ့ရဲ့အတိတ်ဆီ စိတ်ရောက်သွားပြန်တော့ အဘိုးရဲ့အရိပ်က ကျွန်မမှတ်ဉာဏ်ပုံရိပ်ထဲမှာ ဖျတ်ခနဲ ပေါ်လာပြန်ပါရော။

"ဟင်"

ကျွန်မရုတ်တရက် ငုတ်တုတ်ထထိုင်လိုက်မိတယ်။ အဘိုး . . . အဘိုးလဲ ဒီလိုဖြစ်ခဲ့တာပဲ။ အဘိုးလဲ သတိတွေလွတ်ခဲ့တာပဲ။ အဲဒီတုန်းက ဖေဖေက သတိမရှိရကောင်းလားဆိုပြီး ကရုဏာဒေါသနဲ့ မြည်တွန်တောက်တီးခဲ့တယ်။ အခုတော့ ဖေဖေ့အလှည့် ရောက်လို့လာပါရောလား။ ဖေဖေသတိလွတ်သွားတိုင်း သတိကောင်းနေဆဲ၊ သန်မာနေဆဲ မေမေ့ရဲ့မြည်တွန်တောက်တီးခြင်းတွေခံနေရပါလား။ ကျွန်မတို့ရဲ့ ကရုဏာဒေါသနဲ့ပြောတဲ့အပြောတွေ တစ်ခါတစ်ခါခံနေရပါလား။

နံဘေးမှာအိပ်နေတဲ့ ကျွန်မခင်ပွန်းက ကျွန်မလက်ကိုဆွဲဖိချရင်း "အိပ်တော့၊ မိန်းမအိပ်တော့" လို့ပြောတာနဲ့ ကျွန်မပြန်လှဲချလိုက်ပါတယ်။ ဒါပေမဲ့ လေးနက်လာတဲ့အတွေးတွေက ကျွန်မရဲ့အိပ်ချင်နေတဲ့စိတ်ကို တွန်းလှန်နေတုန်းပါပဲ။ တကယ်တော့ မေမေဟာ ဖေဖေ့အပေါ်သိပ်ချစ်တာပါ။ ဖေဖေ့အပေါ် အရိပ်တကြည့်ကြည့်နဲ့ကြည့်ခဲ့တဲ့မေမေ၊ ဘာကြောင့်များ စိတ်မရှည်၊ လက်မရှည်ဖြစ်နေရတာလဲ။ အသက်တွေကြီးလာလို့ စိတ်ဆတ်နေတာဖြစ်မှာပါ။

ကျွန်မတို့ပြောလိုက်တိုင်း မျက်နှာလေးညိုးသွားတဲ့ဖေဖေ့ကို သနားလိုက်တာ။ နောက်ဆို မပြောမိအောင် သတိထားရတော့မယ်။ အဘိုးချော်လဲတဲ့နေ့က ကျွန်မတို့တွေဝိုင်းပြောတာကို ငြိမ်သက်စွာခံယူရင်း နောက်ဆုံးထွက်သက်တိုင် အဘိုးတစ်ယောက် တိတ်ဆိတ်ငြိမ်သက်သွားတော့တာ။ ကျွန်မဖေဖေသာဆိုရင်ရော။ အို . . . မဖြစ်စေရဘူး။ မဖြစ်စေရဘူး။

"ဟင့် . . . ဟင့် . . . ဟင့်"

ကျွန်မရဲ့တိုးတိုးငိုရှိုက်သံကြောင့် ကျွန်မရဲ့ခင်ပွန်းက မျက်လုံးလေးဖွင့်ကြည့်ပြီး ကျွန်မပခုံးကို အသာပုတ်လို့ အားပေးရှာတယ်။ ကျွန်မအတွေးတွေကို သူသိပုံရတယ်ထင်ပါရဲ့။

ကျွန်မအဘိုးရဲ့ ဘဝနေဝင်ချိန်အလှည့်တုန်းကတော့ ကျွန်မသက်သောင့်သက်သာကြည့်နေခဲ့ပေမဲ့ ကျွန်မဖေဖေအလှည့်ရောက်လာတော့ ဖေဖေ့ကိုချစ်တဲ့ကျွန်မ မခံစားနိုင်တော့ပါလား။

ဒါဆို ကျွန်မဆင်ခြင်ရမှာပေါ့နော်။ ဖေဖေ့ရဲ့နေညိုချိန်တွေကို လှပအောင် ဖန်တီးပေးရမှာပေါ့။ နွေးထွေးအောင်ကြိုးစားပေးရတော့မှာပေါ့။ လူတစ်ယောက်ရဲ့ဘဝနေဝင်ချိန်ဟာ လောကရဲ့နေဝင်ချိန်ဆည်းဆာအလှလိုပဲ နွေးထွေးနေရမယ်။ အေးချမ်းနေရမယ်။ ဒါဟာ ကျွန်မတို့မိသားစုတိုင်းမှာရှိသင့်တဲ့ မေတ္တာ၊ စေတနာနဲ့ယှဉ်တဲ့ တာဝန်သိတတ်မှုဆိုတာ ကျွန်မကိုယ်တိုင် စံနမူနာပြလို့ ကျွန်မသားသမီးတွေကိုလဲ မြင်အောင်ပြပေးရမှာပေါ့။

ဒါမှသာ ကျွန်မအလှည့်ရောက်လာတဲ့အခါ . . .။

အို . . . ကျွန်မရဲ့အတွေးတွေက အရှိန်တွေလွန်ကုန်ပါရောလား။ ကျွန်မအလှည့်ရောက်ခဲ့ရင်၊ အဲဒီလိုသတိတွေလွတ်ခဲ့ရင်ဆိုပြီးတော့ပါ တွေးပူနေတာပါလား။

ဒါဆို . . . ဒါဆို ကျွန်မကျတဲ့မျက်ရည်တွေဟာ ကျွန်မဖေဖေအတွက်သာ ကျတဲ့မျက်ရည်စစ်စစ်ဖြစ်နိုင်ပါ့မလား။ ကိုယ့်ကိုယ်ကိုယ်ပြန်သုံးသပ်မိတော့ အနာဂတ်ကိုကြိုတွေး၊ ကိုယ်မသိနိုင်တဲ့အခြေအနေကိုပါဆွဲယူရင်း ပူလောင်နေမိတဲ့ကျွန်မ အချိန်တွေကိုရပ်တန့်စေချင်မိခဲ့တာအမှန်ပါ။

အဲဒီအချိန် ဆည်းဆာအိုချိန်ကိုဆွဲဖက်ထားချင်မိတဲ့အခိုက် ကျွန်မပါးပြင်ပေါ်မှာ မျက်ရည်တွေကို စို့ရွှဲလို့။

အတ္တရဲ့အခြားတစ်ဖက်က အနတ္တကြီးက ကျွန်မကိုလှမ်းကြည့်နေလိုက်တာများ မျက်နှာကြီးကိုပြုံးလို့ . . . ။ ။

**မယ်ခ(ရွှေဂုံသူ)**



# ၂၀၁၂ ခုနှစ်၊ တေဇရုပ်စုံစာစောင်
# စာစီစာကုံးပြိုင်ပွဲအတွက်
# လအလိုက် ယှဉ်ပြိုင်ရမည့်ခေါင်းစဉ်များ



| စဉ် | လအမည် | ခေါင်းစဉ် | နောက်ဆုံးပေးပို့ရမည့် ရက်၊ အချိန် |
|---|---|---|---|
| ၁ | ဇန်နဝါရီလ | လွတ်လပ်ခြင်း၏တန်ဖိုး | ၃၁-၁၀-၂၀၂၀၊ ၁၆း၀၀ နာရီ |
| ၂ | ဖေဖော်ဝါရီလ | ချစ်ခင်ပေါင်းစု ပြည်ထောင်စု | ၃၀-၁၁-၂၀၂၀၊ ၁၆း၀၀ နာရီ |
| ၃ | မတ်လ | ကျောင်းသားနှင့် ပြည်သူ့နီတိ | ၃၁-၁၂-၂၀၂၀၊ ၁၆း၀၀ နာရီ |
| ၄ | ဧပြီလ | မင်္ဂလာရှိသော သင်္ကြန် | ၃၁-၁-၂၀၂၁၊ ၁၆း၀၀ နာရီ |
| ၅ | မေလ | အဖေ့နှလုံးသားထဲကအမေ | ၂၈-၂-၂၀၂၁၊ ၁၆း၀၀ နာရီ |
| ၆ | ဇွန်လ | ဖတ်ဖူးသောဂျာနယ်များ | ၃၁-၃-၂၀၂၁၊ ၁၆း၀၀ နာရီ |
| ၇ | ဇူလိုင်လ | မမေ့နိုင်သောမြင်ကွင်းတစ်ခု | ၃၀-၄-၂၀၂၁၊ ၁၆း၀၀ နာရီ |
| ၈ | ဩဂုတ်လ | လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် | ၃၁-၅-၂၀၂၁၊ ၁၆း၀၀ နာရီ |
| ၉ | စက်တင်ဘာလ | လူသားနှင့် သဘာဝဘေးအန္တရာယ် | ၃၀-၆-၂၀၂၁၊ ၁၆း၀၀ နာရီ |
| ၁၀ | အောက်တိုဘာလ | ပညာဝေတ်မှာ ပညာရှာ | ၃၁-၇-၂၀၂၁၊ ၁၆း၀၀ နာရီ |
| ၁၁ | နိုဝင်ဘာလ | တေဇထဲက ဗဟုသုတ | ၃၁-၈-၂၀၂၁၊ ၁၆း၀၀ နာရီ |
| ၁၂ | ဒီဇင်ဘာလ | လူငယ်နှင့် အားကစား | ၃၀-၉-၂၀၂၁၊ ၁၆း၀၀ နာရီ |

ပြိုင်ပွဲဝင်စာစီစာကုံးများအား အောက်ပါလိပ်စာအတိုင်း ပေးပို့ရပါမည်-

သို့
မြဝတီစာပေတိုက်(ရုံးခွဲ)
အမှတ်(၁၈၁)၊ (၃၂)လမ်း
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၃၂၄၉၈၇၁၄


သို့
တာဝန်ခံစာတည်း(တေဇရုပ်စုံ)
မြဝတီစာပေတိုက်
(၁၅)ရပ်ကွက်၊ ဘောက်ထော်၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း ၀၉-၃၀၃၆၇၅၆၂။ ၀၉-၄၀၃၂၅၈၄၅၁

"သားက ဒီလငါးသိန်းပဲ ပို့နိုင်မယ်တဲ့၊ ဖုန်းအသစ်ဝယ်လိုက်တယ်လို့ပြောတယ်၊ ခါတိုင်းဆို ဆယ့်ငါးသိန်းနီးပါးပို့တာလေ၊ ဘာဖြစ်ဖြစ်ပေါ့နေ့ရယ်၊ ငါးသိန်းဆိုလဲ မဆိုးပါဘူး၊ ရွာမှာနေရင် တစ်နှစ်လုံးနေမှ ငါးသိန်းစုမိတာမှမဟုတ်တာ"

မြခင်စကားပြောလိုက်တိုင်း လေယူလေသိမ်းနှင့်အတူ စိန်နားကပ်အရောင်သည်လည်း တဖျပ်ဖျပ် လျှပ်ခတ်သွားလေသည်။ လက်ဟန်ခြေဟန်လေးများကြောင့် အခေါက်ရွှေလက်ကောက်အကွင်းကြီးများနှင့် လည်ပင်းတွင်ဆွဲထားသော ရွှေဆွဲကြိုးမှ စိန်လော့ကက်၏အရောင်တို့သည် ပြိုးပြိုးပြက်ပြက်မျှ လင်းခနဲ၊ ကျင်းခနဲဖြစ်သွားကြသည်။ စကားပြောရင်း ယပ်တောင်ကို တဖျပ်ဖျပ်ခတ်လိုက်ရာ စိန်လက်စွပ်တို့သည်လည်း အငြိမ်မနေရပါချေ။

"သူပို့ထားတဲ့ပိုက်ဆံတွေထဲက သူ့အတွက် ခြံလေးတစ်ခြံဝယ်ပေးထားတယ်၊ ငွေတိုးချေးတာက စိတ်မချရဘူးလေ၊ အခုအိမ်အသစ်ဆောက်ဖို့အတွက် ပြင်ဆင်နေရတယ်နေ့ရေ၊ အိမ်ကတော့ မဆောက်လို့မဖြစ်ဘူး၊ နောက်နှစ် အငယ်ကောင် ရဟန်းခံဖို့အတွက် အိမ်က နှစ်ထပ်တိုက်နဲ့ ချောင်ချောင်ချိချိ ဖြစ်နေမှရမယ်၊ ရဟန်းခံဖို့အတွက်တော့ သိန်းတစ်ရာလောက်မှန်းထားတာပဲခင်မေရယ်၊ အင်း ပိုက်ဆံတွေကလဲ အဝင်လမ်းကြောင်း ကျယ်





တော့ အထွက်လမ်းကြောင်းလဲ ကျယ်တယ်ပေါ့မမတင်၊ ဘယ်တတ်နိုင်ပါ့မလဲလေ၊ မဟုတ်ဘူးလား၊ ဟင်း ဟင်း"

မြခင်သည် စကားပြောရင်း အနားတွင်ဝိုင်းထိုင်ကာ သူ့စကားကို စိတ်ဝင်တစားနားထောင်နေကြသောသူငယ်ချင်းများ၏ နာမည်တွေကို တစ်ယောက်တစ်လှည့်ဆီခေါ်၍ သူ့သားပို့လိုက်သောငွေကြေးတွေကို မည်သို့မည်ပုံစီမံခန့်ခွဲကြောင်း ရှင်းပြနေလေသည်။

နုနှင့်မြခင်သည် ငယ်ငယ်က တစ်ရွာတည်းနေ ကျောင်းနေဖက်သူငယ်ချင်းများဖြစ်သော်လည်း မြခင်က အခြားရွာသားနှင့် အိမ်ထောင်ကျသဖြင့် သျှောင်နောက်ဆံထုံးပါကာ သူ့ယောက်ျားရွာတွင်ပင် အခြေချလေသည်။

နုသည် တစ်ရွာတည်းသား ကိုခင်မောင်နှင့်အိမ်ထောင်ကျသဖြင့် ဘယ်မှရွှေ့ပြောင်းစရာမလိုဘဲ မိမိရွာမှာ နေမြဲအတိုင်းသာလုပ်ကိုင်စားသောက်လေသည်။ နုတို့မဆုံဖြစ်သည်ပင် အတော်ကြာပြီ။ ယခုသူငယ်ချင်းတစ်ဦး၏ ဆွမ်းကျွေးအိမ်တွင်ပြန်ဆုံသဖြင့် ငယ်သူငယ်ချင်းများအချင်းချင်းစုကာ စကားဝိုင်းဖွဲ့ပြောနေကြခြင်းဖြစ်သည်။

"သားက ဘာအလုပ်လုပ်နေလို့လဲ"

"သားက မလေးရှားမှာ ကားဆေးမှုတ်တဲ့အလုပ်လုပ်တာလေ၊ အငယ်ကောင်ကိုလဲ ရဟန်းခံပြီးရင်သူ့အစ်ကိုဆီပဲ ပို့လိုက်တော့မယ်၊ ရွာမှာက ပိုက်ဆံမစုမိဘူးလေ၊ နုရေ နင့်ကိုမတွေ့ရတာကြာတော့ ပိန်သွားသလိုပဲဟ၊ နေကောင်းရဲ့လား၊ နင့်ကလေးတွေကော ဘာလုပ်နေကြလဲ"

စကားလမ်းကြောင်းက နုဆီပြောင်းလာသဖြင့် နုထံသို့မျက်လုံးများစုပြုရောက်ရှိလာကြလေသည်။ မြခင်၏အမေးကြောင့် နုအနည်းငယ်ကြောင် အမ်းအမ်းဖြစ်သွားကာ –

"ငါနေကောင်းပါတယ်၊ သမီးကြီးက မူလတန်းပြဆရာမလေ၊ သားငယ်ကတော့ ဒီနှစ် ဆယ်တန်း"

"ဟုတ်တယ်၊ အခုခေတ်ကလေးတွေ ကျောင်းထားရတာ တကယ်မသက်သာဘူး၊ ဘွဲ့ရပြီးတော့လဲ အလုပ်ရဖို့က မသေချာ၊ ရတဲ့အလုပ်ကလဲ သူတို့အဝတ်အစားဖိုးတောင် မလောက်မငနဲ့၊ တော်သေးတယ်၊ ငါ့သားတွေ ရှစ်တန်းနဲ့ နှစ်ယောက်စလုံး ကျောင်းထွက်လိုက်ကြလို့"

**စကားလမ်းကြောင်းက**
**နုဆီပြောင်းလာသဖြင့်**
**နုထံသို့မျက်လုံးများ**
**စုပြုရောက်ရှိလာကြလေသည်။**
**မြခင်၏အမေးကြောင့်**
**နုအနည်းငယ်**
**ကြောင်အမ်းအမ်းဖြစ်သွားကာ ...**

လက်ဝတ်ရတနာဆိုလို့ နားမှာပန်ထားသည့်ကျောက်ဖြူနားကပ်တစ်ရန်နှင့် ရွှေလက်စွပ်တစ်ကွင်းသေးသေးလေးပဲရှိသည့် နုကို ကျန်သူငယ်ချင်းများက သနားကရုဏာကြည့်ဖြင့်ကြည့်မိကြသည်။ လူကပိန်ရသည့်ကြားထဲမှာ ပါတိတ်ထဘီနှင့် ရိုးလွန်းသောအဝတ်အစားများကြောင့် နုတစ်ယောက် ပိုပြီးသနားစရာကောင်းသယောင်ရှိနေတော့သည်။

"အင်း . . . ဒီခေတ်မှာကလေးတွေရဲ့ကျောင်းစရိတ်ကလဲတယ်ထောင်းတာကိုး"ဟု မမတင်က မှတ်ချက်ချလေသည်။

နုသည် မမတင်၏မှတ်ချက်ကြောင့် အသက်ရှူမဝသလိုဖြစ်သွားကာ သက်ပြင်းတစ်ချက်နိုးရှိုက်မိသည်။ စိန်ရောင်၊ ရွှေရောင်တပြောင်ပြောင်ဖြင့် ဖျိုးဖျိုးဖျပ်ဖျပ်အရောင်ထွက်နေသော မြခင်၏ဝဝဖိုင့်ဖိုင့်ခန္ဓာကိုယ်ကိုလည်း အားကျသောစိတ်ဖြင့်ငေးကြည့်ရင်း အိမ်ကလူများ၏ မျက်နှာတို့ကိုပြေးမြင်မိ၏။

နုတို့မိသားစုသည် သုံးဧကကျယ်သည့်ကွမ်းသီးခြံတစ်ခြံပိုင်ပြီး နု၏ယောက်ျား ကိုခင်မောင်သည် ရိုးသားကာ အသောက်အစားကင်းသော်လည်း ထိုခြံအလုပ်ကလွဲလျှင် မည်သည့် အပြင်စီးပွားရေးမှမလုပ်တတ်ချေ။ နုသည်လည်း စီးပွားမရှာ

တတ်သဖြင့် ထိုခြံမှရသည့်ဝင်ငွေနှင့်ပင် မိသားစုရပ်တည်ရလေသည်။ ထိုဝင်ငွေဖြင့် သမီးနှင့်သားကို ကျောင်းထားသည်။ သမီးနှင့်သားတို့သည် တခြားကလေးများလိုပိုက်ဆံကိုများများသုံးစွဲခွင့် မရကြပေ။ လိုအပ်သည့်ကျောင်းစရိတ်နှင့်မုန့်ဖိုးအနည်းအကျဉ်းသာသုံးကြလေသည်။ ယခု သမီးအလုပ်ရသွား၍ နတွင် နည်းနည်းဝန်ပေါ့သလိုတော့ဖြစ်သွားသည်။

နတို့သည် အိမ်ကြီးအိမ်ကောင်းမဆောက်နိုင်သော်လည်း တစ်ထပ်ပျဉ်ထောင်အိမ်လေးနှင့် ခြံဝင်းလေးသည် သန့်ရှင်းသပ်ရပ်ပြီး နေချင်စဖွယ်ဖြစ်သည်။ အဝတ်အစားအသုံးအဆောင်များသည် အဖိုးထိုက်အဖိုးတန်မဟုတ်ကြသော်လည်း သန့်ရှင်းသပ်ရပ်ကြလေသည်။ ရွှေထည်ငွေထည်များမဝယ်နိုင်သော်လည်း ကြွေးမြီကင်းသည်။ ဝင်ငွေနည်းသလောက် ထွက်ငွေလည်း နည်းလေသည်မဟုတ်ပါလား။

"အင်း – အဝင်လမ်းကြောင်းက ကျဉ်းသလောက် အထွက်လမ်းကြောင်းလဲ ကျဉ်းလေသမို့ တော်ပါသေးရဲ့"ဟု န ကိုယ့်တရားနှင့်ကိုယ် ဖြေလေသည်။

"မလေးရှားမှာ အလုပ်သွားလုပ်ကြတဲ့ သူတွေတော်တော်များများ မူးယစ်ဆေးသုံးကြတယ်လို့ သတင်းကြားတယ်၊ ကိုယ့်သားကိုလဲ သတိပေးလိုက်အုံးနော်"

"သားဆီကို ဖုန်းဆက်တိုင်း

**ပစ္စည်းဥစ္စာသည်**
**တိုးပွားလာသည်လည်း မရှိသလို**
**ဆုတ်ယုတ်သွားသည်လည်း မရှိ။**
**နာရီလက်တံလည်သလိုသာ**
**ပုံမှန်အတိုင်း လည်ပတ်လျက်ရှိသည်။**
**အိုစာမင်းစာအတွက်**
**ခြစ်ခြုတ်စုထားသည့် . . .**

သတိပေးပါတယ်၊ ဘယ်တတ်နိုင်ပါ့မလဲမမတင်၊ ရွာမှာနေတဲ့ တချို့ကလေးတွေလဲ သုံးကြတာပဲမဟုတ်လား၊ ဒီခေတ်က ပိုက်ဆံမရှိရင် ဘာမှလုပ်လို့မရဘူးလေ၊ ပိုက်ဆံကလဲ ဟိုမှာပဲရှာရလွယ်နေတော့ ကံတရားပဲပေါ့မမတင်ရယ်"

× × ×

ကံတရားအတိုင်းပင် မြခင်သည် သားပို့လာသောပိုက်ဆံဖြင့် နှစ်ထပ်တိုက်ကြီးတစ်လုံးကို နေချင်းညချင်းဆိုသလို ဆောက်နိုင်၏။ စိန်ရောင်၊ ရွှေရောင်တပြောင်ပြောင်ဖြင့် နေနိုင်၏။ ထို့ပြင် သားငယ်၏ ရဟန်းခံပွဲကို ထမင်းရည်ချောင်းစီးရွာလုံးကျွတ်မီးခိုးတိတ်မျှ ခြိမ့်ခြိမ့်သဲသဲ ကျင်းပနိုင်ပေ၏။

"သြော် . . . အဝင်လမ်းကြောင်းကကျယ်တော့ အထွက်လမ်းကြောင်းလဲကျယ်နိုင်ပေသကိုး"ဟု န မှတ်ချက်ချမိလေသည်။

ဝင်ငွေလမ်းကြောင်းကျဉ်းသောနတို့မိသားစုသည် ထွက်ငွေလမ်းကြောင်းကျဉ်းစေရန် အမြဲချင့်ချိန်ရလေသည်။ သမီးကြီးလစာနှင့် ခြံမှရရှိသည့်ဝင်ငွေတို့ကို အိမ်အသုံးစရိတ်၊ သားကျောင်းစရိတ်၊ သာရေးနာရေးစရိတ်စသည့်အသုံးစရိတ်တို့ကိုချွေတာသုံးစွဲရင်း နှစ်တစ်နှစ်ကုန်ဆုံးသွားသော်လည်း ပစ္စည်းဥစ္စာသည် တိုးပွားလာသည်လည်းမရှိသလို ဆုတ်ယုတ်သွားသည်လည်းမရှိ။ နာရီလက်တံလည်သလိုသာ ပုံမှန်အတိုင်းလည်ပတ်လျက်ရှိသည်။ အိုစာမင်းစာအတွက် ခြစ်ခြုတ်စုထားသည့် ရွှေစတချို့သည်လည်း မြခင်ဆင်ထားသည်နှင့်ယှဉ်လျှင် ဘာမှမပြောပလောက်ပေ။

မြခင်ကို အားကျစိတ်ဖြစ်မိသော်လည်း ကိုခင်မောင်သည် အသက်ငါးဆယ်ကျော်ပြီဖြစ်၍ မလေးရှားသို့ အလုပ်သွားလုပ်ရန် မဖြစ်နိုင်တော့။ သားသည်လည်း အရွယ်မရောက်သေး။

"အင်း . . . သားအရွယ်ရောက်ရင်တော့ မလေးရှားသွားဖို့ တိုက်တွန်းဦးမှ"ဟု တွေးမိသည်။

သားသည် ဆယ်တန်းအောင်ပြီးနောက် အဝေးသင်တက္ကသိုလ်တက်ကာ သူ့အဖေနှင့်အတူ ခြံတွင်ဝိုင်းကူလေသည်။ မြခင်နှင့်ဆိုတုန်းက မြခင်ကိုအားကျစိတ်ဖြင့် သားအရွယ်ရောက်လျှင် မလေးရှားလွှတ်မည်ဟုတွေးခဲ့မိသော်လည်း တကယ်

တမ်းမလွှတ်ဖြစ်။ တက္ကသိုလ်သို့သာ ပို့ဖြစ်လေသည်။

နုသည် အိမ်ထောင်ထိန်းသိမ်းရင်း ရပ်ရွာထဲက သာရေးနာရေး၊ ကုသိုလ်ရေးများနှင့် လုံးချာလည်နေရာ မြခင်နှင့်မဆုံရသည်မှာပင် အတော်ကြာသွားခဲ့ပြီ။

နာရီလက်တံ၏လည်ပတ်မှုနှင့်အတူ ပြောင်းလဲခြင်းသဘောတရားတို့သည်လည်း ထုံးစံအတိုင်းနေရာယူကြစမြဲ။ ယခု သားငယ်ပင် တက္ကသိုလ်နောက်ဆုံးနှစ်သို့ရောက်ခဲ့လေပြီ။ သားကျောင်းပြီးသွားပါက မလေးရှားလွှတ်လျှင် ကောင်းမလားဟုတွေးမိပြန်သည်။ ခြစ်ခြုတ်စုထားသည့် ပိုက်ဆံနှင့်ရွှေတိုရွှေစများကို အိတ်သွန်ဖာမှောက်ရောင်းလိုက်လျှင် သားအတွက် လမ်းစရိတ်ရတန်ကောင်းပါရဲ့။ အဝင်လမ်းကြောင်းကျယ်စေရန်အတွက် လမ်းကြောင်းကိုလည်းရှဲ့မှုဆိုသည့် စိတ်ကူးသည် နု၏မျှော်လင့်ချက်ရောင်ခြည်ကို ပိုမိုတောက်ပအောင် အရောင်တင်ပေးနေသကဲ့သို့ပင်ဖြစ်တော့သည်။

× × ×

"ဘယ်အဆင်ပြေပါ့မလဲ၊ အစက သားငယ်ရဟန်းခံပြီးရင် သူ့အစ်ကိုဆီလွှတ်ပြီး အလုပ်လုပ်နိုင်းဖို့စီစဉ်ထားတာ၊ အိမ်ဆောက်ထားတာနဲ့ သားငယ်ရဟန်းခံပွဲအတွက် ပိုက်ဆံတွေသောက်သောက်လဲ ကုန်ထားတယ်မဟုတ်လား၊ အခုတော့ . . ."

မြခင်သည် စကားကိုမဆက်သေးခင် ဒီမှာပင်ရပ်ကာ သက်ပြင်းချလိုက်လေသည်။

မမတင်သမီးမင်္ဂလာဆောင်တွင်ဖြစ်သည်။ မနက်ပိုင်းမင်္ဂလာဆွမ်းကျွေးဖြစ်၍ ကိုးနာရီဆိုလျှင် လူတွေစဲသွားကြပြီ။ ထုံးစံအတိုင်း ဝိုင်းဖွဲ့ကာ သူ့အကြောင်း ကိုယ့်အကြောင်းပြောကြဆိုကြလေသည်။

**'အင်း . . . အဝင်လမ်းကြောင်း မကျယ်ရင်လဲ နေပါစေတော့၊ အထွက်လမ်းကြောင်းကျဉ်းအောင်ပဲ ဂရုစိုက်တော့မယ်လေ' ဟု . . .**

"အခုတော့ ဘာဖြစ်လဲမြခင်" ဟုတစ်ယောက်က ထောက်လိုက်လေသည်။

"ဘာဖြစ်ရမလဲ၊ ဘာအလုပ်မှမလုပ်တဲ့အပြင် အိမ်မှာရှိတာတွေကို ခိုးဖို့ပဲချောင်းနေတယ်၊ ဘယ်လိုပဲ ဆုံးမဆုံးမမရဘူး၊ ဒီလောက်သတိထားတဲ့ကြားက ဟိုနေ့က ငါ့ရဲ့တစ်ကျပ်သားရွှေလက်ကောက်တစ်ကွင်းခိုးသွားသေးတယ်၊ သူပေါင်းတဲ့အပေါင်းအသင်းတွေက အရက်သမား၊ ဆေးသမားတွေ၊ ငါစုဆောင်းထားသမျှတွေလဲ ကုန်ပြီ၊ ဖြတ်လိုက်ဖို့ကလဲ ကိုယ့်လက်ကိုယ့်ခြေမဟုတ်လား၊ ငါ့အဖြစ်က ဆိုးပါတယ်ဟာ"

"သားကြီးရဲ့ကျန်းမာရေးအခြေအနေကကော"

ဝိုင်းထိုင်နေကြသူများထဲမှ တစ်ယောက်ကမေးလိုက်သဖြင့်



နုသည် မြခင်၏သားကြီးဘယ်တုန်းကပြန်ရောက်ပြီး ဘာများဖြစ်တာပါလိမ့်ဟု စိတ်ဝင်စားသွားသည်။ မြခင်က ထိုကိစ္စကို သိပ်ပြောချင်ပုံမရသော်လည်း သူငယ်ချင်းအရင်းခေါက်ခေါက်များက မေးမြန်းကြသဖြင့် မပြောရင်မကောင်းသည့်လေသံဖြင့် သက်ပြင်းကိုမှုတ်ချလိုက်ကာ ဆက်ပြောလေသည်။

"အခု ရန်ကုန်က စိတ်ကျန်းမာရေးဆေးရုံမှာ၊ အခြေအနေကောင်းလာပေမဲ့ အိမ်ပြန်လို့မရသေးဘူးလို့ ဆရာဝန်တွေပြောတယ်၊ ခဏခဏ တော့ သွားတွေ့ရတာပေါ့လေ၊ နောက်တစ်လလောက်ဆို ဆေးရုံကဆင်းလို့ရမယ်ထင်ပါတယ်"

"ဒါနဲ့ ငွေရေးကြေးရေးကောအဆင်ပြေရဲ့လားမြခင်"

သူငယ်ချင်းတစ်ယောက်က တိုးတိုးလေးမေးလိုက်ခြင်းဖြစ်သည်။ သူငယ်ချင်းတွေမို့ ကရုဏာသက်တာလည်းပါသလို စပ်စုတာလည်းပါကောင်းပါပါလိမ့်မည်။

"ဘယ်ပြေပါ့မလဲ၊ သူ့ကိုဆေးကုဖို့အတွက် အကြွေးယူထားရတာလေ၊ အဲဒီအကြွေးတွေဆပ်ဖို့ သူ့အတွက်ဝယ်ထားတဲ့ခြံကို အခုပြန်ရောင်းရတော့မယ်၊ ပိုက်ဆံတွေကလဲ ရတာနဲ့ကုန်တာနဲ့ မကာမိပါဘူး၊ နုတို့မိသားစုဆို ဘယ်လောက်ကောင်းလိုက်သလဲ၊ အေးအေးချမ်းချမ်း စုစုစည်းစည်းနဲ့၊ ငါလဲ အစကသားကို မလေးရှားမလွှတ်မိရင်အကောင်းသားလို့တွေးမိတယ်၊ အိမ်က အငယ်ကောင်ကလဲ ငယ်ငယ်ကတည်းက ပိုက်ဆံကို ရေလိုသုံးလာခဲ့တော့ အခုချွေတာရကောင်းမှန်း မသိတော့ဘူး၊ သူ့ကို မလေးရှားလွှတ်ဖို့ကလဲ သူ့အစ်ကိုလိုဖြစ်မှာစိုးလို့ မလွှတ်ရဲတော့ဘူး၊ ရွာမှာပဲ သူအလုပ်တစ်ခုခုလုပ်လို့ရအောင် စီစဉ်ပေးဖို့ စဉ်းစားထားတယ်၊ နိုင်ငံခြားသွားပြီးအလုပ်လုပ်လို့ ဝင်ငွေကများရင် ထွက်ငွေကလဲများတာပဲမဟုတ်လား၊ အဲဒီတော့ ဝင်ငွေနည်းပေမဲ့ ထွက်ငွေနည်းတဲ့နုတို့မိသားစုကို ငါတော့ အားကျတယ်"

မြခင်သည် ပြောရင်းဆိုရင်း နုဘက်သို့လှည့်ကာ ချီးကျူးနေသဖြင့် နုလည်း ယောင်ပြီး ခေါင်းကိုညိတ်လိုက်မိမလိုဖြစ်သွားပြီးမှ "အဲဒီလောက်ထိလဲမဟုတ်ပါဘူး" ဟု ကပျာကယာပြန်ငြင်းရလေသည်။

'သြော် . . . ငါ့မိသားစုကို အားကျတဲ့သူရှိပါသေးလား'ဟု တွေးရင်း စိတ်ထဲမှပြုံးမိသွားသည်။

မြခင်နှုတ်ဆက်ကာ ပြန်သွားတော့မှ နုကဘေးတွင်ထိုင်နေသည့်သူငယ်ချင်းတစ်ယောက်ကို လက်ကုတ်ကာ ခပ်တိုးတိုးမေးမိသည်။

"မြခင်ရဲ့သားကြီးက ဘာရောဂါဖြစ်တာလဲ"

"ဘာရောဂါဖြစ်ရမှာလဲနုရယ်၊ မူးယစ်ဆေးသုံးတာများသွားလို့ ဦးနှောက်ပျက်သွားတာလေ၊ စိတ်ဖောက်သွားတယ်ဆိုပါတော့၊ မလေးရှားမှာ အလုပ်သွားလုပ်ကြတဲ့လူငယ်တော်တော်များများ ဆေးစွဲနေကြတယ်ဆိုပဲနုရယ်၊ ဟိုမှာလုပ်တာက ပိုက်ဆံအများကြီးရပေမဲ့ ဒီလိုဖြစ်တဲ့အခါ ရထားတဲ့ဟာတွေကို ဆေးကုတာနဲ့ကုန်၊ သားကလဲပြန်ကောင်းမှန်းမသိ၊ မကောင်းမှန်းမသိဆိုတော့ မြခင်တစ်ယောက်စိတ်ဆင်းရဲနေရှာမှာပေါ့လေ"

ဘုရား . . . ဘုရား စိတ်ဖောက်သွားတယ်ဆိုပဲ။ နုသည် အိမ်ကသားလေး၏မျက်နှာကိုမြင်ယောင်လျက် သားသာ ထိုကဲ့သို့ဖြစ်သွားခဲ့လျှင်ဆိုသည့်အတွေးက နုကို အကြီးအကျယ်ထိတ်လန့်သွားစေသည်။ အဝင်လမ်းကြောင်းသည် ငွေကြေးတစ်ခုသာဖြစ်လျက် အထွက်လမ်းကြောင်းသည် ငွေကြေးအပြင် ဘဝပါပေးလိုက်ရသည်ဆိုလျှင် ဘယ်လိုမှမထိုက်တန်။

နောက်ဆုံးမှာ နုတစ်ယောက် ဆုံးဖြတ်ချက်တစ်ခုကိုချလိုက်လေသည်။ ထိုဆုံးဖြတ်ချက်သည် မြခင်သားကြီး၏အဖြစ်ကို ထိတ်လန့်သွား၍လည်းဖြစ်သလို မြခင်၏ချီးကျူးစကားကြောင့်လည်း ဖြစ်နိုင်ပါသည်။


'အင်း . . . အဝင်လမ်းကြောင်းမကျယ်ရင်လဲ နေပါစေတော့၊ အထွက်လမ်းကြောင်းကျဉ်းအောင်ပဲ ဂရုစိုက်တော့မယ်လေ'ဟု ဆုံးဖြတ်လိုက်ပါတော့သည်။ ။

**နီမာဦး(အံ့ဒင်)**

# စံ-ဇာဏကီဘို

# ၁၂ လရာသီဟောကိန်း

## ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ



၁ - ၁၂ - ၂၀၂၀ | ၁၅ - ၁၂ - ၂၀၂၀ | ၃၀ - ၁၂ - ၂၀၂၀

ဒီဇင်ဘာလသည် ဓနုရာသီ (Sagittarius) ၈ ဒီဂရီမှ မကရရာသီ (Capricorn) ၁၁ ဒီဂရီအတွင်းတည်ရှိသည်။ ဒီဇင်ဘာလ ၁ ရက်မှ ၂၁ ရက်အတွင်းကာလများသည် ဓနုရာသီအတွင်းတည်ရှိ၍ ကြာသပတေးဂြိုဟ် (Jupiter) မှ စိုးမိုးသည်။ ဒီဇင်ဘာလ ၂၂ ရက်မှ လကုန်အထိရက်များသည် မကရရာသီအတွင်းတည်ရှိ၍ စနေဂြိုဟ် (Saturn) မှ ပိုင်စိုးသည်။ မြန်မာ့ရိုးရာအယူအဆအရ ခေါင်းဆေး၊ ခေါင်းလျှော် ရက်ကောင်းများသည်ကား ၁၇၊ ၁၈၊ ၂၀၊ ၂၃ ရက်တို့ဖြစ်သည်။ အသက်ရှည်ခြင်း၊ ချမ်းသာသုခရရှိခြင်းတို့ ပြည့်စုံမည်။

**မိဿ ရာသီဖွား (Mar 21 မှ April 20 ကြား)**

လိုလားချက်နှင့် ဆန္ဒရည်ရွယ်ချက်များ ပြည့်ဝအောင်မြင်မည်။ အခက်အခဲများကျော်လွှားနိုင်မည်။ အပြောင်းအလဲနှင့် တိုးတက်မှုများဖြစ်ပေါ်လာမည်။ အခက်အခဲကြားမှ အောင်မြင်ခြင်းကိုရရှိမည်။ ဦးတည်ချက်ပြောင်း၍လုပ်ကိုင်ရာမှ အပြိုင်အဆိုင်အားလုံးကိုကျော်လွှားကာ ဘဝတိုးတက်မည်။ အရေးကြီးသောလုပ်ငန်းနှစ်မျိုး ကိုင်တွယ်ဆောင်ရွက်ရမည်။ စကားမတည်သောသူများမှ ကတိအသစ်များပေးလိမ့်မည်။ ယုံစားရန်မသင့်၊ ပြဿနာဟောင်းများကို ပုံစံသစ်ဖော်၍ အနှောင့်အယှက်အတိုက်အခံပြုခံရမည်။ ရန်အတိုက်အခံအားလုံးကို ရင်ဆိုင်ပယ်ရှားနိုင်မည်။ ဦးဆောင်ပြီးလုပ်ကိုင်သောကိစ္စများမှ ထူးခြားသောအကျိုးဆက်များရရှိမည်။ ကိုယ်ပိုင်ဆုံးဖြတ်ချက်ကိုအလေးထား၍ ရှေ့တိုးဆောင်ရွက်ပါ။ တစ်ပါးသူကို ယုံကြည်လွှဲအပ်၍ လုပ်ငန်းများလုပ်ဆောင်ခြင်းမပြုရ။

**ယတြာ – အင်္ဂါနေ့တွင် ဆီထမင်းဘုရားကပ်လှူပါ။ ကြာဆံကြော်ကို အနောက်အရပ်မျက်နှာမူ၍ စားသုံးပါ။ ကြွေစွန်းအပဲ့များ ရှာဖွေစွန့်ပစ်ပါ။**

**ပြဿ ရာသီဖွား (April 21 မှ May 21 ကြား)**

အနှောင့်အယှက်အတိုက်အခံအားလုံးကို ကျော်လွှားနိုင်မည်။ ရည်မှန်းချက်သစ်များ အကောင်အထည်ဖော်နိုင်မည်။ လူမှုရေးအနှောင့်အယှက်များရှိမည်။ တိုးတက်မှုအပေါ် လိုက်လံဟန့်တားနှောင့်ယှက်သူများရှိနေမည်။ လူကောင်းသဖွယ်နေထိုင်သည့်စိတ်ရောဂါရှင်တစ်ဦး၏ အနှောင့်အယှက်ကြုံတတ်သည်။ စုပေါင်းတွဲဖက်လုပ်ငန်းများ လုပ်ကိုင်နိုင်သည်။ အခက်အခဲများကျော်လွှားနိုင်သည်။ ပြဿနာဟောင်းများကို ပြန်လည်ဖြေရှင်းနိုင်မည်။ အမျိုးသမီးမိတ်ဆွေအကြီးအကဲတစ်ဦးထံမှ ကောင်းသောအထောက်အကူရရှိမည်။ အများကိစ္စ၊ အဖွဲ့အစည်းကိစ္စများတွင် ပါဝင်ဦးဆောင်နိုင်မည်။ လူမျိုးကွဲအကျိုးပေးမည်။ ပြည်ပနှင့်တိုက်ရိုက်ဆက်စပ်၍ လုပ်ကိုင်သောကိစ္စများအောင်မြင်မည်။ ခရီးကိစ္စစီစဉ်ထားသည်များ အဆင်ပြေစွာသွားရောက်ရမည်။

**ယတြာ – သောကြာနေ့တွင် စံပယ်ပန်း ၂၇ ပွင့်ကို ဘုရားကပ်လှူပါ။ အထည်အဟောင်းအစုတ်များ ရှာဖွေစွန့်ပစ်ပါ။**

**မေထုန် ရာသီဖွား (May 22 မှ June 21 ကြား)**

အဆုံးသတ်ပြီး အပြီးသတ်ချိန်ရောက်မှ နှောင့်ယှက်သူများနှင့်ကြုံမည်။ သစ္စာမဲ့၊ ကတိမတည်သူများကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရမည်။ ရန်အတိုက်အခံများနှင့် ထိပ်တိုက်တွေ့မည်။ စနစ်တကျလုပ်ထားသောကိစ္စများ လက်ပြောင်းတာဝန်ယူသူက ပေါ့ပေါ့တန်တန်လုပ်ခြင်းကြောင့် ဆုံးရှုံးနစ်နာစရာများဖြစ်ပေါ်မည်။ မသွားဖြစ်တော့ဟုယူဆထားသောခရီးများ ပြန်လည်သွားဖြစ်မည်။ ငွေလက်လွှန်တတ်သည်။ ခြံ၊ မြေ၊ နေရာထိုင်ခင်းကိစ္စစကားပြောရမည်။ အမျိုးသမီးအကြီးအကဲကျန်းမာရေးအညွှန့်ရှိသည်။ ငွေကြေးအပေးအယူကိစ္စများ၊ စာချုပ်စာတမ်းအတုအယောင်ကိစ္စများ ဖြေရှင်းရမည်။ လုပ်ငန်းခွင်မှသူများ မပြောင်းလိုသောနေရာသို့ ရွှေ့ပြောင်းရမည်။ လူလိမ်လူကောက်များနှင့် တွေ့တတ်သည်။ အားနာမှုကိုအခွင့်အရေးယူ၍ လိမ်ညာသွားခြင်းမျိုးကြုံမည်။

**ယတြာ – ဗုဒ္ဓဟူးနေ့တွင် မုန့်လုံးရေပေါ် ၈ လုံး ဘုရားကပ်လှူပါ။ ဆီထမင်းနှင့် ဗယာကြော်အလှူဒါနပြုပါ။**

**ကရကဋ် ရာသီဖွား (June 22 မှ July 22 ကြား)**

အတိုက်အခံအားလုံးကို ကျော်လွှားနိုင်မည်။ သူတစ်ပါးအပေါ်ဦးဆောင်နိုင်သည်။ လူမျိုးကွဲ၊ လူမျိုးခြားနှင့်ဆက်စပ်လုပ်သောလုပ်ငန်းမှ ကောင်းသောအကျိုးရရှိမည်။ ငွေအစုလိုက်ရမည်။ အလုပ်လျှောက်သူ အလုပ်ကောင်းရရှိမည်။ ဝင်ငွေတိုးခြင်း၊ ယှဉ်ပြိုင်မှုအောင်မြင်ခြင်း၊ ဘဝအဆင့်တိုးတက်ခြင်းများဖြစ်ပေါ်မည်။ လက်လွှန်ထားသောငွေ ပြန်ရမည်။ ဆုံးရှုံးထားသည်များပြန်လည်အဆင်ပြေမည်။ အတတ်ပညာကိုအသုံးချ၍ အဆင့်မြင့်တိုးတက်မှုများဖြစ်ပေါ်မည်။ စန်းပွင့်မည်။ အချစ်ရေးကံကောင်းမည်။ မင်္ဂလာကိစ္စများ ပါဝင်ပတ်သက်ရမည်။ တစ်ပါးသူတို့၏ပြဿနာများကို ဦးဆောင်ဖြေရှင်းနိုင်လိမ့်မည်။ စတင်ဆောင်ရွက်သောလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုတို့မှ ကောင်းသောအကျိုးအမြတ်များရရှိမည်။ စုပေါင်းတွဲဖက်လုပ်ငန်းလုပ်ကိုင်ရန် ကမ်းလှမ်းလာပါက လက်ခံဆောင်ရွက်၍ အကျိုးကောင်းရရှိမည်။

**ယတြာ – တနင်္လာနေ့တွင် ကြွေပန်းကန်ပြားအပေါ် ခရေရွက် ၈ ရွက်ခင်း၍ ၎င်းအပေါ်ရေဖြည့်ထားသော ကြေးဖလားတင်၍ အမြင့်တစ်နေရာတွင်ထားရှိပါ။**

**သိဟ် ရာသီဖွား (July 23 မှ Aug 23 ကြား)**

မတော်တဆထိခိုက်မှုများဖြစ်တတ်သည်။ စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများအပျက်အစီးများမည်။ သွားလေ့သွားထမရှိသောအရပ်များသို့ အပျော်သဘောနှင့်ခရီးမသွားရ။ ပစ္စည်းလှောင်ခြင်း၊ ဈေးကစားခြင်းမပြုရ။ မလိုအပ်ဘဲပစ္စည်းများဝယ်ယူက ဆုံးရှုံးနစ်နာခြင်းများဖြစ်မည်။ ဥပဒေနှင့်မကင်းသောကိစ္စမှန်သမျှရှောင်ပါ။ ပြဿနာဖြစ်က လွန်စွာဖြေရှင်းရခက်မည်။ မိမိကြောင့် တစ်ပါးသူမျက်ရည်ကျကိန်းရှိသည်။ ထင်ရာစိုင်းတစ်ဖွတ်ထိုးပြုလုပ်ခြင်းကို ရှောင်ပါ။ ရေရှည်ဆောင်ရွက်ရမည့်ကိစ္စများစတင်လုပ်ကိုင်ရန်မသင့်။ ဆောင်ရွက်နေသောလုပ်ငန်းများ တစ်ပိုင်းတစ်စနှင့် ဆိုင်းငံ့ရပ်တန့်လိုက်ရမည်။ သူတစ်ပါးကိစ္စ ကြားဝင်ဆောင်ရွက်ရင်း ရန်ပဋိပက္ခဖြစ်ခြင်းများကြုံမည်။ ရေအိမ်အတက်အဆင်း၊ လှေကားအတက်အဆင်းတို့တွင်လဲကျ၍ ညာခြေ၊ ညာလက်တွင် ထိခိုက်တတ်သည်။

**ယတြာ – တနင်္ဂနွေနေ့တွင် ခရေပင်အောက်၌ တောင်အရပ်ကိုမျက်နှာမူ၍ ကြံရည်သောက်ကာ လိုရာဆန္ဒပြုပါ။**

**ကန် ရာသီဖွား (Aug 24 မှ Sept 22 ကြား)**

အပြိုင်အဆိုင်အားလုံးကိုကျော်လွှား၍ အရေးပါသောဆုံးဖြတ်ချက်များချမှတ်ကာ အောင်မြင်မှုရရှိမည်။ နေရာထိုင်ခင်းပြင်ဆင်တိုးချဲ့ခြင်းများဆောင်ရွက်နိုင်မည်။ နိုင်ငံရပ်ခြားနှင့်ဆက်သွယ်ပူးပေါင်း၍ အလုပ်ကိစ္စများအောင်မြင်မည်။ အသစ်ပြောင်းလဲ၍လုပ်သောလုပ်ငန်းများ အောင်မြင်မည်။ ယခင်ဆောင်ရွက်ဖူးသောလုပ်ငန်းဟောင်း၊ အကြံအစည်ဟောင်းတို့ကို အသစ်တစ်ဖန်ပြန်လည်ဆောင်ရွက်ရလိမ့်မည်။ လုပ်ငန်းသစ်၊ နေရာသစ်များကို ဦးဆောင်ဦးရွက်ပြုရမည်။ ချက်ချင်းဆုံးဖြတ်၍ ရှေ့တိုးဆောင်ရွက်လိုက်သောကိစ္စတို့မှ ထူးခြားသောအောင်မြင်ခြင်းကိုရရှိမည်။ လုပ်ငန်းခွင်မှသူများ ဝင်ငွေတိုးခြင်း၊ ရာထူးအဆင့်တိုးခြင်းများ ပေါ်ပေါက်မည်။

**ယတြာ – ဗုဒ္ဓဟူးနေ့တွင် အသက်ကြီးသောလူမမာတစ်ဦးကို ဆေးဖိုး၊ ဓာတ်စာဖိုးငွေလှူပါ။ ယပ်တောင်အဟောင်းအစုတ်များကို ရှာဖွေစွန့်ပစ်ပါ။**

**တူ ရာသီဖွား**
**(Sept 23 မှ Oct 23 ကြား)**

ရှေ့တိုးဆောင်ရွက်၍မရနိုင်ဟု ယူဆသတ်မှတ်ထားသည့်လုပ်ငန်းများကို အလိုရှိသလို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်။ ဝန်းကျင်လောကတွင်မရှိတော့ဟုယူဆထားသောသူနှင့် ပြန်လည်ဆုံတွေ့မည်။ မတရားဆုံးဖြတ်ခံရကာ နစ်နာဆုံးရှုံးခဲ့သည့် အမှုပြဿနာဟောင်းကို အသစ်တစ်ဖန်ပြန်လည်ရင်ဆိုင်ဖြေရှင်းကာ အမှုအောင်မည်။ တစ်ပြိုင်နက်တည်း လုပ်ငန်းနှစ်မျိုးကို အောင်မြင်အောင်ဆောင်ရွက်နိုင်လိမ့်မည်။ ပျက်ယွင်းထားသည့်ကတိစကားနှင့် စာချုပ်စာတမ်းများကို အသစ်တစ်ဖန်ပြန်လည်ဖော်ဆောင်ရမည်။ အိုးအိမ်နေရာထိုင်ခင်းကိစ္စအတွက် စကားပြောဆိုရမည်။ စကားအောင်မည်။ ယှဉ်ပြိုင်မှုများအောင်မြင်မည်။ အကြံဉာဏ်ဟောင်းနှင့် လုပ်ငန်းသစ်တို့ကိုလုပ်၍ အဆင့်မြင့်တိုးတက်မှုများဖြစ်ပေါ်မည်။ အချစ်ရေး၊ မေတ္တာရေး ကံကောင်းမည်။ သွားလေရာ၊ ရောက်လေရာ မျက်နှာပွင့်လန်းမည်။

**ယတြာ – သောကြာနေ့တွင် သက်သတ်လွတ်ပဲကုလားဟင်းကို လေးဆင့်ချိုင့်ဖြင့်ထည့်၍ ဘုန်းကြီးကျောင်းသို့ဆွမ်းချိုင့်ပို့ပါ။**

**ဗြိစ္ဆာ ရာသီဖွား**
**(Oct 24 မှ Nov 22 ကြား)**

မိတ်ကောင်းဆွေကောင်း အထောက်အကူရမည်။ စုပေါင်းလုပ်ငန်းမှ အကျိုးပေးမည်။ အခက်အခဲများ ကျော်လွှားနိုင်မည်။ ငွေကြေးနှင့်ပတ်သက်သော အခက်အခဲများ ပြေလည်အောင်ဖြေရှင်းနိုင်မည်။ စိတ်ကူးသစ်ကိုအသုံးချ၍ လုပ်ဆောင်သည်များမှ ထင်ရှားသောတိုးတက်မှုများရရှိမည်။ အလုပ်အဆင့်တိုးမည်။ ပညာအတတ်နှင့် တိုးတက်မှုများရရှိမည်။ တစ်ပါးသူအပေါ် စေတနာဖြင့်ကူညီဆောင်ရွက်ပေးရာမှ ပြဿနာများဖြစ်တတ်သည်။ အားနာသူအပေါ်အခွင့်ကောင်းယူသူများနှင့်ကြုံမည်။ ပညာသင်တန်းနှင့်ပတ်သက်၍ ကောင်းသောအကျိုးဖြစ်ထွန်းမည်။ ရင်းနှီးမြှုပ်နှံမှုများမှ အကျိုးအမြတ်ကောင်းရမည်။

**ယတြာ – အင်္ဂါနေ့တွင် အနက်ရောင်ထီးကိုဆောင်း၍ အနောက်အရပ်ကိုမျက်နှာမူကာ နှမ်းယိုစား၍ လိုရာဆန္ဒပြုပါ။**

**ဓနု ရာသီဖွား**
**(Nov 23 မှ Dec 21 ကြား)**

ကာလရှည်ကြာကြိုးပမ်းထားသည်များမှ ထူးခြားသောအကျိုးဆက်ရရှိမည်။ အတတ်ပညာနှင့် အဆင့်မြင့်သောအောင်မြင်ခြင်းကို ကြုံမည်။ တွေဝေဒွိဟဖြစ်နေသောအနေအထားတွင် တစ်ပါးသူဝေဖန်မှုကြောင့် ဆောင်ရွက်လက်စကိစ္စတို့ကို ရပ်တန့်ရန်စိတ်ကူးလိမ့်မည်။ ဆိုင်းငံ့ရပ်တန့်ခြင်းမပြုရ။ ရဲရင့်ပြတ်သားစွာရှေ့တိုးဆောင်ရွက်ပါ။ အလုံးစုံအောင်မြင်မည်။ မတော်တဆထိခိုက်မှုအန္တရာယ်ဂရုစိုက်ပါ။ ခရီးသွားစဉ် အနီရောင်၊ အနက်ရောင် တွဲဖက်ဝတ်ဆင်ခြင်းမပြုရ။ နံပါတ်ဂဏန်း 'ရ' ပါသောယာဉ်ကားတို့ကို လူ ၄ ယောက် အတူတကွစီးနင်းခြင်းမပြုရ။ တစ်ပါးသူ စက်ဘီး၊ ဆိုင်ကယ်၊ ကားတို့ကို ယူငင်မောင်းနှင်ခြင်းမပြုရ။ မတော်တဆအန္တရာယ်ဖြစ်လွယ်သည်။ မိခင်ဘက်မှ ဆွေမျိုးသားချင်းများ၏ ကောင်းသတင်း၊ တိုးတက်မှုသတင်းများ ကြားသိရမည်။

**ယတြာ – ကြာသပတေးနေ့တွင် ထိုးမုန့်၊ လမုန့်တို့ကို သံဃာတော်တို့အား လှူဒါန်းပါ။ ကိုယ်တိုင်လည်း စားသုံးပါ။**

**မကာရ ရာသီဖွား**
**(Dec 22 မှ Jan 20 ကြား)**

ရည်ရွယ်စိတ်ကူးထားသည်တို့ကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်။ အခက်အခဲအလုံးစုံကိုကျော်လွှား၍ အဆင့်မြင့်အောင်မြင်မှုများ ဖန်တီးနိုင်မည်။ စကားမတည်သူများနှင့် ပဋိပက္ခဖြစ်တတ်သည်။ ပညာစာမေးပွဲနှင့်ပတ်သက်သောကံ အထူးကောင်းသည်။ အဆင့်အတန်းမြင့်စွာ အောင်မြင်မှုကိုရရှိမည်။ ငွေကြေးဉစ္စာ တိုးပွားမည်။ အပြောင်းအလဲနှင့်တိုးတက်မှုများဖြစ်ပေါ်မည်။ အရပ်ဝေးနှင့်ဆက်စပ်၍လုပ်ကိုင်ခြင်းမှ အကျိုးစီးပွားဖြစ်ထွန်းမည်။ ကိုယ်ပိုင်ဆုံးဖြတ်ချက်ကိုဦးစားပေး၍ အဆင့်မြင့်တိုးတက်မှုများ ဖန်တီးနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုပြုက အနာဂတ်အကျိုးရှိမည်။ ငွေကြေးအပေးအယူကိစ္စတွင် ဖြစ်ပေါ်လာသောပြဿနာများ ပြေလည်အောင်ဆောင်ရွက်နိုင်မည်။ ပစ္စည်းအပျောက်အရှုများတတ်သည်။ မိမိတန်ဖိုးထားသောပစ္စည်းတစ်ခု တစ်ပါးသူကြောင့် ပျောက်ရှ၊ ပျက်စီးတတ်သည်။

**ယတြာ – စနေနေ့တွင် နံပြားကိုထောပတ်သုတ်၍ သကြားဖြူးကာ အနောက်အရပ်ကိုမျက်နှာမူ၍ စားသုံးပါ။ သကြားမုန့်ဖက်ထုပ် အလှူဒါနပြုပါ။**

**ကုံ ရာသီဖွား**
**(Jan 21 မှ Feb 18 ကြား)**

တစ်အိမ်သားလုံး အညံ့ဆိုးမှကင်းစင်မည်။ စီစဉ်ထားသောခရီးသွားရမည်။ ယှဉ်ပြိုင်သူအပေါ် အနိုင်ယူနိုင်မည်။ ဆိုင်းငံ့ထားသောလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရမည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ မိတ်ကောင်းဆွေကောင်းအထောက်အကူရမည်။ ဝေးကွာသူများ ပြန်လည်ဆုံစည်းမည်။ အလှူအတန်းကိစ္စများပါဝင်ပတ်သက်ရမည်။ မေတ္တာရေးကံကောင်းမည်။ လူချစ်လူခင်ပေါများမည်။ ဆေးရုံ၊ ဆေးခန်းများသို့ ကိုယ်တိုင်အတွက်ဖြစ်စေ၊ တစ်ပါးသူကိုကူညီရန်ဖြစ်စေ ရောက်ရှိလိမ့်မည်။ သွား၊ သွားဖုံး ဒုက္ခပေးမည်။ အစာအိမ်နှင့်ပတ်သက်သောဝေဒနာဖြစ်မည်။ ခရီးသွားခါနီးမှ ခါးနာခြင်း၊ ခါးမျက်ခြင်းများဖြစ်မည်။ အထူးဂရုစိုက်ပါ။

**ယတြာ – စနေနေ့တွင် ဂန္ဓမာပန်းရောင်စုံ ဘုရားကပ်လှူပါ။ အိမ်ရှိ ဖိနပ်စုတ်၊ ထီးစုတ်များကို ရှာဖွေစွန့်ပစ်ပါ။**

**မိန် ရာသီဖွား**
**(Feb 19 မှ Mar 20 ကြား)**

ဦးတည်ချက်ပြောင်းလဲ၍ ဆောင်ရွက်သောကိစ္စများမှ အဆင့်မြင့်တက်လမ်းများဖြစ်မည်။ ခရီးသွား၍အကျိုးရှိသည်။ လူမျိုးကွဲအကျိုးပေးသည်။ အရပ်ဝေး၊ နိုင်ငံရပ်ခြားမှ ကောင်းသောသတင်းစကားများ ရရှိမည်။ အမေ၊ အဘွား၊ အကြီးအကဲအမျိုးသမီးများ ကျန်းမာရေးအညံ့ရှိမည်။ အပြိုင်အဆိုင်အားလုံးကိုကျော်လွှား၍ အဆင့်မြင့်အောင်မြင်ခြင်းကို ဖန်တီးနိုင်မည်။ အပြောင်းအလဲနှင့်တိုးတက်မှုတို့ ပူးတွဲဖြစ်ထွန်းမည်။ ငွေလိမ်ခံရတတ်သည်။ လိမ်ညာသော သူ၏အမည်တွင် 'အ၊ ဉ၊ က၊ ခ၊ င' ပါမည်။ မိတ်ဆွေဟောင်းထဲမှဖြစ်မည်။ ခြံ၊ မြေကိစ္စစကားပြော၍ အဆင်ပြေမည်။ ဘာသာရေးကိစ္စ၊ လူမှုရေးကိစ္စအတွက် အချိန်ပေးဆောင်ရွက်ရမည်။ အရပ်ဝေးရောက်နေသောဆွေမျိုးသားချင်းများထံမှ ကောင်းသတင်း၊ မင်္ဂလာသတင်းများ ကြားသိရမည်။

**ယတြာ – ကြာသပတေးနေ့တွင် မုန့်လုံးရေပေါ် ဘုရားကပ်လှူပါ။ မုန့်ကွဲ၊ ဖန်ကွဲများကို ရှာဖွေစွန့်ပစ်ပါ။**

**ချမ်းမြေ့မေတ္တာတုံ့ပြန်ပါသည်။**


**စံ–ဓာဏီဘို**

စာပေအစဉ်အလာကြီးမားသည့် မြဝတီစာပေတိုက်မှ အသစ်ထုတ်ဝေဖြန့်ချိလိုက်သည့်

အားကစားမြင်ကွင်းဂျာနယ်(Sports View Journal)ကို


၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ(၅)ရက်မှစ၍


ကြာသပတေးနေ့တိုင်း ထုတ်ဝေလျက်ရှိပါပြီ။





ဆက်သွယ်ရန်လိပ်စာ - အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ (၁၅)ရပ်ကွက်၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉၃၂၄၉၈၇၂၄။
ရန်ကုန်ရုံးခွဲ- အမှတ်(၁၈၁)၊ ၃၂ လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။









# မြဝတီ

စာပေတိုက်ထုတ်

## မဂ္ဂဇင်း၊ စာစောင်များ လပေးမှာကြားဖတ်ရှုနိုင်ပြီ

မြဝတီစာပေတိုက်ထုတ် မဂ္ဂဇင်း၊ ဂျာနယ်၊
စာစောင်များကို စာအုပ်လက်ခံရရှိမှ
ငွေပေးချေစနစ်ဖြင့် မှာယူနိုင်ပါသည်။
မြန်မာတစ်နိုင်ငံလုံးအနှံ့ မည်သည့်မြို့နယ်မဆို
စာတိုက်မှတစ်ဆင့် ပေးပို့သွားမည်ဖြစ်ပါသည်။
မိမိတို့မှာယူလိုသည့်စာအုပ်များကို
အောက်ပါလိပ်စာနှင့်ဖုန်းနံပါတ်များအတိုင်း
ဆက်သွယ်မှာယူနိုင်ပါသည်။
ဖြန့်ချိရေး - မြဝတီစာပေတိုက်၊
အမှတ် ၁၅၊ မိုးကောင်းလမ်း၊ ၁၅ ရပ်ကွက်၊
ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉၄၃၂၉၈၇၂၄ (ဖြန့်ချိရေး)၊
၀၉၄၂၀၀၆၇၄၁၁ (အွန်လိုင်းဖြန့်ချိရေး)။



